www.burmeseclassic.com

# လူ့ပြည်မှအပြန်

## သင်ဘာတွေကြုံနေသနည်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# လူ့ပြည်မှအပြန် – သင်ဘာတွေကြုံနေသနည်း ?

BURMESE CLASSIC .com

## လူ့ပြည်မှအပြန်

* ကြီးငယ်မဟူ
လူဟူသမျှ
တစ်နေ့ကျ
သေကြရမည်သာ

* မသေခဏ
နေကြရ
ပြုကြ ကုသိုလ်သာ

www.burmeseclassic.com

www.burmeseclassic.com

# လူ့ပြည်မှာအပြန်အတွက် (သင်္ဘာတွေ့ကြုံနေသနည်း)

လူ(သို့မဟုတ်)သင်နှင့် ကျွန်ုပ်တို့အားလုံးတွင် (ရှင်ဘုရင်မှအစ သူတောင်းစားအထိ)သည် ဤကမ္ဘာမြေကြီးပေါ်တွင် ရပ်တည်နေထိုင်ကြပြီး ကိုယ်ထင်ရာကိုယ်ကြိုက်ရာ အလုပ်တစ်ခုခုကို အမြဲလုပ်နေ ကြံစည်နေကြသည်မှာ ဓမ္မတာတစ်ခုပင်ဖြစ်ပါသည်။

သင်နှင့် ကျွန်ုပ်တို့ဆိုသည်မှာလည်း ကမ္ဘာပေါ်ရှိ လူသားမျိုးနွယ်အားလုံးကို ရည်ညွှန်းထားခြင်းပင် ဖြစ်ပါသည်။

BURMESE CLASSIC .com

ဤကမ္ဘာမြေပေါ်တွင် သက်ရှိသတ္တဝါပေါင်း မြောက်မြားစွာ မှီတင်းနေထိုင်ကြသော်လည်း အဓိကအကျဆုံး သတ္တဝါသည် သင်နှင့်ကျွန်ုပ်ပင် ဖြစ်သည့်အလျောက် သင်နှင့်ကျွန်ုပ်အကြောင်းကိုပင် စတင်စဉ်းစားကြည့်ကြပါစို့-

သင်နှင့်ကျွန်ုပ် နှစ်မျိုးတည်းရှိသော ဤကမ္ဘာမြေပေါ်တွင် သင်ဘာတွေစဉ်းစားလုပ်ကိုင် ကြံစည်နေသည်ကို ကျွန်ုပ် အတိအကျမသိနိုင်သော်လည်း ကျွန်ုပ်အနေဖြင့်မူ ကျွန်ုပ် ဘာတွေစိတ်ကူးကြံစည်နေပြီး ဘာတွေ လျှောက်လုပ်နေသည်ဆိုသည်ကို အတိအကျသိပါသည်။

ထို့ကြောင့် ကျွန်ုပ်က ကျွန်ုပ်အကြောင်းကို သင့်အား ရှေးဦးစွာတင်ပြလိုပါသည်။

ကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင်မိဘနှစ်ပါးမှ မွေးဖွားလာခဲ့သည်။ မိရိုးဖလာဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် မိမိ၏အမြင် မိမိ၏အတွေး အကြံအစည်နှင့် မိမိ၏နှစ်သက်ရာ လုပ်ကိုင်ဆောင်ရွက်နေသည့်အကြောင်းကိစ္စများကိုသာ တင်ပြသွားပါမည်။

အရွယ်ရောက်ပြီးကာလ ဗဟုသုတနည်းပါးချိန်တွင် စီးပွား-ဥစ္စာ-ပညာ ကုသိုလ် (၃)မျိုးပေါင်း ရရာရကြောင်းလုပ်ရမည်ကို မသိခဲ့သော်လည်း စီးပွားဥစ္စာကိုမူ ပုံစံအမျိုးမျိုးနှင့် ရအောင်လုပ်ခဲ့ဖူးပါသည်။

လောင်းကစားနည်းဖြင့်လည်း ငွေရှာခဲ့သည်။

ဈေးရောင်း-မှောင်ခို-လုပ်ငန်းတို့ဖြင့်လည်း ငွေရှာဖွေခဲ့သည်။

အမှုထမ်းဘဝ ဗေဒင်ဆရာဘဝ စသည်တို့ဖြင့်လည်း ငွေရှာခဲ့ပါသည်။

ထိုစဉ်ကာလတွင် ငွေမှတစ်ပါး အခြားမမြင်ဆိုသကဲ့သို့ ဖြစ်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၄)

ရှေးပညာရှိများ စာဆိုထားခဲ့သည့် "ကုသိုလ် ပညာ ဥစ္စာ ရဖို့ သင့်ရာဒေသ အမြဲနေ" ဆိုသည့်အချက်ကိုပင် တစ်မျိုးစီခွဲပြီး ကုသိုလ်(သို့မဟုတ်) ပညာ(သို့မဟုတ်) ဥစ္စာတစ်ခုခု ရရန်လိုကြောင်း မိမိစိတ်ကူးဖြင့် ဖွင့်ဆိုခဲ့မိပါသည်။

"ကုသိုလ် ပညာ ဥစ္စာ"သည် ခွဲခြား၍၊ မပြုသင့်ကြောင်း အမြဲပူးတွဲဆက်နွယ်နေရမည့် အဓိကအချက်ကိုပင် မသိမမြင် ဖြစ်ခဲ့ရပါသည်။

ထို့ကြောင့် ရုံးစာရေးဘဝ၌လည်း ရာထူးတိုးဖို့ လခတိုးဖို့ အမြဲမျှော်လင့်စဉ်းစားနေရင်း ရုံးသုံးစာရေးကိရိယာ ပစ္စည်းတို့ကို ခိုးယူသုံးစွဲနေခဲ့ဖူးပါသည်။

ယုတ်စွအဆုံး ယနေ့ကာလအထိ လျှပ်စစ်မီတာကိုပင် နည်းအမျိုးမျိုးဖြင့် ခိုးယူသုံးစွဲဖို့ စဉ်းစားကြံစည်နေခဲ့မိပါသေးသည်။ ကုန်သည်လုပ်ခဲ့စဉ်ကလည်း အမြတ်အစွန်းရရေးအတွက် အစစ်ထဲတွင် အတုရောပေးခြင်း၊ အရေအတွက်လျှော့ပေးခြင်းမျိုးများလည်း ပျော်ပျော်ရွှင်ရွှင် စိတ်ပါလက်ပါ ပြုလုပ်လာနေခဲ့မိပါသည်။

ဘာကြောင့် ဤကဲ့သို့ပြုကျင့်ခဲ့ရပါသနည်းဟု မေးခဲ့သော်–

ဥစ္စာ ပညာ နှစ်ခုကိုသာ ဦးစားပေးခဲ့မိပြီး ကုသိုလ်–အကုသိုလ် အကြောင်းကို လုံးဝမစဉ်းစားမိဘဲ ပစ်ပယ်ခဲ့မိချိန်ကလို့သာဟု အမှန်ဖြေရပါမည်။

ဥစ္စာနှင့်ပညာ ရရန်သာ အဓိကပြုထားရမည်ဆိုပါက ဖဲလိမ်ရိုက်သည့်ပညာ၊ မုဆိုးအတတ်၊ ငါးဖမ်း၊ ပုဇွန်ဖမ်းအတတ်၊ ဝက်သတ်၊ နွားသတ်၊ ကြက်သတ် အတတ်တို့ဖြင့်လည်းကောင်း အသက်မွေးနေမိပါမည်။

ယခုကား–

ကျွန်ုပ်သည် ဗုဒ္ဓဘာသာတရားကို လေ့လာလိုက်စားမိသည့်အတွက် အကြောင်းနှင့်အကျိုး ဆက်သွယ်ပုံ၊ အကောင်းနှင့် အဆိုး အကျိုးပေးကွာခြားလုပုံတို့ကို သုတမယဉာဏ် သံဝေဂဉာဏ်တို့ဖြင့် ကြံစည် သိခဲ့သည့်အတိုင်း ကျွန်ုပ်ဘဝကို ကျွန်ုပ်ပြုစုပျိုးထောင်လျက် ရှိပါသည်။

ကျွန်ုပ်၏ လက်ရှိဘဝသက်တမ်း၌ (ကုသိုလ် ပညာ ဥစ္စာ)ကို ဘယ်သောအခါမျှ ခွဲခြားလုပ်ဆောင်ခြင်းမပြုတော့ပါ။ ကျွန်ုပ်ဘဝ ကျွန်ုပ်အသိအမြင်ထဲတွင် ကုသိုလ်တစ်စုံတစ်ခု ဆိတ်သုဉ်းသွားသည်နှင့် အကုသိုလ်က ဆက်တိုက် ဝင်ရောက်အကျိုးပေးတတ်ပါသည်ဟု ယုံကြည်လက်ခံထားမိပါသည်။

ဘဝပေါင်းများစွာ ကျင်လည်ခဲ့သမျှ ကျွန်ုပ်တို့သည် အမှားနှင့်အမှန် (သို့မဟုတ်) ကုသိုလ်တရားနှင့်အကုသိုလ်တရား အစုစုတို့ကို ကိုယ်နှုတ်စိတ် (၃)ပါး

www.burmeseclassic.com

www.burmeseclassic.com

(၅)

ဖြင့်ပြုလုပ်ကြရာဝယ် အများအားဖြင့် အကုသိုလ်တရားမျိုးကိုသာ အများဆုံးပြုခဲ့ရမည်သာဖြစ်ပါသည်။

ထို့ကြောင့် ယခုဘဝ ကျွန်ုပ်အနေဖြင့် အကုသိုလ်တရားဆိုးတို့ကို ရှောင်၍ ကုသိုလ်တရားကောင်းတို့ကို ကြိုးစားလုပ်ဆောင်ရန် ဤဘဝကို စတင်ရင်းနှီးမြှုပ်နှံလိုက်ပြီးဖြစ်ပါသည်။

ထိုအခါ ကျွန်ုပ်၏ပတ်ဝန်းကျင်၌ မြင်ရတွေ့ရ ခံစားနေရသည့် အဖြစ်အပျက်အချို့ပေါ် ကျွန်ုပ်၏စိတ်နှင့် ဆန့်ကျင်မှု ကင်းကွာမှု၊ မှားယွင်းမှုပေါင်း မြောက်များစွာ ကြုံတွေ့ရင်ဆိုင်လာခဲ့ရပါသည်။ ထိုဖြစ်ပျက်နေကြသော အကြောင်းကိစ္စများနှင့် ကျွန်ုပ်သိထားခဲ့သော "ဓမ္မ" သို့မဟုတ် သဘာဝတရားအမှန်ကို ယှဉ်လိုက်သောအခါတွင် ကျွန်ုပ်၏ အနီးစပ်ဆုံး သား သမီး ဇနီး မယား မောင်နှမ ဆွေမျိုးများအားလုံးကပင် ကျွန်ုပ် အား လက်မခံနိုင်ဖြစ်လာခဲ့ကြပါသည်။

အကြောင်းရင်းကား–

အိမ်တွင် သံဃာ့ဒါနဆွမ်းလှူကြပါသည်။

ကောင်းပါသည်ဟု ကျွန်ုပ် ထောက်ခံလိုက်ပါသည်။ သို့သော် သီလယူ၊ အလှူပွဲပြီးသည့်အခါ၌ စာအိပ်ထဲတွင် ငွေ ၂၀ဝိ/ တန်ထည့်ပြီး သံဃာတော်များအားလှူဒါန်းမှုကို ကျွန်ုပ်က ကန့်ကွက်လိုက် ပါသည်။ ကျွန်ုပ်က ရှင်းပြမိပါသည်။ သာမန် ၁၀–ပါးသီလ ယူထားသူပင် ရွှေငွေ မကိုင်ရဟု ပညတ်ချက် ပါရှိပါသည်။

သံဃာတော်များအနေဖြင့်မူ ကျောင်း–သင်္ကန်း–ဆွမ်း–ဆေး (၄)ပါးကိုသာ အလှူခံထိုက်ပါသည်။ လှူလည်းလှူသင့်ပါသည်။ ရွှေငွေပေးလှူပါက မထိုက်သောအလှူဖြစ်သည့်အတွက် လှူသူမှာလည်း အကျိုးမရှိ၊ ယူသူမှာလည်း သီလပျက်ခြင်းကြောင့် မလုပ်သင့်ကြောင်း တားမြစ်သော်လည်း မအောင်မြင်ခဲ့ပါ။ ဇနီးနှင့်သမီးက ငွေ ၅၀ဝိ/ စီ စာအိတ်ဖြင့်ထည့်ပြီး လှူလိုက်ပါသည်။ ကိုယ်တော်များကလည်း ပြုံးပြီးယူသွားကြပါသည်။

နောက်တစ်ချက်က အိမ်ရှိဘုရားစင်ပေါ်တွင် ရတနာ(၃)ပါးနှင့်စပ်သော အရာမှတစ်ပါး မထားသင့်ကြောင်း၊ ဥပမာ– ထီစာရွက်၊ ရွှေငွေအဆောင်ပစ္စည်း ဘိုးတော် မယ်တော် ပုံတော်များ၊ အရိယာ အစစ်ဖြစ်,မဖြစ် မသိနိုင်ဘဲ တန်ခိုးကြီးနာမည်ကြီးလှသော ဆရာတော်ပုဂ္ဂိုလ်တို့၏ ဓာတ်ပုံများ၊ ဓာတ်လုံးများ။

ထို့အပြင်– ကြည်ညိုသဒ္ဓါပွားသော်လည်း အမှားလုပ်မိသကဲ့သို့သော အချက်က– လိမ္မော်သီး၊ ငှက်ပျောသီး၊ သစ်တော်သီး၊ မာလကာသီး၊ နာနတ်သီး

www.burmeseclassic.com

www.burmeseclassic.com



တို့ကဲ့သို့သော တာရှည်အထား ခံသည့် သစ်သီးများကို သန့်ရှင်းသပ်ရပ်စွာပြုပြီး လှူဒါန်းသည်ဟု ဆိုသော်လည်း ရက်လွန်သည်အထိ မပုတ်မမှည့်သည်အထိ တစ်ပတ်ခန့် ပဏာတီအလုံးအတိုင်း တင် ထားပူဇော်မှု ပြုထားတတ်ပါသည်။

ကျွန်ုပ်က ရှင်းပြမိပါသည်–

ဘုရား ရဟန်းသံဃာ စသည်တို့သည် စားဖွယ်ဝတ္ထုတို့အပေါ်တွင် တစ်နေ့တာ မွန်းလွဲမီအထိသာ သုံးဆောင်သင့်ကြောင်း၊ မွန်းလွဲပါက စွန့်ပယ်သင့်ကြောင်း ထားရှိပါက အပြစ်ရှိကြောင်း ဘုရားရှင်ပညတ်ထားပါလျက်– အပြစ်ကိုမမြင်သို့မဟုတ် အပြစ်ကိုမကြောက် တန်ဖိုးကြီးသော သစ်သီးတို့ကို တစ်မွန်းတည့်မှာ သွန်ပစ်ရမည်ကိုဖြင့် နှမြောတွန့်တိုတတ်ကြပါသည်။

ဘုရားပန်းစသည်တို့ကိုမူ မနွမ်းမပျက်စီးသည့်ကာလအထိ ရက်လွန်ထားသင့်သော်လည်း ဆွမ်းနှင့်စပ်ဆိုင်နေသော သစ်သီးစားဖွယ်တို့ကိုမူ ရက်ဆက်ဆွမ်းတော်အဖြစ် မတင်လှူထားသင့်ကြောင်း ပြောပြသော်လည်း မအောင်မြင်ခဲ့ပါ။

ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဖြစ်နေသည့် ယနေ့ ကျွန်ုပ်ဆွေမျိုးအချို့၏ လုပ်ရပ်ကို ကျွန်ုပ် ကန့်ကွက်မိပါသည်။ သူတို့က သားဦး မြေးဦးတို့ကို နာမည်ကြီးဘုန်းတော်ကြီးကျောင်း၌ ရဟန်းခံရှင်ပြု အကြီးအကျယ် ကုသိုလ်လုပ်နေကြပါသည်။ ထိုကုသိုလ်ယူပွဲတွင် နာမည်ကြီးဆိုင်းအဖွဲ့၊ ဗီဒီယို ရုပ်ရှင် မိုးလင်းပြပွဲပါ ပူးတွဲထည့်သွင်းလိုက်ပါသည်။

BURMESE CLASSIC .com

ထိုရဟန်းခံရှင်ပြုပြီးသည်နှင့် ရဟန်းဝတ် ရှင်ဝတ် ဖြစ်သွားကြသော သားဦး မြေးဦးတို့နှင့်အတူ ကျောင်းနေ သင်္ကန်းဝတ်အချို့တို့သည် မိုးလင်းပေါက် ရုပ်ရှင်ကြည့်ကြပါသည်။ ဆိုင်းနားထောင်ကြပါသည်။

ဘုရားမကြိုက်သော နစ္စ,ဂီတ,ဝါဒိတ ဝေရမဏီပါဟု ဝန်ခံပြီး ချက်ချင်းကျူးလွန်ရဲကြသော အကုသိုလ်အမှုကို ခွင့်ပြုပေးသော ရဟန်းခံပေးသော ထိုကျောင်းနှင့်ထိုဆရာတော်တို့သည် အဘယ်သို့ဟု ကျွန်ုပ် မဝေဖန်လိုသော်လည်း ငွေကုန်လူပမ်းခံ၍ ရဟန်းခံ ရှင်ပြုပေးလိုက်သောသူနှင့် သင်္ကန်းဝတ်သာသာ ဖြစ်လာခဲ့ကြသော သားဦး မြေးဦးတို့အတွက် ကျွန်ုပ်က ဝေဖန်ပြပါသည်။

ဘုရားရှင်လက်ထက် ပွဲလမ်းသဘင်နှင့် အလှူပြုရာတွင် သီဆိုပါဝင်ခဲ့သူ အုပ်ချုပ်သူ အကြီးအကဲဖြစ်သူက ဘုရားရှင်အား လျှောက်ထားခဲ့ဖူးပါသည်။

"အရှင်ဘုရား ဤပွဲလမ်းအလှူကြောင့် အဘယ်သို့သော ကုသိုလ်အကျိုးကို ရရှိနိုင်ပါအံ့နည်း"ဟု လျှောက်ထားခဲ့ခြင်းအပေါ် ဘုရားရှင်က တဲ့တဲ့ပင်ဖြေကြားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၇)

"ဒကာတော် ပဟာသငရဲ"ဆိုသည်ရှိကြောင်း၊

ထိုပဟာသငရဲတွင် သီဆိုသူ၊ ကသူ၊ တီးသူ၊ ကြည့်သူအားလုံး မီးအလျှံတောက်နေသည့် ဓာတ်ခဲ-အခင်း-မြေပေါ်တွင် ဒုက္ခကြီးမားစွာ ခံစားရင်း အကုသိုလ်မကုန်မခြင်း ဖြစ်တတ်ပါမည်ဟု ဖြေကြား ခဲ့ပါသည်။

ထိုဇာတ်လမ်းအရ ဘုရားဟောတရားတော်တို့ကို လူတို့အနေဖြင့် မသိပြု ကျင့်စေကာမူ ထိုကပွဲ သီဆိုပွဲကို လက်ခွဲသော ဆရာတော်တို့အနေဖြင့် ထိုတရားကို ပင် မသိ၍လော၊ သို့မဟုတ် အလှူရှင်တို့၏ ဆန္ဒကိုပင် မလွန်ဆန်ရဲ၍လော။

"လာဘ သက္ကာရ သိလောက"ကိုပင် တပ်မက်လွန်း၍လောဟု မေးခွန်းထုတ် ကြည့်သင့်ပါသည်။

ဘယ်ကဲ့သို့ပြောပြော ထိုအလှူပွဲတွင် အကုသိုလ်အစုံအလင်ဖြင့် ပြည့်စုံသွား ခဲ့ကြပါသည်ဟုဆိုသော်.. ကျွန်ုပ်၏အဆိုသည် ထောက်ခံသူမရှိ ရှုံးခဲ့ရပါသည်။

ထို့ထက်ပို၍ အကျည်းတန်ရုပ်ဆိုးမှုသည်ကား ကောသလမင်းကြီး၏ (၁၁) ချက်မြောက် အိပ်မက်အကြောင်းပင်ဖြစ်ပါသည်။

ကောသလမင်းကြီးလျှောက်ထားပုံကား-

"အဖိုးသိန်းတန်သော စန္ဒကူးနံ့သာနှစ်ကို တန်ဖိုးနည်းလှသော ရက်တက် ချည်ပုံးရည်အသိုးအပုပ်တို့ဖြင့် ရောင်းဝယ်လဲလှယ်နေကြသည်ကို မြင်မက်ခဲ့ကြောင်း" ပင်ဖြစ်ပါသည်။

ဘုရားရှင်၏ ဖြေကြားချက်သည်ကား-

ဒကာတော်မင်းကြီး ဤအိပ်မက်သည်ကား ငါဘုရားလက်ထက်နှင့် သင် မင်းကြီးလက်ထက်၌ ဖြစ်ပျက်လိမ့်မည်မဟုတ်၊ နောင်အနာဂတ်ကာလ အသက်တို လှသော သာသနာအရောင်မပြောင်လျော့ကျ အားနည်းလှသောအချိန်တွင် ပစ္စည်း (၄)ပါးကို မက်မောသော မသူတော် ကြမ်းတမ်းအလဇ္ဇီရဟန်းတို့သည် သတ္တဝါတို့ အား သနားငဲ့ညှာ မေတ္တာရှေ့ထား၊ သံသရာမှ လွတ်ရာလွတ်ကြောင်းတရားကို စိတ်ထားဖြူစင် လာဘ်ရှောင်ကြဉ်၍ ဒေသနာအစဉ်ကျအောင် ဟောပြောခြင်းငှာ မပြု ကြမူ၍ ပစ္စည်းလေးပါးအတွက် လာဘ်ကိုမက်မောကာ မြို့ရွာ အိမ်ဈေး လမ်းဆုံလမ်းမ လမ်းလေးခွတို့အလယ်၌ နိဗ္ဗာန်အလို့ငှာ ဟောကြားအပ်သော ဘုရားတရားတော်တို့ကို အသံသာယာ ဂီတလင်္ကာတို့ဖြင့် တန်ဆာဆင်လျက် ရယ်လုံး တော်လုံး သုံးနှုန်းကာ ပရိသတ်အကြိုက်ဟောမှ ငွေရမည်ဟု ငွေလာဘ်လာဘကိုသာ ငဲ့ကွက်၍ ၎င်းဘုရားတရားတော်၏ အနက်လိုအပ်ချက်အစစ်အမှန်ကို

www.burmeseclassic.com

www.burmeseclassic.com



မငဲ့ကွက်တော့ဘဲ၊ တစ်ရာ တစ်ထောင် ငွေကြေးဥစ္စာပစ္စည်း ရဖို့အတွက်သာ ရည်ရွယ်ဟောကြားကြပြီးလျှင် အဘိုးအနဂ္ဃထိုက်တန်သော တရားတော်ကို ပစ္စည်းဥစ္စာတို့ဖြင့် လဲလှယ်ရောင်းစားကြ ကုန်အံ့ဟု မြွက်ဆိုတော်မူခဲ့ပုံကို သတိသံဝေဂ ယူသင့်လှပါသည်။ ထိုအဖြစ်မျိုးကို ကျွန်ုပ်တို့ ယနေ့ ကိုယ်တွေ့ကြုံနေရပါသည်။

ကျွန်ုပ် ရဟန်းဝတ်ခဲ့စဉ်က ဝါတွင်းတရားပွဲတစ်ခု၌ ကျွန်ုပ်အား တရားဟော ကြားရန် ဒကာတစ်ဦးက လာဖိတ်ကြားပါသည်။ ကျွန်ုပ်ကလည်း တရားဟောပါမည် ဟု ဝန်ခံချက်ပေးလိုက်ပါသည်။ နေရာကား အပေါင်မြို့နယ်၊ ကဒုံကျေးရွာရှိ ဓမ္မာရုံ ကြီးတစ်ခုတွင် ဖြစ်ပါသည်။ တရားပွဲ စလိုက်ကြပါသည်။

ကျွန်ုပ်က ရဟန်းဝတ်ခါစ ဝါတော်(၄)လမျှသာရှိသေးသည်မို့ တရားပွဲတို့၏ ထုံးစံကို ကျွန်ုပ်က ဘာမျှမသိ။ သို့သော် တရားတော်၏ ထုံးစံကိုတော့ ကျွန်ုပ်က ဤသို့ မှတ်သားထားပါသည်။

တစ်အချက်က–

**"ဓာတိံစေ ဘိက္ခု နိဗ္ဗိန္နာ ဝိရာဂါ**

**နိရောဓာ ဓမ္မံဒေသေတိ**

**ဓမ္မကထိကော ဘိက္ခုတိ အလံဝစနာယ"**ဟု ဖွင့်ပြထားပါသည်။

ထိုဒေသနာအရဆိုပါက တရားဟောမည့်ပုဂ္ဂိုလ်သည် ယခုရရှိထားသော ခန္ဓာငါးပါးအပေါ်တွင် နိဗ္ဗိန္ဒာ– ငြီးငွေ့ခြင်း၊ ဝိရာဂါ– တပ်မက်မှုကင်းခြင်း၊ နိရောဓါ– ချုပ်ငြိမ်းခြင်း၊ ဖြစ်အောင်နည်းအမျိုးမျိုးနှင့် တရားကိုဟောပြရပါမည်။

ဒါနကထာ၊ သီလကထာတို့ဖြင့် လူနတ်ချမ်းသာရရှိစေရန်အတွက်သာ ဦးတည်ဟောကြားယုံဖြင့် မရပ်ထားသင့်ပါ။ ဤသို့ တရားဟောဆရာ၏ တာဝန် ဖြစ်ပါသည်။

**"ဓာတိံစေ ဘိက္ခု နိဗ္ဗိန္နာ ဝိရာဂါ**

**နိရောဓါ ပဋိပ္ပန္နောဟောတိ**

**ဓမ္မာနု ဓမ္မပဋိပ္ပန္နော ဘိက္ခုတိ အလံဝစနာယ"**ဖြစ်ပါသည်။

တရားနာပရိသတ်ကလည်း တရားတော်၏ဆိုလိုချက်ကို သဘောပေါက်ပြီး မိမိဘဝခန္ဓာအပေါ် ငြီးငွေ့ခြင်း တပ်မက်မှုကင်းခြင်း ချုပ်ငြိမ်းခြင်း ဖြစ်စေမည့် အကျင့် သီလ အလုပ်မျိုးကိုသာ ပြုကျင့်ခြင်းဖြင့် မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တည်း ဟူသော လောကုတ္တရာတရား (၉)ပါးကို ရရှိစေပါမည်။

www.burmeseclassic.com

www.burmeseclassic.com

# (၉)

ဒါနကထာ သီလကထာမျှဖြစ်သည့် သက်သတ်လွတ်စားခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာပွားခြင်း၊ ဗုဒ္ဓ ဓမ္မ သံဃတို့၏ ဝေယျာဝစ္စလုပ်ခြင်းကိုသာ ဦးတည်နေပြီး စရဏကုသိုလ်မျှဖြင့် ရပ်မထားဘဲ ဝိဇ္ဇာကုသိုလ်ဖြစ်သည့် ရုပ်နာမ်ဓမ္မသင်္ခါရ ပဋိစ္စသမုပ္ပါဒ် တရားဓမ္မတို့ကို လေ့လာလိုက်စားပြုကျင့်ရပါမည်။

ဤကား တရားနာပရိသတ်၏တာဝန်သာဖြစ်ပါသည်။

သုံးအချက်က–

**"စာတိစေ ဘိက္ခု နိဗ္ဗိန္ဒာယ ဝိရာဂါယ နိရောဓာယ အနုပါဒါ ဝိမုတ္တောဟောတိ ဒိဋ္ဌဓမ္မ နိဗ္ဗာနပတ္တော ဘိက္ခုတိ အလံဝစနာယ"** ဖြစ်ပါသည်။

ဆိုလိုသည့်အနက်အဓိပ္ပာယ်က–

သင်္ခါရတရားအပေါင်းကို သိ၍ မိမိဘဝခန္ဓာအပေါ် ငြီးငွေ့ချုပ်ငြိမ်းပြီး တစ်စုံတရာတွယ်တာကပ်ငြိမှုမပြုတော့ပါက ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ဦးညွှတ်သွားတော့မည်ဖြစ်ပါသည်။ ဤကား ဓမ္မတာဝန်ပင်ဖြစ်ပါသည်။

ဤမှု(၃)ချက်ကို ဦးတည်၍ ကျွန်ုပ် တရားပွဲစခဲ့ဖူးပါသည်။ တရားပွဲ ပြီးခဲ့ပါသည်။ သို့သော် တရားနာပရိသတ်က ဒုံးဝေးနေဆဲ ဖြစ်ကြပါသည်။ တရားပွဲပြီးသောအခါ ငွေဖလားကြီး(၃)လုံးကို စုပေါင်းပြီးရေတွက်ကြပါသည်။ ဝတ္ထုငွေ နှစ်ထောင်ကျော် ရရှိခဲ့ပါသည်။ ထိုငွေများကို တရားဟောဆရာ ကျွန်ုပ်ရဟန်းကို လာကပ်ကြပါသည်။ ကျွန်ုပ်က ထပ်မံ တရားတစ်ပွဲ ဆက်ဟောရပါသည်။

(၁၀)ပါးသီလယူထားသူသည် ရွှေငွေဥစ္စာများကို မကိုင်တွယ်ရပါ။ ယခု ရဟန်းဖြစ်သူသည် ၁၀–ပါးသီလ မရှိသူဖြစ်သကဲ့သို့ ဖြစ်ပါမည်။ ရဟန်းတို့မည်သည် "ကိလေသာဟိံ သတီတိသံဃော"ဟု ဖွင့်ဆိုထားပါသည်။

ကိလေသာ (၃)မျိုး–

ကာယကံ၊ ဝစီကံ၊ မနောကံ (ဝီတိက္ကမကိလေသာ၊ ပရိယုဋ္ဌာန ကိလေသာ၊ အနုသယကိလေသာ)တို့ကို အမြဲသတ်နေ၊ ဖယ်နေရပါမည်။

ဤတရားပွဲမှ ဒါနပွဲ သီလပွဲဟု ပြထားသောဝတ္ထုငွေသည် တရားဟောရဟန်းအနေဖြင့် မအပ်စပ်တော့ပါ။ လှူသူမှာလည်း ကုသိုလ်မဖြစ်၊ ယူသူမှာလည်း သီလပျက်ခြင်းသာဖြစ်စေပါမည်။

ထို့ကြောင့် ဤဝတ္ထုငွေတို့ကို ဓမ္မာရုံပြင်ရန် လိုအပ်နေသော သပိတ်အိုင်းဘောရသို့ အားလုံးကပ်လှူသင့်ကြောင်း အကြံပြုတရား ဟောခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အသိအနေဖြင့် တင်ပြရမည်ဆိုပါက... ကောသလမင်းကြီး အိပ်မက် အမှတ်(၁၁)အတိုင်း ဘုရားတရားတော်တို့ကို ငွေကြေးဖြင့် ရောင်းစားနေကြပြီး ဖြစ်ပါသည်။

ယခု ကျွန်ုပ်၏ ဤစာအုပ်သည် ဓမ္မသံဝေဂအနေဖြင့် ဓမ္မဗဟုသုတအနေဖြင့် ဓမ္မကုသိုလ်အနေဖြင့် ဖွင့်ဆိုရေးသားထားသည့်အလျောက်–

"သဗ္ဗဒါနံ–ဓမ္မဒါနံ ဇိနာတိ" ဖြစ်စေရန်အတွက် ဓမ္မဒါနအဖြစ် ဝေငှလှူဒါန်းသွားပါမည်။

**ဘယ်သောအခါမှ မည်သူ့ကိုမျှ အဖိုးအခအဖြစ် ရောင်းချခြင်း မပြုပါ။ မည်သူမဆို အခမဲ့လာရောက် အလှူခံတောင်းဆိုနိုင်ပါသည်။**

ကောသလမင်းကြီး၏ အိပ်မက်များကို ဆန့်ကျင်ဘက်ဖြစ်အောင် ကျွန်ုပ်တို့ ကြိုးစားပြုကျင့်နေရပါမည်။ ကျွန်ုပ်က လူကြီးလူငယ်အချို့နှင့် ရဟန်းအချို့ကို မေးခွန်းထုတ်ခဲ့မိပါသည်။

"ဓမ္မသဘာဝေ" ဆိုသော စာအရ ဓမ္မဆိုသော တရားသည် သဘာဝကို ပြနေပါသည်။ သဘာဝက ပြနေသည်ကို မြင်အောင် ဉာဏ်ဖြင့်သိအောင် ကြည့်ရန်သာလိုပါသည်။ ဓမ္မသဘာဝတစ်ခုကို ဤကဲ့သို့ ကျွန်ုပ်က မေးကြည့်လိုက်ပါသည်။

ကျွန်ုပ်က ရဟန်း

ဒကာတစ်ဦးက မုန့်နှင့်သစ်သီးအချို့ကို လာလှူပါသည်။ ကျွန်ုပ်က လက်ခံရယူလိုက်ပြီး ထုံးစံအတိုင်း ဆုတောင်းရွတ်ဆိုပေးလိုက်ပါသည်။ ပြီးမှ ကျွန်ုပ်က ဒကာကြီး လှူသောပစ္စည်းကို ဘုန်းကြီးရပါသည်။ ဘုန်းကြီး ယခုပေးလိုက်သောဆုကို ဘယ်သူ ရသလဲဟု မေးလိုက်ပါသည်။ သည်တော့– ဒကာကြီးက ဘုန်းကြီး ပေးသောဆုကို သူရပါသည်ဟု ဖြေလာခဲ့ပါသည်။

ကျွန်ုပ်က ထပ်ဆင့်မေးလိုက်ပါသည်။

ဒကာကြီးလှူသော ပစ္စည်း ဟောဒီမှာ ဘုန်းကြီးရထားသည်ကိုပြပြီး– ဘုန်းကြီးပေးလိုက်သော ဆုဘယ်မှာရသလဲ ဘယ်လိုရသလဲ ဒကာကြီး ပြောပြပါဟု မေးလိုက်သည့်အဆုံး အဖြေထွက်မလာတော့ပါ။ အတင်းအကြပ်မေးလိုက်သောအခါ ဘပည့်တော် ဘုန်းကြီးပေးသောဆု တစ်ခုခုတော့ ရမှာပေါ့ဟုသာ ဖြေလိုက်ပါသည်။ ရကြိစတမ်းဆိုပါက နေ့စဉ်နှင့်အမျှ သူတော်ကောင်းတွေ ရဟန်းသံဃာတွေ

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပို့အမျှဝေနေကြပါသည်။ "သဗ္ဗေသတ္တာ အဝေရာဟောန္တု"ထဲမှာ ကျွန်ုပ်တို့အားလုံးပါဝင်နေပါသည်။

ထို့ပြင် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီအစီအစဉ်ထဲမှာပင် နံနက်တိုင်း ဦးဥတ္တမသာရ၏ ဂုဏ်တော်ကွန်ချာနှင့် မေတ္တာပို့အမျှဝေနေပါသည်။ ထိုအရှင်၏ မြွက်ဆိုချက်အတိုင်း "တစ်ကမ္ဘာလုံး အေးချမ်းသွားအောင် ဂုဏ်တော်ကွန်ချာဖြင့် အုပ်လိုက်မည်" ဟု ဆိုပါသည်။

"ကျွန်ုပ်တို့ အဘယ်မျှ လုံခြုံသွားကြပါသနည်း။ အဘယ်ပုဂ္ဂိုလ်၏ မေတ္တာနှင့် အမျှကို ကျွန်ုပ်တို့ ရရှိခံစားနိုင်ပါသနည်း" ဤမေးခွန်းကို လူကြီးလူငယ်အများအပြားကို ကျွန်ုပ် မေးကြည့်ဖူးပါသည်။ တိကျရေရာသည့် အဖြေမပေးနိုင်ကြပါ။

မြန်မာဗုဒ္ဓဘာသာဝင်တိုင်း ကြည်ညိုလေးစားကိုးကွယ်ခဲ့သည့် အရှင်ဦးဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ကြီးဆိုပါက- အရပ်ဆယ်မျက်နှာမလွတ်၊ ငရဲပါမကျန် မေတ္တာပို့နေခဲ့ပါသည်။ လက်ရှိအခြေအနေအရ အဘယ်အရပ်မှာမှ မငြိမ်းချမ်းသေးပါ။ အဘယ်သူတော်ကောင်း၊ အဘယ်ပုဂ္ဂိုလ်၏ ဆုပေးမေတ္တာပို့ကို "ကျွန်ုပ် ဘယ်လိုရပါသည်" ဟူ၍ ဖွင့်ဆိုပြောသူလည်း မရှိဖြစ်နေဆဲ ဖြစ်ပါသည်။

ကျွန်ုပ်အမြင်ကို ရှင်းပြခဲ့ပါသည်။

မေတ္တာပို့ခြင်း ဆုပေးခြင်းသည် အပေးခံရသူအတွက် ရရှိရန် မလွယ်ကူကြောင်း၊ မေတ္တာပို့သူ ဆုပေးသူသာ အကျိုးခံစားရနိုင်ကြောင်း "ဘယ်သူမပြု မိမိအမှုသာ" ဖြစ်ကြောင်း၊ မိခင်ဖြစ်သူက နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်နေသော သားအတွက် ပုတီးသက်စေ့ စိပ်ပေးနေခြင်း၊ ဓာရဏာပရိတ် ရွတ်ဖတ်ပေးနေခြင်းသည် မိခင်သာ ကုသိုလ်ရနေမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရောက်နေသောသားက အရက်ဆိုင်ရောက်နေပါက အကုသိုလ်သာ ဖြစ်နေမည်ဖြစ်ကြောင်း၊ ခွင်းချက်အနေဖြင့် နိုင်ငံခြားမှသားဖြစ်သူက မိခင်အား ထောက်ပံ့မှုပြုပြီး မိခင်က သားအတွက် ဆွမ်းအလှူဒါန်းမှုပြု၍ ကုသိုလ်အမျှပေးဝေပါက သားဖြစ်သူက သာဓုခေါ်ပါမည်ဆိုပါက နှစ်ဦးနှစ်ဖက် ကုသိုလ်အကျိုးခံစားရနိုင်ကြောင်းပင် ဖြစ်ပါသည်။

ဓမ္မပဒအဆိုအမိန့်များအရ-

မြန်မာဗုဒ္ဓဘာသာတွင် သေဆုံးသွားသူအတွက် ဆွမ်းသွပ်ရက်လည် အမျှဝေသည့်ထုံးရှိပါသည်။ ဤထုံးတမ်းစဉ်လာသည် တိဿရဟန်း သန်းမကြီးဖြစ်သွားသည့် ဝတ္ထုဇာတ်လမ်းမှ မြစ်ဖျားခံခဲ့ပုံရသည်ဟု ကျွန်ုပ် ဆိုချင်ပါသည်။ ထိုရဟန်း၏ ဇာတ်လမ်းအဓိကအချက်က-

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

မိမိအလှူခံ၍ ရရှိထားသော သင်္ကန်းအပေါ် နှစ်သက်စွဲလန်းမှု အလွန်ဖြစ်ပေါ်နေခဲ့ သေနာသည်၍ ပျံလွန်သွားခဲ့ပါသည်။ "တဏှာ-ဥပါဒါန် ဘဝေါ" ဆိုသည့်အရအတိုင်း မိမိစွဲလန်းရာဥပါဒါန်ကြောင့် ထိုသင်္ကန်းတွင် သန်းကြီးမဘဝဖြင့် ငြိတွယ်ဖြစ်ပေါ်ခဲ့ရပါသည်။

ထိုအချိန် ထိုခေတ်က ပျံလွန်တော်မူပြီးသော ရဟန်းတစ်ပါး၏ ကျန်ရှိသော "ဆွမ်း သင်္ကန်း ကျောင်း ဆေး" တို့သည် သံဃာပိုင် ဖြစ်သွားရပါသည်။

(ယခုခေတ်သည်ကား ငါ့ကျောင်း ငါ့သင်္ကန်း ငါ့ပစ္စည်းတို့သည် ငါ့ဆွေမျိုး ငါနှစ်သက်သူအတွက် အမွေခံစားခွင့် ပိုင်ဆိုင်ခွင့်တို့ကို ကြိုတင်လုပ်ဆောင်ထားပြီး ရဟန်းတို့ဖြင့် မအပ်စပ်သော TV ကား ရွှေငွေဥစ္စာပစ္စည်းတို့ကို သိမ်းဆည်းထားရှိနေကြပါသည်။)

သံဃာပိုင်ဖြစ်သွားသော ထိုသင်္ကန်းကို ဘုရားရှင်၏ အလုပ်အကျွေး ညီတော်အာနန္ဒာအား ကျောင်းနေရဟန်းအားလုံး အညီအမျှ ရရှိစေရန်အတွက် သင်္ကန်းကို အစိပ်စိပ်ပြုလုပ်ပြီး မီးဖားကြိုးရရှိရန် စီစဉ်ပါသည်။

ထိုအခါ ရဟန်းဘဝမှ သန်းဘဝသို့ကူးပြီး သင်္ကန်းတွင် တွယ်ကပ်နေရသော သန်းကြီးမခမျာ ပြင်းစွာတုန်လှုပ်ပြီး ငိုကြွေးရှာပါသည်။

ထိုအဖြစ်ကို ညီတော်အာနန္ဒာ မသိနိုင်သော်လည်း ဘုရားရှင်က သိမြင်နေပါသည်။ ထိုအခါ ဘုရားရှင်က ၇-ရက်မျှဆိုင်းရန် ညီတော်အာနန္ဒာအား ညွှန်ကြားလိုက်ပါသည်။

အကြောင်းမူကား သင်္ကန်းတွင်တွယ်ကပ်ပြီး အသက်ရှင်နေသော သန်းကြီးမ ကွယ်လွန်မည့် ကာလအပိုင်းအခြားကို ညွှန်းဆိုခြင်းဖြစ်ပါသည်။

ဤဓာတ်လမ်းကိုအမှီပြုပြီး ယခုခေတ်အထိ လူသေဆုံးပြီး ၇-ရက်အတွင်း အသုဘအတွက် နေရာပေးထားနေကြပါသည်။ ဥပမာ-

လူတစ်ဦးသေဆုံးသွားသည့်အခါ အသုဘချသည့်နေ့တွင် အသုဘအလောင်းအား ထမင်းထုပ် ထည့်ပေးနေကြပါသည်။ ထို့ပြင် အိမ်မှာလည်း သေသူ၏ အင်္ကျီလုံချည်တို့ကို အိပ်ရာတွင် ပြပြင်တင်ထားပြီး သင်္ချိုင်းမှ လိပ်ပြာခေါ်လာခဲ့သည် ဆိုသည့် သစ်ညွန့်သစ်ခက်တစ်ချို့ကို ချိုးယူလာပြီး ထိုအိပ်ရာပေါ်တွင် ထားရှိလေ့ရှိပါသည်။

နေ့စဉ် ၇-ရက်မပြည့်မချင်း ထိုအိပ်ရာခေါင်းရင်းတွင် ထမင်းပွဲတစ်ပွဲ ပြင်ဆင်ကျွေးမွေးထားလေ့ပြုကြပါသည်။ ဤကဲ့သို့ အပြုအမူမျိုးကို မြန်မာဗုဒ္ဓဘာသာ

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

၉၅ ရာခိုင်နှုန်း မိရိုးဖလာအတိုင်း ပြုနေလေ့ရှိပါသည်။ ကျွန်ုပ်၏ဖခင် ကွယ်လွန်ခဲ့စဉ်ကလည်း ဆွေမျိုးတစ်စုက ဤကဲ့သို့ ပြုရန်ကြိုးစားကြပါသည်။ ကျွန်ုပ်က မပြုလုပ်ရန်တားမြစ်လိုက်ပြီး ဗုဒ္ဓဘာသာ၏ အဆိုအမိန့် "ဓမ္မ"ကို ရှင်းပြခဲ့ပါသည်။ ဗုဒ္ဓက ဤကဲ့သို့ဟောပြထားကြောင်း၊ လူသေလျှင် ဂတိ(၅)ပါးသို့လားရကြောင်း–

- ဒေဝဂတိ (နတ်ပြဟ္မာ)
- မနုဿဂတိ (လူ)
- ပေတဂတိ (ပြိတ္တာ)
- တိရစ္ဆာန်ဂတိ (ခွေးဝက်ကြက်ငှက်)
  နိရယ (ငရဲ) ဂတိဟူ၍ ဖြစ်ပါသည်။
- နတ်ဂတိရောက်သွားသူ ဖြစ်ပါက လူအစာတွေလို မစားတော့ကြောင်း
- မနုဿဂတိရောက်ပါကလည်း အမိဝမ်းမှ မကျွတ်သေးသမျှ လာမစားနိုင်ကြောင်း
- ငရဲကျသွားသူဖြစ်ပါကလည်း လုံးဝမလာနိုင်တော့ကြောင်း
- တိရစ္ဆာန်ဖြစ်သွားပါကလည်း (၇)ရက်အတွင်း လာမစားနိုင်ကြောင်း။

သို့သော် ပေတဂတိဖြစ်သွားပြီး သေသူကလည်း သံယောဇဉ်မပြတ်သေး၊ ကုသိုလ်အရှိန်ကလည်း မကုန်သေး၊ တဏှာဥပါဒန်ကြောင့် ဝေမာနိကပြိတ္တာဘဝရောက်ပြီး ကုသိုလ်ကောင်းမှုကို တောင့်တနေချိန်ဖြစ်ပါက ကျန်ရှိခဲ့သော ဆွေမျိုးသားသမီးများက သေသူ၏ကိုယ်စား သို့မဟုတ် သေသူအတွက် ရည်ရွယ်၍ သီးသန့်ပြုလုပ်သော သံဃာ့ဒါနဆွမ်းနှင့် သက်န်းပရိက္ခရာများ လှူဒါန်းပြီးအမျှပေးဝေပါက ကုသိုလ်ကို စောင့်မျှော်နေသော ပြိတ္တာသည် ကျေနပ်နှစ်သက်စွာ သာဓုခေါ်ယူနိုင်ပါလျှင် သာဓုခေါ်ပြီးသည်နှင့် တပြိုင်နက်တည်း ပြိတ္တာဘဝမှ လွန်မြောက်၍ နတ်ဘဝသို့ ကူးရောက်သွားနိုင်ကြပါသည်။

ထိုဓမ္မသဘော ဂတိ(၅)ပါးအနက် ပြိတ္တာဖြစ်သူ (ကုသိုလ်ကိုတောင်းတနေသူ) ဖြစ်ပါမှ လူ့ဘဝမှ အမျှပေးဝေခြင်းကို သာဓုခေါ်ပြီး ကုသိုလ်အမျှဝေခံစားရနိုင်ကြပါသည်။

လူ့ဘဝမှ ကျန်ရှိသူဆွေမျိုးများက မည်မျှပင် အလှူလုပ်ပြီး အမျှဝေသော်လည်း သေသူပြိတ္တာဟာ မေ့လျော့နေပြီး သာဓုမခေါ်ပါက ထိုကုသိုလ်အဖို့ကို ရလိမ့်မည်မဟုတ်ကြောင်း ရှင်းပြခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

သို့သော် ယနေ့ မြန်မာ့ဗုဒ္ဓဘာသာ ၉၅ ရာခိုင်နှုန်းသည် ဓမ္မက မည်မျှပင် ပြသဟောကြားထား ညွှန်ပြထားသော်လည်း ဉာဏ်နား၊ ဉာဏ်မျက်စိ မပါရှိသကဲ့သို့ ရှေ့ကအမှားကို နောက်ကလိုက်မှားနေခြင်းသာ မြင်တွေ့နေရပါသည်။

မြတ်စွာဘုရား ဟောပြထားသည့် “အန္ဓပဝေဏီ” အကန်းတန်းကြီးကဲ့သို့ ဖြစ်နေကြပါသည်။ မူလအကန်းကြီးတစ်ဦးကို ကျန်အကန်းတစ်ဦးက စမ်းသပ်မိပြီး အားကိုးသမှုပြု၍ နောက်မှ လိုက်နေမိကြောင်း၊ သူအားကိုးပြုထားသူသည်လည်း သူ့ကဲ့သို့ စုံလုံးကန်းနေသူဖြစ်ကြောင်းကို ထိုမျက်ကန်းက မမြင်သိနိုင်ပါ။ မူလမျက်ကန်းကလည်း သူလည်း ကန်းနေကြောင်းမပြောဘဲ အကောင်းကဲ့သို့ ဟန်ဆောင်နေသူဖြစ်ပါသည်။

ထိုအကန်းနောက်မှ အကန်းများဟာ မှီခိုလိုက်သွားနေကြရာဝယ် တစ်နေ့သောအခါ၌ ရှေ့မှသွားနေသောအကန်းကြီးသည် ချောက်အတွင်းသို့ ကျရောက်သွားသည့်အခါ နောက်မှ အကန်းများအားလုံးသည်လည်း ထိုချောက်အတွင်းသို့ ကျရောက်ပျက်စီးကြကြောင်းပင် ဖြစ်ပါသည်။

ဥပမာတစ်ခု ကျွန်ုပ် တင်ပြလိုပါသည်။

ယနေ့မြန်မာနိုင်ငံတဝှမ်းလုံးတွင် ကျောင်းကန်ဘုရား၊ ဇရပ်တန်ဆောင်း မကျန် အထူးသဖြင့် ပရမတ္ထသစ္စာကို ပြသနေသည့် ရုပ်သာများတွင်ပင် အလှူရှင် အသီးသီးသည် မိမိတို့လှူထားသည့် ကျောင်းဇရပ် ဘုရားတံတိုင်းတို့တွင် မိမိတို့၏ မိသားစုအလှူရှင်အမည်များကို ကမ္ပည်းထိုး၍ လှူထားဆဲဖြစ်နေကြပါသည်။

ထိုအလှူရှင်များကလည်း မိမိအလှူကို နာမည်ဖော်ကမ္ပည်းမထိုးပေးလျှင် အလွန်မနှစ်မသက် ဖြစ်တတ်ကြပါသည်။

ထိုအလှူရှင်များသည် အမြဲတမ်း မိမိလှူထားသည့် ကျောင်းကန်ဘုရားတို့ကို စွဲလန်းမြင်တွေ့နေကြပါသည်။ အလှူကို မအောင်းမေ့တတ်ဘဲ လှူသောဝတ္ထုပစ္စည်း အပေါ်ကိုသာ အာရုံကျရောက်နေတတ်ပါသည်။

ထို့ကြောင့် အလှူရှင်များသေခါနီးကာလတွင် အလွန်အစွဲသန်နေသော မိမိလှူထားသည့် ကျောင်းကန်ဘုရားတို့ကို ငါပိုင် ငါ့ဟာအဖြစ်နှင့် စွဲလန်းငြိတွယ်မှုကြောင့် လားရာဂတိ မကောင်းတော့ဘဲ လောဘ မောဟတရားတို့ကြောင့် ပြိတ္တာဘဝသို့ ကျရောက်မှုများ ဖြစ်လွယ်ကြပါသည်။

အလှူနှင့်ကုသိုလ်တရားတို့ကို အာရုံမပြုမိဘဲ ကမ္ပည်းထိုးလှူထားပါသည် ဆိုသည့် ကျောင်းကန်ဘုရားတို့ကိုသာ တဏှာလောဘ ဖြစ်ပေါ်ပြီး အကုသိုလ်အကျိုး ဖြစ်သွားရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

အမိကမှားယွင်းမှုသည်ကား မိမိလှူလိုက်ပါသည်ဟုဆိုပြီး လှူလိုက်သည့် ထိုကျောင်း ထိုဇရပ် ထိုဝတ္ထုပစ္စည်းတို့သည် လှူပြီးသည်နှင့် မိမိနှင့် လုံးဝပတ်သက်ဆက်နွယ်ခြင်းမရှိ ဖြစ်ရပါမည်။

ဘုရားရှင်လက်ထက်သူဌေးတစ်ဦးသည် ဘုရားအတွက် ကျောင်းတစ်ဆောင်ဆောက်လုပ်လှူဒါန်းမှု ပြုပါသည်။ ထိုကျောင်းအလှူရှင် သူဌေးအပေါ် ရန်ငြိုးထားနေသော ခိုးသူက ထိုကျောင်းကြီးကို မီးရှို့လိုက်ပြီး သူဌေးဖြစ်သူအား သတင်းသွားပို့လိုက်ပါသည်။ "သူဌေးကြီးကျောင်း မီးလောင်းသွားပြီ"ဟု၊ ထိုအခါ သူဌေးကြီးက ခမ်းသာအားရဖြင့် ခိုးသူအားရှင်းပြလိုက်ပါသည်။

အခုမီးလောင်သွားသည့် ကျောင်းသည် သူ့ကျောင်းမဟုတ်တော့ကြောင်း ဘုရားကို လှူလိုက်ပြီဖြစ်၍ ဘုရားကျောင်းသာ မီးလောင်ခြင်းဖြစ်ကြောင်း၊ ဘုရားကျောင်း မီးလောင်သွားသဖြင့် နောက်ထပ်ကျောင်းတစ်ကျောင်း လှူနိုင်မည်ဖြစ်၍ ခမ်းသာမိကြောင်းပင် ဖြစ်ပါသည်။

သို့သော် ယနေ့အခြေအနေတို့သည်ကား ဘုရားစေတီလှူသူတို့သည်လည်း ရာသက်ပန် ငါ့ဘုရားဖြစ်နေကြပြီး ကျောင်းတံတား လှူသူတို့သည်လည်း ရာသက်ပန် ငါ့ကျောင်း ငါ့တံတား ဖြစ်နေကြပါသည်။

ချို့ယွင်းပျက်စီး၍ ပြုပြင်ချိန်တန်လျှင်ပင် မူလအလှူရှင်အား ခွင့်ပြုချက်တောင်းပြီးမှ ပြုပြင်နေကြရပါသည်။

ထိုကဲ့သို့သော ရာသက်ပန် ငါဟုစွဲ၍ လှူဒါန်းမှုပြုသူတို့သည် သေသည်နှင့် ပြိတ္တာ တိရစ္ဆာန်ဘဝသို့ ကူးရောက်သွားကြရပါမည်။

အမှန်ဖြစ်သင့်သည်က အလှူရှင်က ဆုံးဖြတ်ပြီး စွန့်လွှတ်လှူဒါန်းမှုကိုသာ ပြုရပါမည်။

မိမိအလှူကုသိုလ်ကို အာရုံပြု နှလုံးသွင်းရပါမည်။ အလှူကို လက်ခံရသူတို့ထားသော မှတ်တမ်းမှတ်ရာ ကမ္ပည်းကို သူတို့ဆန္ဒအတိုင်း ဖော်ပြနိုင်ပါသည်။ မိမိနှင့်သက်ဆိုင်ခြင်း၊ မိမိက တောင်းဆိုခြင်းမပြုသင့်ပါ။

စိတ်မပြတ်လျှင် သဒ္ဓါမပေါက်လျှင် မလှူခြင်းသည်က အကောင်းဆုံးဖြစ်ပါသည်။ လှူပြီးမှ မစွန့်တတ်လျှင် နှစ်ဖက်နာရပါမည်။ ကျွန်ုပ်တပည့်နှင့်ပတ်သက်သူ ပုဂ္ဂိုလ်တစ်ဦးသည် သပိတ်အိုင်တောရမမွာရုံတွင် လိုအပ်နေသော ကျောက်ဆင်းတုတော်တစ်ဆူကို သဒ္ဓါပေါက်ပြီး လာရောက်လှူဒါန်းခဲ့ပါသည်။ ပလ္လင်မှအစ လိုအပ်သည်များ ဝယ်ယူလာပြီး လှူဒါန်းမှုပြုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၁၆)

ထိုအခါ အလှူရှင်ဖြစ်သူက ကမ္မည်းထိုးရန်၊ ရေစက်ချရန်၊ ဘုရားအနေကဇာတင်ရန် လိုအပ်,မလိုအပ် မသိ၍မေးမြန်းစုံစမ်းလာပါသည်။

ကျွန်ုပ်က ရိုးသားစွာရှင်းပြလိုက်ပါသည်။

ယခုဆင်းတုတော်သည် သပိတ်အိုင်တောရစမ္မာရုံသို့ လှူပြီးသောဆင်းတုတော် ဟုတ် မဟုတ် မေးမြန်းသည့်အခါ အလှူရှင်က လှူပြီးသောဆင်းတုတော်ဖြစ်ကြောင်း ဖြေကြားပါသည်။

မိမိက သဒ္ဓါပြတ်၍ လှူပြီးသောဆင်းတုတော်သည် မိမိနှင့်မည်သို့မျှ မပတ်သက်တော့ကြောင်း လှူခဲ့သောကုသိုလ်အကျိုးသာ မိမိနှင့်သက်ဆိုင်ကြောင်း၊ ဆင်းတုတော်ကို စိတ်မဖြတ် မစွန့်နိုင်ပါက ပြန်ပင့်သွားနိုင်ကြောင်း၊ မိမိအိမ်မှာ ကမ္မည်းထိုး၍ ရာသက်ပန် ကိုးကွယ်နိုင်ကြောင်း ရှင်းပြမှပင် သဘောပေါက်သွားကြပါသည်။

အနေကဇာတင်, မတင်ဆိုသည်မှာလည်း မိမိအတွေးအထင်မျှသာဖြစ်ကြောင်း၊ ယခုဆင်းတုတော်သည် စေတီလေးမျိုးတွင် ဥဒ္ဒိဿစေတီအမျိုးအစားဖြစ်၍ ကြည်ညိုကိုးကွယ်သူအပေါ်တွင်သာ တည်ကြောင်း၊ ရေစက်ချရန် ကိစ္စသည်ကား ရှေးယခင်က အလောင်းတော်များ အလှူအတန်းပြုသည့်အခါ ပတ်ဝန်းကျင်မှ သိသူအလွန်ရှားလှပြီး တစ်ခါတစ်ရံ အလှူကို ဆန့်ကျင်ကန့်ကွက်မှုများ ဖြစ်ပေါ်တတ်ပါသည်။ ဥပမာ– ဆင်ဖြူတော်လှူခြင်း၊ သားမယား သားသမီး လှူခြင်း၊ မျက်လုံးလှူခြင်း စသည့်အလှူမျိုးတွင်–

မဟာပထဝီမြေကြီးကို သက်သေထားပြီးလှူခြင်း၊ ကန့်ကွက်သူများကိုဖယ်၍ ရေစက်ချအသိအမှတ်ပြုပြီး လှူခြင်းသာဖြစ်ပါသည်။

ယခု ကျွန်ုပ်တို့ သာမန်အလှူတို့သည်ကား ကန့်ကွက်မည့်သူမရှိ၊ စပီကာတပ်၊ ဖိတ်စာဖိတ်ပြီး လှူဒါန်းသမှုပြုနေကြသောကြောင့် သက်သေရှာစရာ ရေစက်ချစရာ မလိုကြောင်း–

"သဒ္ဓါကြည်ညို၊ ရှိသေလှစွာ၊ အခါကိုသိ၊ မစွန်းငြိဘဲ မထိမပါး လှူတဲ့ဩဇာမှ" ဆိုသကဲ့သို့သာဖြစ်သင့်ကြောင်း၊ ပါယာသိမင်းကြီးဝတ္ထုတွင် သတိပြုဖွယ်အချက်တစ်ချက်ရှိပါသည်။

အလှူရှင် ပါယာသိမင်းကြီးက မိမိပိုင်ဆန်စပါး,ပဲ,ပိတ် အမျိုးမျိုးတွင် ပျက်စီးလုနီးပါး ဆန်,ပဲ,အဝတ်တို့ကို ရဟန်းတို့အား လှူဒါန်းရန် စီစဉ်ခဲ့ပါသည်။ ထိုအလှူတွင် ဝိုင်းကူပံ့ပိုးလုပ်ကိုင်ပေးရသော အလုပ်သမားများက ပစ္စည်းအပျက်များထဲမှ

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

အကောင်းများကို စိတ်ရှည်သည်းခံ၍ ရွေးချယ်သမှုပြုပြီး အလှူပြီးမြောက်အောင် ဆောင်ရွက်ပေးကြပါသည်။

ဇာတ်ကြောင်း၏ အဓိကကျောရိုးသည်ကား ထိုပါယာသိမင်းကြီးသေ၊ အလုပ်သမားများသေပြီး နတ်ပြည်ရောက်သည့်အခါ အလှူရှင်ပါယာသိမင်းကြီးက အခြွေအရံအစေအပါး လေ့ခါးစောင့်နတ်ငယ်တစ်ပါးဖြစ်ပြီး ဝေယျာဝစ္စလုပ်ပေးကြသော အလုပ်သမားများက ဗိမာန်ရှင် နတ်သားကြီးများဖြစ်ရကြောင်း ထင်ထင်ရှားရှား ဟောပြထားပါသည်။

ဤဝတ္ထုဇာတ်ကြောင်းအရဆိုပါက ကာယကံရှင် အလှူရှင်က အကျိုးပေးမှု အားနည်းပြီး ဝေယျာဝစ္စကုသိုလ်လုပ်အားပေးများက အလှူကုသိုလ်အကျိုးပေးသန် သွားခြင်းသည် လှူဖွယ်ဝတ္ထုပိုင်ဆိုင်မှု၊ ကုန်ကျမှုနှင့် မသက်ဆိုင်ဘဲ အလှူအပေါ်တွင် ကာယကံမှု၊ မနောကံမှု၊ စေတနာသည်သာ အရင်းခံဖြစ်ကြောင်း ပေါ်လွင်လှပါသည်။

ဤအချက်ကို သင်ကောင်းစွာ လက်ခံနားလည်မည်ဆိုပါက မိမိ၏ စေတနာ လုပ်ဆောင်မှု "ကံ" ကသာ ဦးဆောင်၍ ကောင်းဆိုးနှစ်တန်ကို ပြုပြင်နေကြောင်းကို ပါ သိနိုင်ရပါမည်။ ဤသို့ဆိုပါလျှင်–

ကျွန်ုပ် ထပ်တလဲလဲဆွေးနွေးလိုသည်ကား– မိမိအတွက် ဆုတောင်းခြင်း မဟုတ်ဘဲ၊ သူတစ်ပါးအား ဆုပေးခြင်း၊ မေတ္တာပို့သခြင်း၊ သူတစ်ပါးအတွက် ကောင်းမှု ကုသိုလ်ပြုလုပ်ပေးခြင်းများသည် အမှန်တကယ်မေတ္တာအပို့ခံရသူ၊ ဆုပေးခံရသူ အတွက် ကုသိုလ် "ကံ"၏ အကျိုးပေးမှုကို ရရှိခံစားနိုင်ခြင်း ရှိ,မရှိကို သတိပြုရန် လိုပါသည်။

အများအပြားကမူ ပေးသောဆုနှင့်ပြည့်စုံရပါလို၏ဟူ၍ နိဂုံးချုပ်သွားကြပါ သည်။ အချို့ကမူ သူတစ်ပါး၏ ပို့သသောမေတ္တာကို သွယ်ဝိုက်သောအားဖြင့် ရနိုင် ကြောင်း ကျားကျားမီးယပ် ဆိုသကဲ့သို့ မှတ်ယူထားတတ်ကြပါသည်။ ကျွန်ုပ်အနေဖြင့် ထိုပြုမှုချက် ပြောဆိုချက်များကို လက်ခံနိုင်စွမ်းမရှိပါ။

ယနေ့အထိ ကျွန်ုပ်အသက် ၆၅–နှစ်အတွင်း အဘယ်ပုဂ္ဂိုလ်၏ မေတ္တာပို့သ ချက် ဆုတောင်းပေးချက် တစ်စုံတစ်ရာမျှကို ရိပ်ဖမ်းသံဖမ်းမျှပင် ခံစားရရှိခြင်း၊ သိရှိ ခြင်း လုံးဝမကြုံတွေ့ခဲ့ရဘူးသေးခြင်းပင် ဖြစ်ပါသည်။

ကျွန်ုပ် ကြားဖူးမှတ်ဖူး ဖတ်ဖူးခဲ့သည့် နွားသားအမိနှင့်မုဆိုးအကြောင်းကို တင်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တောတစ်ခုတွင် သားငယ်ကိုထိန်းရင်း မျက်စားနေသည့် မိခင်နွားမသည် သားအပေါ် ချစ်ခြင်းမေတ္တာသက်ဝင်နေခိုက် မုဆိုးက လှံဖြင့်ပစ်ထိုးလိုက်ရာ လှံမစူးဘဲ လှံအသွားခွေ လိပ်သွားကြောင်းပင်ဖြစ်ပါသည်။

မေတ္တာတန်ခိုးကြောင့်ဟု ဆိုပါသည်။ ဤကဲ့သို့ မေတ္တာတန်ခိုးကြောင့် ဆိုပါက မေတ္တာပို့ခြင်းကို ခံယူနေရသော နွားကလေးကသာ မေတ္တာရပြီး မိခင်နွားမ တွင် တန်ခိုးမဲ့နေရပါမည်။ ယခုမူကား မေတ္တာပို့သထားရှိနေသော မိခင်နွားမတွင်သာ တန်းခိုးဖြစ်ပေါ်နေကြောင်း သိရပါမည်။

ဒုတိယဥပမာ–

သီဟဇာဟုမင်းသားနှင့် ဖခင်ခြင်္သေ့ကြီးဇာတ်ကို လေ့လာကြည့်ပါက– မိခင်လူသားနှင့်မင်းသားငယ်က ထွက်ပြေးသည်။ ဖခင်ခြင်္သေ့ကြီးက နောက်ကလိုက် လာသည်။ မင်းသားငယ်က ဖခင်တိရစ္ဆာန်ဘဝမို့ ရှက်လှသည်။ ဒေါသလည်း ထွက် လှသည်။ လေးနှင့်မြှားကိုတင်ပြီး ဖခင်ခြင်္သေ့ကြီးအား ပစ်လိုက်သည်။ ဖခင်ခြင်္သေ့ ကြီးက သားနှင့်ဇနီးအပေါ် ချစ်ခင်ဇောမေတ္တာဇောကပ်နေချိန်မို့ အဆိပ်လူးမြှားများ သည် ပန်းအသွင်ပြောင်းသွားကြသည်။ ပျော့ခွေသွားကြသည်ဟု ဆိုပါသည်။ ခြင်္သေ့ ကြီးအနားသို့ရောက်လာသော မြှားတိုင်း ပန်းဖြစ်သွားကြပါသည်။

ဤဇာတ်လမ်းအရဆိုပါက ဖခင်ခြင်္သေ့ကြီးက သားနှင့်ဇနီးအပေါ် မေတ္တာ ပို့လွှတ်နေသည်။ မေတ္တာအပို့ခံနေရသူ သားက ဒေါသကြီးနေသည်။ ခြင်္သေ့ကြီး ပို့လွှတ်နေသောမေတ္တာသာ အကယ်၍ သားနှင့်ဇနီး ရမည် ခံစားနိုင်သည်ဆိုပါက မင်းသား၏လက်တွင်းမှ လေးနှင့်မြှားသည် ပျော့ခွေ၍ ပန်းအသွင်ဖြစ်သွားရပါမည်။

သို့သော် လုံးဝမပြောင်းလဲဘဲ ခြင်္သေ့ကြီးအား အန္တရာယ်ပြုမှသာ ထိုမြှားများ က ပန်းအသွင်ပြောင်းသွားရခြင်းသည် မေတ္တာတန်ခိုးကြောင့်ဆိုပါက... ထိုမေတ္တာ သည် မူလ မေတ္တာပို့လွှတ်နေသူအားသာလျှင် တန်ခိုးရှိစေပါမည်။ မေတ္တာတန်ခိုး၏ အကျိုးအာနိသင်ကို ထိုမေတ္တာပို့လွှတ်သူ၊ ဆုတောင်းပေးသူ၊ ကိုယ်စားကုသိုလ်ပြုသူ သာလျှင် အကျိုးရရှိနိုင်ပါမည်။

အခြားတစ်စုံတစ်ဦးကမျှ ကြားကရရှိခံစားနိုင်ခြင်း မဖြစ်နိုင်ပါ။ အကယ်၍ ကုသိုလ်တရား တစ်စုံတစ်ခုကို ကိုယ်စားလုပ်ပေးခြင်း၊ ဆုပေးခြင်း၊ မေတ္တာပို့သခံယူနိုင် ခြင်းဖြင့် အလွယ်တကူရမည်ဆိုပါက ကျွန်ုပ်တို့၏ ဗုဒ္ဓဘာသာတရားသည် ကြောင်းကျိုးမဲ့ အခြေခံမရှိသော တရားများသာဖြစ်သွားရပါတော့မည်။

ထိုသို့ဆိုပါက ကျွန်ုပ်တို့လူသားအားလုံးအတွက် ဆင်းရဲဒုက္ခမှ လွတ်မြောက်မှုကို

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

ဘုရားက လုံးဝတာဝန်ယူသွားသည့် ဓမ္မမျိုးသာ ဖြစ်သွားပါတော့မည်။ ကျွန်ုပ်တို့အနေဖြင့် အထူးအထွေပြုကျင့်လုပ်ဆောင်ရန် လိုအပ်တော့မည်မဟုတ်ကြောင်း ဖြစ်သွားပါမည်။

သို့သော် ခြွင်းချက်တစ်ခုတော့ရှိပါသည်။ သေဆုံးသွားပြီးသူက ဝေမာနိက ပြိတ္တာဘဝသို့ ကျရောက်နေပြီး ထိုပြိတ္တာဘဝမှ နောင်တတစ်ဖန်ရ၍ ကုသိုလ်ကောင်းမှု အမျှဝေစုကို ရလိုကြောင်း မျှော်မှန်းတမ်းတနေခိုက် ကျန်ရှိခဲ့သော ဆွေမျိုးမိဘ သားသမီးများက ထိုသေသူအတွက် ရည်ရွယ်၍ ကုသိုလ်ပြုအမျှအတမ်းဝေခြင်း၊ မေတ္တာပို့ခြင်းပြုပါက "ရေကန်အသင့် ကြာအသင့်" ဆိုသကဲ့သို့ ကြောင်းကျိုးဆုံပြီး ထိုကုသိုလ်မေတ္တာအမျှကို သေပြီးသူက သာဓုခေါ်ဆိုနိုင်ပါလျှင် ဒုက္ခအဆိုးများမှ လွန်မြောက်နိုင်ကြောင်း ဓမ္မလမ်းကြောင်း ဖော်ပြထားပါသည်။

ဤဓမ္မလမ်းကြောင်းကို ကျွန်ုပ်အနေဖြင့် အောက်ပါအတိုင်း ဝေဖန်လက်ခံထားရှိပါသည်။

ကျန်ရှိသူက သေသူအတွက် ဆွမ်းဒါနအလှူများပြုပေးပြီး ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေသဖြင့် သေသူက သာဓုခေါ်၍ ဒုက္ခမှလွန်မြောက်ရကြောင်းသည် ပြုလိုက်သော ကုသိုလ်ကောင်းမှု ဒါနအစုစုကြောင့်ထက် သာဓုခေါ်ယူသောသူ၏ စေတနာအာသာဆန္ဒ၊ ကုသိုလ်အထောက်အပံ့တရား အစုတို့၏ ပရောဂကြောင့် ဖြစ်ပေါ်အကျိုးပြု ခံစားနိုင်ရခြင်းဖြစ်ပါသည်။

ဤဇာတ်ကြောင်းကို ပြန်လေ့လာကြည့်ပါ၊ သိနိုင်ပါမည်။ ဘဒ္ဒကမ္ဘာတွင် ဦးစွာပွင့်တော်မူခဲ့သော ကောဏ္ဍညသန်ဂုံဘုရားရှင်လက်ထက် အလှူပွဲတွင် ဟင်းလျာများကို ဦးဦးဖျားဖျား ခိုးဝှက်စားသောက်ခဲ့ကြသော လုပ်အားပေး ဝန်ထမ်းမိသားစု အားလုံးသည် သေသည်မှဲ့အခြားဘဝ၌ ပြိတ္တာဘဝသို့ ကျရောက်ခဲ့ကြကြောင်း၊ ခိုးဝှက်စားသောက်ခဲ့မှုအကုသိုလ်ကံကြောင့် ပြိတ္တာဘဝတွင် နားကန်းဆွံ့အ မျက်မမြင် ပြိတ္တာများ သာဖြစ်ကြရကြောင်း လူ့ဘဝမှ ကျန်ရစ်သူများက ကုသိုလ်ပြုအမျှပေးဝေကြသော်လည်း မကြားမသိ မမျှော်မိဘဲ မေ့မေ့လျော့လျော့နေခဲ့မှုကြောင့် အမျှကုသိုလ်မရကြ ကြောင်း၊ ဤကဲ့သို့ ပြင်းထန်ကြပ်တီးလှသည့် ဒုက္ခဒဏ်မှ အဘယ်အခါတွင် လွန်မြောက်ရနိုင်ကြောင်းကို ပွင့်တော်မူပြီးသော ဘုရားရှင် အသီးသီးအား မေးမြန်းခဲ့ရာဝယ်– ကဿပဘုရားရှင် လက်ထက်ကျမှ အဖြေရခဲ့ကြပါသည်။ ကဿပဘုရားရှင်က ဤကဲ့သို့ မိန့်မြွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်ပွင့်တော်မူမည့် "ဂေါတမ"ဘုရားရှင်လက်ထက် သင်တို့၏ဆွေမျိုးဖြစ်ခဲ့ဖူးသော ကောသလမင်းကြီး၏ အလှူတွင် အမျှအတမ်းဝေသည့်အခါ သင်တို့အားလုံးသာခုခေါ်ဆိုနိုင်ပြီးမှ ဤပြိတ္တာဘဝကို စွန့်ပြီး သုဂတိသို့ကူးရမည်ဖြစ်ကြောင်း ပင်ဖြစ်ပါသည်။ မိမိပြုခဲ့သော အကုသိုလ်ကံ အကြီးအသေးအလျောက် အပြစ်ခံပြီးမှ သာခုခေါ်နိုင်ကြပါမည်။

အမျှဝေတိုင်း သာခုမခေါ်နိုင်ကြသော ပြိတ္တာဘဝမျိုး များစွာရှိသည်ကို သတိပြုစေလိုပါသည်။ မိမိပြုခဲ့သော အကုသိုလ်ကံ ကုန်ဆုံးပြီး ကျန်ရှိသောကုသိုလ်ကံစိတ်စေတနာအဟုန်ကြောင့်သာ အဓိကအကျိုးပေး ဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။

အလှူဒါနကြောင့်ဟုသာ ဆိုပါက ဆင်းရဲသားအလှူက အကျိုးပေးနည်းပြီး ငွေများများကုန်သော သူဌေးအလှူကသာ အကျိုးများများ ရနိုင်ကြောင်းဖြစ်သွားပါမည်။ ဗုဒ္ဓဓမ္မ၏အနှစ်သာရဖြစ်သော "စေတနာ" "သဒ္ဓါ" "မေတ္တာ" "ကရုဏာ" "မုဒိတာ" စသည့်တရားအစုစုကသာ "ကံ"ကို ဦးဆောင်သွားရခြင်းဖြစ်ပြီး ငွေအနည်းအများ ပစ္စည်းအနည်းအများ ပရိသတ်အနည်းအများက ကုသိုလ် "ကံ"ကို မစိုးမိုးနိုင်ပါ။

ဗုဒ္ဓဓမ္မ၏ အနှစ်သာရကို ဖော်ပြထားသည့် ခဝဲပန်းနတ်သမီးဇာတ်လမ်းကို သတိပြုစေလိုပါသည်။ "ဘုရားပွင့်တော်မူစဉ်ကာလ အများက ပန်းဆီမီး သစ်သီးမျိုးစုံ ဘုရားကို လှူကြ ပူဇော်ကြပါသည်။ ထိုစဉ်က ဆင်းရဲသူမတစ်ဦးက သူ့ထံမှာ လှူစရာဆို ဘာမျှမရှိ၊ သို့သော် လှူလိုသော စိတ်စေတနာသဒ္ဓါတရားက ထက်သန်လှပါသည်။ ထိုအခါ ခြံစည်းရိုးတွင် တွယ်ကပ်ပေါက်နေသော ခဝဲပင်မှ ဝါဝါထိန်ထိန်အဆင်းဖြင့် ပွင့်နေသော ခဝဲပန်းကို မြင်သွားမိပါသည်။

ထိုခဝဲပန်းကိုပင် ခူးယူပြီး ဘုရားအားပူဇော်ရန် ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ကံအကြောင်းမလှသည်က ဘုရားထံ ခဝဲပန်းလှူရန်အသွား လမ်းတွင် နွားမတစ်ကောင်ဖော့၍ သေပွဲဝင်ခဲ့ရပါသည်။ ဘုရားထံသို့လည်းမရောက်၊ အလှူလည်း မမြောက်။ သို့သော် တာဝတိံသာတွင် အလွန် အဆင်းတောက်ပြောင်လှပသည့် နတ်သမီးတစ်ပါး "ခဝဲပန်းနတ်သမီး"ဟု ထူးထူးခြားခြား ဖြစ်ပေါ်ခဲ့ပါသည်။

ဤဇာတ်ကို ခွဲခြမ်းစိတ်ဖြာပါက ဘဝချမ်းသာခြင်းသည် အဓိကဖြစ်သော စေတနာသဒ္ဓါစေအဟုန်ကြောင့်သာဖြစ်ပြီး အလှူပစ္စည်းတန်ဖိုး အနည်းအများက အဓိကမကျကြောင်း မှတ်သားထိုက်ပါသည်။ ကျွန်ုပ်အနေဖြင့် ရှင်လူရဟန်း အတော်များများအား မေးခွန်းထုတ်ကြည့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

"မေတ္တာပို့ခြင်း၊ ဆုတောင်းပေးခြင်းများသည် ပို့သူနှင့်အပို့ခံရသူ နှစ်ဦးအနက် မည်သူက အဓိကရရှိကြောင်းပင် ဖြစ်ပါသည်။

ယခုဤစာကို သင်ဖတ်ပြီးပါက လက်တွေ့အနေဖြင့် သင့်အနီးအနားတွင် ရှိနေသည့် လူကြီး လူငယ် ပညာတတ် ရှင်လူရဟန်း တစ်ဦးဦးအား ဤမေးခွန်းကို မေး၍ သူ၏ ပြန်ပြောလာမည့်အဖြေကို စောင့်ကြည့်လိုက်ပါ။ မရေမရာသာ သင်ကြား သိရပါမည်။ ကျွန်ုပ် ဖြေလိုသည်က–

"လူငယ်တစ်ဦးက လှူဖွယ်ဝတ္ထု တစ်စုံတစ်ခုဖြင့် လူကြီးတစ်ဦးအား ကန်တော့ လိုက်ပါသည်။"

ထိုအခါ ကန်တော့ခံရသည့်လူကြီးက ကန်တော့လိုသော လူငယ်အား ဆုပေါင်းစုံပေးပါမည်။ မေတ္တာပေါင်းစုံပို့ပါမည်။ ဤကား ဓမ္မတာတစ်ခုပင်ဖြစ်ပါ သည်။

လူငယ်ဘက်မှကြည့်ပါက သဏ္ဍာန်ဂါဝရကုသိုလ်ကံ လှူဖွယ်ဝတ္ထုကုသိုလ်ကံ စေတနာ သဒ္ဓါဇောကုသိုလ်ကံ၏ အကျိုးပေးများ ခံစားရရှိထားပြီးဖြစ်ပါသည်။ ကန်တော့ခံရသော လူကြီးက ဆုပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ မေတ္တာပို့သည် ဖြစ်စေ မပို့သည်ဖြစ်စေ မိမိအလှူနှင့် မည်သို့မျှမသက်ဆိုင်ပါ။ ကျွန်ုပ်တို့ မြန်မာဗုဒ္ဓ ဘာသာဝင်များအနေဖြင့် နေ့စဉ်ဆွမ်းကပ်လှူနေသော အမှုကိစ္စကို ဥပမာယူထားစေလို ပါသည်။

ဆင်းတုတော်မှ မိမိအား ဘယ်သောအခါမှ ဆုပေးလိမ့်မည်လည်းမဟုတ်၊ မေတ္တာပို့လိမ့်မည်လည်း မဟုတ်ကြောင်း ထင်ရှားလှပါသည်။ သို့သော် ဓမ္မနှင့်ဓမ္မ ဝဒေသကို ယုံကြည်နားလည်သူတိုင်း မိမိအမှုသည်သာ မိမိအတွက် ကောင်းကျိုး ဆိုးကျိုးဖြစ်စေသည်ကို လက်ခံနိုင်ကြပါသည်။

လူကြီးဘက်မှ ကြည့်ပါက လူငယ်ကန်တော့လိုက်သော ဝတ္ထုပစ္စည်းများကို လက်တွေ့ရရှိခံစားသွားပါသည်။

ဘုရားရှင်က ရဟန်းများကို ဤကဲ့သို့ ဆုံးမထားပါသည်။

"လှူဒကာများ လောင်းလှူသော ကျောင်းသင်္ကန်း ဆွမ်းဆေးများကို မဆင်ခြင်ဘဲ သုံးဆောင်ပါက အကုသိုလ်ဖြစ်ပြီး သံတွေခဲကို မျိုသကဲ့သို့ ဖြစ်ရပါမည်ဟု ညွှန်းထား ပါသည်။"

ဤဥပဒေသအရဆိုပါက အလှူပစ္စည်းရပြီး ကန်တော့ခံရသော လူကြီးအနေ ဖြင့် လာဘ သက္ကာယလောဘ ဖြစ်ပြီး မူးမူးမေ့မေ့ သုံးဆောင်ခဲ့ပါလျှင် အကျိုးမဲ့ ဖြစ်သွားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လှူငယ်က မိမိအားမှီပြီး ကုသိုလ်အနန္တ ရသွားပြီးဖြစ်ပါသည်။ မိမိကလည်း ကန်တော့လာသော လှူငယ်အားမှီပြီး ကုသိုလ်အနန္တ ရရန်လိုပါမည်။

ထို့ကြောင့် မေတ္တာသဗ္ဗော အနန္တော ဆိုသကဲ့သို့ လှူငယ်အား တကယ့် မေတ္တာစေတနာရှေ့ထားပြီး အပြန်အလှန်သဘော ဆုပေးလိုက်ခြင်း ဖြစ်ပါသည်။

"သဒိသံပါကံ ဒဒေတိ" ဆိုသကဲ့သို့ မိမိပြုသောကံအတိုင်း တူသောအကျိုး ကို မိမိသာ ပြန်ခံစားရပါမည်။

ဝတ္ထုပစ္စည်းကိုသာ မျှဝေခံစားနိုင်ကြသော်လည်း ကုသိုလ် အကုသိုလ် "ကံ" အကျိုးပေးကိုကား မျှဝေခံစားရန် စီမံ၍မရနိုင်ကြောင်း သိထားရပါမည်။

ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသကဲ့သို့ လှူငယ်က လှူကြီးအား မှီ၍ ကုသိုလ် ယူပါသည်။ လှူကြီးကလည်း လှူငယ်အားမှီ၍ မေတ္တာကုသိုလ်ပြန်ယူသွားခြင်း ဖြစ်ပါသည်။ တကယ်ဆိုပါက ကိုယ့်ကုသိုလ် ကိုယ်လုပ်ယူကြခြင်းသာ ဖြစ်ပါသည်။

ဘုရားဟော ဝေလာမပုဏ္ဏားကြီး အလှူနှင့်စပ်၍ အလှူတစ်ခုထက်တစ်ခု ကြီးမြတ်ပုံခြင်းကို ဤကဲ့သို့ နှိုင်းယှဉ်ဖော်ပြထားပါသည်။

ဝေလာမပုဏ္ဏားကြီးက အမျိုးပေါင်း ၈၄၀၀၀ မျှသော အလှူကြီးကို စီမံလှူ ဒါန်းခဲ့ပါသည်။ ထိုဝတ္ထုကြောင်းတွင် အလှူ၏ ကြီးကျယ်ပုံကို အသေးစိပ်ဖော်ပြပြီး ဤကဲ့သို့ နှိုင်းယှဉ်ခဲ့ပါသည်။

- ဆင်မြင်းကျွဲနွား စားဖွယ်ပစ္စည်း ၈၄၀၀၀ စီလှူသောအလှူထက်
- သောတာပန်တစ်ဦးကို လှူပါက ကြီးမြတ်ကြောင်း
- သောတာပန် ၁၀၀ ကိုလှူသည်ထက်
- သကဒါဂါမ်တစ်ဦးကို လှူပါက ပိုမြတ်ကြောင်း
- သကဒါဂါမ် ၁၀၀ ထက်
- အနာဂါမ်တစ်ဦးက ပိုမြတ်ကြောင်း
- အနာဂါမ် ၁၀၀ ကိုလှူသူထက်
- ရဟန္တာတစ်ပါးကို လှူသူကပိုမြတ်ကြောင်း
- ရဟန္တာ ၁၀၀ကိုလှူသူထက်
- ပစ္စေကဗုဒ္ဓါ တစ်ပါးကို လှူသူက ပိုမြတ်ကြောင်း
- ပစ္စေကဗုဒ္ဓါ ၁၀၀ လှူသူထက်
- ဘုရားကိုလှူသူက ပိုမြတ်ကြောင်း
- ဘုရားတစ်ဆူကို လှူသူထက်

www.burmeseclassic.com

www.burmeseclassic.com

# (၂၃)

- ဘုရားအမွှးထားသည့် သံဃာကိုလှူသူက ပိုမြတ်ကြောင်း
- ဘုရားအမှူးပြုပြီး သံဃာကိုလှူသူထက်
- ကျောင်းတစ်ဆောင်ကို လှူသူက ပိုမြတ်ကြောင်း
- ကျောင်းလှူသူထက်
- ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်သူက သာလွန်မြင့်မြတ်ကြောင်း
- ဘုရား တရား သံဃာ (သရဏဂုံ (၃)ပါး)ကို ကိုးကွယ်ဆည်းကပ်သူထက်
- ငါးပါးသီလစောင့်ထိန်းသူက ပိုမြတ်ကြောင်း
- ငါးပါးသီလထက်
- ပန်းတစ်ရှုပ် နမ်းခိုက်မျှ မေတ္တာစိတ်ကို ပွားပါက ပိုမြတ်ကြောင်း
- မေတ္တာပို့သပွားများသူထက် လက်ဖျစ်တတွတ်မျှ အနိစ္စသညာကို ပွားများသူက အမြတ်ဆုံးဟု ဖော်ပြထားခဲ့ကြပါသည်။

ဤဓမ္မပဒေသအရ ကြည့်ပါက မေတ္တာဘာဝနာ မေတ္တာစိတ် မေတ္တာပို့လွှတ်နေသူက ဒါန သီလ ကိုးကွယ်ဆည်းကပ်မှု ကုသိုလ်များထက် သာလွန်နေကြောင်း တွေ့ရပါမည်။

ထို့အပြင် ယခုကဲ့သို့ မေတ္တာပို့သနေသူကသာ သာလွန်မွန်မြတ်ကြောင်း ဖော်ပြထားချက်အရ ထိုမေတ္တာပို့သသူကသာ မေတ္တာအကျိုးကို သူသာ ရရှိခံစားနိုင်ကြောင်းပင်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဆုပေးမှုကို အလွန်မျှော်လင့်တောင့်တကြလေ့ရှိပါသည်။

အထူးသဖြင့် တန်ခိုးကြီး နာမည်ကြီးဆရာတော် ဘိုးတော်များနှင့် ကြုံခိုက်ရှင် မိမိက အလှူတစ်ခုခု ပူဇော်လှူဒါန်းမှုပြုပြီး ထိုပုဂ္ဂိုလ်ကြီးများထံမှ ဆုပေးမှု မေတ္တာပို့မှုကို တောင့်တနေတတ်ကြပါသည်။

ထိုပုဂ္ဂိုလ်ကြီးများကလည်း ဆုအမျိုးမျိုးပေးလေ့ရှိပါသည်။ အမှန်မှာ ထိုဆုပေးသောပုဂ္ဂိုလ်ကြီးများအနေဖြင့် သူတို့ပေးသောဆုကို သူတို့သည်ပင် ရရှိခံစားနိုင်ခြင်း ပြည့်စုံခြင်း မရှိကြသောသူများ ရှိနေတတ်ပါသည်။

အချို့သီလရှင်ကြီးများ အလှူခံပုဂ္ဂိုလ်ကြီးများသည် မိမိအား လှူဒါန်းမှုပြုသူတိုင်းအား သိန်း ၃၀၀ ဆုကြီးပေါက်ပါစေဟု ထည့်သွင်းဆုပေးလေ့ရှိပါသည်။ သိန်း ၃၀၀ ဆုကြီးသည် တစ်ကြိမ်လျှင် တစ်ဦးသာ ပေါက်ရိုးရှိသည်ကို သိပါလျက် လူတိုင်းအား တစ်ကြိမ်တည်းတွင် သိန်း ၃၀၀ ဆုကြီးပေါက်ပါစေဟု ဆုပေးနေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည် ခွေးဝမ်းသာစေရန် အီးနံ့ပေးခြင်းနှင့် ဘာမျှမခြားနားလှပါ။ ဗုဒ္ဓမ္မ အဆိုအမိန့်အရဆိုပါက ဆုပေး၍ရခြင်းမဟုတ်။ ဆုတောင်းပြီး မိမိတောင်းသောဆုကို မိမိကိုယ်တိုင် ပါရမီဖြည့်ကျင့် ဆောင်ရွက်နိုင်မှသာ ရနိုင်ကြောင်း သိသင့်ပါသည်။

လောကတွင် ဖြစ်မြဲဓမ္မတာတစ်ခု ရှိပါသည်။

- အညစ်အကြေးဟူသမျှကို ရေဖြင့်ဆေးကြပါသည်။
- ရောဂါဟူသမျှကို ဆေးဖြင့်ကုသကြပါသည်။
- အညစ်အကြေးကိုလည်း တာရှည်မထားကြပါ။

ထို့အတူ ရောဂါဟူသမျှကိုလည်း အတတ်နိုင်ဆုံး အဖြစ်နိုင်ဆုံး အမြန်ဆုံး ဆေးတို့ဖြင့် ကာကွယ်ကုသနေကြပါသည်။

သို့ရာတွင် များစွာသောလူတို့သည် ကိုယ်မှာတင်သော အညစ်အကြေး ရောဂါတို့ထက် အန္တရာယ်များလှသော သံသရာအဆက်ဆက် ဒုက္ခပေးတတ်သော အကုသိုလ်အညစ်အကြေးများကို အမြန်ဆုံးဆေးကြောရန် သတိမမူတတ်ကြပါပေ။

- အညစ်အကြေးကို ရေကနိုင်သလို
- ရောဂါကို ဆေးဝါးတွေကနိုင်သလို
- အကုသိုလ်အညစ်အကြေးတွေကို ကုသိုလ်က အလွန်နိုင်လှပါသည်။

သို့သော် သာမန်လူတို့သည် ဆင်းရဲချမ်းသာမဟူ မိုးလင်းမှမိုးချုပ်အထိ စီးပွားရေး ငွေရေး အချစ်ရေး ဂုဏ်ရာထူး ကျန်းမာရေးတို့အတွက်သာ လောဘ ဒေါသ ဒေါမနဿ ဣဿာမစ္ဆရိယ တို့ဖြင့် အကုသိုလ်တိုးပွားကြောင်း အလုပ်များနှင့်သာ နေ့တွေ ရက်တွေ လတွေနှစ်တွေ ကုန်ဆုံးနေကြပါသည်။

တစ်ခါတစ်ရံမှသာ သာမန်စိတ်ဖြေရုံမျှ ကျောင်းကန်ဘုရားသို့ ဦးလှည့် တတ်ကြပါသည်။

ဘဝအဆက်ဆက်မှ သံသရာအကြွေးများကို မထည့်တွက်ဘဲ ယနေ့လူ့ဘဝ ရသည့်အချိန်မှ ယခုအသက်အရွယ်အထိ မိမိပြုမူကျင့်ကြံခဲ့သည့် ကာယကံ ဝစီကံ မနောကံ တို့တွင် ကုသိုလ်နှင့်အကုသိုလ်အင်အား ချိန်ခွင်လျှာသည် အဘယ်မှ အကုသိုလ်ဘက်သို့ ယိမ်းထိုးစိုက်ကျနေမည်ကို မိမိကိုယ်တိုင်သိနိုင်ပါသည်။

ဤကဲ့သို့ဆိုပါက အချိန်မရွေးကျရောက်တတ်သော သေခြင်းတရားက လက်ဦးမှုရသွားမည်ဆိုပါလျှင် မိမိသည် လူ့ဘဝမှ လူဖြစ်ရှုံးသွားပြီး ငရဲတို့ဆွဲ ပြိတ္တာ အသူရကာယ်ဘဝတို့ဖြင့်သာ အတိုင်းမသိ နစ်မွှမ်းခံကြရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂၅)

ဘယ်သူမျှ အပါယ်လေးပါးသို့ မကျရောက်လိုကြပါ။ အမြဲလွတ်လိုကြပါသည်။ လွတ်လမ်းလည်းရှိပါသည်။

သို့သော် အချိန်ကိုစောင့်နေကြပါသည်။ ထိုသူ အမှန်ဒုက္ခဖြစ်တော့မည်။ အကြောင်းမူကား အချိန်က လျင်မြန်စွာ ကုန်လွန်သွားတတ်သောကြောင့် ဖြစ်ပါသည်။

ယခု ဤစာစောင်ရေးသူ၏ဆန္ဒသည် အချိန်ကိုမစောင့်တော့သူများနှင့် ဒုက္ခမဖြစ်လိုကြသူများအတွက် အရိုးသားဆုံးသော ဓမ္မဗဟုသုတတို့ကို ညွှန်ပြပေးသွားလိုရင်းသာဖြစ်ပါသည်။

ဓမ္မပြဒေသ အရဆိုပါက လောကတွင် လူသားများအား ငါးဆင့်ခွဲပြထားပါသည်။

(က) ကိလေသာကုန်ပြီးသော ဘုရားရဟန္တာများ (ဘွဲ့လွန်)

(ခ) အနာဂါမ်ပုဂ္ဂိုလ်များ (အကြီးတန်းဘွဲ့)

(ဂ) သကဒါဂါမ် ပုဂ္ဂိုလ်များ (အလတ်တန်းဘွဲ့)

(ဃ) သောတာပန် ပုဂ္ဂိုလ်များ (အငယ်တန်းဘွဲ့)

(င) အန္ဓ ဗာလ ဥမ္မတက ပုဂ္ဂိုလ်များ (ဝလုံးတန်း) ဟူ၍ဖြစ်ကြပါသည်။

လောလောဆယ် အခြေအနေအရဆိုပါက လူတိုင်းလူတိုင်း (ဗုဒ္ဓဘာသာတိုင်း)သည် အလှူဒါနပြုကြရာတွင်လည်းကောင်း၊ နေ့စဉ် ဘုရားရှိခိုးဝတ်ပြုကြရာတွင်လည်းကောင်း နိဗ္ဗာန်ကိုရည်မျှော်၍ ဆုတောင်းတတ်ကြပါသည်။

ဝတ်ပြုပူဇော်ခံရသော ပုဂ္ဂိုလ်များကလည်း နိဗ္ဗာန်ကို ရလွယ်ရောက်လွယ် မျက်မှောက်ပြုလွယ်ကြပါစေဟု ဆုပေးတတ်ကြပါသည်။

သို့သော် ဘယ်လိုမှ နိဗ္ဗာန်ကို ရလွယ်ရောက်လွယ် မျက်မှောက်ပြုလွယ်မည်ဖြစ်သည့်အကြောင်း ဓမ္မကို ဟောပြညွှန်ပြရှင်းပြခြင်းအမှု ချို့ယွင်းနေတတ်လျက်သာဖြစ်နေကြပါသည်။

မိမိဘက်မှ နိဗ္ဗာန်ကို ရလိုမှုအလွန်အားနည်းသလို မိမိပူဇော်နေသော ပုဂ္ဂိုလ်ထက်မှလည်း တာဝန်အလွန်ပေါ့နေတတ်ပါသည်။

ထို့ကြောင့်–

ယနေ့ ဗုဒ္ဓဘာသာအများစုတွင် အခြေခံဓမ္မသဘာဝတရားတို့ကို လေ့လာလိုက်စားနားလည်တတ်သိသူ အလွန်နည်းပါးလျက်ပင် ရှိကြပါသည်။

ကျွန်ုပ်အနေဖြင့် ကျွန်ုပ်တပည့်အချို့တို့ကို ဤမျှလောက် (ဓမ္မ)ကို သဘောပေါက်သိမြင်စေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အကျော်အမော် စာတတ်ပေတတ်များနှင့် လုံးဝမသက်ဆိုင်လိုပါ။

ကျွန်ုပ်တပည့်အချို့သည်–

လောကီစာပေတွေ တတ်ကြပါသည်။

လောကီ အကျိုးစီးပွားတွေ အောင်မြင်ပြည့်စုံနေကြပါသည်။

လောကီ ပကာသန ဒါနမှုတွေ အလွန်ပြည့်နေကြပါသည်။

သို့သော်–

ဓမ္မနှင့်ပတ်သက်၍–

ကံ (၅)ပါးဆိုသည်ကိုလည်း ဘာမှုမသိ၊ သေလျှင် ဂတိ(၅)ပါးကျရောက်ရမည်ကိုလည်း လုံးဝမသိ။

လူ့အဆင့်အတန်း (၅)မျိုးကိုလည်း လုံးဝနားမလည်၊ မိမိသေလျှင် ဘယ်ဘဝသို့ ဦးတည်နေသည်ကိုမျှ မသိသေးကြသူများ ဖြစ်နေကြပါသည်။

ထိုတပည့်များသည် ဓမ္မနှင့် ပတ်သက်၍ ဝ–လုံးတန်းမျှဖြစ်ပြီး ကျွန်ုပ်က တစ်တန်းမျှဖြစ်နေပါသည်။ ထို 'ဝ'လုံးတန်းတပည့်များကို အတန်းတက်စေလို၍ ဤစာစောင်ကို ဓမ္မဒါနအဖြစ် ဖြန့်ဝေရခြင်းဖြစ်ပါသည်။ ကျွန်ုပ်တပည့်များအတွက် အောက်ပါ ဗုဒ္ဓဓမ္မစကားစုများကို ရှင်းရှင်းလင်းလင်းသိထားစေလိုပါသည်။

(က) ရုပ်–နာမ်

(ခ) ခန္ဓာအစု

(ဂ) ပညတ်–ပရမတ်

(ဃ) စိတ်

(င) သစ္စာ

အများအားဖြင့် အထက်ပါစကားစုများဖြစ်သည့် "ရုပ်"ကို မေးကြည့်သောအခါ– မသိတာ "ရုပ်"၊ သိတာ "နာမ်"ဟူ၍ဖြေပြတတ်ကြပါသည်။ ဘာကိုမသိတာလဲ၊ ဘာကိုသိတာလဲဟု ထပ်ဆင့်မေးကြည့်ပါက ဆက်၍ ဘာမှမသိ ဖြစ်သွားကြပါသည်။

ထို့ကြောင့် အရှင်းဆုံးအလွယ်ကူဆုံး နားလည်စေရန်အတွက် "မဟာဒုက္ခက္ခန္ဓသုတ်အဖွင့်" ဆရာဦးကြည်ရေးသည့် စာအုပ်စာမျက်နှာ ၁၆၆ တွင်–

– ဣဒ္ဓ ရုပ်

"ဤသည်ကား ဖောက်ပြန်မှု၏သဘောတည်း"

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

- ဣဒ္ဒ နာမံ

"ဤသည်ကား ညွှတ်သိမှု၏သဘောတည်း"

- ဣဒ္ဒ ဝုစ္စတိ နာမရူပံ

ဤသည်တို့ကို ညွှတ်သိမှု ဖောက်ပြန်မှုတို့ဟု ဆိုအပ်၏။ ဖောက်ပြန်ခြင်းသဘော ဆိုသည်မှာလည်း–

ပညတ်အနေဖြင့် လောကစကားအရ အပူအအေး ဆာလောင်မှု၊ ခံစားရမှု ဖြစ်ပျက်မှုအားလုံးကိုစွမှန်သမျှသည် ဖောက်ပြန်ခြင်းအမှုများပင် ဖြစ်ပါသည်။ သို့သော် ပရမတ်တရားအနေဖြင့်ဆိုပါက လောကဝေါဟာရစကားလုံးအမည် မမှည့်ခေါ်တော့ဘဲ ဖြစ်ပျက်သမျှကို ဖောက်ပြန်မှုသက်သက်မျှသာဟု သဘောပိုက်လက်ခံနိုင်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် လောကဝေါဟာရ အမည်တစ်ခုခု ထပ်ခေါ်လိုက်ပါက ပညတ် ဖြစ်သွားပြီး သဘောသက်သက်မျှဆိုပါက ပရမတ်ဖြစ်သွားပါသည်။

တရားတော်စကားအရ "စိတ်–စေတသိက်–ရုပ်–နိဗ္ဗာန်" ဤ(၄)ပါးသည် ပရမတ်ဓာတ်များ ဖြစ်ကြပါသည်။

ထိုပရမတ်ဓာတ် (၄)ပါးတွင် နိဗ္ဗာန်သည် ဖြစ်မှုပျက်မှုအကြောင်းကင်းသော အသခံတဓာတ် ပရမတ်ဖြစ်၏။ သိရန်–ရှုရန်–ကျင့်ရန်မဟုတ်သော အကျိုးတရား မျှသာ ဖြစ်ပါသည်။

ထို့ကြောင့် ယခုကျင့်ရန် သိရန်မှာ စိတ်–စေတသိက်–ရုပ်ဆိုသည့် ပရမတ် ဓာတ်(၃)ပါးဖြစ်ကြောင်း ညွှန်းဆိုထားပါသည်။

ထို့အတူ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဋ္ဌာန်းဆရာတော်ဘုရားကြီး ဦးဝိသုဒ္ဓ ၏ ရုပ်ပရမတ်ဓာတ်အကြောင်းကို ပဋ္ဌာန်းတရားနှင့် ယှဉ်၍ရှင်းလင်းဟောပြထား ချက်တို့လည်း ဘဝတစ်သက်တာ မှတ်သားနာယူနိုင်ရန်အတွက် ထပ်ဆင့်ကူးယူ ဖော်ပြလိုက်ပါသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်၊ နိုင်ငံတော်သြဝါဒါစရိယ
## အဂ္ဂမဟာပဏ္ဍိတ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဋ္ဌာန်းဆရာတော်ကြီး
## ဦးဝိသုဒ္ဓ၏
## ပဋ္ဌာန်းအကြောင်း သိကောင်းစရာ
## သြဝါဒကထာ

ဝမ်းသာပါတယ်၊ လောကမှာ ဝမ်းသာတယ်ဆိုတဲ့ စကားကို အများက နှစ်သက်ကြပါတယ်၊ ဝမ်းသာတယ်ဆိုတာဟာ ကုသိုလ်နဲ့ ဝမ်းသာခြင်း အကုသိုလ်နဲ့ ဝမ်းသာခြင်းရယ်လို့ ၂–မျိုးရှိတယ်။

ဒီနေ့ ဝမ်းသာရတဲ့ ဝမ်းသာမျိုးဟာ ရွှေရတနာတွေရလို့ ဝမ်းသာတာလဲ မဟုတ်ဘူး၊ ငွေရတနာတွေရလို့ ဝမ်းသာတာလဲ မဟုတ်ဘူး၊ လောကီအတွက် ဝမ်းသာခြင်းမျိုးမဟုတ်ဘူး၊ ယခုဘဝမှ စပြီးတော့ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အပါယ်လေးပါးနဲ့ ဆင်းရဲဒုက္ခမှ ကင်းပြီးတော့ ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာနဲ့ မြင်ချင်တာမြင်ရ၊ ကြားချင်တာကြားရ၊ စားချင်တာစားရ၊ စိတ်နှလုံး နှစ်သက်ဖွယ်အာရုံတွေနဲ့ တွေ့ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရခြင်းပေါ့။ ဝိသာခါ အနာထပိဏ်တို့လို မှတ်ရမယ်။

ဝိသာခါ အနာထပိဏ်တို့ဟာ ကမ္ဘာတစ်သိန်းကစပြီးတော့ ဒီအလုပ်တွေ လုပ်ခဲ့တယ်၊ ကမ္ဘာတစ်သိန်းကာလပတ်လုံး ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးမှ ကင်းလွတ်ပြီး မြတ်စွာဘုရားနဲ့တွေ့ ကျောင်းအမ ကျောင်းဒကာ တွေဖြစ်ကြ၊ ဝိသာခါက ပုဗ္ဗာရုံကျောင်းအမကြီး၊ အနာထပိဏ်က ဇေတဝန်ကျောင်း ဒကာကြီး၊ တခြားစီမှတ်ထားကြ၊ သူတို့ တစ်မဂ်တစ်ဖိုလ် ရသွားကြပြီး အနာထပိဏ် သူဌေးက တာဝတိံသာနတ်ပြည်မှာ၊ ဝိသာခါက ပရနိမ္မိတဝသဝတ္တီနတ်ပြည်မှာ လူတို့၏အရေးအတွက်အားဖြင့် ဝိသာခါက ကုဋေ ၉၀၀၊ ၂၁–ကုဋေ၊ အနှစ် ၆–

www.burmeseclassic.com

www.burmeseclassic.com



သန်း၊ ဒီဘုံတွေမှာ နေရအုံးမယ်၊ အပါယ်လေးပါး မလားတော့ဘူး၊ အပြစ်မရှိတဲ့ ဝတ်ချင်တာတွေ ဝတ်ရ၊ စားချင်တာတွေ စားရ၊ ဘုံစဉ်စံပြီး နောက်ဆုံး နိဗ္ဗာန်ရောက်သွားမယ်။

ဒီအတိုင်းပဲ သာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့အခါ ယခုလာကြတဲ့ ဒကာ ဒကာမတွေ ဒါနတွေလဲ ပြောဖို့မရှိပါဘူး၊ ပြုကြပါတယ်၊ သီလပါရမီ ပညာပါရမီ ဒါတွေလဲ ပြုကြပါတယ်၊ ယခု ကြုံတာကတော့ သာသနာတော်မှ ပထမဆုံး ကွယ်ပျောက်လိမ့်မယ်ဆိုတဲ့ အဘိဓမ္မာ ဒေသနာတော်ကြီးကို ရွတ်ဖတ်တဲ့ ဆရာတော်များက ရွတ်ဖတ်ကြားနာတဲ့ ဒကာ ဒကာမတွေက ကြားနာကြတဲ့ ကိစ္စကြီးပဲ။

## လင်းနို့သား (၅၀၀)ဝတ္ထု

အရှင်ဘုရား ဒါတွေဟာ ဘယ်လောက်များ အကျိုးကြီးပါသလဲလို့ မေးရင် ဘုန်းကြီးက သာဓကကလေးတစ်ခုကို ပြောချင်ပါတယ်။

ကဿပ မြတ်စွာဘုရားလက်ထက်က လိုဏ်ဂူကြီးတစ်ခု ရှိတယ်။ (အဋ္ဌသာလိနီ အဋ္ဌကထာမှာပါတယ်၊ ဒါတွေကို ယခုကြွလာကြတဲ့ ဆရာတော်တွေ တွေ့ဖူး သင်ဖူးကြပါတယ်။)

ဒီ လိုဏ်ဂူကြီးမှာ လင်းနို့သား ၅၀၀ နေထိုင်ကြတယ်၊ ဒီတိရစ္ဆာန်ဖြစ်တဲ့ လင်းနို့ကလေးတွေဟာ ယခုလို သာသနာ့ဝန်ထမ်း ရဟန်းတော်တွေက ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက် ပဋ္ဌာန်းဆိုတဲ့ အဘိဓမ္မာဒေသနာတွေကို ရွတ်ဖတ်သရဇ္ဈာယ်ကြတော့ လိုဏ်ဂူမှာ တွဲလဲခိုနားနေရင်း အပေါ်ကနေ သူတို့ နားထောင်ကြတယ်။

နားထောင်ကြတော့ သူတို့ စိတ်ထဲ ထူးခြားမှုဖြစ်လာတယ်၊ ဘယ်လိုဖြစ်လာသလဲဆိုရင်... ဆိတ်ကျောင်းသားတွေ နွားကျောင်းသားတွေ (သူတို့အသံတွေ ကြားဖူးကတော့) ချောက်ကြ လှန့်ကြလို့ တို့တွေ ငြိမ်းအေးချမ်းသာမနေရဘဲ ပြေးကြသွားကြရတယ်၊ အခု တို့ကြားနေရတဲ့ အသံတွေကတော့ ဒီလိုမဟုတ်ဘူး၊ ဒီအသံတွေဟာ ထူးခြားတယ်ဆိုပြီး သူတို့ ဂရုတစိုက်နားထောင်ကြတယ်၊ တရားမှန်းမသိဘူး၊ လူတွေလို တရားမှန်း မသိရှာပါဘူး။

အဲဒီလို သဘာဝဓမ္မအစစ်အမှန်ဖြစ်တဲ့ အသံတွေကို ကြားနာရတာ အခြေခံ ရှိသောကာလ လင်းနို့သားငါးရာဘဝကနေပြီးတော့ တာဝတိံသာနတ်ပြည်မှာ သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ နတ်သား နတ်သမီးငါးရာ ဖြစ်ကြရတယ်၊ ဘုရားတစ်ဆူနှင့်တစ်ဆူအကြား အပါယ်မလားတော့ဘူး၊ ဘုန်းကြီးတို့ မြတ်စွာဘုရားလက်ထက် တာဝတိံသာနတ်ပြည်က အဘိဓမ္မာတရားဟောပြီး ပြန်ကြွလာတဲ့အချိန်မှာ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးရဲ့ တပည့်တွေဖြစ်ပြီး သူတို့အုပ်စု မဂ်ဖိုလ်တွေများ ရသွားကြတယ်။

အဲဒီတော့ ဘာဆိုလိုသလဲ၊ သဘာဝဓမ္မတွေကို ကြားနာလိုက်ရတော့ အင်မတန် အကျိုးကြီးတယ်။

ယခု ကြွလာတဲ့ ဒကာ ဒကာမတွေဆိုရင် လင်းနို့သား ငါးရာထက် အဆတစ်ရာမက သာနေပါတယ်၊ ဘာပြုလို့လဲဆိုရင် ဒါနလဲ ပြုပြီးသား ဖြစ်နေကြတယ်။ သရဏဂုံသုံးပါးလဲ ရွတ်ဆိုကြတယ်၊ ရှိလဲခိုးကြတယ်၊ ဒီပြင်ကောင်းမှုတွေလဲ ပြုနေကြတယ်။ ယနေ့ အဘိဓမ္မာတွေကို ကြားနာနေကြတယ်၊ ကြားနာရုံတင် မဟုတ်ဘူး၊ ယနေ့ ရွတ်ဆိုရခြင်းရဲ့ သဘောသဘာဝကလေးတွေဟာ ပဋ္ဌာန်းဆိုတာ ဘာလဲဆိုတဲ့ အသိကလေးတွေ ပါသွားဖို့ပဲဖြစ်တယ်၊ သေချာ နားထောင်ကြ။

နားထောင်တာက ပညာသိ ဝိညာဏ်သိ အသိဉာဏ်ပညာ အလိမ္မာဓာတ်တွေ ပါပြီးတော့ အကြောင်းအကျိုးနှင့်တကွ ဒီလိုကိုးဆိုတာ သိသွားမယ်၊ သိသွားတော့ အင်မတန် အကျိုးကြီးပြီးတော့ သွားမယ်၊ လင်းနို့သား ၅၀၀ တို့ထက်တော့ အဆတစ်ရာမက သာမယ်။

## အခြေခံ ပဋ္ဌာန်း

ပဋ္ဌာန်း ပဋ္ဌာန်းလို့ နာမည်က ကြီးနေတော့ ဒီနေရာမှာ အဘိဓမ္မာဆိုတာက (၇)ကျမ်း ရှိတယ်။

၁။ ဓမ္မသင်္ဂဏီကျမ်း
၂။ ဝိဘင်းကျမ်း
၃။ ဓာတုကထာကျမ်း
၄။ ပုဂ္ဂလပညတ်ကျမ်း
၅။ ကထာဝတ္ထုကျမ်း
၆။ ယမိုက်ကျမ်း
၇။ ပဋ္ဌာန်းကျမ်း

အဲဒီ အဘိဓမ္မာ (၇)ကျမ်းတွင် မြတ်စွာဘုရားက ဓမ္မသင်္ဂဏီက စပြီးဟောချီခဲ့တယ်၊ ဓမ္မသင်္ဂဏီမှာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဥဒါဟရုဏ်ပုံစံတွေ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြီးတော့ ဟောသွားတယ်၊ ဘုရားလက်ထက်ကလဲ ဒီအတိုင်းပဲ၊ ပြီးမှ အထက် ပဋ္ဌာန်းသွားတယ်၊ ပဋ္ဌာန်းသဘောတရားဆိုတာလဲ ဓမ္မသင်္ဂဏီက စပြီးတော့ သိလာရတာပဲ။

ဒီကနေ့တော့ (၁) နံပါတ်က စပြီးတော့ အသိလည်းတိုး ကြားနာတဲ့ကုသိုလ်လည်းရ၊ သိပြီးတော့ သွားရအောင် ဘုန်းကြီး ကြိုးစားဟောပေးမယ်၊ ဘာလို့လဲဆိုတော့ သာသနာမှာ ခရီးက သွားရဦးမှာ၊ အခု တစ်နှစ်ပြီးတစ်နှစ် တစ်လပြီးတစ်လ ဖြစ်နေတာလိုပဲ တစ်ဘဝပြီး တစ်ဘဝ သွားပြီးတော့ နေကြရဦးမှာ။ နိဗ္ဗာန်ကျမှ အေးမှာ။

အဲဒီလို တစ်ဘဝပြီးတစ်ဘဝ သွားကြရတဲ့အခါမှာ အလွန်ကြောက်စရာကောင်းတဲ့ အပါယ်ဘုံမှာ ကင်းလွတ်ပြီး လူသူတော်ကောင်း အမျိုးသားသူတော်ကောင်း၊ အမျိုးသမီးသူတော်ကောင်း၊ နတ်သား သူတော်ကောင်း၊ နတ်သမီးသူတော်ကောင်းတွေ ဖြစ်ကြရပြီး ချမ်းချမ်းသာသာ–

(သုဂတဲ သုအာဂတဲ)= သာသနာတော်ကြီးမှာ ကောင်းသောလာခြင်း ကောင်းသောသွားခြင်းဖြင့် သွားနိုင်အောင် ကုသိုလ်တွေရအောင် အားထုတ်ကြိုးစားရပါလိမ့်မယ်။

ဒါနတရားတွေတော့ ဘုန်းကြီးတို့ ဟောဖို့မလိုပါဘူး၊ သိနေကြပါတယ်၊ လှူလဲလှူနေကြတာပဲ၊ တန်းလဲတန်းနေကြတာပဲ၊ သီလလဲ ဆောက်တည်နေကြတာပဲ။

ယနေ့ ပဋ္ဌာန်းဒေသနာတော်နည်းအားဖြင့် ဓမ္မသင်္ဂဏီပါဠိတော်မှာ လာတဲ့သဘောတရားအတိုင်း သိသွားမယ်၊ ဓမ္မသင်္ဂဏီမှာ စိတ္တ၊ စေတသိက ရူပဆိုပြီးတော့ အဖွဲ့တွေ ခြားထားတယ်၊ ရူပကဏ္ဍမှာ “ကတမံ တံ ရူပံ သဒ္ဒါယတနံ”လို့ ဘုရားက ကိုယ်တိုင်မေးတယ်၊ အသံဆိုတာ ဘာလဲလို့ ရဟန်းတွေ ဥပါသကာတွေ ဥပါသကာမတွေကို ဟောတယ်။

ကတမံ တံ ရူပံ သဒ္ဒါယတနံ၊ ယောသဒ္ဒေါ စတုန္နံ မဟာဘူတာနံ ဥပါဒါယ အနိဒဿနော အပ္ပဋိဃော– လို့ မြတ်စွာဘုရားက ဥဒါဟရဏ်ပုံစံ ကိုယ်တော်တိုင်ထုတ်တယ်၊ (၈)မျိုးထုတ်တယ်၊ ဒီ (၈)မျိုးထဲက တစ်ခုကို ပုံစံထုတ်ပြောသွားမယ်၊ အဲဒီလို ပြောသွားတော့ ပြောလဲပြောတယ်၊ နာလဲနာတယ်၊ မေးလဲမေးတယ်၊ ဖြေလဲဖြေတယ်၊ သိလဲ သိသွားမယ်၊ (သု၊ စိ၊ ပု၊ ဘာ) စကားအရ–

၁။ သု၊ သုဏေယျ = တရားလဲနာတယ်၊ အခုနကပြောတဲ့ လင်းနို့သား ၅၀၀–ထက်အဆတစ်ရာမက သာမယ်။

www.burmeseclassic.com

www.burmeseclassic.com



၂။ စိ၊ စိန္တေယျ = ကြံစည်တယ်၊ ဒါကို ကြံစည်ပြီး သိလိုက်တယ်။
၃။ ပု၊ ပုစ္ဆေယျ = မသိတာရှိလဲ ထပ်ပြီးမေးနိုင်တယ်။
၄။ ဘာ၊ ဘာသေယျ = နောက်ကျတော့ ကိုယ့်ဟာကို ပြောပြီးတော့ သိသွားနိုင်တယ်။
ဒီ ၄–မျိုးပဲ ထားလိုက်ပါဦးတော့။

ယနေ့ မြတ်စွာဘုရား ဟောတဲ့အတိုင်း ဘုန်းကြီးဟောမယ်၊ အင်မတန် ကံကြိုက်ခဲ့ပါတယ်၊ နာတာကိုကပဲ အင်မတန် ကျေးဇူးများလှပါပြီ၊ နာတာကိုကပဲ လင်းနို့သား ၅၀၀–ထက် အဆတစ်ရာမက သာတယ်ဆိုတာ ယုံကြည်ပါ။ လင်းနို့သား ၅၀၀–တို့ဟာ အဲဒီတိရစ္ဆာန်ဘ၀ကနေပြီးတော့ တာ၀တိံသာ ရောက်ကြပြီး ဘုရားတစ်ဆူနှင့်တစ်ဆူကြား အပါယ်မလားဘဲ နောက် ဒို့ဘုရားလက်ထက်ကျတော့ သူတို့အားလုံး ရဟန်းတော်တွေ ဖြစ်လာကြပြီး မဂ်အခြေ ဖိုလ်အခြေ ဆိုက်သွားကြတယ်၊ မဂ်ဖိုလ်ရသွားကြတယ်။

အဲဒီတော့ ကြားနာတာနဲ့ကိုပဲ ကျေးဇူးများလှပါပြီ၊ ဒါ သာသနာ၀င် စာသင်ပြီးတော့ သံဂါယနာ ၆–တန်တင်ထားတဲ့ စာတွေပါ၊ အဋ္ဌသာလိနီမှာ ပါပါတယ်။ ဒီ ဆရာတော်တွေ သင်ဖူးကြပါတယ်၊ ဘုန်းကြီးတို့ ယနေ့ ပြောလဲပြောမယ်၊ ကြားလဲ ကြားနာကြပါ၊ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ၊ မေးတာလေးတွေကိုလဲ ဖြေကြပါ။ ဘာလို့လဲဆိုတော့ အပျင်းလဲပြေတာပေါ့၊ ဆောင်ပုဒ်ကလေး လိုက်ဆိုကြ။

**လက်တွေ့ပဋ္ဌာန်း**

| | |
|---|---|
| ၁။ | မသစ်ချင်သစ်၊ သစ်ချင်သစ်၊ |
| | သစ်ကြ မျက်နှာရေ၊ |
| ၂။ | မျက်စိ နား နှာ၊ သွားနှင့် လျှာ၊ |
| | အာမှာ ချေးညှော်တွေ၊ |

(ဆောင်ပုဒ်ကဗျာ)

စဉ်းစားကြည့်ပါ၊ မနက်လင်းလာလျှင် မျက်နှာကို မသစ်ချင်လဲ သစ်ရတယ်၊ သစ်ချင်လဲ သစ်ရတယ်၊ ဘာကြောင့် မျက်နှာသစ်နေကြရသလဲ၊ သေသေချာချာ စဉ်းစားကြည့်စမ်းပါ၊ ကလေးအရွယ်တုန်းကတော့ အဖေ အမေ အမ အကိုတွေကသစ်ပေးရတယ်၊ ကိုယ်အရွယ်ရောက်လာတော့ ကိုယ့်ဟာကို သစ်ကြရတယ်၊ အင်မတန်အေးတဲ့ ရာသီမှာလဲ မျက်နှာကို မသစ်ချင်ပေမဲ့ သစ်ရတာပဲ သစ်ချင်လဲ

www.burmeseclassic.com

www.burmeseclassic.com



သစ်ရမှာပဲ၊ ဆပ်ပြာနဲ့ သွားတိုက်တံနဲ့ ဆိုပြန်တော့လဲ သစ်ရတာပဲ၊ ဘာလို့လဲဆိုတော့ ဆောင်ပုဒ်ကဗျာအတိုင်း သဘောပေါက်နေကြလို့ပါပဲ။

တရားကို ကိုယ်တိုင်လိုက်စားတယ်ဆိုတာ ဒါပါပဲ၊ မနက်လင်းလာတဲ့အခါ မျက်စိထဲမှာ နားထဲမှာ နှာခေါင်းထဲမှာ သွားထဲမှာ လျှာထဲမှာ အာထဲမှာ မျက်စိ နား နှာ သွားလျှာ အာထဲမှာ ချေးညှော်တွေ ပေါ်မလာဘူးလား။

ခြေ။ ။ ပေါ်ပါတယ်ဘုရား။

မေး။ ။ ဘယ်ရန်သူက လာထည့်သလဲ။

ခြေ။ ။ ဘယ်ရန်သူကမှ မထည့်ပါဘုရား။

မေး။ ။ ဒီချေးညှော်တွေကို ဘာက နိုင်သလဲ။

ခြေ။ ။ ရေက နိုင်ပါတယ်ဘုရား။

မေး။ ။ ရေက နိုင်တဲ့အတွက် နတ်တော်ပြာသိုမှာ အေးလှတယ်ဆိုပြီး မသစ်ချင်လဲ သစ်နေကြရတာပဲ၊ သွားတိုက်ဘူးနဲ့ ဘာနဲ့တိုက်လဲ ပိုပြောင်တာပေါ့၊ ဒီတော့ ချေးညှော် နိုင်တဲ့ဓာတ် မရှိဘူးလား။

ခြေ။ ။ ရှိပါတယ်ဘုရား။

(ဆောင်ပုဒ်ဆက်ဆို)

၁။ မသစ်ချင်သစ်၊ သစ်ချင်သစ်၊
သစ်ကြ မျက်နှာရေ။

၂။ မျက်စိ နား နှာ၊ သွားနှင့် လျှာ၊
အာမှာ ချေးညှော်တွေ။

မေး။ ။ ဒီချေးညှော်တွေ ဘယ်ရန်သူကမှ ထည့်တာမဟုတ်ဘူး၊ မျက်စိထဲမှာ နားထဲမှာ စိန်ရတနာ မြရတနာ ငွေရတနာတွေ ထွက်လာသလား၊ ချေးညှော်တွေ ထွက်လာသလား။

ခြေ။ ။ ချေးညှော်တွေ ထွက်လာပါတယ်ဘုရား။

မေး။ ။ သဘာဝတွေနော်၊ အဲဒီတော့ ချေးညှော်တွေ အနိုင်ဓာတ်မရှိဘူးလား။

ခြေ။ ။ ရှိပါတယ်ဘုရား။

မေး။ ။ ရေက မနိုင်လား။

ခြေ။ ။ နိုင်ပါတယ်ဘုရား။

မေး။ ။ နိုင်လို့ နေ့စဉ်နှင့်အမျှ မျက်နှာသစ်နေကြရတယ်၊ ကဲ ဆောင်ပုဒ်တစ်မျိုး ဆိုလိုက်ကြစမ်း။

www.burmeseclassic.com

www.burmeseclassic.com



၁။ မစားချင်စား၊ စားချင်စား၊
ဆေးဝါးခတ်စာတွေ၊
၂။ ကိုးဆယ့်ခြောက်ဖြာ၊ ဘေးရောဂါ၊
ကိုယ်မှာ ရှိခြေနေ၊

ဆေးခါးကြီးများလည်း မစားချင်ဘဲနဲ့ စားရတယ်၊ ဒီပြင်ဟာ မပြောနဲ့ ကိုယ်မကျန်းမမာဖြစ်နေတယ်ဆိုရင် (အဲဒီမယ် ဒေါက်တာတွေလဲ ပါပါတယ်) ဆေးထိုးရမယ်၊ ဆေးထိုးအပ်ကြီးနဲ့ အထိုးခံချင်သလား။

ဖြေ။ ။ မခံချင်ပါဘုရား

မေး။ ။ မခံချင်ဘဲနဲ့ ဘယ်နဲ့ကြောင့် ထိုးနေသလဲ သူက ဘာနိုင်သလဲ။

ဖြေ။ ။ ရောဂါကို နိုင်ပါတယ်ဘုရား။

မေး။ ။ ဟော– သိလာပြီး ဆေးဘယ်လောက်ခါးခါး စားရတာပဲ ဟုတ်ကဲ့လား။

ဖြေ။ ။ ဟုတ်ပါတယ်ဘုရား။

မေး။ ။ အေး ဒီအပ်နဲ့ ဆေးထိုးရတယ်၊ ရောဂါတွေကတော့ ဆေးက နိုင်တယ်၊ ဆေးချိုချိုကလေးကိုလဲ စားချင်စားရမှာပဲ၊ ဆေးခါးကြီးတွေ စားမှ ပျောက်မယ်ဆိုလဲ စားရမှာပဲ၊ ကဗျာ ထပ်ဆိုလိုက်စမ်း။

၁။ မစားချင်စား၊ စားချင်စား၊
ဆေးဝါးခတ်စာတွေ၊
၂။ ကိုးဆယ့်ခြောက်ဖြာ၊ ဘေးရောဂါ၊
ကိုယ်မှာ ရှိခြေနေ၊

မေး။ ။ ဖျားတယ် နာတယ် ခေါင်းကိုက်တယ် စသည်ဖြင့် ရောဂါတွေဖြစ်လာတော့ ဒီရောဂါတွေ ဘယ်ရန်သူက လာပြီးတော့ ထည့်တာလဲ။

ဖြေ။ ။ ဘယ်ရန်သူကမှ မထည့်ပါဘူး။

မေး။ ။ သဘာဝနော် ခန္ဓာကိုယ်ကြီးက ဖြစ်လာတာ၊ ဒီရောဂါတွေ ဘယ်သူက နိုင်သလဲ။

ဖြေ။ ။ ဆေးဝါးက နိုင်ပါတယ်ဘုရား။

မေး။ ။ ဘယ်ဆေးက ဘာနိုင်တယ်ဆိုတာ ဒေါက်တာတွေက သိတယ်၊ အပ်ကြီးနဲ့ မထိုးရဘူးလား။

ဖြေ။ ။ ထိုးရပါတယ်ဘုရား။

မေး။ ။ အပ်ကြီးနဲ့ ကိုယ့်လက်မောင်းကို ဆေးအထိုးခံချင်ရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ။ မခံချင်ပါဘူးဘုရား။

မေး။ ။ ခံချင်သည်ဖြစ်စေ၊ မခံချင်သည်ဖြစ်စေ၊ ရောဂါရှိလာတော့ ဆေးထိုးရမှာပဲ၊ ဆေးထိုးတော့ ရောဂါမပျောက်လား။

ဖြေ။ ။ ပျောက်ပါတယ် ဘုရား။

ဆရာတော် – အနိုင်ဓာတ်ရှိတယ်၊ မျက်စိ နား နှာ မှာရှိတဲ့ ချေးညှော်တွေကို ရေက နိုင်တယ်၊ ခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာတဲ့ ရောဂါတွေကို ဆေးက နိုင်တယ်၊ သဘာဝ ဘူပြီ၊ အနိုင်ဓာတ်တွေ ရှိတယ်၊ ကဲ ဆောင်ပုဒ်ကဗျာ ဆိုလိုက်ကြစမ်း–

**ဆောင်ပုဒ်ကဗျာ**

၁။ မပြုချင်ပြု၊ ပြုချင်ပြု
ကောင်းမှုကုသိုလ်တွေ၊
၂။ ကိုယ်တွင်းရောဂါ၊ ကိလေသာ
ကိုယ်မှာ ရှိခြဲနေ။

ဘုရားကို ထရှိခိုးလိုက်ရတယ်၊ ပျင်းပေမဲ့ ထရှိခိုးလိုက်ရတယ်၊ ငါးပါးသီလ ဖြစ်စေ ယူလိုက်ရတယ်၊ ပျင်းပေမယ့် ထယူလိုက်၊ အလေ့အကျင့် ပြုပါများတော့ ကုသိုလ်တွေ ဆက်လက်လုပ်ချင်လာတယ်၊ ကနေ့ ဥပုသ်မစောင့်ချင်ပေမဲ့ ထစောင့် လိုက်ရတယ်၊ ဘာလို့လဲ ကုသိုလ်တွေက နိုင်တယ်၊ အကုသိုလ်တွေကို ကုသိုလ်က အနိုင်ဆုံးပဲ၊ ဝမ်းမြောက်ဝမ်းသာနဲ့ ပြုရတယ်၊ မပြုချင်လဲပြု၊ ပြုချင်လဲပြုရမယ်။

သရဏဂုံသုံးပါးနှင့်တကွ အနဉ္စော အနန္တငါးပါးရှိခိုးတဲ့ ကုသိုလ်တွေ ငါးပါး သီလဆောက်တည်တဲ့ ကုသိုလ်တွေဟာ အပါယ်လေးပါးကျစေတတ်တဲ့ အကုသိုလ် တွေကို အလွန်နိုင်တယ်၊ မျက်စိ နား နှာမှာရှိတဲ့ ချေးညှော်တွေကို ရေက နိုင်တယ်၊ ခန္ဓာ-ဖြာရောဂါတွေကို ဆေးက နိုင်သလိုပဲ၊ ဒီထက် အဆတစ်ရာမကသာအောင် အကုသိုလ်တွေကို ကုသိုလ်ကနိုင်တယ်၊ ကုသိုလ်ဆိုတာ–

၁။ ကုသလာ အနဝဇ္ဇ သုခ ဝိပါက လက္ခဏာ၊ အပြစ်မရှိ ကောင်းကျိုးကို ပေးခြင်းလက္ခဏာ ရှိတယ်။

၂။ အကုသလဝိဒ္ဓံသနရသာ၊ အကုသိုလ်တွေကို ကုသိုလ်က ဖျက်စီးနိုင်တယ်။

ဥပမာ။ ။ မျက်စိ နား နှာမှာရှိတဲ့ ချေးညှော်တွေကို ရေကနိုင်သလို၊ ခန္ဓာကိုယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကပ်ရောက်တဲ့ ၉၆–ဖြာ ရောဂါတွေကို ဆေးကနိုင်သလို အဲဒီထက် အဆတစ်ရာမက သာအောင် အကုသိုလ်တွေကို ကုသိုလ်က နိုင်လို့ မပြုချင်လဲပြုရတယ်၊ ပြုချင်လဲ ပြုရမယ်၊ အံရှင်ဘုရား မပြုချင်ဘဲနဲ့ ရပါမလားလို့ မေးရင် ဆေးအထိုးမခံချင်ဘဲနဲ့ ထိုးတော့ ရောဂါမပျောက်လား။

ဖြေ။ ။ ပျောက်ပါတယ် ဘုရား။

မေး။ ။ မျက်နှာ မသစ်ချင်ဘဲနဲ့ သစ်တော့ ချေးညှော်တွေ မပြောင်ဘူးလား။

ဖြေ။ ။ ပြောင်ပါတယ် ဘုရား။

ဆရာတော် – ထို့အတူပဲ ကုသိုလ်တွေ ပြုစရှိတော့ ပြုချင်လာတယ်၊ ဒါကြောင့် ကုသိုလ်တွေ ပြုပေးရမယ်၊ ဒါန သီလနဲ့ ပတ်သက်တဲ့ ကုသိုလ်တွေကိုတော့ ဘုန်းကြီး က ပြောချင်တယ်၊ ဘာလို့လဲ၊ ဒီ ကုသိုလ်က အကုသိုလ်ကို နိုင်တယ်၊ ဒါ သဘာဝ ကျပြီး လိုက်ဆိုကြ။

**ဆောင်ပုဒ်ကဗျာများ**

၁၊ မသစ်ချင်သစ်၊ သစ်ချင်သစ်၊
သစ်ကြ မျက်နှာရေ၊

၂၊ မျက်စိ နား နှာ၊ သွားနှင့် လျှာ၊
အာမှာ ချေးညှော်တွေ၊

၃၊ မစားချင်စား၊ စားချင်စား၊
ဆေးဝါးခါတ်စာတွေ၊

၄၊ ကိုးဆယ့်ခြောက်ဖြာ၊ ဘေးရောဂါ၊
ကိုယ်မှာ ရှိခြဲနေ၊

၅၊ မပြုချင်ပြု၊ ပြုချင်ပြု
ကောင်းမှုကုသိုလ်တွေ၊

၆၊ ကိုယ်တွင်းရောဂါ၊ ကိလေသာ
ကိုယ်မှာ ရှိခြဲနေ၊

ဘာကြောင့် ဆေးတွေ စားရသလဲ၊ ရောဂါနိုင်ချင်လို့ စားရတယ်၊ မစားချင်လဲ စားရတယ်၊ စားချင်လဲ စားရတယ်၊ ရတနာသုံးပါး ရှစ်ခိုးကြစို့၊ ငါးပါးသီလ ယူကြစို့ ထပြီး လုပ်လိုက်ရတာပဲ၊ တမင်သက်သက် ရှစ်ခိုးချင်လို့ဆိုတာတော့ ပြောဖို့မလိုပါဘူး၊ ရပ်ထုံးစံ ကုသိုလ်အလေ့အထဆိုတာမျိုးလဲ လုပ်ပေးရမယ်၊ ကုသိုလ်တွေက အကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ကို အင်မတန် နိုင်တယ်၊ ဘယ်အကုသိုလ်ကိုလဲ၊ အပါယ်လေးပါးကို ကျစေတတ်တဲ့ ပထမဦးစွာ အကုသိုလ်ကို နိုင်တယ်၊ ပါဠိတော်တွေ ရှိတယ်၊ အများကြီးပဲ ထားပါတော့၊ ဒါလဲ သာရေး နာရေး ရှိတိုင်း ကဲ.. လာကြ လာကြ၊ ကန်တော့ကြရအောင် ရတနာ သုံးပါး ဂါဝရပြုကြရအောင် ငါးပါးသီလယူ သရဏဂုံ ဆောက်တည်ကြ လုပ်နေပြီး အပါယ်လေးပါးကျစေတဲ့ အကုသိုလ်ကို နိုင်ပြီ၊ နောက် နိဗ္ဗာန်ကျတော့ အဆင့်ဆင့် နိုင်သွားတာပဲ၊ ဆောင်ပုဒ်ဆိုကြည့်စမ်း။

၁။ မပြချင်ပြ၊ ပြချင်ပြ
ကောင်းမှုကုသိုလ်တွေ၊
၂။ ကိုယ်တွင်းရောဂါ၊ ကိလေသာ
ကိုယ်မှာ ရှိ၍နေ၊

**အသံပဋ္ဌာန်း**

တစ်ကိုယ်လုံးမှာ လောဘ ဒေါသ မောဟဆိုတဲ့ အပူအလောင်ကြီးတွေ ရှိနေတော့ ကုသိုလ်က ဒီအပူတွေကို နိုင်တယ်၊ ကုသိုလ်တွေထဲမှာ ပဋ္ဌာန်းနဲ့ပတ်သက် ပြီးတော့ ရတဲ့ကုသိုလ်မျိုးကို ယနေ့ပြောမယ်၊ မြတ်စွာဘုရားက ဓမ္မသင်္ဂဏီကို စပြီး ဟောတယ်၊ သေချာဂရုစိုက်ကြ၊ "ကတမံ တံ သဒ္ဒါယတနံ = အသံဆိုတာ ဘာလဲ" လို့ မြတ်စွာဘုရားက ရဟန်းတွေကို မေးတယ်။

ယော သဒ္ဒေါ စတုန္နံ မဟာဘူတာနံ ဥပါဒါယ = မြတ်စွာဘုရားက ကိုယ့်ဟာ ကို ဖြေတယ်၊ အသံဆိုတာ မြေ,ရေ,လေ,မီး ဓာတ်ကြီးလေးပါးကို စွဲ၍ ဓာတ်ကြီး လေးပါးနှင့်တကွ ဖြစ်ပေါ်လာတယ်၊ မြေ,ရေ,လေ,မီး ဓာတ်ကြီးလေးပါးဆိုတာ ပဋ္ဌာန်းမှာ တွေ့ရလိမ့်မယ်။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ ပစ္စယော၊ နိဿယ ပစ္စယော၊ အတ္ထိပစ္စယော၊ အဝိဂတ ပစ္စယော။
အသည်ဖြင့် ပဋ္ဌာန်းရွတ်ကြလိမ့်မယ်၊ ဒီတော့ ဓမ္မသင်္ဂဏီက စတာ။

အနိဒဿနော– အသံကို ပကတိမျက်စိနဲ့ မမြင်နိုင်ဘူး၊ သို့ပေမယ့် (သပ္ပဋိဃ) ချက်ခနဲ့ ခန္ဓာကိုယ်မယ် တစ်နေရာသွားပြီးတော့ ထိခိုက်တဲ့ သတ္တိရှိတယ်၊ အဲဒါ ဥပမာ ပြောပါဆိုတော့ ဘေရီသဒ္ဒေါ, မုဒိင်္ဂသဒ္ဒေါ, ပဏဝသဒ္ဒေါ ၄–မျိုး၊ ဂီတသဒ္ဒေါ, မနုဿ သဒ္ဒေါ, ဓါတုနံသဒ္ဒေါ အစရှိသဖြင့် ၁၂–မျိုးထဲက တစ်မျိုးပဲ ပြောနိုင်မယ်၊ တစ်မျိုး သီးသွားရင်လဲ ကိုယ်တိုင်ကို ပုံစံ ဥဒါဟရဏ်တွေ ထုတ်ပြနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

(၃၈)

ဘေရီသဒ္ဒေါ်ဆိုတာ စည်တီးလိုက်တယ်၊ စည်တီးပြီး ဆွမ်းတော်ကြီးအသင်းတွေ လာပြီ၊ ကုသိုလ်ပြုကြရအောင်၊ ပရိတ်ရွတ်ဖို့ အစီအစဉ်အထိမ်းအမှတ် စည်သံကြားတယ်၊ ဒါတော့ သိတယ်၊ စည်သံဆိုတဲ့သဘောကို မြတ်စွာဘုရားက ပဋ္ဌာန်းဒေသနာတော် ဖြစ်ပုံစနစ်တကျ ဟောထားတယ်၊ ပဋ္ဌာန်း ဆက်သွယ်နေပုံ ဖြစ်ပျက်နေတာကို သိရင် အသံကြားတိုင်း ကုသိုလ်ရတယ်နော်၊ လက်တွေ့ပြမယ်၊ ဖန်ခွက်ယူခဲ့၊ စည်ကြီးသဘောနဲ့ ဂရုတစိုက်နားထောင်၊ ဖြေကြည့်ပါ။

မေး။ ။ ဒါ ဘာလဲ။

ဖြေ။ ။ ဖန်ခွက်ပါဘုရား။

မေး။ ။ ပရမတ္ထတရား လေးပါးရှိတယ်၊ လိုက်ဆို၊ စိတ်ပရမတ်, စေတသိက်ပရမတ်, ရုပ်ပရမတ်, နိဗ္ဗာန်ပရမတ်, ပရမတ္ထတရား ဘယ်နှစ်ပါးရှိသလဲ။

ဖြေ။ ။ လေးပါးရှိပါတယ်ဘုရား။

မေး။ ။ ဒီလေးပါး မဟုတ်ရင်၊ ပညတ်ချည်းပဲ၊ ပညတ်ဆိုတာ နာမည်ပဲ (ဆရာတော်က ဖန်ခွက်ကို မြှောက်ကိုင်၍မေးသည်) ဒါ ဘာလဲ။

ဖြေ။ ။ ဖန်ခွက်ပါဘုရား။

မေး။ ။ ဖန်ခွက်ဆိုတဲ့အမည်က စိတ် ဟုတ်ကဲ့လား။

ဖြေ။ ။ မဟုတ်ပါဘူး။

မေး။ ။ စေတသိက် ဟုတ်ကဲ့လား။

ဖြေ။ ။ မဟုတ်ပါဘုရား။

မေး။ ။ ရုပ်ဟုတ်ကဲ့လား။

ဖြေ။ ။ မဟုတ်ပါဘုရား။

မေး။ ။ နိဗ္ဗာန် ဟုတ်ကဲ့လား။

ဖြေ။ ။ မဟုတ်ပါ ဘုရား။

ဆရာတော် – ဖန်ခွက်ဆိုတဲ့ အမည်ဟာ ဘယ်ရုပ်ဟုတ်ပါ့မလဲ၊ ပညတ်ကို စွဲခေါ်ထားတာ၊ ဖန်ခွက်ဆိုတာ စိတ်လဲမဟုတ်ဘူး၊ စေတသိက်လဲ မဟုတ်ဘူး၊ ရုပ်လဲ မဟုတ်ဘူး၊ နိဗ္ဗာန်လဲ မဟုတ်ဘူး၊ ပညတ်ပဲ၊ ဘယ်လိုနာမည်နဲ့ ခေါ်တာလဲ၊ ဖန်ခွက်ဆိုတဲ့ နာမည်နဲ့ခေါ်တာ၊ ဗမာက ဖန်ခွက်တဲ့၊ အခြား ဘာသာအမျိုးမျိုးနဲ့ ခေါ်ကြတာပဲ ပညတ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

# (၃၉)

## လက်တွေ့ပဋ္ဌာန်း

သူတို့က အတိုက်ဓာတ် အခံဓာတ်ရှိတယ်၊ ဟိုက ဘုရားဟောအတိုင်း ပြောမှာ၊ နောက်တော့ ဒီဆရာတော်တွေရွတ်တဲ့ ပါဠိတော်တွေထဲမှာ ပါလာမှာပဲ၊ ဒီ ပါဠိတော်တွေ ရွတ်နေရင် အချိန်ကြာမှာစိုးလို့ မပြောတော့ဘူး၊ (ဆရာတော်က ဖန်ခွက်ကို အသံထွက်အောင် ဒုတ်နဲ့ ခေါက်ပြီး လက်တွေ့ မေးဖြေပြုလုပ် ဟောပြောသွားသည်။)

မေး။ ။ ဒါဘာလဲ။

ဖြေ။ ။ ဖန်ခွက်ပါဘုရား။

မေး။ ။ ဒါရော။

ဖြေ။ ။ ဖန်ခွက်ပါဘုရား။

လိုက်ဆိုကြ–

အများ ပြော အမှန် သမုတိသစ္စာ
အများ ပြော အမှန် သမုတိသစ္စာ

အများပြောတာ မှန်တယ်၊ ဖန်ခွက်ပဲ၊ ဒီဖန်ခွက်နဲ့ ရေကပ်လဲ ကုသိုလ်ရပါတယ်၊ ဖန်ခွက်တစ်ခု ဒီမှာထား၊ ဖန်ခွက်တစ်ခု ဟိုမှာထား၊ ပူးမထားနဲ့၊ ၂–ခုဆိုရင် ထိခိုက်လိမ့်မယ်၊ အတိုက်ဓာတ်၊ အခံဓာတ်တွေ၊ ပယောဂ ပါရင် အပွင့်ဓာတ်ထွက်လာမယ်။ (ဆရာတော်က ဆေးလိပ်ခွက်နှင့် ထွေးခံကို တုတ်နှင့် ခေါက်၍ လက်တွေ့ ဟောပြောသွားသည်။)

မေး။ ။ ဒါဘာလဲ။

ဖြေ။ ။ ထွေးခံပါဘုရား။

မေး။ ။ ဒါရောဘာလဲ။

ဖြေ။ ။ ဆေးလိပ်ခွက်ပါဘုရား။

မေး။ ။ ဒီနှစ်ခု ပရမတ္ထတရား ဟုတ်သလား။

ဖြေ။ ။ မဟုတ်ပါဘုရား။

မေး။ ။ မဟုတ်ရင် ဘာလဲ။

ဖြေ။ ။ ဆေးလိပ်ခွက်နှင့်ထွေးခံပါဘုရား။

မေး။ ။ ဆေးလိပ်ခွက်နဲ့ထွေးခံဆိုတာ ပညတ်ပဲ၊ ပညတ်ဆိုတာ နာမည်ပဲ၊ ဟောကြည့် (ထွေးခံကို တုတ်နဲ့ခေါက်ပြ) ဘာထွက်လာသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ။ အသံထွက်လာပါတယ်ဘုရား။

မေး။ ။ အဘိဓမ္မာသဘောတရားတွေနော်။ (တုတ်နဲ့ခေါက်ပြ၊ အသံမြည်။) ဘာထွက်လာသလဲ။

ဖြေ။ ။ အသံထွက်လာပါတယ်ဘုရား။

မေး။ ။ ထွေးခံကိုအကြောင်းပြုရင် ထွေးခံသံထွက်လာတယ်၊ ဆေးလိပ်ခွက်ကို အကြောင်းပြုရင် ဆေးလိပ်ခွက်အသံထွက်လာတယ်။ (ထပ်ခေါက်ပြ) ဘာသံထွက် လာသလဲ။

ဖြေ။ ။ ထွေးခံသံပါဘုရား။

မေး။ ။ ထွေးခံရယ်၊ အသံရယ် နှစ်မျိုးနှစ်စားရှိတယ်။

ဖြေ။ ။ ထွေးခံရယ်၊ အသံရယ် နှစ်မျိုးနှစ်စားရှိတယ်။

မေး။ ။ အသံရယ်၊ ထွေးခံရယ်၊ နှစ်မျိုးနှစ်စားရှိတယ်။

ဖြေ။ ။ အသံရယ်၊ ထွေးခံရယ်၊ နှစ်မျိုးနှစ်စားရှိတယ်။

မေး။ ။ ထွေးခံနှင့်အသံဟာ တစ်ခုတည်းလား၊ တခြားစီလား။

ဖြေ။ ။ တခြားစီပါဘုရား။

မေး။ ။ ဘယ်လိုတခြားစီလဲ။

ဖြေ။ ။ ထွေးခံကတခြား၊ အသံကတခြားပါဘုရား။

ဆရာတော် - ထွေးခံတည်းဟူသောအကြောင်း၊ ခွက်တည်းဟူသောအကြောင်း၊ အခံဓာတ်အကြောင်းနှင့် အတိုက်ဓာတ်အကြောင်း နှစ်ခုတိုက်မှ အပွင့်ဓာတ်အကျိုးပေါ်လာတယ်၊ (ထွေးခံနှင့်ဆေးလိပ်ခွက်နှစ်ခုကို ခေါက်ပြသည်။) ထွေးခံနှင့်ဆေးလိပ်ခွက်တို့က ပညတ်၊ စိတ်လည်းမဟုတ်ဘူး၊ စေတသိက်လည်းမဟုတ်ဘူး၊ ရုပ်လည်း မဟုတ်ဘူး၊ နိဗ္ဗာန်လည်းမဟုတ်ဘူး။

အသံဆိုတဲ့အပွင့်ဓာတ်က စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်လေးမျိုးတွင် ရုပ်ပရမတ်ဖြစ်တယ်။ ဒီတော့ အသံဆိုတာ ပရမတ္ထဖြစ်သွားပြီ၊ အကြောင်းကြောင့်ဖြစ်သောအကျိုး သခ်တဓာတ်မှန်လျှင် ခပ်မြန်မြန်ပျက်ရတယ်၊ (ထွေးခံနှင့်ဆေးလိပ်ခွက်မြှောက်ပြ)

ဆေးလိပ်ခွက် (သူက အတိုက်ဓာတ်)

ထွေးခံ (သူက အခံဓာတ်)

ဒီဓာတ်နှစ်ခုက ပရမတ်မဟုတ်ဘူးနော်၊ စိတ်လည်းမဟုတ်ဘူး၊ စေတသိက်လည်းမဟုတ်ဘူး၊ ရုပ်လည်းမဟုတ်ဘူး၊ နိဗ္ဗာန်လည်းမဟုတ်ဘူးနော်၊ ပဲ့ပြီ ပညတ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုတိုက်မယ်၊ ပရမတ်ထွက်မလာဘူးလား၊ (ထွက်လာပါတယ်ဘုရား။)

မေး။ ။ ဒီအသံဟာ ဘုန်းကြီးက ဖြစ်စေ၊ လူက ဖြစ်စေ၊ တစ်စုံတစ်ယောက်က ဖြစ်စေ၊ ထွက်စေဆိုလို့ ထွက်လာတာလား။

ဖြေ။ ။ အကြောင်းရှိလို့ ထွက်လာတာပါဘုရား။

မေး။ ။ ဘယ်အကြောင်းလည်း။

ဖြေ။ ။ ထွေးခံတည်းဟူသောအကြောင်း။ ဆေးလိပ်ခွက်တည်းဟူသော အကြောင်း ပါဘုရား။

ဆရာတော် – ဟုတ်ပြီ၊ အားလုံးလိုက်ဆိုကြ။

"အကြောင်းကြောင့်ဖြစ်သောအကျိုး၊ သင်္ခတခေတ် ပရမတ်မှန်လျှင် ခပ်မှန်မှန် ဖြစ်၍ပြုလိမ့်မယ်၊ ပျက်၍လည်းပြုလိမ့်မယ်၊ ဖြစ်ပျက်၍လည်းပြုလိမ့်မယ်။"

မေး။ ။ ထွေးခံကြီးရှိသေးလား။

ဖြေ။ ။ ရှိပါသေးတယ်ဘုရား။

မေး။ ။ ဆေးလိပ်ခွက်ကော ရှိသေးလား။

ဖြေ။ ။ ရှိပါသေးတယ်ဘုရား။

မေး။ ။ အကြောင်းနှစ်ခုတိုက်လို့ ဖြစ်ပေါ်လာတဲ့ အကျိုးအသံကော ရှိသေးသလား။

ဖြေ။ ။ မရှိတော့ပါဘုရား။

မေး။ ။ ပရမတ်သဘောနော်။ အခုဖြစ်ပျက်နေတဲ့ သဘာဝကိုပြောစမ်း။ ထွေးခံကြီးဖြစ်ပျက်သွားသလား၊ အသံဖြစ်ပျက်သွားသလား။

ဖြေ။ ။ အသံဖြစ်ပျက်သွားပါတယ်ဘုရား။

မေး။ ။ မြင်ပြီလား။

ဖြေ။ ။ မြင်ပါပြီဘုရား။

မေး။ ။ ပကတိမျက်စိနဲ့မြင်သလား။ ဉာဏ်မျက်စိနဲ့မြင်သလား။

ဖြေ။ ။ ဉာဏ်မျက်စိနဲ့မြင်တာပါဘုရား။

မေး။ ။ ဉာဏ်ဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား။

ဖြေ။ ။ ကုသိုလ်ပါဘုရား။

မေး။ ။ ကုသိုလ်ဆိုတာ ကောင်းကျိုးပေးတာလား၊ မကောင်းကျိုးပေးတာလား။

ဖြေ။ ။ ကောင်းကျိုးပေးမှာပါဘုရား။

(ဆရာတော်က ထွေးခံကိုခေါက်ပြပြီး လက်တွေ့ရှင်းလင်းသွားသည်)

www.burmeseclassic.com

www.burmeseclassic.com



မေး။ ။ အဲဒီလို ခေါက်ပြောတော့ ဘာသံလည်းမေးရင် ထွေးခံသံလို့ဖြေကြမယ် ထွေးခံနဲ့အသံ မကွဲပြားဘူး။ ပိုင်ရှင်ဖြစ်သူတွေက ထွေးခံကြီးပျက်သွားပါ မယ်လို့ ပြောဆိုလေ့ရှိကြတယ်။ ထွေးခံနဲ့အသံ မကွဲမပြားဖြစ်နေတယ် အဲဒီမကွဲပြားခြင်းဆိုတဲ့ရောဂါတွေရှိနေတယ်။ ဒီရောဂါတွေကို အခုကုလို့ ရတယ်၊ ဒါဘာသံလဲဆိုရင် ထွေးခံသံတဲ့၊ ထွေးခံနဲ့အသံ ဗလုံးဗထွေး ဖြစ်နေတယ်၊ အခု ထွေးခံတခြား အသံတခြား တစ်ခုစီ မနေလား။

ဖြေ။ ။ နေပါတယ်ဘုရား။

မေး။ ။ ထွေးခံက မြဲလား၊ အသံက မြဲလား။

ဖြေ။ ။ ထွေးခံက မြဲပြီး အသံက မမြဲပါဘုရား။

မေး။ ။ ထွေးခံရဲ့သက်တမ်းနဲ့ အသံရဲ့သက်တမ်း တူသလား။ မတူဘူးလား။

ဖြေ။ ။ မတူပါဘုရား။

ဆရာတော် – အားလုံးလိုက်ဆိုကြ။

‘‘အသံသက်တမ်း၊ ထွေးခံသက်တမ်း
ခွဲခြမ်း၍သိ၊ သမ္မာဒိဋ္ဌိ’’

မေး။ ။ ထွေးခံနဲ့အသံ တစ်ခုတည်းလား၊ တခြားစီလား။

ဖြေ။ ။ တခြားစီပါဘုရား။

မေး။ ။ ထွေးခံအသက်က တစ်ရက် နှစ်ရက် တစ်လ နှစ်လ စသည်ဖြင့် သူ့သဘော အတိုင်းရှည်နိုင်တယ်၊ ခိုင်လည်းခိုင်တယ်။ ဒါပေမဲ့ သက်ရှိမဟုတ်လို့ မေတ္တာတော့မပို့ရဘူး။ အသံက ခုဖြစ်ခုပျက်တယ်၊ သက်တမ်းခြင်းတူလား။

ဖြေ။ ။ မတူပါဘုရား။

မေး။ ။ ထွေးခံနဲ့အသံ တစ်ခုတည်းလား၊ တခြားစီလား။

ဖြေ။ ။ တခြားစီပါဘုရား။

မေး။ ။ ပညတ်နဲ့ အသံပရမတ် တခြားစီလား။

ဖြေ။ ။ ပညတ်နဲ့ အသံပရမတ် တခြားစီပါဘုရား။

မေး။ ။ မခြားဘူးလား။

ဖြေ။ ။ ခြားပါတယ်ဘုရား။

မေး။ ။ မမြင်လား။

ဖြေ။ ။ မြင်ပါတယ်ဘုရား။

မေး။ ။ ဒါကြောင့် ဓမ္မစကြာမှာ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလော

www.burmeseclassic.com

www.burmeseclassic.com



ကောဥဒပါဒိလို့ ဘုရားဟောထားတာ၊ ထွေးခံနဲ့အသံ တစ်ခုတည်းလား၊ တခြားစီလား။

ဖြေ။ ။ တခြားစီပါဘုရား။

မေး။ ။ ပညတ် ပရမတ်အကြောင်းကြောင့် အကျိုးပေါ်လာတယ်၊ အဲဒီတော့ ထွေးခံဆိုတဲ့ပညတ်ကြီးပျက်သွားသလား၊ အသံပျက်သွားသလား။

ဖြေ။ ။ အသံပျက်သွားပါတယ်ဘုရား။

မေး။ ။ အသံပျက်သွားတာကို ပကတိမျက်စိနဲ့မြင်ရသလား။

ဖြေ။ ။ မမြင်ရပါဘုရား။

မေး။ ။ ဘာနဲ့မြင်တုန်း။

ဖြေ။ ။ ဉာဏ်နဲ့မြင်ပါတယ်ဘုရား။

ဆရာတော် – စက္ခုဥဒပါဒိ= မျက်စိပွင့်သွားတယ်။

ဉာဏံဥဒပါဒိ= အသိဉာဏ်ပေါ်လာတယ်။

အဲဒီဉာဏ်ဟာ အင်မတန်ကောင်းကျိုးပေးတယ်၊ ထွေးခံနဲ့အသံ တစ်ခုတည်းထင်နေတဲ့ အတ္တဒိဋ္ဌိကိုလည်း သူက ပယ်တယ်၊ ထွေးခံနဲ့အသံ တစ်ခုတည်းထင်နေတာ။ တကယ်တမ်း စစ်တမ်းထုတ်လိုက်တော့ တစ်ခုတည်းဟုတ်ရဲ့လား။ (မဟုတ်ပါဘုရား) ဉာဏ်မျက်စိ ပွင့်မသွားဘူးလား၊ (ပွင့်သွားပါတယ်ဘုရား)။ ဘုရားပွင့်ခင်က ဒီစကားမျိုးမကြားရဘူး။

| | |
|---|---|
| ပုဗ္ဗေ | = ဘုရားမပွင့်မီ ရှေးအခါကာလက။ |
| အနနုဿုတေသု | = ကြားမှ မကြားဘူးကုန်သော။ |
| ဓမ္မေသု | = ဓမ္မသဘာဝတို့၌။ |
| စက္ခုံ | = မျက်မှောက်ထင်ထင် မြင်သကဲ့သို့ဖြစ်သော၊ သောတာပတ္တိမဂ်၌ရှိသော ဉာဏ်မျက်စိရှိသည်။ |
| ဥဒပါဒိ | = ထင်ထင်ရှားရှား ဖြစ်ပွားပေါ်ပေါက်လာလေပြီ။ |
| ဉာဏံ | = ပိုင်ပိုင်မိမိ သိတတ်ပေသော သောတာပတ္တိမဂ်၌ ရှိသောအသိဉာဏ်သည်။ |
| ဥဒပါဒိ | = ထင်ထင်ရှားရှား ဖြစ်ပွားပေါ်ပေါက်လာလေပြီ။ |

မေး။ ။ ဉာဏ်အလင်းရောင် ပွင့်မသွားပေဘူးလား။

ဖြေ။ ။ ပွင့်သွားပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

(၄၄)

ဆရာတော် – ဂရုစိုက်ကြ၊ ဘာမှမခဲယဉ်းဘူး။ ဘုရားလက်ထက်က ဝိသာခါဆို ၇–နှစ်သမီးက ဒီဉာဏ်တွေပေါက်သွားတယ်၊ ပဏ္ဍိတသာမဏေတို့ သောပါကသာမဏေတို့ ဒီသာမဏေကလေးတွေလည်း ဒီဉာဏ်တွေ ပေါက်သွားကြတယ်၊ ရှေ့မှာလည်းပဲ အသက် ၈၀–ကျော်မှ ပေါက်သူလည်းပေါက်တာပဲ၊ မြတ်စွာဘုရားခမည်းတော် သုဒ္ဓေါဒနမင်းကြီးလည်း ဘုရင်လုပ်ပြီးတော့ ရာဇပလ္လင်ပေါ်ထိုင်နေရင်း ဒီဉာဏ်တွေ ပေါ်သွားတာ။ (မှန်ပါဘုရား) မယ်တော်ဖြစ်ခဲ့တဲ့ မာယာဒေဝီဟာ လူ့ပြည်ကနေပြီး နတ်ပြည်ရောက်တယ်၊ နတ်သားဖြစ်နေမှ မြတ်စွာဘုရားက ဒီဉာဏ်တွေလိုက်ပြရတာ။ အဲဒီမှ ဒီဉာဏ်တွေပေါ်သွားတယ်။ သောတာပန်ဖြစ်သွားတယ်လို့ ဆိုလိုတာ။ (မှန်ပါ့ဘုရား)။ အခု သောတာပန်ဖြစ်အောင်တော့ မဟုတ်သေးဘူး။ သောတာပန်ဖြစ်တဲ့နည်းကို ပြောပြနေခြင်းဖြစ်တယ်၊ ဒီကုသိုလ်တွေ မနည်းလှဘူး။ အပါယ်လေးပါး ကင်းတဲ့နည်းကို ဒီအသံတွေ နားထောင်တာနဲ့ပဲ ပရမတ် ပညတ် ကွဲသွားရင်ရတယ်။ ချက်ချင်း မဂ်ဉာဏ်ဖိုလ်ဉာဏ်မရပေမယ့် ရတဲ့ကုသိုလ်က မနည်းပေဘူး။ လင်းနို့သားငါးရာထက်တော့ မသာပေဘူးလား၊ (သာပါတယ်ဘုရား)။ လိုက်ဆိုကြ။

“အသံသည် ထွေးခံပဲ၊
ထွေးခံသည် အသံပဲ၊
အသံပေါ်၌ ထွေးခံကမှီတယ်၊
ထွေးခံပေါ်၌ အသံကမှီတယ်၊
လေးလုံးလေးစိပ်မကွဲ၊ အန္ဓဗာလ ပုထုဇဉ်ပဲ”

သူရောကိုယ်ပါ လောက ပြောရိုးပြောစဉ်အနေနဲ့ ပန်းကန်တွေကို အိုးတွေခွက်တွေကို ထားသိုသိမ်းဆည်းတဲ့အခါမှာ သိပ်မချပါနဲ့၊ ပန်းကန်တွေ ကွဲကုန်ပါ့မယ်။ ဇွန်းတွေ ကျိုးကုန်ပါ့မယ်လို့ မပြောကြဘူးလား။ (ပြောပါတယ်ဘုရား)။ အဲဒါ ပရမတ်ပညတ် လေးလုံးလေးစိပ် မကွဲလို့ပြောတာ။ (မှန်ပါ့ဘုရား)။ အခု မကွဲလား။ (ကွဲပါပြီဘုရား)။ ဓမ္မသဘော ဉာဏ်သက်ဝင်အောင် လိုက်ဆိုကြ။

အသံသည် ထွေးခံမဟုတ်ပါတကား၊
ထွေးခံသည် အသံမဟုတ်ပါတကား၊
အသံပေါ်၌ ထွေးခံက မမှီပါတကား၊
ထွေးခံပေါ်၌ အသံက မမှီပါတကား၊
လေးလုံးလေးစိပ်ကွဲ သမ္မာဒိဋ္ဌိပဲ၊

www.burmeseclassic.com

www.burmeseclassic.com

(၄၅)

## အိုးခွက်မဋ္ဌာန်း

အိုးသံ ခွက်သံ၊ ပုဂံသံ၊ ဌွန်းသံ ပေါင်းသိ၊
ကြောင်းကျိုးသိ၊ အတ္တဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ။

(ဆောင်ပုဒ်)

ချက်ပြုတ်နေကြတဲ့ ဒကာဒကာမတွေတို့ သူတို့နဲ့လိုက်ဖက်တဲ့ ဥပမာပြောရတယ်။ မြတ်စွာဘုရားက ချက်ရင်းပြုတ်ရင်း အမျိုးသမီးလေးများတောင် ဒီဉာဏ်မွှင့်နိုင်တယ်တဲ့၊ အခြေခံကစပြီးတော့ သုံးသပ်ကြည့်ရအောင်၊ ပမာဆိုကြပါစို့၊ လူတစ်ယောက် ထမင်းအိုးသွားပြီးတော့ ကိုင်လိုက်တယ်၊ ထမင်းအိုးကို အထက်က စလောင်းနဲ့ ခပ်နာနာချလိုက်တယ်ဆိုရင်ပဲ ဟဲ့ ဟဲ့ စလောင်းနဲ့ နာနာမအုပ်ပါနဲ့၊ အိုးကွဲသွားပါမယ်တဲ့ မပြောလား၊ (ပြောပါတယ်ဘုရား)။

မေး။ ။ အိုးနဲ့စလောင်း ဘယ်သင်းက အတိုက်၊ ဘယ်သင်းက အခံလဲ။

ဖြေ။ ။ စလောင်းက အတိုက်၊ အိုးက အခံပါဘုရား။

မေး။ ။ အိုးနဲ့စလောင်းဆိုတာ စိတ်စေတသိက် ရုပ် နိဗ္ဗာန် ပရမတ္ထ ဟုတ်သလား။

ဖြေ။ ။ မဟုတ်ပါဘုရား။

မေး။ ။ မဟုတ်ရင် သူတို့ဘာလဲ။

ဖြေ။ ။ ပညတ်ပါဘုရား။

ဆရာတော် – ပညတ်ဆိုတာ နာမည်ပဲကိုး၊ အလုပ်က အရေးကြီးတော့ အိုးသွားပိတ်လိုက်တယ်၊ (ဆရာတော်က ခွက်ကိုခေါက်ပြသည်)။ ဒေါက်ကနဲ အိုးကွဲထွက်မလာဘူးလား။ (ထွက်လာပါတယ်ဘုရား)။ အိုးကွဲသွားမယ်လို့ ပြောလေ့ပြောထရှိတယ်၊ အိုးကွဲသွားမှာတော့ သိတယ်၊ အိုးတည်းဟူသော အခံဓာတ်နှင့် စလောင်းတည်းဟူသော အတိုက်ဓာတ်တို့ ထိခိုက်ကြတဲ့အခါ အပွင့်ဓာတ်က ဘာသံလဲ၊ (အိုးသံပါဘုရား)။ အိုးချည်းဖြစ်သလား၊ (မဖြစ်ပါဘုရား)၊ စလောင်းကြီးဖြစ်သလား၊ (မဖြစ်ပါဘုရား)။

အိုးသံဆိုတဲ့ ဝေါဟာရကို စဉ်းစားကြည့်စမ်း၊ အိုးပျက်သွားသလား၊ အသံပျက်သွားသလား၊ (အသံပျက်သွားပါတယ်ဘုရား)။ သူရောကိုယ်ပါဆိုသလို ပြောတာတော့ အို– ဒါလောက်မလုပ်ပါနဲ့၊ နာနာမချလိုက်ပါနဲ့၊ အိုးကွဲသွားပါ့မယ်လို့ ပြောကြတယ်၊ အိုးကွဲသွားမှာတော့ သိကြတယ်၊ အသံကလေး အနိစ္စဖြစ်သွားပုံကိုတော့ မသိဘဲဖြစ်နေကြတယ်၊ (မှန်ပါ့ဘုရား)။ မသိတော့ (အဝိဇ္ဇာပါဘုရား)၊ တယ်တော်ကြပါလား၊ မသိတာ အဝိဇ္ဇာနော်၊ လိုက်ဆိုကြ –

www.burmeseclassic.com

www.burmeseclassic.com



**သန်းခေါင်ထက္ကွယ်၊ တောအုပ်ထယ်၌၊**
**ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊**
**မိုးသုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊**
**အမိုက်အပြား၊ အင်လေးပါးထက်၊**
**နင်ကား ရာထောင်၊ (ငါကား ရာထောင်)**
**မကာမှောင်၏၊**

**(လယ်တီဆရာတော်၏ကဗျာ)**

အဝိဇ္ဇာခတ်ကြီးဟာ မသိဘူး၊ အိုးကွဲမှာတော့ သိတယ်၊ အသံခတ်ကြီးကို ကြားလျက်သားနဲ့ အနိစ္စမှန်း အနတ္တမှန်း သဘောမပေါက် မသိဖြစ်နေကြတယ်။ အိုး အနိစ္စလား၊ အိုးကြောင့်ဖြစ်တဲ့အသံ အနိစ္စလား (အသံအနိစ္စပါဘုရား)၊ အိုး ကောင်းကောင်းထားလိုက်ကြ၊ အသံက ဘယ့်နှယ်မှ ကောင်းကောင်းထားလို့မရဘူး၊ မြဲရဲ့လား၊ (မမြဲပါဘုရား)။

**သဒ္ဒေ အနိစ္စတော ဒုက္ခတော အနတ္တတော**
**ဝိပဿန္တိ အာရမ္မဏပစ္စယေန ပစ္စယော၊**

အဲဒါ ပဋ္ဌာန်းသဘောပဲ၊ (ပဋ္ဌာန်းအခြေခံပဲ)။ အသံအနိစ္စ၊ အိုးကွဲတာတော့ ကလေးတောင် သိတယ်၊ အားလုံးသိတယ်၊ အိုးကွဲပါမယ်၊ ကောင်းကောင်းထားလို့ ပြောနေကြတယ်၊ အသံတွေမမြဲပုံ အနိစ္စသဘောကို ပြလျက်သားနဲ့ အသံအနိစ္စမှန်း မသိဖြစ်နေကြတယ်၊ (မှန်ပါဘုရား)။

ဖွန်းနဲ့ ပန်းကန်ချထား၊ တီးခေါက်ကြည့်၊ အသံအက်လာမယ်၊ ဘယ်ဟာက ပညတ်၊ ဘယ်ဟာက ပရမတ်လဲ၊ (ဖွန်းနဲ့ပန်းကန်က ပညတ်၊ အသံက ပရမတ်ပါ ဘုရား)၊ ပရမတ် ဘယ်နှစ်မျိုး ဘယ်နှစ်ပါးရှိသလဲ၊ (လေးပါးပါဘုရား)။ အဲဒီတော့ အသံဟာ ပရမတ္ထလေးပါးတွင် ဘယ်ပရမတ်လဲ၊ (ရုပ်ပရမတ်ပါဘုရား)။ တစ်သံ ပြီးမှ တစ်သံထွက်လာတာ။

ရုပ္ပတီတိ ရုပ် = တစ်သံပြီးမှ တစ်သံထွက်လာလို့ ရုပ်၊ ပရမတ်နဲ့ ပညတ် ကွဲမသွားလား၊ (ကွဲသွားပါတယ်ဘုရား)။

ပန်းကန်ထဲ ဖွန်းထည့်လိုက်တော့ ချွမ်းကနဲ အသံတွေထွက်လာတယ်၊ ဖွန်း ကျိုးသွားပါမယ်၊ ပန်းကန်ကွဲသွားပါလိမ့်မယ်လို့ ပညတ်ကြီး ပျက်သွားတာကိုတော့ လူတိုင်းသိနေကြတယ်၊ ကလေးလည်း သိတယ်၊ အသံခတ်ပျက်တာကိုတော့ မသိဘူး။ အဲဒါ အဝိဇ္ဇာခေါ်တယ်၊ ဖွန်းနဲ့အသံ ရောသွားတာ၊ ပန်းကန်နဲ့အသံရော

www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ အတ္တဒိဋ္ဌိခေါ်တယ်၊ ဇွန်းတခြား၊ အသံတခြား၊ ပန်းကန်တခြား အသံတခြား၊ ဇွန်းကောင်းကောင်းထား၊ ပန်းကန်ကောင်းကောင်းထား၊ အသံသည် အနိစ္စလို့ သိသွားရင် သမ္မာဒိဋ္ဌိ။

"အိုးသံ ခွက်သံ ပန်းကန်သံ၊
ဇွန်းသံ ပေါင်းသိ၊
ကြောင်းကျိုးသိ"

အသံနဲ့ပန်းကန်နဲ့ပေါင်းသိနေရင် အတ္တဒိဋ္ဌိ၊ သူက ရောဂါကြီးတစ်မျိုးပဲ၊ ဒီရောဂါက စ,ကုရမှာ၊ ပန်းကန်တခြားအသံတခြား၊ ပန်းကန်တွေကောင်းကောင်းထား၊ အသံက ဘယ့်နှယ်မှ လုပ်လို့မရဘူး၊ ဖြစ်ပြီးပျက်သွားတယ်၊ အသံသည် အနိစ္စ၊ အသံသည် ဒုက္ခ၊ အသံသည် အနတ္တလို့ ဝိပဿနာရှုလိုက်ရင် သမ္မာဒိဋ္ဌိ၊ အမြင်မှန်ပြီးတော့ အသံကြောင့် ကုသိုလ်ရတယ်။

ဥပမာ ပုံစံတွေ အများကြီးထုတ်နိုင်ပါတယ်၊ မြတ်စွာဘုရားက ပုံစံ ၁၂–ခု ထုတ်ပြသွားတယ်၊ ဒကာ၊ ဒကာမတွေ ကိုယ်တိုင်လည်း ပုံစံထုတ်နိုင်တယ်။ သဘော ပေါက်သွားပြီလား၊ (မှန်ပါဘုရား)။ အသံကြားတိုင်း ပဋ္ဌာန်းသဘော ဆင်ခြင်ပြီး ကုသိုလ်ဖြစ်နိုင်တယ်၊ (ထိုအချိန်တွင် စာကလေးတစ်ကောင် တရားဟောမဏ္ဍပ်ပေါ်မှ တကျိုကျိုနဲ့ အော်သောကြောင့် ဆရာတော်က စာကလေးပဋ္ဌာန်းကို လက်တွေ့ဟော ပြလေသည်)။

**စာကလေးပဋ္ဌာန်း**

မေး ။ ဟော အခုဟာ ဘာငှက်ကလေးအော်သံလဲ။

ဖြေ ။ စာကလေးအော်သံပါဘုရား။

မေး ။ စာကလေးအသံ၊ စာကလေးခု အသံရောနေတယ်။ အဲဒီလို ရောသွားတာ အတ္တဒိဋ္ဌိ၊ (ထိုစာကလေး ပျံသွား၍ အသံတိတ်သွားသည်၊) အခု အသံကြားသေးသလား။

ဖြေ ။ မကြားတော့ပါဘုရား။

မေး ။ စာကလေးကော။

ဖြေ ။ ရှိပါသေးတယ်ဘုရား။

ဆရာတော် – က စာကလေးကို မေတ္တာပို့လိုက်။

စာကလေး ကျန်းမာပါစေ၊

စာကလေး ချမ်းသာပါစေ၊

စာကလေး အသက်ရှည်ပါစေ၊

www.burmeseclassic.com

www.burmeseclassic.com

(၄၈)

ပညတ်ကိုး၊ မေတ္တာပို့လိုက်၊ စာကလေးအော်တဲ့အသံခတ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ငါမပိုင် ငါမဆိုင်၊ ငါနဲ့အလွတ်ကြီးပါကလား၊ သဘောပေါက်အောင် ကြည့်၊

မေး။ ။ စာကလေး အနိစ္စရောက်သွားသလား၊ အသံ အနိစ္စရောက်သွားသလား။

ဖြေ။ ။ အသံ အနိစ္စရောက်သွားပါတယ်ဘုရား။

မေး။ ။ စာကလေးနဲ့အသံ တစ်ခုတည်းလား၊ တခြားစီလား။

ဖြေ။ ။ တခြားစီပါဘုရား။

မေး။ ။ စာကလေးမို့ မေတ္တာပို့လိုက်၊ မေတ္တာကုသိုလ်တွေ ရတယ်၊ အသံအနိစ္စ ဆိုတော့ အော်– မမြဲဘူးဆိုတော့ အသံခတ်တွေပဲ၊ စာကလေးက သူ့တသက် သူရှည်မှာ၊ အသံမမြဲပါကလား၊ သမထကုသိုလ် ဝိပဿနာကုသိုလ်တွေ ကွဲပြားမသွားလား။

ဖြေ။ ။ ကွဲပြားသွားပါတယ်ဘုရား။

ဆရာတော် – ကုသိုလ်တွေရှိရင် သာသနာမှာ ကုသိုလ်မှတပါး အားကိုးစရာမရှိဘူး၊ ကြည့်စမ်း၊ အသံကြားရုံနဲ့ ကုသိုလ်တွေမရလား။

(ရပါတယ်ဘုရား)၊ အသက်ရှိလျှင် မေတ္တာပို့လိုက်၊ အိုးတို့ခွက်တို့ စလောင်းတို့ကတော့ အသက်မရှိလို့ မေတ္တာမပို့ရဘူး၊ ဟဲ့ ကောင်းကောင်းထားလို့တော့ ပြောရတာပေါ့၊ကောင်းကောင်းလည်း ထားသားပဲ၊ ကုသိုလ်တွေမရလား၊(ရပါတယ်ဘုရား)၊ ဘာကြောင့် ဒီလိုပောနေရသလဲဆိုရင် ဝိပဿနာသဘောက ဘယ်သူအနိစ္စရောက်သွားပြီ၊ ဘယ်ဝါ အနိစ္စရောက်သွားပြီ၊ ဘယ်ဘုန်းကြီး ပျံလွန်တော်မူသွားပြီ၊ ဘယ်ဆရာတော်ကြီးပျံလွန်တော်မူသွားပြီ စသည်ဖြင့် အကောင်အထည်ကြီးတွေ အနိစ္စရောက်သွားတာကို ဝိပဿနာလို့ စိတ်က ထင်နေကြတာ၊ အဲဒါကြောင့် မရဏာဿတိဖြစ်ပျက်ဖြစ်နေတာ၊ အလွန်ကုသိုလ်တွေရတယ်၊ အဲဒါ ပဋ္ဌာန်းဖြစ်ပုံပဲ၊ (ဆိုကြစမ်း)။

အသံသည် စာကလေးပဲ၊
စာကလေးသည် အသံပဲ၊
အသံပေါ်၌ စာကလေးမှီသည်၊
စာကလေးပေါ်၌ အသံကမှီသည်၊

အသံနှင့်စာကလေး လေးလုံးလေးစိပ်မကွဲ၊ အသုတဝါ မြတ်စွာဘုရား တရားတော်တွေ မကြားနာရသေးလို့၊ အသုတဝါ ပုထုဇ္ဇနော၊ အန္ဓဗာလပုထုဇဉ်တွေ ဖြစ်နေရတာ၊ ခုကြည့်စမ်း၊ အသံက မရှိတော့ဘူး၊ စာကလေးကတော့ ရှိသေးတယ်၊ ပျံသွားပြီ၊ မြင်အောင်ကြည့်။

www.burmeseclassic.com

www.burmeseclassic.com

(၄၉)

အသံသည် စာကလေးမဟုတ်ပါတကား။

စာကလေးသည် အသံမဟုတ်ပါတကား။

အသံပေါ်၌ စာကလေးက မရှိပါတကား။

စာကလေးပေါ်၌ အသံက မရှိပါတကား။

လေးလုံးလေးစိပ်ကွဲ သမ္မာဒိဋ္ဌိပဲ။

စာကလေးပေါ်၌ အသံကမရှိရင် ဘယ့်နှယ်တုန်း။ စာကလေးက အော်လိုက်တဲ့အသံပဲ၊ စာကလေးပေါ်မရှိရင် ဘယ်ရှိသလဲ၊ အသံမှ မြေ, ရေ, လေ, မီး ဓာတ်ကြီး လေးပါး ပါတယ်၊ ဒါကြောင့် "ယောသဒ္ဒေါ စတုန္နံ မဟာဘူတာနံ ဥပါဒါယ အနိဒဿနော အပဋိဃော"လို့ ဟောထားတာဖြစ်တယ်၊ ဒီအသံဟာ မြေ, ရေ, လေ, မီး ဓာတ်ကြီး လေးပါး ပါတယ်။ အဲဒါ ပဋ္ဌာန်းပဲ၊

မေး။ ။ အခု ဘုန်းကြီး ဒီကပြောတဲ့အသံ ကြားရဲ့လား၊ ဘုန်းကြီးတကိုယ်လုံး လာသလား၊ အသံတင် လာသလား။

ဖြေ။ ။ အသံတင်လာပါတယ်ဘုရား။

မေး။ ။ ဒီအသံက အဲဒီရောက်အောင် ဘာနဲ့သွားသလဲ။

ဖြေ။ ။ မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးနဲ့ သွားတာပါဘုရား။

ဆရာတော် – ဓာတ်ကြီးလေးပါးတွင် လေဓာတ်နှင့်သွားပြီး သောတပသာဒကို သွားတိုက်ကြတာ။ ယခု ပဋ္ဌာန်းဆိုရလိမ့်မယ်။ ဆိုစမ်း–––

**မဟာဘူတာ ဥပါဒါရူပါနံ**

**သဟဇာတ ပစ္စယေနပစ္စယော၊**

အသံနဲ့ မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးဆိုတဲ့ မဟာဘုတ်လေးပါးဟာ သဟဇာတ ပြိုင်ပြီးတော့ အတူတကွဖြစ်ကြတာ။ အသံလေး ဘာကိုစီးပြီးသွားတုန်း။ လေဓာတ်ကို စီးပြီးသွားတာ။ အသံထဲမှာ လေဓာတ်ပါတယ်၊ အဲဒီလေဓာတ်စီးပြီး အသံက သောတပသာဒကို သွားတိုက်တာ။ ဒါပေမယ့် ဒီအသံ ဟိုကျတော့ ပျောက်သွားပြီး မီးဓာတ်က လေယာဉ်ပျံ မီးလောင်ကျသွားပြီ၊ ဓာတ်တွေ ဓာတ်တွေ။ ဒါဖြင့် အဲဒီမီးဓာတ်က ချက်ချင်းလောင်မှာလား။ ရေဓာတ်က ခံနေတယ်။ အသံထဲမှာ ဓာတ်ကြီးဘယ်နှစ်ပါး ပါသလဲ၊ (လေးပါး ပါပါတယ်ဘုရား) ပဋ္ဌာန်းဟောလိမ့်မယ်။

**မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေနပစ္စယော၊**

**မဟာဘူတာ ဥပါဒါရူပါနံ နိဿယ ပစ္စယေနပစ္စယော၊**

www.burmeseclassic.com

www.burmeseclassic.com

(၅၀)

**မဟာဘူတာ ဥပါဒါရူပါနံ့ အတ္ထိပစ္စယေနပစ္စယော၊**
**မဟာဘူတာ ဥပါဒါရူပါနံ့ အဝိဂတ ပစ္စယေနပစ္စယော။**

ဒါကြောင့် ဓာတ်တွေဟာ တစ်ခုတည်းမတည်ဘူး၊ အကြောင်းအကျိုးနဲ့ တည်မှုညီတာ။ မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးက အကြောင်း။ အသံက အကျိုး၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးမို့လို့ ဒီအသံတွေ အခုရှိသေးသလား။
ဖြေ။ ။ မရှိတော့ပါဘုရား။
ဆရာတော် – အကြောင်းကြောင့်ဖြစ်တာကို၊ သခ်ဲတခတ်မှန်ရင် ခပ်မြန်မြန် ဖြစ်ပျက်သွားရတာပဲ။ ဉာဏ်မြင့်လာမယ်၊ လာအောင်ကြည့်။ အရှင်ဘုရား ဒါတွေသိတော့ ဘာအကျိုးရှိသလဲလို့မေးရင် အကျိုးများစွာရှိပါတယ်၊ ဂရုစိုက်၊ ဝိသာခါတို့ အနာထပိဏ်တို့ ရှေးက သူတော်ကောင်းတွေ အလုပ်လုပ်သွားကြတယ်။ ဒါလေး သဘောကျသွားပြီး (ထိုစဉ် တရားဟောနေခိုက် ပေတစ်ရာလမ်းပေါ်မှာ မြင်းလှည်း တစ်စီးဖြတ်သွား၍ လက်တွေ့မြင်းရထားပဋ္ဌာန်းကို ဆရာတော်က ဆက်ဟော ပြန်သည်။)

**မြင်းရထား ပဋ္ဌာန်း**

မေး။ ။ ဟောဟိုက လာတာဘာလဲ။
ဖြေ။ ။ မြင်းရထားပါဘုရား။
မေး။ ။ မြင်းရထားနဲ့အသံ တစ်ခုတည်းလား၊ တခြားစီလား။
ဖြေ။ ။ တခြားစီပါဘုရား။
ဆရာတော်။ ။ မြင်းရထားက ကနေ့လည်းလာတယ်၊ မနက်ဖြန်လည်း လာဦးမယ်။ အသံတွေဟာ ဖြစ်ပျက်ကုန်ပြီ၊ ဒါမြင်သွားပြီ၊ စက္ခုဥဒပါဒိ, ဉာဏံဥဒပါဒိ, ဝိဇ္ဇာဥဒပါဒိ, အာလောကောဥဒပါဒိ။

ကိုင်း--- ဖြစ်ပြီးတဲ့အကုသိုလ်တွေကို တစ်ထိုင်တည်းနှင့်ပယ်နိုင်တဲ့ အကြောင်း မြတ်စွာဘုရားက ဟောချင်လို့ ဥတုနိယာမတွေ၊ ဗီဇနိယာမတွေ ဟောနေတာ။ လိုရင်းအချက်ကလေးက ဘာလဲဆိုတော့ အင်မတန် ဝမ်းသာစရာကောင်းတယ်။

ငါလက်သည်ရှာကြစို့
မုသာမိတ်ခွဲ၊ ဆဲရေးပိန်ဖျင်း၊
အပါယ်ချဉ်း၊ လေးသင်းဝစီကံ၊

www.burmeseclassic.com

www.burmeseclassic.com

## (၅၁)

ဒါ ပါဠိတော်ကို စီထားတာပဲ၊ နားထောင်ကြည့်။ ဘယ်သူဖြစ်ဖြစ် နားလည်နိုင်တယ်၊ ငါမဟုတ်တာပြောတယ်, ငါလိမ်ပြောတယ် (မုသာဝါဒ) လိမ်ပြောတယ်, ဘယ်သူလဲ၊ ငါက လိမ်ပြောတယ်, ငါက ဆဲလိုက်တယ်, ဘယ်သူကဆဲသလဲ၊ ငါက ဆဲလိုက်တယ်၊ (ဖရုသဝါစာ) အဲဒီတော့ သူရောကိုယ်ရော ဘုန်းကြီးတို့လည်း ဒီလိုပဲ၊ ငါဆဲတယ် ဒီလိုဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား) ငါဆဲတယ်၊ ငါဆိုတာ တစ်ကောင်လုံးပဲ၊ အခုနက ပန်းကန်လိုပဲ၊ ဆံပင်မွေးညင်း ခြေသည်းလက်သည်း သွား အသား အကြော တစ်ကိုယ်လုံးဟာ ငါပဲ၊ အတ္တကောင်ကြီးပဲ။

မေး။ ။ ဆံပင်က ဆဲတတ်သလား။

ဖြေ။ ။ မဆဲတတ်ပါဘုရား။

မေး။ ။ မွေးညင်းက ဆဲတတ်သလား။

ဖြေ။ ။ မဆဲတတ်ပါဘုရား။

မေး။ ။ ခြေသည်းလက်သည်းက ဆဲတတ်သလား။

ဖြေ။ ။ မဆဲတတ်ပါဘုရား။

မေး။ ။ လိုက်ကြည့်၊ မဆဲတတ်ဘူး။ ဆဲတတ်တာဘယ်သူလဲ။

ဖြေ။ ။ အသံကပါဘုရား။

မေး။ ။ ဒါဘယ်သူဆဲတာလဲ။

ဖြေ။ ။ အသံက ဆဲတာပါဘုရား။

မေး။ ။ သဘောက အိုးသံခွက်သံလို့ပဲမှတ်။ ဆဲချင်တဲ့စိတ်ကြောင့် သူဆဲလိုက်တာကိုး။ အသံတစ်ခါပျက်ရင်၊ စိတ်က (၁၇)ခါ ပျက်တာ။ ဆဲတာ ဆံပင်ကလား။ မွေးညင်းကလား၊ တစ်ကိုယ်လုံးကလား၊ ဓာတ်တစ်လုံးကလား။

ဖြေ။ ။ ဓာတ်တစ်လုံးကပါဘုရား။

မေး။ ။ ဘယ်ဓာတ်တစ်လုံးကလဲ။

ဖြေ။ ။ အသံဓာတ်ပါဘုရား။

မေး။ ။ အေး– ဆဲချင်တဲ့စိတ်ကြောင့် သူဆဲတာ။ အသံတစ်ခါပျက်ရင် စိတ်က (၁၇)ခါပျက်တယ်။ အဲဒီတော့ ကလေးဘဝက စပြီးတော့ ဘုန်းကြီးတို့ ငယ်ငယ် ကျောင်းသားချင်း ကိုရင်ချင်း ဆဲမိတယ်။ တစ်ခုပဲကြည့်ပါတော့။ (ဖရုသဝါစာ) အမိနှင့်အဖ၊ မောင်နှင့်နှမ မကြားဝံ့စရာ ဆဲလိုက်မိတယ်။ ဆဲလိုက်မိတော့ တစ်ကိုယ်လုံးဆိုတဲ့ ငါကိုယ်ကောင်ကြီးရဲ့အလုပ်လား။ ဓာတ်တစ်လုံးရဲ့အလုပ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ။ ခာတ်တစ်လုံးရဲ့အလုပ်ပါဘုရား။
မေး။ ။ ဘယ်ခာတ်လဲ။
ဖြေ။ ။ အသံခာတ်ပါဘုရား။
မေး။ ။ အသံမထွက်ရင် ဆဲမှန်းသိပါ့မလား။
ဖြေ။ ။ မသိပါဘုရား။
မေး။ ။ အဲဒီတော့ ဆဲတာဘယ်သူလဲ။
ဖြေ။ ။ အသံပါဘုရား။
မေး။ ။ ငါဆဲတာ တစ်ကိုယ်လုံး တရားခံဖြစ်မနေဘူးလား။
ဖြေ။ ။ ဖြစ်နေပါတယ်ဘုရား။
မေး။ ။ ကိုယ့်ဟာကိုယ် စွပ်စွဲထားတာ။
ဖြေ။ ။ မှန်ပါဘုရား။
မေး။ ။ လိုက်ကြည့်။ လက်က ဆဲသလား၊ မဆဲဘူး၊ ခြေက ဆဲသလား၊ မဆဲဘူး၊ ဆံပင်က ဆဲသလား၊ မဆဲဘူး။ ဆဲတာ ဘယ်သူတွေ့ထားသလဲ။
ဖြေ။ ။ အသံတွေ့ထားပါတယ်ဘုရား။
မေး။ ။ ဒါဖြင့် အသံတရားခံဖြစ်မနေဘူးလား။
ဖြေ။ ။ ဖြစ်နေပါတယ်ဘုရား။
မေး။ ။ ပိုလွတ်မသွားဘူးလား။
ဖြေ။ ။ လွတ်သွားပါတယ်ဘုရား။
မေး။ ။ ဒါဖြင့် ဒီတရားခံကို လိုက်ရှာရအောင်။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဖြင့် လိုက်ရှာတဲ့အခါကျတော့ တကယ်ဆဲတဲ့အသံ ရှာတွေ့သလား။
ဖြေ။ ။ မတွေ့ပါ၊ ဖြစ်ပျက်သွားပါတယ်ဘုရား။
မေး။ ။ အေး ဟုတ်ပြီ၊ ပျက်သွားပြီ၊ တရားခံလည်းတွေ့ပြီ၊ လိုက်ရှာတော့ မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခနှင့် အနတ္တအနှစ်သာရ ဘာမှရှာမရဘူးတဲ့။ ကိုင်းဟုတ်ပြီ၊ ဒီအမှုဘယ်လိုလုပ်မလဲ၊ ရှေးဆက်ပြီးတော့ စွဲချက်တင်မလား။ အမှုပိတ်ရတော့မယ်။ ဘာလို့လဲ၊ တရားခံနဲ့တွေ့တယ်။ အမှုသည်ကလည်း မရှိဘူး။ လွတ်မသွားဘူးလား။
ဖြေ။ ။ လွတ်သွားပါတယ်ဘုရား။
မေး။ ။ ငါဆဲတယ် (ဖရုသဝါစာ)၊ ငါ့ သူ့ဆဲတယ် (တစ်ကိုယ်လုံး တရားခံဖြစ်မနေဘူးလား။ ငါတရားခံဖြစ်နေတယ်။) အသံသည် ငါဖြစ်နေတယ်။ လုံးနေတယ်။ အဲဒီတော့ ငါတရားခံဖြစ်နေတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# (၃၃)

## စစ်တမ်းထုတ်လိုက်ကြစို့

''အသံသက်တမ်း၊ လူ့သက်တမ်း၊
ခွဲခြမ်း၍သိ၊ သမ္မာဒိဋ္ဌိ''

မေး။ ။ အခုသက်တမ်း ဘယ်လောက်လဲ။

ဖြေ။ ။ ၁၀၀ ပါဘုရား။

မေး။ ။ အခု ဒီပုဂ္ဂိုလ်တွေ သက်တမ်းအတိုင်း အမှန်နေရလျှင် တစ်ရာနေရမယ်။ အသံသက်တမ်း။

ဖြေ။ ။ ခဏဖြစ် ခဏပျက်ပါဘုရား။

မေး။ ။ မဏ္ဍပ်ထဲရောက်စက အသံရှိသေးသလား။

ဖြေ။ ။ မရှိတော့ပါဘုရား။

မေး။ ။ အသံသက်တမ်း မတိုဘူးလား။

ဖြေ။ ။ တိုပါတယ်ဘုရား။

မေး။ ။ ကောင်းတာပဲပြောပြော ဆိုးတာပဲပြောပြော၊ မတိုဘူးလား။

ဖြေ။ ။ တိုပါတယ်ဘုရား။

မေး။ ။ လူ့သက်တမ်းက ၁၀၀၊ အဲဒီတော့ လူနဲ့အသံ တစ်ခုတည်းလား။

ဖြေ။ ။ မဟုတ်ပါဘုရား။

မေး။ ။ မြင်သွားပြီ၊ လိုက်ဆိုကြ။

အသံသည် ငါကိုယ်ကောင်ကြီးမဟုတ်ပါတကား၊
ငါကိုယ်ကောင်ကြီးသည် အသံ ရုပ် ဓာတ် မဟုတ်ပါတကား၊
အသံ ရုပ် ဓာတ်အပေါ်၌ ငါကိုယ်ကောင်ကြီးက မမှီပါတကား၊
ငါကိုယ်ကောင်ကြီးအပေါ်၌ အသံရုပ်ဓာတ်က မမှီပါတကား၊

ဒီကိုယ်ကောင်ကြီးကို မမှီဘူး။ အသံနဲ့ အတူတကွဖြစ်တဲ့ မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးခုမှာ သူ့မှီတာ၊ အတူဖြစ် အတူပျက်သွားတယ်၊ သဟဇာတ ပစ္စယေနပစ္စယောကိုး၊ ဆဲချင်တဲ့စိတ် စေတသိက် နာမ်တရားတွေကြောင့် ဆဲချင်တဲ့စိတ်ပေါ်ရတယ်၊ ဆဲတဲ့အသံ ဖြစ်ပေါ်လာတယ်၊ အသံတစ်ခါပျက်သွားရင် ဆဲချင်တဲ့စိတ်က (၁၇)ခါ ပျက်သွားတယ်။ အဲဒီတော့ ငါပေါ်မှာ မှီသလား၊ စိတ် စေတသိက် အပေါ်မှာမှီသလား။

ဖြေ။ ။ စိတ် စေတသိက်အပေါ်မှာ မှီပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မေး။ ။ ငါကိုယ်ကောင်ကြီးပေါ်မှာ မှီသလား။ သူနဲ့အတူတကွ ဖြစ်တဲ့ရုပ်ဓာတ် ပေါ်မှီသလား။

ဖြေ။ ။ ရုပ်ဓာတ်ပေါ် မှီပါတယ်ဘုရား။

မေး။ ။ သဒ္ဒေါ စိတ္တော တုဇော။ သဒ္ဒေါ၊ အသံဓာတ်သည်။ စိတ္တောတုဇော၊ စိတ်ဥတုကြောင့်ဖြစ်တယ်။ အသံဓာတ်ဟာ စိတ်ပေါ်မှာ တည်တယ် မှီတယ်၊ အသံဟာ စိတ်ဥတုကြောင့် ဖြစ်တယ်လို့ သင်္ဂြိုဟ်က ဆိုထား တယ်။ လိုက်ဆိုကြ–

"အသံဓာတ်သည် ရံခါ စိတ်ကြောင့်ဖြစ်၏၊
အသံဓာတ်သည် ရံခါ ဥတုကြောင့်ဖြစ်၏၊
ဥတုကြောင့်ဖြစ်လျှင် ဥတုပေါ်မှီသည်၊
နာမ်ကြောင့်ဖြစ်လျှင် ဓာတ်နာမ်စိတ်ပေါ်မှာ မှီသည်၊"

မေး။ ။ သူတို့ ဖြစ်ပျက်ပြီးတော့ သွားတာပဲ။ ကိုယ်လွတ်မသွားဘူးလား။

ဖြေ။ ။ လွတ်သွားပါတယ်ဘုရား။

မေး။ ။ မြတ်စွာဘုရားက ချစ်သား ချစ်သမီးတို့ ကိုယ့်ကိုယ်ကို စွပ်စွဲထားပြီး စွပ်စွဲတာ မလွတ်ဘူးတဲ့။ လိုက်ဆိုကြ။

"ကိုယ့်ကိုယ်ပဲ ကိုယ်စွပ်စွဲ၊
လွတ်ပဲမလွတ်နိုင်"

ကလေးတုန်းကစပြီး ကိုယ့်ကိုယ်ကို စွပ်စွဲထားတာ လွတ်ပဲမလွတ် နိုင်ဘူး၊ ဘယ်သူမှ စွပ်စွဲတာမဟုတ်ဘူး။ ကိုယ့်ကိုယ်ကို စွပ်စွဲတာ။ အဲဒါ အတ္တဒိဋ္ဌိ ခေါ်တယ်။ အတ္တဒိဋ္ဌိဆိုတာ တစ်ကိုယ်လုံးက ဆဲတာလား၊ အသံဓာတ်က ဆဲတာလား။

ဖြေ။ ။ အသံဓာတ်က ဆဲတာပါဘုရား။

မေး။ ။ အခုတော့ ငါကဆဲတယ်ဆိုတော့။ တစ်ကိုယ်လုံးဖြစ်မနေဘူးလား။

ဖြေ။ ။ ဖြစ်နေပါတယ်ဘုရား။

မေး။ ။ ကိုယ်တရားခံဖြစ်မနေဘူးလား။

ဖြေ။ ။ ဖြစ်နေပါတယ်ဘုရား။

အတ္တဒိဋ္ဌိက မသိလို့၊ ရောဂါရှိလို့၊ ဒီရောဂါပျောက်အောင် စဉ်းစား ဆင်ခြင်ကြည့်၊ လိုက်ဆို–

"ဆဲသံသည် ငါကိုယ်ကောင်ကြီးမဟုတ်ပါတကား။
ငါကိုယ်ကောင်ကြီးသည် ဆဲတဲ့အသံမဟုတ်ပါတကား။

www.burmeseclassic.com

www.burmeseclassic.com

# (၅၅)

ဆဲတဲ့အသံပေါ်၌ ငါကိုယ်ကောင်ကြီးက မမှီပါတကား။
ငါကိုယ်ကောင်ကြီးပေါ်၌ ဆဲတဲ့အသံက မမှီပါတကား။
လေးလုံး လေးစိပ်ကွဲ၊ ငါသည် ကျန်းမာအောင်နေတယ်၊ စိတ်ခိုင်းတာ အလုပ်မလုပ်တော့ဘူး"

မလုပ်တော့ဘူးလေ၊ တော်ကြာ ဒေါသခိုင်းတိုင်း သူမလုပ်တော့ဘူး၊ သူတို့ လုပ်သွားပြီး ကိုယ်တရားခံဖြစ်ရရော။

"ဆဲတာ အသံဓာတ်၏အလုပ်၊
ထိုအသံဓာတ်သည် အနိစ္စ, ဒုက္ခ, အနတ္တ,
ငါမပိုင်, ငါမဆိုင်, ငါနဲ့အသွတ်ကြီးပါလား"

နေတံမမ နေသောဟာမသို့ နမေသော အတ္တာဆိုတာ ဒါပဲ၊ မလွယ်ဘူးလား။ ကျွတ်သွား လွတ်သွားတယ်ဆိုတာ ဒါပဲ။ ဖြစ်ပြီးသော အကုသိုလ်တရားကို ပယ်တယ်ဆိုတာ ဒါပဲ၊ မလွတ်ဘူးလား။ ကျွတ်သွား လွတ်သွားတယ်ဆိုတာ ဒါပဲ။ အဲဒီတော့ ပဋ္ဌာန်းကျတော့ ဘယ်လိုလာမလဲ။ အသံဆိုရင် မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါး ပါနေပြီ၊ မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးက အကြောင်း၊ အသံက အကျိုး၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတွေဆိုရင် (စပ်မိရင်) အကုန်ပျက်ကုန်တာပဲ။

အေး ။ မပျက်ဘူးလား။
တပည့် ။ ပျက်ပါတယ်ဘုရား။
မဟာဘူတာဥပါဒါရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။
နိဿယ ပစ္စယေန ပစ္စယော။
အတ္ထိ ပစ္စယေန ပစ္စယော။
အဝိဂတ ပစ္စယေန ပစ္စယော။
ပစ္စယနိဒ္ဒေသမှာ ပါတယ်၊ ရွတ်လဲရွတ်တယ်၊ နာလဲ နာတယ်ဆိုရင်–

အေး ။ လင်းနို့သား ၅၀၀ ထက်မသာဘူးလား။
တပည့် ။ ပါတယ်ဘုရား။
အေး ။ ကိုယ့်ကိုယ်ကို စွပ်စွဲပြီး ငါဆဲတယ်လို့ စွပ်စွဲခဲ့တယ်။ ဘုန်းကြီးနှင့်တကွ ယခုလာကြတဲ့ ဒကာ ဒကာမတွေဟာ လူအမျိုးမျိုးဖြစ်ခဲ့တယ်။ နတ်သမီး၊ နတ်သားဖြစ်ခဲ့တယ်၊ ရေသတ္တဝါတွေကော မဖြစ်ဘူးလား။
တပည့် ။ ဖြစ်ခဲ့ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မေး။ ။ ကုန်းသတ္တဝါတွေကော။

ဖြေ။ ။ ဖြစ်ခဲ့ပါတယ်ဘုရား။

မေး။ ။ ကျားတွေ ကြောင်တွေ ခြင်္သေ့တွေကော မဖြစ်ခဲ့ဘူးလား။

ဖြေ။ ။ ဖြစ်ခဲ့ပါတယ်ဘုရား။

မေး။ ။ ခြင်္သေ့ကြီးတွေဖြစ်တော့။

ဖြေ။ ။ ဟောက်ခဲ့ပါတယ်ဘုရား။

မေး။ ။ ကျားကြီးတွေဖြစ်တော့။

ဖြေ။ ။ ဟိန်းပါတယ်ဘုရား။

မေး။ ။ ဝံပုလွေတွေဖြစ်တော့။

ဖြေ။ ။ ဟောင်ပါတယ်ဘုရား။

မေး။ ။ မျောက်တွေဖြစ်တော့။

ဖြေ။ ။ အူပါတယ်ဘုရား။

မေး။ ။ ဒီစိတ်တွေ ဘယ်သူကခိုင်းလို့တုန်း။

ဖြေ။ ။ ဒေါသက ခိုင်းလို့ပါဘုရား။

မေး။ ။ ဒေါသက ခိုင်းတော့ ဟောက်ကြဟိန်းကြတာပဲ။ အဲဒီတော့ ခြင်္သေ့ကြီး ကျားကြီးတွေက ငါဟိန်းတယ် ငါဟောက်တယ်လို့ ကိုယ့်ကိုယ်ကို စွဲ မထားဘူးလား။

ဖြေ။ ။ စွဲထားပါတယ်ဘုရား။

မေး။ ။ နောက်တုန်းက ခြင်္သေ့ကြီးတွေ ကျားကြီးတွေ ဖြစ်ခဲ့စဉ်က ဟိန်းတယ် ဟောက်တယ်၊ ငါပဲလို့ ငါ့အလုပ်လို့ ကိုယ့်ဟာကိုယ် စွဲထားတာ။ ဘာကြီးပဲဖြစ်ဖြစ် တကယ်ဟိန်းခဲ့ ဟောက်ခဲ့တာက အကောင်အထည် ကျားကြီးတွေက ဟောက်တာလား။ အသံက ဟောက်တာလား။

ဖြေ။ ။ အသံက ဟောက်တာပါဘုရား။

မေး။ ။ ဒီအသံတွေ ကြာကြာနေပါ့မလား။

ဖြေ။ ။ မနေပါဘုရား။

မေး။ ။ အသံဟူသမျှ အနိစ္စ ဒုက္ခ အနတ္တ (လွတ်မသွားဘူးလား)။

ဖြေ။ ။ လွတ်သွားပါတယ်ဘုရား။

မေး။ ။ ဥပန္နာနံ ပါပကာနံ ပဟာနာယ ဝါယမော။ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်တယ်ဆိုတာ ဒါပဲ။ နောက်ကဟာတွေတောင် ငါဆဲခဲ့တယ် လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာကို၊ ကိုယ်ပြောတဲ့အသံတောင်မှ ခုမရှိဘဲနဲ့ နောက်ကပဟာတွေ ရှိပါမလား၊
(မရှိပါဘူး) ဖြစ်ပြီးသော အကုသိုလ်တရား ပယ်တယ်ဆိုတာ ဒါပဲ၊ သင်္ကြိုလ်နော်၊ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယမော– ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ လုံ့လပြုရမယ်၊ သံသရာဘဝ အဆက်ဆက် လူအရပ်ရပ် နတ်အမျိုးမျိုး သတ္တဝါအဖုံဖုံ ကုန်းရေမျိုးစုံ ဖြစ်ခဲ့ကြလို့ ဟိန်းခဲ့ ဟောက်ခဲ့ အော်ခဲ့ ဟစ်ခဲ့တဲ့ အသံဓာတ်တွေ ဟူသမျှ အကောင်တွေရဲ့ အလုပ်လား၊ အသံဓာတ်ရဲ့ အလုပ်လား။

ဖြေ။ ။ အသံဓာတ်ရဲ့ အလုပ်ပါဘုရား။

မေး။ ။ အသံဓာတ်ဟာ အကောင်တွေလို အသက်ရှည်ပါ့မလား။

ဖြေ။ ။ မရှည်ပါဘုရား။

မေး။ ။ ဖြစ်ရင်ပျက်မယ်၊ ကိုယ်နဲ့ဆိုင်သေးသလား။

ဖြေ။ ။ မဆိုင်တော့ပါဘူး။

မေး။ ။ ကိုယ်နဲ့ လွတ်မသွားပေဘူးလား။

မေး။ ။ ကျွတ်ပေပြီ၊ လွတ်ပေပြီ၊ ကျွတ်တယ် လွတ်တယ်ဆိုတာဒါပဲ၊ ဝစီဒုစရိုက်တွေနော်၊ အခုပဲကြည့်၊ ငှက်ကလေးတွေ အော်နေတယ်၊ သူတို့လောဘနဲ့ အော်ချင်လည်း အော်မယ်၊ ဒေါသနဲ့အော်ချင်လည်း အော်မယ်၊ အော်ချင်တဲ့စိတ်ကြောင့် အော်တဲ့အသံလေး ဖြစ်လာရတယ်၊ ဟော သူတို့အခုရှိတယ်၊ ခုပျက်သွားတယ်၊ ငှက်ကလေးတွေကိုတော့ မေတ္တာပို့လိုက်၊ အသံတွေက ငှက်လိုအသက်ရှည်ပါ့မလား။

ဖြေ။ ။ မရှည်ပါဘုရား။

မေး။ ။ မြင်အောင်ကြည့် ဒီကနေကြည့်လိုက်တော့ ကိုယ်မှာ အတ္တဒိဋ္ဌိ၊ ဟိုမှာ အာရုံပြုပြီးတော့ အော် . . . အတ္တဒိဋ္ဌိ၊ စ,ပယ်ရတာ ဒါကို၊ ကိုယ့်အလုပ်မဟုတ်ဘဲ ကိုယ့်အလုပ်ထင်နေတဲ့ လောဘ၊ ဒေါသ၊ မောဟတွေ ပြောမယ့် ပြောရတာ သောတာပန် ဝိသာခါတို့မှ အတ္တဒိဋ္ဌိကို ပယ်သွားနိုင်တာ။ “သောတာပတ္တိမဂ္ဂ၊ ဘာဝေတ္တာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန ပဟီနာ ပါယဂမနေ”တဲ့၊ ဒီအတ္တဒိဋ္ဌိပယ်ဖို့ မကောင်းလား။

ဖြေ။ ။ ပယ်ဖို့ကောင်းပါတယ် ဘုရား။

မေး။ ။ အိုးသံ၊ ခွက်သံ၊ ပန်းကန်သံ၊ ဇွန်းသံ ပေါင်းသိ ကြောင်းကျိုးသိ။ ဇွန်းနဲ့

www.burmeseclassic.com



ပန်းကန်နဲ့ချလိုက်ရင် ဟဲ့ . . . ဘာသံလဲ၊ ကြွေဇွန်းတွေ ကျိုးကုန်ပါ့မယ် (ဇွန်းသံ) ဇွန်းနဲ့အသံတစ်ခုတည်း ထင်နေတယ်၊ အတ္တဒိဋ္ဌိရောဂါ ရှိနေတယ်၊ ဇွန်းနဲ့အသံ တစ်ခုတည်းလား တစ်ခြားစီလား။

ဖြေ။ ။ တစ်ခြားစီပါဘုရား။

မေး။ ။ ဇွန်းကောင်းကောင်းထား၊ အသံက ရှိသေးသလား။

ဖြေ။ ။ မရှိတော့ပါဘုရား။

မေး။ ။ ပရမတ်သဘောနော်၊ မရှိတော့ဘူး ပျက်သွားပြီ၊ ဇွန်းကောင်းကောင်းထားပေ့၊ ဇွန်းကျိုးမှာ ပန်းကန်ကွဲမှာကိုတော့ အများသိတယ်၊ ကလေးတွေသိတယ်၊ အသံကလေး အနိစ္စဆိုတာကိုတော့၊ အဝိဇ္ဇာအမှောင် တိုက်ထားလို့ အခု ဝိပဿနာရှုဖို့မကောင်းလား။

ဖြေ။ ။ ကောင်းပါတယ်ဘုရား။

မေး။ ။ အသံတွေဟူသမျှ အနိစ္စ၊ ဘုန်းကြီးသံ၊ လူသံ၊ ငှက်သံ၊ ဘယ်အသံဖြစ်ဖြစ် မြဲပါ့မလား။

ဖြေ။ ။ မမြဲပါဘုရား။

မေး။ ။ ပုဂ္ဂိုလ် သတ္တဝါတွေကိုတော့ ဘာပဲဖြစ်ဖြစ် မေတ္တာပို့လိုက်၊ ကုသိုလ်တွေ မရလား။

ဖြေ။ ။ ရပါတယ်ဘုရား။

မေး။ ။ ပညတ် ပရမတ် မကွဲလား။

ဖြေ။ ။ ကွဲပါတယ်ဘုရား။

မေး။ ။ အဲဒါ ပဋ္ဌာန်းအစစ်ပဲ၊ ဒီအသံတွေဟာ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးဖြစ်တာ၊ အဲဒါတွေကို မဟာဘူတာ ဥပါဒါရူပါနဲ့ ပဋ္ဌာန်းလုပ်ပြီး ဟောနေတာ၊ (မသိလား)။

ဖြေ။ ။ သိပါတယ်ဘုရား။

မေး။ ။ ကုသိုလ်တွေ မရလား။

ဖြေ။ ။ ရပါတယ်ဘုရား။

မေး။ ။ ကုသိုလ်ဆိုတာ ကောင်းကျိုးပေးမလား၊ မကောင်းကျိုး ပေးမလား။

ဖြေ။ ။ ကောင်းကျိုးပေးပါတယ်ဘုရား။

မေး။ ။ ကောင်းကျိုးပေးရင် လူ့ရွာနတ်ဌာန် ကောင်းရာပဲရောက်မယ်၊ ဘယ်ဟာမှ ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ မကျနိုင်တော့ဘူး၊ ခုတော့ ငါဆဲတယ်၊ ငါမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တာလုပ်ခဲ့တယ်၊ ငါကုံးတိုက်ခဲ့တယ်၊ ငါအကျိုးမရှိတာ ပြောခဲ့တယ်၊ မုသာမိတ်ခွဲ ဆဲရေး ပိန်ဖျင်း ကိုယ့်ဟာကို စွပ်စွဲထားတာ၊ ကိုယ်မှ မသွားဘယ်သူသွားမလဲ၊ ခုတော့ ကိုယ့်ဟာ ဟုတ်ပါ့မလား။

ဖြေ။ ။ မဟုတ်ပါဘုရား။

အသံဓာတ်အလုပ်ကြီး၊ ဝတ္ထုတွေအများကြီး ထုတ်စရာရှိတယ်နော်၊ ထုတ်ချိန် မရဘူး။ အိုးသံ ခွက်သံ ပန်းကန်သံ၊ ဖွန်းသံပေါင်းသိ၊ ကြောင်းကျိုးသိ။

အိုးနဲ့ အသံနဲ့ပေါင်းရင်သိ အတ္တဒိဋ္ဌိ။

အိုးတခြား အသံတခြား ခွဲခြားသိရင် သမ္မာဒိဋ္ဌိ။

အတ္တဒိဋ္ဌိပျောက် သမ္မာဒိဋ္ဌိရောက်။

(ဆရာတော်က ထွေးခံကို တုတ်နဲ့ လက်တွေ့ခေါက်ပြသည်။)

မေး။ ။ အသံထွက်မလာဘူးလား။

ဖြေ။ ။ ထွက်လာပါတယ်ဘုရား။

မေး။ ။ ဘာသံလဲ။

ဖြေ။ ။ ထွေးခံသံပါဘုရား။

မေး။ ။ ထွေးခံရှိသေးသလား။

ဖြေ။ ။ ရှိပါသေးတယ်ဘုရား။

မေး။ ။ အသံကော ရှိသေးသလား။

ဖြေ။ ။ မရှိတော့ပါဘုရား။

မေး။ ။ ကောင်းကင်က နားနကင်းနဲ့ သိကြားကြီးဆင်းပြီး ဟေ့ . . . မယုံကြနဲ့၊ အိုးသံ ပန်းကန်သံ ဖွန်းသံတွေဟာ တစ်ခုတည်းပေါ့လို့ သိကြားမင်းကြီးက ပြောလိမ့်မယ်၊ ယုံကြဦးမလား။

ဖြေ။ ။ မယုံတော့ပါဘုရား။

မေး။ ။ ဘယ်တော့မှ မယုံတော့ပါဘူး၊ အိုးတခြား၊ အသံတခြား၊ အိုးကောင်းကောင်းထားကြ၊ အသံတွေက အနိစ္စ သိကြားမင်းကြီးက နားနကင်းနဲ့ လာပြောတောင် မယုံတော့ဘူး၊ ဝိစိကိစ္ဆာ ပျက်သွားပြီ၊ အဲဒီတော့ ကိုယ့်အကုသိုလ်လေးကိုပဲ ငါဆဲတယ်၊ ငါကုံးတိုက်လိုက်တယ်၊ ငါဆဲလိုက်တယ်၊ ငါအကျိုးမရှိတဲ့ စကားတွေ ပြောလိုက်တယ်ဆိုတော့၊ ငါအလုပ်ချည်းဖြစ်နေတယ်၊ ငါအလုပ်ဟုတ်ကဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ။ မဟုတ်ပါဘုရား။

မေး။ ။ တစ်ကိုယ်လုံးအလုပ် ဟုတ်ကဲ့လား။

ဖြေ။ ။ မဟုတ်ပါဘုရား။

မေး။ ။ ဘယ်ပရမတ်အလုပ်လဲ။

ဖြေ။ ။ အသံပရမတ် အလုပ်ပါဘုရား။

မေး။ ။ တော်တယ်၊ ဖြေတတ်တယ်၊ ဆုပေးဖို့ကောင်းတယ်၊ အပါယ်လေးပါးကင်းသွားပြီ၊ လယ်တီဆရာတော်ကြီးက ဝိညာဏပစ္စယော နာမရူပံ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ်တွေ ဖြစ်ပေါ်လာတယ်၊ "လူ အရပ်ရပ် နတ်အထွေထွေ ရေမျိုး ကုန်းမျိုး ကောင်းကင်မျိုး"ဟု လူတွေ ညာဏ်နဲ့ကြည့်လိုက်စမ်းပါ၊ ကျောက်ဆည်တစ်မြို့လုံး ဗမာတစ်ပြည်လုံး၊ တစ်ကမ္ဘာလုံးလူတွေ မများလား၊ မေ့လို့ မှားလို့ မဟုတ်တာပြောခဲ့မိတယ်၊ ကုံးလည်းတိုက်ခဲ့မိတယ်၊ အကျိုးယုတ်အနတ္ထလည်း ဆဲခဲ့မိတယ်၊ ဘယ်သူ့ အလုပ်လဲ။

ဖြေ။ ။ အသံအလုပ်ပါဘုရား။

မေး။ ။ ဘယ်သူနိုင်းသလဲ။

ဖြေ။ ။ စိတ်ဓာတ် နာမ်ဓာတ်ကနိုင်းလို့။

မေး။ ။ လူအရပ်ရပ်၊ နတ်အထွေထွေ၊ နတ်သမီး နတ်သားတွေကော မဖြစ်ခဲ့ဘူးလား။

ဖြေ။ ။ ဖြစ်ခဲ့ပါတယ်ဘုရား။

မေး။ ။ ဖြစ်တော့ မုသာမိတ်ခွဲ ဆဲရေး ပိန်ဖျင်း တစ်ခုခုမပြောခဲ့ဘူးလား။

ဖြေ။ ။ ပြောခဲ့ပါတယ်ဘုရား။

မေး။ ။ နတ်သမီး နတ်သားတွေရဲ့ အလုပ်လား။

ဖြေ။ ။ အသံရဲ့အလုပ်ပါဘုရား။

မေး။ ။ လူအရပ်ရပ် နတ်အထွေထွေ ရေမျိုး ကုန်းမျိုး၊ ရေထဲမှာရှိတဲ့ သတ္တဝါတွေ ရေတွက်နိုင်ပါ့မလား။

ဖြေ။ ။ မရေတွက်နိုင်ပါဘုရား။

မေး။ ။ မိကျောင်းတဲ့၊ လင်းပိုင်တဲ့၊ သူတို့ကော ဒီအသံတွေမဖြစ်ဘူးလား။

ဖြေ။ ။ ဖြစ်ပါတယ်ဘုရား။

မေး။ ။ ဒေါသဖြစ်ချိန် ဒေါသသံတွေ အော်ကြဟစ်ကြ၊ လောဘဖြစ်ချိန် လောဘ

www.burmeseclassic.com

www.burmeseclassic.com



သံတွေ အော်ကြဟစ်ကြ၊ အကောင်အထည်ကြီးတွေရဲ့ အလုပ်လား၊ အသံ အလုပ်လား။

ဖြေ။ ။ အသံရဲ့အလုပ်ပါဘုရား။

မေး။ ။ ကုန်းမှာရှိတဲ့ ကျားကြီးတို့ ကြောင်ကြီးတို့ ခြင်္သေ့ကြီးတို့ ဖြစ်ခဲ့တဲ့ဘဝတုန်းက မဟိန်းခဲ့ဘူးလား၊ မဟောက်ခဲ့ဘူးလား၊ မအူခဲ့ဘူးလား၊ ခွေးကြတော့ အူတယ်ပေါ့၊ မျောက်လည်း အူတာပဲ၊ အဲဒီတော့ တစ်ကိုယ်လုံးရဲ့ အလုပ်လား၊ အသံရဲ့အလုပ်လား။

ဖြေ။ ။ အသံရဲ့အလုပ်ပါဘုရား။

မေး။ ။ ရှင်းပြီနော်၊ အဲဒီလို ဖြစ်ခဲ့တုံးက ဟိန်းခဲ့ ဟောက်ခဲ့တာတွေရော၊ တစ်ကိုယ်လုံးအလုပ်လား၊ အသံအလုပ်လား။

ဖြေ။ ။ အသံအလုပ်ပါဘုရား။

မေး။ ။ အဲဒီတော့ ကိုယ်လွတ်မသွားပေဘူးလား။

ဖြေ။ ။ လွတ်သွားပါတယ်ဘုရား။

မေး။ ။ လူအရပ်ရပ် နတ်အထွေထွေ ရေမျိုး ကုန်းမျိုး ကောင်းကင်မျိုးဟု ကောင်းကင်မယ် စာကလေးတွေ ငှက်ကလေးတွေ အမျိုးမျိုး အော်ကြဟစ်ကြ၊ လောဘ စိတ်တွေ ဒေါသစိတ်တွေနဲ့ အော်ကြဟစ်ကြ၊ အကောင်တွေရဲ့ အလုပ်လား၊ အသံရဲ့အလုပ်လား။

ဖြေ။ ။ အသံရဲ့အလုပ်ပါဘုရား။

မေး။ ။ ဇင်ယော်ငှက်တွေ ဖြစ်ခဲ့စဉ်က ဒီလိုပဲ လောဘသံတွေ မောဟသံတွေ မဖြစ်ခဲ့ဘူးလား။

ဖြေ။ ။ ဖြစ်ခဲ့ပါတယ်ဘုရား။

မေး။ ။ "ရွှေငှက်ကယ်ဇင်ယော် ရေပေါ်မှာ ဝဲတဲ့ငှက်ကယ် တစ်ကောင်တည်းဟာမို့ မောင်လည်းအတူပူလိမ့်မယ်"၊ ဇင်ယော်ကလေးဟာ ရေပေါ်မှာဝဲပြီး အဖော်နဲ့ကွဲလို့ တစ်ကောင်တည်းဝဲပြီး လွမ်းနေရှာတယ်၊ လွမ်းတယ်ဆိုတာ ဒေါမနဿပဲ၊ အဖော်ကွဲပြီး အော်ဟစ်နေရှာတယ်၊ ဇင်ယော်ငှက်က အော်တာလား၊ အသံက အော်တာလား။

ဖြေ။ ။ အသံက အော်တာပါဘုရား။

မေး။ ။ ဘယ်စိတ်ကြောင့်တုံး။

ဖြေ။ ။ လွမ်းတဲ့စိတ်ကြောင့်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မေး။ ။ "ရွှေငှက်ကယ်ဇင်ယော် ရေပေါ်မှာ ဝဲတဲ့ငှက်ကယ် တစ်ကောင်တည်းဟာမို့ ဖော်ကွဲလို့နေရှာတယ်"၊ သီချင်းလုပ်ပြီး သီချင်းတင် ရပ်နေကြတာကိုး၊ ဇင်ယော်ကလေးကိုတော့ မေတ္တာပို့ရမယ်၊ အသံကပျက်သွားပြီ၊ ဘယ်လို ဝိပဿနာရှုမလဲ။

ဖြေ။ ။ ဖြစ်ပျက် ရှုရပါမယ်ဘုရား။

မေး။ ။ သဒ္ဒေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ အာရမ္မဏ ပစ္စယေန ပစ္စယော၊ အဲဒါ ပဋ္ဌာန်းအစစ်ပဲ၊ လူအရပ်ရပ် နတ်အထွေထွေ အကောင် အထည်ကြီးတွေ အနိစ္စလား၊ အသံ အနိစ္စလား။

ဖြေ။ ။ အသံ အနိစ္စပါဘုရား။

မေး။ ။ ထင်ရှားလိုက်တာ၊ ပဋ္ဌာန်းလဲ ရွတ်ကြလိမ့်မယ်၊ ဒါလေးကိုတော့ လိုက်ဆို ကြ - သဒ္ဒေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ အာရမ္မဏ ပစ္စယေန ပစ္စယော - ပဉ္စဝါရမှာပါတယ်၊ အသံဟူသရွေ့ အနိစ္စ၊ လူ အရပ်ရပ် နတ်အထွေထွေ ကုန်းသတ္တဝါ ရေသတ္တဝါ အကောင်ကြီးတွေ မဟုတ်ဘူး၊ အသံဓာတ်တွေဖြစ်ပြီး ပျက်ကုန်တယ်၊ သူတို့က အော်လိုက် ရတာ၊ သူတို့က ရန်ဖြစ်ကြတာ၊ သူတို့က ဆဲကြတာ၊ အဲဒီတော့ လွတ် လွတ်မသွားဘူးလား။

ဖြေ။ ။ လွတ်လွတ်သွားပါတယ် ဘုရား။

မေး။ ။ ဝမ်းသာစရာ မကောင်းဘူးလား။

ဖြေ။ ။ ကောင်းပါတယ် ဘုရား။

မေး။ ။ ကျွတ်ပေပြီ၊ လွတ်ပေပြီ၊ အေး ဒို့မေ့လို့ မှားလို့ ဒီစိတ်နဲ့ ဒီအသံ ဓာတ်တွေ ဒီလိုဖြစ်တတ်တယ်၊ သူတို့က ငါ၊ ငါ့ဟာ၊ ငါ့ဥစ္စာ လုပ်နေရတယ်၊ မုသာ ဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ = နောက်ကြတော့ ဒီစိတ်တွေ အလို မလိုက်တော့ဘူး၊ တော်ကြာ သူတို့က အလုပ်လုပ်သွားတယ်၊ ငါ့ အလုပ် ငါ့အလုပ်ထင်ပြီး ဝန်ခံကြွေးတွေမိနေတယ်၊ အခုတော့ ကျွတ်ပေပြီ၊ လွတ်ပေပြီ၊ နောက်တော့ မလာခဲ့နဲ့ သင်တို့အပြော လက်မခံတော့ဘူး၊ မှန်တာပြောတယ်၊ ကုန်းလဲ မတိုက်တော့ဘူး၊ မုသားလဲ မပြောတော့ဘူး၊ ဆဲခြင်းဆိုခြင်းလဲ မပြုတော့ဘူး၊ ခုနလို သာဓု သာဓုဆိုတဲ့ အသံတွေ ကောင်းတာတွေ ပြောသွားတော့ မဖြစ်သေးတဲ့ အကုသိုလ်လဲ မဖြစ်တော့ဘူး (သီလဆောက်တည်ထားလို့) ဖြစ်ပြီးတဲ့ အကုသိုလ်လဲ မဖြစ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

## (၆၃)

ဒါတွေ ငါ့အလုပ်မဟုတ်ဘူး၊ ဒီအသံတွေ လိုက်ရှာပြန်တော့ အနိစ္စ ဒုက္ခ အနတ္တ အကုသိုလ်တွေ မကုန်ပေဘူးလား၊ အဲဒါ ဉာဏ်ကုသိုလ်တွေ၊ ဝိပဿနာကုသိုလ်တွေခေါ်တယ်၊ အဲဒါပဋ္ဌာန်းအစစ်၊ ဝတ္ထုတွေပြောရင် အများကြီးရှိတယ်၊ ဒီပြင်ဟာ မကြည့်နဲ့ ထမင်းချက်ရင် ချွမ်းချွမ်းနဲ့ အိုးသံ တွေ ခွက်သံတွေ ပန်းကန်သံတွေ အသံတွေအများကြီးပဲ၊ ပဋ္ဌာန်းသဘော စစ်ကြည့်နိုင်တယ်၊ ခွေးတစ်ကောင် ဟောင်ပြန်ပြီ၊ ခွေးမေတ္တာပို့လိုက်၊ အသံတွေက ဖြစ်ပျက်ကုန်ပြီ၊ မြင်ပြီလား။

ဖြေ။ ။ မြင်ပါပြီ ဘုရား။

မေး။ ။ ပကတိ မျက်စိနဲ့မြင်သလား၊ ဉာဏ်မျက်စိနဲ့ မြင်သလား။

ဖြေ။ ။ ဉာဏ်မျက်စိနဲ့ မြင်ပါတယ်ဘုရား။

မေး။ ။ ဉာဏ်ဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား။

ဖြေ။ ။ ကုသိုလ်ပါဘုရား။

မေး။ ။ ကုသိုလ်ဆိုတာ ကောင်းကျိုးပေးမလား၊ မကောင်းကျိုးပေးမလား။

ဖြေ။ ။ ကောင်းကျိုးပေးမှာပါ ဘုရား။

ဆရာတော် – အသံတွေက မမြဲဘူး အနိစ္စ၊ အမြဲရှိနေတာက နိဗ္ဗာနဓာတ်ကြီး၊ နောက်ကျ အသံမမြဲဘူး၊ အနိစ္စလို့ သဘောပေါက်ပြီး ဉာဏ်မျက်စိဖြစ်လာမယ်၊ စက္ခုံ ဥဒပါဒိ ဉာဏံဥဒပါဒိ ပညာဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ အာလောကောဥဒပါဒိ အလင်းရောင်ဓာတ်ကြီးက မအို မနာ မသေ အမြဲရှိနေတဲ့ နိဗ္ဗာနဓာတ်ကြီး ကို မြင်သွားမယ်၊ မမြင်လို့ မနေနိုင်ဘူး။

### ဆောင်ပုဒ်ကဗျာ

၁။ မသေတဲ့ဓာတ်၊ သေတဲ့ဓာတ်၊ နှစ်ရပ်ရှိ၍နေ၊
၂။ မသေတဲ့ဓာတ်၊ နိဗ္ဗာန်မြတ်၊ ကြပ်ကြပ်အားကိုးလေ၊

ဘယ်တော့မှ မသေတဲ့ဓာတ်ကြီး အားကိုးရတာတော့ မသေတဲ့ဓာတ်ရှိလျှင် သေတဲ့ဓာတ် ကြည့်ရတယ်၊ သေတဲ့အကောင်တွေ မကြည့်ရဘူး၊ မသေတဲ့ဓာတ်မြင်ချင်ရင် သေတဲ့ဓာတ်ကို ကြည့်ရတယ်၊ သေတဲ့ဓာတ်ကိုကြည့်၊ အကောင်မကြည့်နဲ့ အကောင်လို့ ခွေးသွားမကြည့်နဲ့၊ ခွေးသေတာက သမ္မုတိ မရဏသဘောပဲ၊ ခွေးသက်ရှိသတ္တဝါဖြစ်လို့ မေတ္တာပို့လိုက်၊ သူ့တသက်ရှည်လိမ့်မယ်၊ သဘောကျပြီလား။

ဖြေ။ ။ ကျပါပြီဘုရား။

www.burmeseclassic.com

(၆၄)

မေး။ ။ အဲဒါတွေကို အစွပ်အစွဲမှားနေကြတယ်၊ ငါမဟုတ်တာ ပြောခဲ့တယ်၊ မုသာ
ဝါဒ ငါဆဲခဲ့တယ်၊ အကျိုးမရှိတဲ့ အယုတ်တမာ စကားတွေပြောခဲ့မိတယ်
မုသာမိတ်ခွဲ ဆဲရေး ပိန်ဖျဉ်း အပါယ်ချင်း လေးသင်း၀စီကံတွေကို ကိုယ့်
အလုပ်ချည့် လုပ်ထားတာ၊ မသိလို့ အတ္တဒိဋ္ဌိရောဂါဆွဲနေတာ၊ အခု အတ္တ
ဒိဋ္ဌိရောဂါ ပျောက်မသွားဘူးလား။

ဖြေ။ ။ ပျောက်သွားပါတယ်ဘုရား။

မေး။ ။ သမ္မာဒိဋ္ဌိ ဆေးသောက်လိုက်လို့ အမှန်မြင်တာ၊ အကြောင်းနဲ့အကျိုး အမှန်
မြင်လိုက်တော့ တစ်ခုတည်းထင်နေတဲ့ အတ္တဒိဋ္ဌိ ပျောက်သွားတာပေါ့
ဒီတော့ အတ္တဒိဋ္ဌိက စ,ပယ်ရတာ၊ သဘောကျသလား၊ မကျဘူးလား

ဖြေ။ ။ ကျကြပါသည် ဘုရား။

မေး။ ။ ဘာလိုသေးလဲ။

ဖြေ။ ။ မမေ့ဖို့ လိုပါတယ်ဘုရား။

ဆရာတော် – အေး မမေ့ဖို့လိုတယ်၊ အရေးကြီးတယ်၊ ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ
စာဂါနုဿတိ ဒေဝတာနုဿတိ ဥပသမာနုဿတိ – ဥပသမာနုဿတိဆိုတာ နိဗ္ဗာ
ကိုခေါ်တာ၊ မသေတဲ့ ဓာတ်ကြီးဟာ ဥပသမာနုဿတိပဲ၊ ကောင်းကင်ရှိတဲ့ နတ်သာ
နတ်သမီးတွေဟာ ဒီလိုကုသိုလ်နဲ့ နတ်ပြည်တက်နေကြတာ၊ ဝိသာခါ ကျောင်းအမကြ
ဟာ ဒီဉာဏ်တွေ ပွင့်ပြီးတော့ ပရနိမ္မိတဝသဝတ္တီနတ်ပြည်မှာ လူတို့၏ အရေအတွ
အားဖြင့် ကုဋေကိုးရာနှစ်ဆယ့်တစ်ကုဋေနဲ့ အနှစ်ခြောက်သန်း အသက်ရှည်မယ်

သိကြားမင်းကြီးဟာ ဘုရားဆီ ရောက်လာပြီးတော့ ဒီဉာဏ်ပေါက်ပြီးသွား
သောတာပန်ဖြစ်ပြီး သိကြားအဖြစ်ရခဲ့တယ်၊ ယခုထက်တိုင် ရှိနေတယ်၊ နတ်ပြ
ရောက်သွားတော့ ဒီကအခြေခံတွေနဲ့ ဟိုကြတော့ မြန်မြန်သောတာပန် ဖြစ်နိုင်တယ
အဘိဓမ္မာတရားတွေ နာရတာဟာ ဒကာ ဒကာမတွေအနေနဲ့ လင်းနို့သား ၅
ထက်တော့ အဆတစ်ရာ အဆတစ်ထောင် သာနိုင်တယ်၊ ထိုလင်းနို့သားတွေ
ဘာမှတောင် မသိကြဘူး၊ တို့ ဒကာ ဒကာမတွေက ပဋ္ဌာန်းကို တရားအဖြစ်နဲ့ နာရ
အခုသိမလာဘူးလား၊ (သိလာပါတယ်ဘုရား) ကိုင်း အနိစ္စဖြစ်တဲ့ အသံဓာတ်တွေ
ပဋ္ဌာန်းသဘော စိစစ်ကြည့်လိုက်တဲ့အခါ ကုသိုလ်တွေ ဘယ်လောက်ရထားတ
ကုသိုလ်တွေပေါလွန်းလို့ သိမ်းစရာတောင် ရှိမယ်မထင်ပါဘူး၊ သိမ်းမှ သိမ်းနိုင်
လား၊ (ဘာမှမလိုပါဘုရား)။

ဆရာတော် – မမေ့ဖို့လိုတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အပ္ပမာဒေန၊ သမ္ပာဒေထ
မမေ့မလျော့ မပေါ့မတန်
သတိတရားနှင့် သိပွားလိုက်ကြပါကုန်လော့
ဒါယကာ ဒါယိကာမအပေါင်း သူတောင်ကောင်းတို့။
သာဓု . . . သာဓု . . . သာဓု

**အဆစ်ထည့်တရား**

(တရားဆုံး၍ ပရိသတ်ကြီးက သာဓုကို ဝမ်းသာအားရ လိုက်လိုက်လှဲလှဲ ခေါ်ကြသောအခါ ဆရာတော်ဘုရားကြီးက လွန်စွာသဘောကျ၍ ပီတိဖြစ်ပြီး သာဓုခေါ်သံကို ပဋ္ဌာန်းလုပ်၍ အဆစ်ဟောပေးသွားသည်)

ား။ ။ အဆစ်ကလေး ထည့်လိုက်ဦးမယ်၊ ယခု ဘာခေါ်ကြတာလဲ။
ကြီး။ ။ သာဓုခေါ်တာပါ ဘုရား။
ား။ ။ ဘယ်သူ ခေါ်တာလဲ။
ကြီး။ ။ အသံ ခေါ်တာပါဘုရား။
ား။ ။ သာဓုခေါ်ချင်တာတွေက ကုသိုလ်စိတ် စေတသိက်နာမ် ထိုနာမ်ကြောင့် ဖြစ်သော သာဓုခေါ်တဲ့အသံတွေက တစ်သံပြီးတစ်သံ၊ အသစ်အဟောင်း ပြောင်းလဲ၍ နေသောကြောင့် ရုပ်၊ နာမ်နှင့်ရုပ်၊ သာဓုခေါ်ရင် အကုန်ချုပ်၊ ဒကာ ဒကာမတွေ အနိစ္စဖြစ်သွားသလား၊ နာမ် ရုပ်တွေချုပ်သွားသလား။
ကြီး။ ။ နာမ် ရုပ်တွေ ချုပ်သွားတာပါဘုရား။
ား။ ။ ခေါ်ချင်တာက နာမ်၊ ခေါ်တာက ရုပ်၊ ကဲ ရှိသေးသလား။
ကြီး။ ။ မရှိတော့ပါဘုရား။
ား။ ။ မထင်ရှားလား။
ကြီး။ ။ ထင်ရှားပါတယ်ဘုရား။
ား။ ။ တို့ သာဓုခေါ်တယ်ဆိုတာ ကောင်းတော့ကောင်းတယ်၊ စရဏကုသိုလ် ထက် ဝိဇ္ဇာကုသိုလ်က ကျန်နေလို့ အော် သာဓုခေါ်တဲ့နာမ်၊ သာဓုခေါ်တဲ့ ရုပ်တွေ အခုမရှိတော့ဘူး၊ ဒကာ ဒကာမတွေသာ မရှိတာမဟုတ်ဘူး၊ အသံတွေလည်း မရှိတော့ ဘူး၊ သဘောပေါက်ပြီလား။
ကြီး။ ။ ပေါက်ပါပြီ ဘုရား။
ား။ ။ ကုသိုလ်တွေ မရလား။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ။ ရပါတယ်ဘုရား။

မေး။ ။ ကုသိုလ်ရှိနေရင် အပါယ်လေးပါး သွားနိုင်ပါ့မလား။

ဖြေ။ ။ မသွားနိုင်ပါ ဘုရား။

မေး။ ။ သွားကြည့်ရင်တော့ တိရစ္ဆာန်ရဲ့ သွားကြည့်တဲ့ သဘောမျိုးဖြစ်မယ်။

"သောတာပတ္တိမဂ္ဂ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေနပဟီနာ ပါယဂမနော" သင်္ဂြိုဟ်နော် . . ."သဟဝဿဒဿန သမ္ပဒါယ တယဿုဓမ္မာ ဇဟိတာ ဘဝန္တိ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဥ္စ" ပရိတ်ကြီး ရတနသုတ်နော်။

ပရမတ်နဲ့ ပညတ်ကွဲပြီး၊ နာမ် ရုပ်အလုပ် သိလိုက်လို့ရှိလျှင် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိဆိုတဲ့ အနာရောဂါကြီးလည်း ပျောက်မယ်၊ ဝိစိကိစ္ဆာလည်း ပျောက်မယ်၊ တစ်စုံတစ်ယောက်က လာပြီးပြောတဲ့လူနဲ့ ပြောတဲ့အသံ တစ်ခုတည်းပဲ၊ လောကကြီးတစ်ကမ္ဘာလုံး ဒီလိုကြည့်နေတာပဲ၊ အတူပဲလို့ပြောလျှင် ယုံပါအုံးမလား၊ (မယုံတော့ပါဘုရား) ပြောချင်တဲ့ လူတွေက ကျန်းမာအောင်နေ၊ ချမ်းသာအောင်နေ၊ အသံတွေကတော့ ဘယ်သူ့အသံမှ မမြဲဘူး၊ ဝိစိကိစ္ဆာကင်းသွားတာ၊ ဒီလိုကင်းသွားရင် ဘယ်တော့မှ အပါယ်မကျတော့ဘူး။

"အတုတွေမြင်၍ အတတ်တွေသင်၊ အတတ်တွေမြင်၍ အမြင်တွေပေါက်၊ ဝမ်းမြောက်ကြည်ညို ဒီကိုယ်ဒီဘဝ ဒါနနဲ့ ပတ္ထနာတွဲပြီးတော့ သီလကုသိုလ်နဲ့ ပတ္ထနာတွဲပြီးသကာလ၊ သမထဘာဝနာ ဝိပဿနာဘာဝနာ ပတ္ထနာတွဲပြီးတော့ ရဟန္တာ၊ ရဟန္တာမကြီးတွေ မဖြစ်ကြသေးသော်လည်းပဲ အပါယ်လေးဘုံ ခြေစုံကန်ပြီးတော့ နိဗ္ဗာန်တံခါးကြီးကိုဖွင့်၊ အာရုံအေးအေးနဲ့ စိတ်အေးဝမ်းသာ နိဗ္ဗာန်တိုင်အောင် ချမ်းသာကြပါစေကုန်သတည်း။"

သာဓု . . . သာဓု . . . သာဓု

**ကျောက်ဆည်မြို့**
**လေသာဆရာတော်ဘုရားကြီး**
**ဩဝါဒကထာ**

ပဋ္ဌာန်းနဲ့ပတ်သက်၍ ဩဝါဒကထာ ပြောကြပါလို့ လျှောက်ထားတဲ့အတွက် အကျိုးရှိရာ အကျိုးရှိကြောင်း အနည်းငယ် ဩဝါဒပြောကြားပါမယ်။ သာသနာတော်မှာ အန္တရဓာန (ကွယ်ပျောက်ခြင်း) တရား ၅ မျိုးရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁။ အဓိဂမ အန္တရဓာန

၂။ ပဋိပတ္တိ အန္တရဓာန

၃။ ပရိယတ္တိ အန္တရဓာန

၄။ လိင်္ဂ အန္တရဓာန

၅။ ဓာတု အန္တရဓာနရယ်လို့ အန္တရဓာန (ကွယ်ပျောက်ခြင်း) ၅ မျိုး အဋ္ဌကထာ ကျမ်းဂန်များမှာ ဖွင့်ပြထားပါတယ်။

အဓိဂမ ဆိုတာက အသိဉာဏ်မဂ်လေးပါး၊ ဖိုလ်လေးပါး၊ ဈာန်၊ အဘိညာဏ် ဋ္ဌသမ္ဘိဒါတွေကို ခေါ်တယ်၊ အဲဒီတရားစုတွေ ကွယ်ပျောက်ခြင်းကို အဓိဂမ အန္တရဓာနလို့ခေါ်တယ်။

အကျင့်ပဋိပတ်တွေ ကွယ်ပျောက်ခြင်းကို ပဋိပတ္တိ အန္တရဓာနလို့ ခေါ်ဆိုရတယ်။

"တေပိဋကံ သာဋ္ဌကထံ ပါဠိလို" အဋ္ဌကထာများမှာ ဖွင့်ပြခြင်းကြောင့် ပိဋကတ်သုံးပုံနှင့်တကွသော အဋ္ဌကထာပါဠိများကို ပရိယတ္တိလို့ခေါ်တယ်၊ အဲဒီပရိယတ်ကျမ်းစာအုပ်တွေ ကွယ်ပျောက်ခြင်းကို ပရိယတ္တိ အန္တရဓာနလို့ ခေါ်ဆိုရတယ်။

ရဟန်းအသွင် ကွယ်ပျောက်၍ သာသနာကွယ်ခြင်းကို လိင်္ဂ အန္တရဓာနလို့ ခေါ်ဆိုရတယ်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော် မူပြီးသည့်နောက် အဓိဋ္ဌာန်အားလျော်စွာ ဓာတ်တော်တွေ အစုအပုံကျန်ရစ်တယ်၊ အဲဒီဓာတ်တော်တွေ ပရိနိဗ္ဗာန်ပြု၍ ကွယ်ပျောက်ခြင်းကို ဓာတု အန္တရဓာနလို့ ခေါ်ဆိုရတယ်။

## ၁။ အဓိဂမ အန္တရဓာန

ထို ၅ မျိုးတွင် ပထမရှေးဦးစွာ အဓိဂမ အန္တရဓာနအကြောင်းကို ရှင်းပြမယ်၊ အဓိဂမဆိုတာက မဂ်လေးပါး၊ ဖိုလ်လေးပါး အဘိညာဏ် ၆ ပါး၊ ဝိဇ္ဇာသုံးပါး စတဲ့ တရားတွေကို အဓိဂမလို့ခေါ်တယ်၊ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ထားတော်မူခဲ့သော သာသနာ ၅–ထောင်တွင်–

| | |
|---|---|
| ၁။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ခေတ်နှစ်ပေါင်း | ၁၀၀၀ |
| ၂။ ဆဠဘိည ရဟန္တာ ခေတ်နှစ်ပေါင်း | ၁၀၀၀ |
| ၃။ တေဝိဇ္ဇ (ပု၊ ဒိ၊ အာ) ရဟန္တာခေတ် | ၁၀၀၀ |
| ၄။ သုက္ခဝိပဿက ရဟန္တာခေတ် | ၁၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



၅။ အနာဂါမ် သကဒါဂါမ် သောတာပန်ခေတ် ၁၀၀၀

ရယ်လို့ အင်္ဂုတ္တရ အဋ္ဌကထာမှာ သာသနာ ၅-ထောင် အဆင့်ဆင့်ခွဲပြထား တယ်၊ သာသနာတော်တွင် နောက်ဆုံးဖြစ်သော သောတာပန်ပုဂ္ဂိုလ် အသက်ကုန်၍ သေဆုံးသည်အထိကို အဓိဂမအန္တရဓာနရယ်လို့ ခေါ်ဆိုရတယ်။

## ၂။ ပဋိပတ္တိ အန္တရဓာန

အဓိဂမခေတ်ကြီး တိမ်ကောသပျောက်ခဲ့ပေမယ့် အကျင့်ပဋိပတ်တွေကို အားကိုးစရာ ကျန်နေသေးတယ်၊ ရဟန်းသိက္ခာတော်တွေကို အကျင့်ပဋိပတ်လို့ ဆိုပါတယ်၊ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ၊ အဲဒီသီလ ၄-မျိုးကိုပဲ စောင့်ရှောက်ဆောက်တည် နိုင်ကြတော့တယ်၊ အဓိဂမ ဆိုတဲ့ မဂ်ဖိုလ်တွေကို မရနိုင်တော့လို့ပါပဲ။

မဂ်ဖိုလ်တရားတွေ ရချင်လို့ ကျင့်နေကြပေမယ့် မဂ်တရား ဖိုလ်တရား မရ နိုင်တော့ပါဘူး၊ ဒါကြောင့် အကျင့်တရားတွေ တဖြည်းဖြည်း ကွယ်လာပါတော့တယ်၊ ငယ်ကုန်ငယ်ကုန်သော ခုဒ္ဒါနု၊ ခုဒ္ဒကသိက္ခာပုဒ်တွေကို မစောင့်စည်းနိုင်သည့်အတွက် ကာလကြာသောအခါ လွန်ကျူးကုန်ရော၊ တစ်ယောက်နှင့်တစ်ယောက် ပြောဆိုဆုံးမမှုတွေ ကျင့်ကြံမှုတွေ မစောဒနာကြတော့ဘူး၊ ထင်ရာမြင်ရာမှာ ထင်သလို မဖွယ်မရာ နေလာကြတဲ့အတွက် သိက္ခာပုဒ်တွေဟာ တဖြည်းဖြည်း အားနည်းလာပါတယ်၊ ဒုက္ကဋ်၊ ထုလ္လစ္စည်း၊ သံဃာဒိသိက် လွန်ကျူးသူတွေ များလာကြတယ်၊ နောက်ဆုံး ပါရာဇိက သိက္ခာပုဒ် ၄-ပါး လုံနေသေးလျှင် အကျင့်ပဋိပတ်တွေ မကွယ်သေးဘူးတဲ့။

အခုခေတ် အချို့ရဟန်းပေါ့ကြ ကမ္ဗုဒ္ဓာန်းချောင်ထဲ ဝင်ပြီးနေတာကို ကျင့်တယ် ကျင့်တယ်လို့ သူတို့ထင်နေကြတယ်၊ တို့ဘုရားဟော ဒေသနာမှာလာတာ ဒီလိုမဟုတ်ဘူး၊ အကျဉ်းအားဖြင့် (၂၂၇) သွယ်သော သိက္ခာပုဒ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်ရှိသော သီလတွေကို မကျိုးမပေါက်ရအောင် စောင့်ရှောက်တာ မျိုးကို ကျင့်ကြံတယ်လို့ ဆိုရတယ်။

"ငါ့ချစ်သား ရဟန်းများသို့ ဤအမှုသည်မအပ်၊ မအပ်သောကြောင့် မလုပ်နှင့်"လို့ အဲဒီလို မြတ်စွာဘုရား ဆုံးမတော်အတိုင်း ကျင့်ကြံအားထုတ်ခြင်းကို ပဋိပတ္တိလို့ ခေါ်တယ်။

တိုတိုပြောရလျှင် သံဃာဒိသိက်စသော တစ်ခြားသိက္ခာပုဒ်တွေ လွန်ကျူး သည့်တိုင် ပါရာဇိကသိက္ခာပုဒ်လေးပါးကို ထိန်းသိမ်းစောင့်ရှောက်နေသေးလျှင် အကျင့်

www.burmeseclassic.com

www.burmeseclassic.com



ပဋိပတ် မကွယ်သေးဘူးလို့ ဆိုရမယ်၊ အကယ်၍ ရဟန်းတစ်ပါးသည် သေ၍သော် လည်းကောင်း၊ လူထွက်၍သော် လည်းကောင်း၊ သိက္ခာပုဒ် မစောင့်ရှောက်နိုင်တော့ ဘူးဆိုလျှင်၊ ပဋိပတ္တိအန္တရဓာန (အကျင့်ပဋိပတ်ကွယ်ပြီ)မှတ်။

**၃။ ပရိယတ္တိ အန္တရဓာန**

ပဋိပတ္တိကွယ်ပြီးနောက် ပရိယတ်ပဲ အားကိုးစရာကျန်တော့တယ်၊ အဲဒီပရိယတ်လည်း တစတစ ကွယ်လိမ့်မယ်၊ သုတ် အဘိဓမ္မာ ဝိနည်းရှိတဲ့အနက် အထွတ်အထိပ်ဖြစ်တဲ့ အဘိဓမ္မာက စကွယ်မယ်၊ အဘိဓမ္မာ ခုနစ်ကျမ်းအနက် ပဋ္ဌာန်းကျမ်းကြီးက စကွယ်မယ်၊ အခုကိုပဲ ပဋ္ဌာန်းကျမ်းက ကွယ်တော့မလိုဖြစ်နေတယ်၊ ကျုပ်တို့ စာသင်သား လောကမယ် ကြည့်တဲ့အခါ ပဋ္ဌာန်းကုန်တယ်လို့ ပြောကြပေမယ့် ကုသလတိက်တစ်ခုလောက်ပဲ ကုန်အောင်ရွတ်နိုင်တယ်၊ တိက်(၂၃) ဒုက်(၁၀၀)အကုန် မရွတ်နိုင်ကြဘူး၊ ပဋ္ဌာန်းရွတ်ကြတဲ့အခါ တိက်တွေ ဒုက်တွေ အများကြီးကွယ်နေတယ်လို့ ဆိုရမယ်။

ပရိယတ္တိနှင့် ပဋိပတ်က အချင်းချင်းဆက်နွယ်လျက် ရှိနေတယ်၊ ပရိယတ်အခြေပါမှ ပဋိပတ်လုပ်ငန်း တွင်ကျယ်ထိရောက်နိုင်မယ်၊ ပရိယတ်အရေးကြီးပုံကို ကျမ်းဂန်တွေက ဒီလိုပြဆိုထားကြတယ်။

**ယာဝ တိဋ္ဌတိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။**
**ယာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။**

အဓိပ္ပါယ်။ ။ သုတ် ဝိနည်း အဘိဓမ္မာ ဒေသနာသုံးရပ် ထွန်းတောက်တည်ရှိလျှင် ဤလောက၌ နေထွက်သည့်ပမာ ရောင်ဝါဖြန့်ခင်း အလင်းကို တွေ့မြင်နိုင်ပါလိမ့်မယ်။

**သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယ မှိစ။**
**တမော ဘဝိဿတိ လောကော၊ သူရိယေ အတ္ထင်္ဂတေ ယထာ။**

အဓိပ္ပါယ်။ ။ သုတ် ဝိနည်း အဘိဓမ္မာ ဒေသနာသုံးလီ မတည်မရှိလျှင် အနောက်တောင်စွယ် နေမင်းကွယ်သကဲ့သို့ ဤလောကကြီးသည် အမိုက်မှောင်လွှမ်း မျက်ကန်းချည့်သာ ရှိလိမ့်လတ့်။

**သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။**
**ပဋိပတ္တိယံ ဌိတော ဓိရော၊ ယောဂက္ခေမံ နဓံသတိ။ ।**

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်။ ။ ပရိယတ်ကို စောင့်ထိန်းလျှင် ပဋိပတ်ကိုလည်း စောင့်ထိန်းပြီးဖြစ်၏။ ပဋိပတ်၌ ရပ်တည်နိုင်သော ပညာရှင်သည် ယောဂလေးဖြာ ကုန်စခန်းသို့ တက်လှမ်းနိုင်မည်သာ။

ယခုအခါ အမြို့မြို့ အရွာရွာတွင် ပဋ္ဌာန်းပါဠိတွေ ရွတ်နေကြသေးလို့ ပါဠိ အနေဖြင့် ကွယ်တယ်လို့ မဆိုနိုင်သေးဘူး၊ အနက်အဓိပ္ပါယ်ကတော့ ကွယ်လုမတတ် ဖြစ်နေပြီ၊ တော်တော်ကို ကွယ်နေပြီ၊ အဲဒီတော့ ပရိယတ္တိ သာသနာကြီးမကွယ်ရလေ အောင် ကျောက်ဆည်မြို့ ရဲစုကျောင်းတိုက်အတွင်းမှာ နေ့ညအသံမစဲ ပဋ္ဌာန်းရွတ် ဖတ်ပူဇော်ပွဲ ပြုလုပ်နေတာဟာဖြင့် ပရိယတ္တိသာသနာတော်ကြီး မြန်မြန်မကွယ်ရအောင် ဆိုတဲ့ ရည်ရွယ်ချက်ပဲဖြစ်တယ်၊ ပဋ္ဌာန်းဒေသနာတော်ကို ကြားနာရတဲ့အခါ ကြားကြ သမျှသော ဝေနေယျသတ္တဝါတွေအဖို့ ကုသိုလ်တရားတွေ (ကြီးကျယ်သော ဓမ္မသဝန ကုသိုလ်တွေ) အင်မတန်ရကြပါတယ်။

လူ့ပြည် လူ့လောကတွင်သာ မဟုတ်သေးဘူး၊ နတ်ပြည် နတ်လောကမှာ ရှိတဲ့ ဘုမ္မဇိုဝ်း၊ ရုက္ခဇိုဝ်း၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်ပြည်မှာရှိတဲ့ နတ်တွေ အသည်သတ် အရူပဗြဟ္မာ ချန်ထား၍ ကျန်ဗြဟ္မာကြီးတွေ ပဥ္စဝေါကာရမှာ ရှိကြတဲ့ သုဒ္ဓါဝါသဗြဟ္မာကြီးတွေမှအစ သူတို့လာပြီးတော့ တရားနာနေကြတယ်၊ လူတွေက မမြင်မသိလို့သာ ရှိရမယ်၊ နတ်တွေဗြဟ္မာတွေ တရားလာနာနေကြတာ အမှန်ပဲ။

ဥပမာပြောမယ်၊ မြတ်စွာဘုရားသခင်က ဒွေမေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေနလို့ ဓမ္မစကြာတရားရွတ်လိုက်သည်နှင့် တပြိုင်နက် တစ်သောင်းသော စကြဝဠာမှာရှိရှိသမျှ နတ်ဗြဟ္မာတွေဟာ အကုန်လုံး မိဂဒါဝုန်တောသို့ ဓမ္မစကြာတရား လာနာကြတယ်၊ လူတွေလို ကြော်ငြာနေရတာမဟုတ်ဘူး၊ အခုလို တရားသံကလေး ကြားလိုက်ရသည် နှင့်တစ်ပြိုင်နက် ဗြဟ္မာကြီးတွေဟာ ဒိဗ္ဗသောတ အဘိညာဏ်ဖြင့် သူတို့ကြားသိကြသည့် အခါ အော် မြတ်စွာဘုရားသခင် တရားတော်တွေ ဟောပြောပြသနေပါကလား၊ ပဋ္ဌာန်း ဒေသနာတော်တွေ ဟောပြောနေပါကလားဆိုပြီး အဲဒီဗြဟ္မာကြီးတွေ လူ့ပြည်လူ့လောက ဆင်းပြီး တရားလာနာနေကြတယ်၊ အကယ်၍ မြင်မယ်ဆိုရင် မရေတွက်နိုင်လောက် အောင် မြောက်မြားစွာ လာနာနေကြတယ်။

ဒီတော့ ပဋ္ဌာန်းဒေသနာ မကွယ်ရလေအောင် (အနက်တွေကတော့ အချို့ ကွယ်နေပါပြီ၊ ပါဠိကိုပဲ စာအုပ်ဓာရဏအားဖြင့် အာရုံ ပဋ္ဌာန်းပါဠိတော်ကိုဆောင်တဲ့ တိပိဋကဓရ,ရတဲ့ ဆရာတော်လေးပါးလောက်ပဲ ရှိတော့တယ်၊ အဘိဓမ္မာ ပိဋကတ်အောင်ပြီးသား ပုဂ္ဂိုလ်တွေလည်း ရှိသေးတော့ ပဋ္ဌာန်းဒေသနာကွယ်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်သေးဘူး၊ သို့သော် အားတော့နည်းနေပြီ၊ အဲဒီ တိပိဋကဓရပုဂ္ဂိုလ်တွေလောက်ပဲ ရှိတော့တယ်၊ သူတို့လည်းပဲ ခဏသာပြန်ဆိုနိုင်ကြတယ်၊ နောက်တော့ အမြဲမပြတ် ရွတ်နိုင်ကြတော့ ဘူး၊ အမြဲမပြတ် မရွတ်နိုင်ကြသည်ဖြစ်သောကြောင့်) ယခုနေ့ည အသံမစဲ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ လုပ်တယ်ဆိုတာ –

(က) ပဋ္ဌာန်းဒေသနာတော်ကြီး မကွယ်မပျောက်ရလေအောင်ဟူသော ရည်ရွယ်ချက်။

(ခ) ကုသိုလ်တရား ပွားများပါစေဟူသော ရည်ရွယ်ချက်တို့ဖြင့် ပြုလုပ်ကြခြင်းဖြစ်တယ်။

ပရိယတ်ကွယ်တဲ့အခါ ပိဋကတ်သုံးပုံတွင် အဘိဓမ္မာက စကွယ်မယ်၊ အဘိဓမ္မာတွင်လည်း ပဋ္ဌာန်းဒေသနာတော်ကြီးက စကွယ်မယ်၊ ပဋ္ဌာန်းပြီးတော့ ယမိုက်, ကထာဝတ္ထု, ပုဂ္ဂလပညတ်, ဓာတုကထာ, ဝိဘင်း, ဓမ္မသင်္ဂဏီ အစဉ်အတိုင်းကွယ်မယ်။

အဘိဓမ္မာကွယ်ပြီးနောက် အင်္ဂုတ္တရနိကာယ်၊ သံယုတ္တနိကာယ်၊ မဇ္ဈိမနိကာယ်၊ ဒီဃနိကာယ်တွေ ကွယ်မယ်၊ ဒီဃနိကာယ်ကွယ်ပြီးနောက် ဝိနည်း ၅–ကျမ်းကွယ်၊ တိုင်းပြည်အုပ်စိုးတဲ့ မင်းတွေက အသပြာထောင်ထုပ်ကို ဆင်ပေါ်တင်ပြီး မြတ်စွာဘုရားသခင်ဟောတဲ့ ဒေသနာကို ရွတ်ဖတ်နိုင်သူရှိလျှင် အသပြာထောင်ထုပ်ကို ယူလော့ဟု စည်ခတ်ပြီး ကြေငြာတာတောင် ရွတ်နိုင်သူမရှိ ဖြစ်လိမ့်မယ်၊ အဲဒီအခါ ပရိယတ်သာသနာ ကွယ်ပြီမှတ်။

လေးပါဒ ရွတ်နိုင်သေးလျှင် သာသနာ မကွယ်သေးဘူး၊ ဥပမာ –

**အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

လို့ အဲဒါလောက် ရွတ်နိုင်သေးလျှင် ပရိယတ္တိသာသနာ မကွယ်သေးဘူး၊ အဲဒီလို လေးပါဒကလေးမှ ရွတ်နိုင်သူ မရှိတဲ့အခါ ပရိယတ္တိအန္တရဓာန (ပရိယတ်ကွယ်ပြီ)မှတ်။

## ၄။ လိင်္ဂအန္တရဓာန

ပရိယတ္တိကွယ်ပြီးနောက် ရဟန်းအသွင်အပြင်တွေ ကွယ်အုံးမယ်၊ ကျုပ်တို့ ရဟန်းကြီးတွေ အကျင့်စာရိတ္တ ပျက်ပြားတဲ့အခါကျတော့ ရဟန်းအသွင်အပြင်တွေ တစတစကွယ်ပျောက်မယ်၊ ရဟန်းဟူသော အသွင်အပြင် အရဟတ္တဓဇသင်္ကန်းကို

www.burmeseclassic.com

www.burmeseclassic.com



မဝတ်နိုင်သည်ဖြစ်သောကြောင့် လက်မှာဖြစ်စေ ခေါင်းမှာဖြစ်စေ လည်ပင်းမှာဖြစ်စေ၊ တရုတ် များသေတဲ့အခါ အဝတ်နက်ကလေးများ အထိမ်းအမှတ် ပတ်ထားသလို သင်္ကန်းစကလေးများကို ပတ်ထားပြီး သူတစ်ပါးလှူတဲ့ ကြေးငွေဖြင့် ကုန်သွယ်လယ်လုပ်ကြလိမ့်မယ်၊ အဲဒါလည်း ရဟန်းဟူသော အသွင်အပြင် မပျက်သေးတဲ့အတွက် လိင်္ဂသာသနာကွယ်တယ် မဆိုရသေးဘူး။

နောက်ပိတ်ဆုံး တိုတိုပြောရလျှင် ယခုလို သင်္ကန်းဟူသော အသွင်အပြင် အထိမ်းအမှတ် အဝတ်စကလေးကိုတောင် မဝတ်ချင်ကြတော့ဘဲ ကိုယ်ထင်ရာမြင်ရာ ထင်သလို ဝတ်စားနေထိုင်ကြတဲ့အခါ အသွင်အပြင်ဟူသော လိင်္ဂသာသနာကွယ်ပြီလို့ ဆိုရမယ်။

## ၅။ ဓာတုအန္တရဓာန

နောက်ပိတ်ဆုံး ဘာကျန်သေးသလဲ၊ မြတ်စွာဘုရား အဓိဋ္ဌာန်ထားခဲ့တဲ့ ဓာတ်တော်မွေတော်တွေ ကျန်တော့တယ်။

"ငါ၏ဓာတ်တော်တွေသည် အကြင်မြို့ရွာများ၌ ကိုးကွယ်ပူဇော်မည့်သူရှိလျှင် ထိုမြို့ရွာ၌ တည်နေပါစေ၊ အကယ်၍ ဤအရပ်ဤဌာန၌ ပူဇော်ပသမှု မရှိတဲ့အခါ ပူဇော်ပသ ကိုးကွယ်မှုများရာဌာနသို့ ရောက်စေသတည်း"။

ဟု အဓိဋ္ဌာန်ခဲ့သည့်အားလျော်စွာ ဓာတ်တော်မွေတော်တွေဟာ လောကဓာတ်တစ်ခုလုံး အနှံ့အပြားတည်ရှိနေကြတယ်၊ နတ်ပြည်မှာလည်း ရှိတယ်၊ ဗြဟ္မာပြည်မှာလည်း ရှိတယ်၊ နဂါးပြည်မှာလည်း ရှိတယ်၊ လူ့ပြည်မှာ အများဆုံးရှိနေတယ်၊ အဲဒီဓာတ်တော်မွေတော်တွေဟာ ကိုးကွယ်ပူဇော်မည့်သူ ရှိတဲ့အခါ လာပြီးစုနေတတ်တယ်၊ ကိုးကွယ်ပူဇော်မှု မရှိကြတဲ့အခါ သီဟိုဠ်ကျွန်း မဟာစေတီမှာ ဓာတ်တော်တွေအားလုံး စုကြမယ်။

မဟာစေတီမှာ စုပြီးတဲ့အခါ မဟာစေတီမှတဆင့် နာဂဒီပကျွန်းရှိ စေတီမှာ စုမယ်၊ အဲဒီစေတီမှတဆင့် ဗောဓိပင်မှာစုမယ်၊ တစ်ကမ္ဘာလုံးရှိတဲ့ ဓာတ်တော်တွေ ဒီဗောဓိပင်မှာစုပြီး ဘုရားအသွင်ကဲ့သို့ ၃၂ ပါးသော ယောကျ်ားမြတ်တို့ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တစ်လံမျှလောက်သော ရောင်ခြည်တော်တို့ဖြင့် ထွန်းလင်းတောက်ပပြီး ဘုရားသက်တော်ထင်ရှား ရှိသကဲ့သို့ ကိုယ်ထင်ရှားစွာ ပြစေသတည်းလို့ အဓိဋ္ဌာန်ထားခဲ့တယ်၊ အဓိဋ္ဌာန်အားလျော်စွာ ကဏ္ဍာအသည်ရှိသော ဥယျာဉ်မှူးသည် စိုက်ပျိုးအပ်သော သရက်ဖြူပင်အရင်း၌ ရေမီးအစုံစုံသော

www.burmeseclassic.com

www.burmeseclassic.com

(၇၃)

တန်ခိုးပြာဋိဟာကို ပြသကဲ့သို့ မဟာဗောဓိမှာရှိတဲ့ ဓာတ်တော်တွေက တန်ခိုးပြာဋိဟာ ပြကြလိမ့်မယ်၊ တေဇောဓာတ်တွေ တောက်လောင်ပြီး ပြာအတိကျသွားမယ်၊ အဲဒီအခါ ဓာတုပရိနိဗ္ဗာန်လို့ ဆိုရတယ်၊ ဒီနေရာမှာ ပရိနိဗ္ဗာန် သုံးမျိုးအကြောင်းကို သိထားရမယ်။

၁။ ကိလေသာ ပရိနိဗ္ဗာန်

၂။ ခန္ဓ ပရိနိဗ္ဗာန်

၃။ ဓာတု ပရိနိဗ္ဗာန်လို့ ပရိနိဗ္ဗာန်သုံးမျိုးရှိနေတယ်။

**ဘုရားဖြစ်တော်မူသောနေ့ ဗောဓိပင်နင့် ရွှေပလ္လင်ဝယ် ကိလေသာဟူသမျှ ချုပ်ငြိမ်းခြင်းကို ကိလေသာပရိနိဗ္ဗာန်လို့ ခေါ်တယ်၊**

**ကုသိနာခရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် မြောက်သို့ ဦးတွင်းပြုလျက် ခန္ဓာဝန်ချုပ်ငြိမ်းခြင်းကို ခန္ဓပရိနိဗ္ဗာန်လို့ ခေါ်တယ်၊**

**ရှိရှိသမျှ ဓာတ်တော်တွေ မဟာဗောဓိမှာစုပြီး တေဇောဓာတ်လောင်၍ ချုပ်ငြိမ်းခြင်းကို ဓာတုပရိနိဗ္ဗာန်လို့ ခေါ်တယ်၊**

ယခုအခါ။

ဘုရားရှင်လည်း ပရိနိဗ္ဗာန်ပြုပြီးပြီ သို့သော် ဓာတုပရိနိဗ္ဗာန်ပြုသည့်အခါ ဘုရားရှင် နောက်ဆုံးတရားကို နတ်ပရိသတ်တို့ နာကြားနိုင်လိမ့်မည် ဖြစ်ပါသည်။

ထိုနတ်ပရိသတ်ထဲတွင် ဓာတုဘုရားရှင်၏တရားကို နာကြားနိုင်သည့် နတ် အခွင့်အရေးရရန်အတွက် လက်ရှိလူ့ဘဝအခြေအနေတွင် လုပ်ဆောင်နိုင်ပါသည်။

အိပ် စား ကာမအတွက်သာ သင့်ဘဝကို လုံးပန်းနေပြီး အသေစောသွားလျှင် ထိုအခွင့်အရေးများ ဆုံးရှုံးသွားရပါမည်။

ထို့ကြောင့် – ယနေ့မှစပြီး ထိုအခွင့်အရေးကောင်းကို ရလိုပါက ဂတိမြဲအောင် ပြုကျင့်ရန်လိုပါမည်။

လူ နတ် ဗြဟ္မာ ဂတိမြဲစေရန်အတွက် အနည်းဆုံး "သဒ္ဓါပေမ"နှင့် "မေတ္တာ ပေမ" ဖြစ်အောင် မိမိစိတ်ကို မွေးမြူတတ်ရပါမည်။

လက်တွေ့လုပ်ဆောင်မှုအနေဖြင့် ယနေ့မှစပြီး မိမိအတွက် အခွင့်အရေးရပိုင် ခွင့် မှန်သမျှတည်းမှ ထုတ်နှုတ်ပြီး အများအတွက် ဦးစားပေးဆောင်ရွက်နိုင်ခြင်း အမှုကိစ္စတို့ကို ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်ပါဟု တိုက်တွန်းအပ်ပါသည်။

"ငါးကိုလိုချင်လျှင် ငါးစာတပ်ပြီးမျှားမှ ငါးရပါမည်" ကုသိုလ်လိုချင်လျှင် လည်း ကုသိုလ်အလုပ်လုပ်မှ ကုသိုလ်ရပါမည်။

အကြောင်းမဲ့ အကျိုးမဖြစ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဤစာမျက်နှာအထိ သင်ဖတ်ရှုပြီးပါက ဗုဒ္ဓဓမ္မ၏ဆိုလိုချက် အကြောင်း အကျိုးတရားများကို အတော်အသင့် နားလည်နိုင်ပြီဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဘုမသိ ဘမသိ ဝလုံးတန်းအဆင့်မျှသာ ရှိနေပါလျက် ကိုယ့်ဘဝ ကိုယ့်အဆင့်အတန်းကို မထည့်တွက်တော့ဘဲ အလွယ်တကူပင် ကြုံတိုင်း ကြုံတိုင်း နိဗ္ဗာန်ကိုသာ တဖွဖွရွတ်ဆို တောင်းဆိုနေတတ်ကြပါသည်။

သင်သည် အမှန်တကယ်သာ နိဗ္ဗာန်ကိုရလို ရောက်လိုသည်ဆိုပါက နိဗ္ဗာန် ရွှေပြည်သို့ ရောက်နိုင်သည့်လမ်းကြောင်းတစ်ခုကို ကျွန်ုပ်ဉာဏ်မှီသမျှ တင်ပြလိုပါ သည်။

မြန်မာဗုဒ္ဓဘာသာဝင်တိုင်း ဓမ္မစကြာသုတ်ကို ဖတ်ဖူးမှတ်ဖူး ကြားဖူးရှိကြပါသည်။

နှုတ်ငုံ ကျက်မှတ် အလွတ်ရရှိကြသော်လည်း ဆိုလိုသည့်အနက်အဓိပ္ပါယ်ကို ပုံဖော်သိရှိနိုင်သူ အလွန်နည်းလှပါသည်။

ယခု ထိုဓမ္မစကြာသုတ်ကို တစ်ဖန်ပြန်၍ လေ့လာကြည့်ကြပါဆို့။

**"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"** ဟု အစချီ၍ ဖွင့်ပြထားပါသည်။

အစွန်းတရားနှစ်ပါးတို့ကို မမှီဝဲအပ်ကုန်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထိုအစွန်းတရားနှစ်ပါးကိုလည်း လယ်တီဆရာတော်ဘုရားကြီး၏ ဓမ္မစကြာ သုတ်တွင် ဤကဲ့သို့ ဖွင့်ဆိုထားခဲ့ပါသည်။

(အစွန်းအယုတ်ဟု သမုတ်အပ်ကုန်သော) တရားနှစ်ပါးတို့သည်ကား-

၁။ ယုတ်မာသော ရွာသူရွာသား မြို့သူမြို့သားတို့၏ လက်ကိုင်ဖြစ်သော ပုထုဇဉ်သတ္တဝါတို့၏ အလေ့အမူအရာဖြစ်သော၊ အရိယာပုဂ္ဂိုလ်တို့နှင့် မဆိုင်သော လောကီအာရုံ ကာမဂုဏ်တို့၌ ကာမချမ်းသာကို သာယာတပ်ငြား လိုက်စားအား ထုတ်မှုဟုဆိုအပ်သော အကြင်အစွန်းသမုတ် အယုတ်တရားမျိုးသည်လည်း ရှိလေ၏။

၂။ ကိုယ်ချမ်းသာမဖက် ဆင်းရဲမှုသက်သက်မျှသာဖြစ်သော၊ အရိယာ ပုဂ္ဂိုလ်တို့နှင့်မဆိုင်သော အကျိုးတစ်စုံတစ်ရာနှင့် မစပ်ယှဉ်သော ရေချိုး မီးလှုံ ဆူးပုံ၌ အိပ်ခြင်း အစရှိသည့် မိမိကိုယ်ကို ပင်ပန်းအောင်သာ လွန်စွာကျိုးပမ်းလေ့ရှိသော အကြင်အစွန်းသမုတ် အယုတ်တရားမျိုးသည်လည်း ရှိလေ၏ဟု ဖွင့်ထားပါသည်။

ဆက်လက်၍ ဖွင့်ပြထားသည်ကား –

**"တေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ"**

www.burmeseclassic.com

www.burmeseclassic.com

(၇၅)

အနက်အဓိပ္ပါယ်သည်ကား –

"ချစ်သားရဟန်းတို့ စင်စစ်နှစ်ပါးကုန်သော ထိုအစွန်းသမုတ် အယုတ်တရားတို့ကို မကပ်မရောက်မူ၍ ငါဘုရားသည် အကြင် **အလယ်လမ်း** ဟုဆိုအပ်သော **အကျင့်မြတ်** ကို သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း၍သိတော်မူအပ်လေပြီ"ဟု ဟောပြထားပါသည်။

ဤကဏ္ဍ၌ စကားစပ်၍ တင်ပြလိုသည်က –

"မဇ္ဈိမာ ပဋိပဒါ"ဆိုသော ပါဠိကို **အလယ်အလတ်**လမ်းဟု ဖွင့်ဆိုသောစာအချို့ကို ဖတ်မိထားသူများက အကောင်းဆုံးလည်းမဟုတ် အညံ့ဆုံးလည်းမဟုတ် ကောင်းတကောင်း လမ်းစဉ်ကဲ့သို့ မှတ်ယူထားကြပါသည်။

အချို့ကမူ မလျော့မတင်း စောင်းကြိုးညင်းကဲ့သို့ဟူ၍ ဖွင့်ဆိုထားသည်ကို အဓိပ္ပါယ်ပုံဖော်သည့်အခါတွင်မူ အယူလွဲသွားတတ်ကြပါသည်။

မလျော့မတင်းဆိုသည်က –

စောင်းကြိုးလျော့လွန်းပါက ကိုယ်လိုချင်သောအသံကို မရခြင်းနှင့် စောင်းကြိုးတင်းလွန်းပါကလည်း ကိုယ်လိုချင်သောအသံကို မရခြင်း ဖြစ်တတ်သည်ကိုသာ ညွှန်းဆိုခြင်းဖြစ်ပါသည်။

မိမိလိုသောအသံကို ရလိုသူသည် မိမိလိုသောအသံနှင့် ကိုက်ညီနိုင်သည့် စောင်းကြိုးကို အတင်းအလျော့ ပြုပေးခြင်းသည်သာ ဖြစ်ပါသည်၊ မည်သည့်အတိုင်းအတာအထိ လျော့ရမည် တင်းရမည်ဟု ပုံသေသတ်မှတ်ထားရန် မလိုပါ။

"မဇ္ဈိမာ ပဋိပဒါ"ကို အချို့အချို့သော ပုဂ္ဂိုလ်များက ပြီးစလွယ်ပင် မလျော့မတင်းနှင့် အလယ်အလတ်လမ်းစဉ်ဟု ဖွင့်ဆိုကြပြီး အနက်အဓိပ္ပါယ်ကိုလည်း အောက်ပါအတိုင်း ယူထားကြပါသည်။

ဥပမာ – လူတစ်ဦးသည် ငှက်ပျောသီးခြောက်လုံး စားပြီးသော်လည်း မဝသေးသဖြင့် နောက်ထပ် ခြောက်လုံးစားလိုက်သောအခါ စားပိုးနင့်ပြီး သေသွားသည်ကို ကြည့်၍ အလယ်အလတ်ဖြစ်သော ၆ လုံးနှင့် ၁၂ လုံးကြား ၉ လုံးဟု သတ်မှတ်၍ ထိုသူ့ကိုမဆို ကြီးငယ်မဟူ ၉ လုံးသာစားသင့်ကြောင်း မှတ်ယူထားသကဲ့သို့ ဖြစ်နေကြပါသည်။

အလယ်အလတ်ဆိုသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို မသုံးစွဲဘဲ **အလယ်လမ်း** ဟုသာ ရေးသားထားချက်ကို ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဓမ္မစကြာသုတ်အား အင်္ဂလိပ်မြန်မာပြန်ဆိုခဲ့သော ဆရာကြီးဦးဖေမောင်တင်၏ (ဓမ္မစကြာနှင့်

www.burmeseclassic.com

www.burmeseclassic.com



အနတ္တလက္ခဏာသုတ်) စာအုပ်တွင် ထင်ထင်လင်းလင်း တွေ့မြင်ဖတ်ရှုနိုင်ပါသည်။

"မဇ္ဈိမာ ပဋိပဒါ"ဝဋ်ဒုက္ခအပေါင်းတို့မှ လွတ်မြောက်ရာလမ်း ထို**အလယ်လမ်း**၏ စွမ်းအားသတ္တိကိုလည်း ဘုရားရှင်က –

**စက္ခုကရဏီ** – သစ္စာ(၄)ပါးကို မြင်စေနိုင်သော ပညာမျက်စိကိုလည်း **ပြုပြင်စီရင်တတ်** ပေ၏။

**ဉာဏကရဏီ** – အသိဉာဏ်ပွင့်လင်းမှုကိုလည်း **ပြုပြင်စီရင်တတ်** ပေ၏။

**ဥပသမာယ** – ကိလေသာမီး အပြီးချုပ်ငြိမ်းစေခြင်းငှာ။

**အဘိညာယ** – ဉာဏ်ကွန့်မြူး၍ အထူးသိစေခြင်းငှာ။

**သမ္ဗောဓာယ** – မဖောက်မပြန် မှန်ကောင်းမွန်စွာ သိစေခြင်းငှာ။

**နိဗ္ဗာနာယ သံဝတ္တတိ** – ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းစေ ခြင်းငှာ ဖြစ်၏ဟု သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူအပ်လေသည်ဆိုသော မိန့်ကြားချက်ကို အတိအလင်း ဖော်ကျူးဟောကြား ထားခဲ့ပါသည်။

ထိုမှတဆက်တည်းပင် "မဇ္ဈိမာ ပဋိပဒါ" အလယ်လမ်း၏ မဂ္ဂင်အကျင့်မြတ် ဖြစ်သော –

**သမ္မာဒိဋ္ဌိ** – ကောင်းစွာမြင်ခြင်း

**သမ္မာသင်္ကပ္ပ** – ကောင်းစွာကြံခြင်း

**သမ္မာဝါစာ** – ကောင်းစွာပြောဆိုခြင်း

**သမ္မာကမ္မန္တ** – ကောင်းစွာပြုလုပ်ခြင်း

**သမ္မာအာဇီဝ** – ကောင်းစွာအသက်မွေးခြင်း

**သမ္မာဝါယမ** – ကောင်းစွာအားထုတ်ခြင်း

**သမ္မာသတိ** – ကောင်းစွာအောက်မေ့ခြင်း

**သမ္မာသမာဓိ** – ကောင်းစွာတည်ကြည်ခြင်းဆိုသည့် အကျင့်မြတ်ကို ကျင့်နိုင်ပါက –

**စက္ခုံဥဒပါဒိ** – ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

**ဉာဏံဥဒပါဒိ** – အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

**ပညာဥဒပါဒိ** – အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှား ဖြစ်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

(၇၇)

**ဝိဇ္ဇာဥဒပါဒိ** – ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

**အာလောကောဥဒပါဒိ** – မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏ဟူ၍ ထောက်ခံချက်ပြု ထားခဲ့ပါသည်။

ဓမ္မစကြာသုတ်တွင် အဓိကအချက်ဖြစ်သော မဂ္ဂင်(၈)ပါး တရားမြတ်တွင် ကျွန်ုပ်တို့ အလျင်စလို ကျင့်ဆောင်လိုက်နာရမည့် တရားအစုသည်ကား –

သီလမဂ္ဂင်ဖြစ်သော –

**သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ** တို့ပင်ဖြစ်ပါသည်။

လူတိုင်းနားလည်နိုင်မည့် စကားဖြင့်ပြောရမည်ဆိုပါက (မိမိသောက်ကျင့်) အကျင့်စရိုက်ကောင်းရန်ပင် ဖြစ်ပါသည်။

BURMESE CLASSIC .com

အကျင့်စရိုက်မရိုးသား မဖြောင့်မတ်ပါက အခြားမဂ္ဂင်တရားများဖြစ်သော ပညာမဂ္ဂင်နှင့် သမ္မာဓိမဂ္ဂင်နှစ်ပါးတို့မှာ ပါဝင်လာနိုင်တော့မည်မဟုတ်။

ဤသို့ဆိုပါက မဂ္ဂင်(၈)ပါး မပြည့်စုံဖြစ်ပြီး မိမိတို့မျှော်မှန်း တောင်းတလွန်းလှသော နိဗ္ဗာန်နှင့်လည်း မည်သို့မျှ ဆုံတွေ့နိုင်တော့မည် မဟုတ်တော့ပါ။

ရှေးဦးစွာ ဖြစ်သင့်ဖြစ်ထိုက်သော သီလမဂ္ဂင်မလုံခြုံပါက အပါယ်တံခါး သည်း အမြဲပွင့်နေပါမည်။

ကျွန်ုပ်တို့ကဲ့သို့ သာမန်လူတန်းစားများအတွက် နိဗ္ဗာန်ကိုမလှမ်းနိုင်ခင်၌ အပါယ်မကျရောက်စေရန်အတွက် အပါယ်တံခါးပိတ်ဆို့ထားရန် အရေးကြီး လှပါသည်။

သည်တော့ –

ကျွန်ုပ်တို့ သာမန်ပုဂ္ဂိုလ်များအနေဖြင့်

ဝိပဿနာ ကမ္မဋ္ဌာန်းတရားများ

ရိပ်သာကျောင်းများ

ဂုဏ်တော်တစ်ထောင် ပုတီးစိပ်ခြင်း

သက်သတ်လွတ်စားခြင်း

ဝစီပိတ်ကျင့်ခြင်းစသည့် ခက်ခဲမြင့်မြတ်လှသော တရားအစုစုတို့ကို အများ

www.burmeseclassic.com

www.burmeseclassic.com



လုပ်တိုင်း ဘုမသိ ဘမသိဖြင့် ဝင်ရောက်လုပ်ကိုင်နေခြင်းထက် ကုသိုလ်တရားဖြစ်မည့် –

သဒ္ဓါပေမ မေတ္တာပေမ နှစ်မျိုးကိုသာ ကျိုးစား၍ဆောက်တည်နေသင့်ပါသည်။

ဗမာစကား ရိုးရိုးသားသား ပြောရမည်ဆိုပါက ပတ်ဝန်းကျင်အပေါ် –

၁။ ချစ်ခင်စိတ်မွေးပါ။

၂။ သနားစိတ်မွေးပါဟုသာ တိုက်တွန်းလိုပါသည်။

လက်တွေ့ အနေအထားအရဆိုပါက

ဓမ္မစကြာဝတ်ရွတ်အသင်း အချင်းချင်း ရန်လိုနေခြင်း၊

ဥပုသ်သည်အချင်းချင်း အတင်းအဖျင်း ပြောနေခြင်း၊

ယောဂီဝတ်စုံဝတ် လက်ကပုတီးကိုင်လျက် ချဲထီလိုက်လံထိုးနေခြင်း၊

ချဲထီနံပါတ်ပေး လုပ်စားနေသူများ၏ နှလုံးသားဝယ် အဘယ်ကုသိုလ်တရားကမျှ ကိန်းဝပ်နိုင်မည်မဟုတ်ပေ။

ကျွန်ုပ်၏ကိုယ်တွေ့ အနေအထားအရ တင်ပြရမည်ဆိုပါက –

၁၉၉၀ ရှေ့ပိုင်းကာလများတွင် ကျွန်ုပ်သည် ဒုက္ခဆင်းရဲအမျိုးမျိုးနှင့် လုံးထွေးပတ်သက်နေရပြီး စိတ်ချမ်းသာပျော်ရွှင်မှု အနည်းငယ်မျှပင် မခံစားနိုင်ဖြစ်ခဲ့ရပါသည်။

အမှုအခင်းအမျိုးမျိုး

ငွေကြေးမပြည့်စုံ မလုံလောက်မှုအမျိုးမျိုး

အကြွေးပတ်လည် တင်ရှိနေမှုအမျိုးမျိုးကြောင့် **"သန်းထူမယား ကြွေးထူမပူအား"** ဆိုသလို ဖြစ်နေရပါသည်။

တစ်နေ့ –

၁၉၈၇ ဒီဇင်ဘာလ(၂၀)ရက်နေ့

ကျွန်ုပ်အသက် ၄၈ နှစ်မြောက် ၄၉ နှစ်ရောက်မှ သတိသံဝေဂရပြီး –

ယခင်က ကျက်မှတ်ထားခဲ့သည့် ဓမ္မစကြာသုတ်တွင်ပါရှိသည့် "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" "အကျဉ်းချုပ်အားဖြင့် ဥပါဒါန်တရားတို့၏ စွဲလန်းရာဖြစ်ကုန်သော ခန္ဓာငါးပါးတို့၏ ဆင်းရဲအစစ်တို့သာတည်း" ဆိုသည့်ဒုက္ခသစ္စာကို မိမိလက်ရှိ ခန္ဓာအပေါ်၌ အာရုံထားပြီး လေ့လာစူးစမ်းစေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၇၉)

နာရီဝက်မျှ ကြာလာသည့်အခါ တင်ပလ္လင်ခွေထားသည့်အပေါ် ညာခြေဖျား မှစပြီး ထုံကျဉ်လာခဲ့ပါသည်၊ တဖြည်းဖြည်း ခြေနှစ်ဖက်စလုံး ထုံကျဉ်သွားပါတော့ သည်၊ ကျွန်ုပ်က သတိထား၍ စမ်းသပ်ကြည့်လိုက်ပါသည်။

ခြေမ ခြေချောင်းများကို လှုပ်ရှားကြည့်လိုက်သည်၊ သို့သော် လုံးဝလှုပ်ခြင်း မရှိတော့ပါ။

လက်သည်းဖြင့် လိုက်လံဆိတ်ကြည့်လိုက်ပါသည်၊ ထုံကျဉ်နေ၍ နာမှန်း ခံစားရမှန်းမသိ ဖြစ်နေပါသည်။ အထက်သို့ တဖြည်းဖြည်းစမ်းသပ်ကြည့် ရာတွင် ဒူးဆစ်နားအထိ အသိကင်းနေပြီး ပေါင်ဘက်ပိုင်းတွင်မူ နာကျင်မှု လုံးဝတက်လာခြင်း မရှိဘဲ ရပ်တန့်နေပါသည်။

ကျွန်ုပ်စဉ်းစားကြည့်လိုက်ပါသည်။

ကြွက်တက်သကဲ့သို့ ထုံကျဉ်နေမှုသည် ပေါင်အထိတက်မလာသဖြင့် အန္တရာယ်ဖြစ်ရန်အကြောင်းမရှိ၊ လက်ရှိထုံကျဉ်ခံခက်လှသော ခြေနှစ်ဖက်၏ နာကျင် နေမှုကို ကြောင့်ကြမဲ့ သတိပြုနေလိုက်ပါသည်။

ထိုအခိုက် မမျှော်လင့်ဘဲ ရုတ်တရက်ဆိုသလိုပင် စာထဲမှာဖတ်ဖူးခဲ့သော သဲကမ္ဘာကြီး ပြိုကျသကဲ့သို့ လျောခနဲဖြစ်ပြီး ခြေနှစ်ဖက်စလုံး နာကျင်နေသော ဒုက္ခ ဆင်းရဲ ဝေဒနာအားလုံး ပျောက်ကွယ်သွားခဲ့ပါတော့သည်။

ဝေဒနာကင်းမဲ့သွားသလို မည်သည့်ဒုက္ခမျှ မခံစားရသလို ပေါ့ပါးလွတ် မြောက်သွားသည့်အရသာ ခံစားရချက်ကြောင့် ကျွန်ုပ်၏ရင်တွင်း၌ အလွန်ပျော်ရွှင် ချမ်းသာမှုတစ်မျိုးကို ခံစားလိုက်ရပါသည်။

"ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ" ဆိုသောစကားအရ တရားက တရားစောင့် သူကို စောင့်ရှောက်လိုက်ပြီးဖြစ်ပါသည်။

ချမ်းသာခြင်းဆိုသည့် အဓိပ္ပါယ်နှင့် အရသာကိုလည်း တရားထဲတွင် အမြည်း သဘောမျှ ခံစားရသည်ပင်၊ စိတ်တွင်း ရင်တွင်း၌ ဤမျှအေးချမ်းနေပါလျှင် –

ထိုနေ့မှစပြီး ကျွန်ုပ်ဘဝ ကျွန်ုပ်အသိ ကျွန်ုပ်စိတ်ဓာတ်အားလုံး ပြောင်းလဲ သွားခဲ့ပါတော့သည်။

အတ္တပေမမှ ဂေဟာသိတပေမ

ဂေဟာသိတပေမမှ လောကထပေမသို့ ရှေ့ရှုတည်လာပါတော့သည်။

ဒါနတော့ ဘောဂကိုလည်း သဘောပေါက်ခဲ့ပြီ၊

ရလို့လျှင်ပေးပါ၊ ကျွေးပါ၊

www.burmeseclassic.com

www.burmeseclassic.com

(၈၀)

ရလာလျှင်လည်း ပေးပါ ကျွေးပါဆိုသော နီတိကို လိုက်နာကျင့်သုံးလာပါ တော့သည်။

**ယခင်အသိ မှ**

**ယခု အရှိသို့**

**ယခု အရှိမှ အကျင့်သို့** ကျိုးစား၍ကူးနေဆဲဖြစ်ပါတော့သည်။

အများအားဖြင့် ကျွန်ုပ်တို့သည် –

ကုသိုလ် အကုသိုလ်တရားတို့ကို "အသိ"အနေအထားအားဖြင့်သာလျှင် သိနေတတ်ကြပြီး –

ကုသိုလ်ကိုလုပ်၍ အကုသိုလ်ကို ရှောင်လိုက်ပြီဆိုသော "အရှိ" အဖြစ်သို့ မကူးနိုင်သော အဆင့်တွင်သာ ရပ်တည်နေကြပါသည်။

"အကျင့်" မြဲဖို့ ဆိုသည့်အဆင့်ကား ဝေးမြဲဝေးလျက်သည်သာ ဖြစ်နေပါ တော့သည်။

ယခုကျွန်ုပ် ရေးသားတင်ပြထားချက် အားလုံးသည် "အရှင်ဉာဏိသရ" ဟောကြားသကဲ့သို့ တောင်အောက်မှလူက တောင်ထိပ်အကြောင်း ကြားဖူးနားဝ တွေး တောကြံဆ၍ ရေးသားတင်ပြထားခြင်း မဟုတ်ပါ။

ကျွန်ုပ်ရောက်ရှိနေသော လက်ရှိဘဝအနေအထားအကြောင်း ယုတ္တိများကို သာ တင်ပြထားခြင်းဖြစ်ပါသည်။

ကျွန်ုပ်ဘဝကို အောက်ပါစရိုက်လက္ခဏာတို့ဖြင့် ကူးပြောင်းလိုက်ပါသည်။

အစကနဦး –

ကုသိုလ်တရားများကို အတတ်နိုင်ဆုံးလုပ်ဆောင်ပြီး အကုသိုလ်တရားများကို အတတ်နိုင်ဆုံး ရှောင်ဖယ်လိုက်ပါသည်။

ဒုတိယအနေအထားအားဖြင့် –

သဒ္ဒါပေမ မေတ္တာပေမ သို့မဟုတ် ချစ်ခြင်း သနားခြင်းဆိုသော အပြုအမူ များကို လက်တွေ့ကျင့်သုံးလိုက်ပါသည်။

ရလာလျှင် ပေး၏၊ ကျွေး၏။

ရလိုလျှင်လည်း ကျွေး၏၊ ပေး၏ကို လက်တွေ့ကျင့်သုံးခြင်းပင်ဖြစ်ပါသည်။

တတိယအဆင့်တွင်မူ

မဂ္ဂင်(၈)ပါးအနက် သီလမဂ္ဂင်ဖြစ်သော –

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝကို လိုက်နာကျင့်သုံးနေထိုင်ခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၈၁)

သည်တော့ –

ရထားပေါ် ကားပေါ်တွင် နေရာမလုတော့၊

သူတောင်းစားကို ငွေစက္ကူအနွမ်းအစုတ် မလှူတော့၊

သက်ကြီးရွယ်အို ဒုက္ခသည်များတွေ့လျှင် ငွေ သို့မဟုတ် အစားအစာ သို့မဟုတ် အဝတ်အထည် စသည်ကို လှူဒါန်းသမှုကိုသာ ပြုပါတော့သည်။

ကျွန်ုပ်နေသော ပတ်ဝန်းကျင်တွင် ဒုက္ခိတနှစ်ဦးရှိပါသည်၊ တွေ့တိုင်း ကြုံတိုင်း ကျွန်ုပ်ကငွေနှစ်ရာ သို့မဟုတ် ငါးရာလှူဒါန်းလေ့ရှိပါသည်။

ကြုံတွေ့တိုင်းပေးလှူသဖြင့် အလှူခံရရှိသူက အားနာလာသဖြင့် ရှောင်ဖယ်နေလေ့ရှိပါသည်။

ကျွန်ုပ်က ထိုပုဂ္ဂိုလ်အား ကြိုတင်ရှင်းပြလိုက်ပါသည်။

ပေးနိုင် ကျွေးနိုင်သည့်အချိန်တွင်သာ ပေးလှူ ကျွေးလှူနိုင်ကြောင်း၊ အလှူခံသူဘက်မှလည်း စားနိုင် သောက်နိုင် ကျန်းမာနေစဉ်ကာလတွင်သာ စားနိုင်မည်ဖြစ်ကြောင်း၊ အိပ်ရာထဲ လဲနေပြီး မကျန်းမာပါက အကျိုးမရှိဖြစ်တတ်ကြောင်း –

ယခု အသက်ရှင်ဆဲကာလ စားနိုင်ဆဲကာလမို့ ပေးလှူခြင်းသာဖြစ်ကြောင်း၊ ခင်ဗျားသေပါက တပြားမျှအလှူပါဝင်မည် မဟုတ်ကြောင်း ကျွန်ုပ်က ရှင်းလင်းတင်ပြခဲ့ပါသည်။

အများအားဖြင့် ကျွန်ုပ်တို့သည် စားနိုင် ကျန်းမာဆဲကာလတွင် မိအိုဖအိုတို့အား ကျွေးမွေးမှု အထူးမပြုတတ်ကြဘဲ ကျန်းမာရေး ချို့ယွင်းပျက်စီးလာမှသာ ကုသကျွေးမွေးကြသူက များပါသည်။

ထို့ပြင် အချို့အချို့သော သူတို့သည် ဘုရားပွဲ၊ သိုက်ပွဲ၊ နတ်ပွဲ၊ ဘိုးတော်ပွဲ၊ မယ်တော်ပွဲ၊ အိမ်တွင်းဦးရှင်ကြီးပွဲတို့ကို အထူးဦးစားပေး အဆင့်တွင်ထားပြီး ပူဇော်သမှုပြုကြပြီးမှသာ မိဘနှစ်ပါးသို့ ဝတ္တရားကျေ အလှည့်ပေးတတ်ကြပါသည်။

တကယ်တမ်း ဓမ္မအနေဖြင့် ကြည့်မြင်တတ်မည်ဆိုပါက တခြားပွဲ အသီးသီးတို့ထက် မိပွဲ ဖပွဲက ပို၍အကျိုးကျေးဇူး ကြီးမားလှပါသည်။

သို့သော် –

ဉာဏ်အား အသိအားနည်းပြီး ဗဟုသုတမဲ့သူများအနေဖြင့် မိပွဲဖပွဲကို ပူဇော်သမှုပြုရန်ပင် သတိမရဘဲ–

ကျွန်ုပ်မြင်တွေ့နေရသည်က

ကျိုက္ကဆံဘုရားရှေ့မှ ယက္ခညီနောင်၊ မိုးကောင်းဘုရားဝင်း အတွင်းမှ ယက္ခ

www.burmeseclassic.com

www.burmeseclassic.com



ညီနောင်၊ ဗိုလ်တထောင်ဘုရားဝင်းအတွင်းမှ မြနန်းနွယ်တို့တွင်သာ ကန်တော့ပွဲများ ပြည့်နှက်နေပြီး ဘုရားရှေ့တွင်မူကား ပွဲအချို့မျှသာ ပူဇော်ထားကြပါသည်။

ဤကဲ့သို့သော ပူဇော်မှုအနေအထားကို မြင်တွေ့နေရခြင်းအားဖြင့် ထိုထို ပုဂ္ဂိုလ်တို့ ဘာသာရေးကိုးကွယ်မှု၊ ဓမ္မကိုသိမြင်မှု၊ သစ္စာကို နားလည်နိုင်မှု အလွန်အား နည်းကြောင်းပင်ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်များ၏ တမလွန်ခရီးကား အမှန်ရှည်လျား ကြမ်းတမ်းကြမည်မှာ အမှန်ပင်ဖြစ်တော့သည်။

သည်တော့ –

ကျွန်ုပ်ဘဝကို ပြောင်းလဲလိုက်ပြီဖြစ်ပါသည်၊ အနိုင်ယူခြင်း၊ အောင်မြင် ကျော် ကြားလိုခြင်း၊ ချမ်းသာပြည့်စုံလိုခြင်း၊ ကာမဂုဏ် မက်မောခံစားလိုခြင်းစသည့် ဆန္ဒ ရာဂတို့ကို အသိဖြင့်ကြဉ်ဖယ်လိုက်ပြီး ကျားဘဝမှ သမင်ဘဝသို့ ကူးပြောင်းလိုက်ပြီ ဖြစ်ပါသည်။

ဤဘဝတွင် နိုင်ရာစား “ကျား”ဘဝကို တပ်မက်မောမိနေပါက လာမည့်အနာ ဂတ်ဘဝထိုထို၌ အစားခံအနိုပ်စက်ခံ သမင်ဘဝဖြင့် ဒုက္ခဆုံးနိုင်တော့မည် မဟုတ်တော့ပါ။

ဓမ္မပဒေသတခုက ဤကဲ့သို့ဆိုထားပါသည်။

**“ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ သဗ္ဗံဆန္ဒရာဂ မူလကာ**

**ဆန္ဒရာဂ နိရောဓေန နတ္ထိဒုက္ခသ သံဘဝေါ”**ဟု ဖြစ်ပါသည်။

“ဆန္ဒရာဂ”ကြောင့် ဒုက္ခသံသရာ ကျင်လည်နေတတ်ကြောင်း

“ဆန္ဒရာဂ”ကို ဖြတ်နိုင်ပါက ဒုက္ခသံသရာ ပြတ်ကြောင်းပင်ဖြစ်ပါသည်။

“တစတစ စွန့်ဝံ့မှလျှင် ဘဝနောက်နှောင်း ဆက်တိုင်းကောင်းလိမ့်”ဟု ပညာရှိများ ဖွဲ့ဆိုထားခဲ့ပါသည်။

စွန့်လွှတ်ခြင်း၏ အဆုံး၌ နိဗ္ဗာန်အမှန်ရှိပါသည်။ ငရဲမှလွတ်ပြီး နိဗ္ဗာန်ကို အမှန်အလိုရှိပါက ယနေ့မှစ၍ “စွန့်လွှတ်ခြင်း”အမှုကို သင်ကြိုးစား၍ ပြုပါတော့ဟု မေတ္တာရပ်ခံလိုပါသည်။

ဤနေ့ရာဝယ် အထူးသတိပြုရန်လိုပါသည်။

“စွန့်လွှတ်ခြင်း”ဆိုသည်မှာ အဆိပ်ပင်ရေလောင်း စွန့်လွှတ်ခြင်းမဖြစ်ရန် လိုပါသည်။

စွန့်လွှတ်ခြင်းသည် တစ်စုံတစ်ခုသော တောင့်တမှု အပြန် အလှန်အကျိုး စီးပွားအတွက် ရည်ရွယ်ချက်မျိုးမပါရှိနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၈၃)

စွန့်လွှတ်ခြင်း၏ အနှစ်သာရကသည်ကား –

မိမိမှတပါး အခြားအားလုံးကို ချစ်ခင်မှု၊ သနားမှု၊ ကူညီမှုပြုတတ်ပြီး အခြားမှတပါး မိမိအတွက် ပစ်ပယ်မှုအားလုံးကို ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်အား တပည့်အချို့က ငွေ ၁၀ သိန်းကျော် လာကန်တော့ခဲ့ပါသည်။

ကျွန်ုပ်က ထိုငွေအားလုံးနီးပါးကို လမ်း၊ တံတား၊ ကျောင်း၊ အိမ်သာစသည့် အများနှင့်သက်ဆိုင်သော နေရာများတွင် ပြုပြင်သုံးစွဲလိုက်ပါသည်။

လိုအပ်သောနေရာတွင် လိုအပ်ချက်ကို ဖြည့်ကူပေးခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

သူဌေးရပ်ကွက်တွင် စေတီသာ အလှူလုပ်ခြင်းထက် ဆင်းရဲသားရပ်ကွက်တွင် ဆန်ပြုတ်တိုက်ကျွေးခြင်းက ပိုသင့်တော်လှပါသည်။

မှားယွင်းနေသော လုပ်ဆောင်မှုအချို့ရှိပါသည်။

ပုံပြင်တစ်ခုက ဖော်ပြထားပါသည်။

လယ်သမားတစ်ယောက် လမ်းတွင်တွေ့သမျှ ငှက်ကလေးများအား နေ့စဉ်အစာဝယ်ကျွေးလေ့ ရှိပါသည်။

တစ်နေ့ အစာထုပ် မေ့ခဲ့ပါသည်၊ ထိုအခါ အစာအတွက် အစာတန်ဘိုးဖြစ်သော ငွေတစ်ကျပ်ကို ငှက်ကလေးများအား ပစ်ပေးခဲ့ပါသည်၊ နှုတ်ကလည်း ပြောလိုက်ပါသေးသည်။

"စေတနာ အဓိကပါကွာ"ဟု ဤပုံပြင်ကို သင်သုံးသပ်ကြည့်စေလိုပါသည်၊ စေတနာကတစ်ပိုင်း၊ အစာကတစ်ပိုင်း၊ ငွေကြေးကတစ်ပိုင်း ဖြစ်ပါသည်။

ဤနေရာတွင် ငွေကြေးစွန့်လွှတ်လိုက်ခြင်းက အကျိုးမဲ့ဖြစ်သွားရပါသည်။

ယနေ့ ဤကဲ့သို့အလှူမျိုး ဖြစ်ပေါ်နေကြပါသည်။

ရပ်ကွက်ပဌာန်းပွဲများတွင် အဖြစ်များလေ့ရှိကြပါသည်၊ ပဌာန်းရွတ်ဖတ်မည့် ကိုယ်တော်တစ်ပါးအတွက် သုံးထောင်/ငါးထောင်ဟု ရေးသားဖော်ပြ၍ အလှူခံထားပါသည်။

လှူသူကလည်း အများအပြား ပေါ်ထွက်ခဲ့ပါသည်။

ကျွန်ုပ် စဉ်းစားကြည့်မိပါသည်၊ ငွေပေးမှ ပဌာန်းရွတ်မှာလား၊ ပဌာန်းရွတ်တာ ငွေရှာတာလား ဟူ၍ပင်ဖြစ်ပါသည်။

အချို့ကိုယ်တော်က ပြောပါသည်။

နေ့စားအလုပ်သမားတောင် တစ်နေ့တစ်ထောင်ခေတ်မှာ ပဌာန်းငါးရက်ရွတ်

www.burmeseclassic.com

www.burmeseclassic.com

# (၈၄)

ဖတ်ခ ငါးထောင်ရသင့်သည်ဟု

ထိုပဋ္ဌာန်းပွဲမှ ထိုကဲ့သို့ ကိုယ်တော်များအတွက် ငွေပေးလှူခြင်းသည် လယ်သမားက ငှက်ကလေးများအတွက် ငွေပေးနေသကဲ့သို့ အချည်းအနှီးသာ အကျိုးမဲ့သာ ဖြစ်ရပါမည်ဟု ကျွန်ုပ်ဆိုချင်ပါသည်။

ပသေနဒီ ကောသလမင်းကြီး၏ အိပ်မက်အတိုင်း အမှန်ဖြစ်နေကြပြီ ဖြစ်ပါသည်။

ဤသည်ကား သာသနာကွယ်ခြင်း၏ အစပျိုးနေခြင်းသာဖြစ်ပါသည်။

ထိုကဲ့သို့ အလုပ်မျိုးကို သင်ကြိုက်သလို ဆုံးဖြတ်နိုင်ပါသည်။

ကျွန်ုပ်အနေဖြင့် ကျွန်ုပ်ဆန္ဒ ကျွန်ုပ်အသိအမြင် ရှုထောင့်တစ်ချို့ကို တင်ပြနေခြင်းသာဖြစ်ပါသည်။

"သခ်ါရေ သခ်ါရ ဝိပဿန္တိ "ဆိုသော တရားသဘောအရ သခ်ါရ တရားအစုကို သခ်ါရတရားက ပြန်ရှုနေခြင်းမျိုးသာ ဖြစ်ပါသည်။

အလွယ်စကားနှင့် ပြောရမည်ဆိုပါက –

မိမိစိတ်ကို လောဘဖြစ်နေကြောင်း မြင်သိလျှင် အလောဘ ဖြစ် သွားသကဲ့သို့ –

ကျန်ဒေါသ မောဟဆိုးကိုလည်း မိမိရင်တွင်းမှာ ခံစားဖြစ်ပေါ်နေကြောင်း ပြန်မြင်သိလျှင်လည်း အဒေါသ အမောဟ ဖြစ်သွားနိုင်ပါမည်။

လိုရင်းအချုပ်ကား –

ပဋ္ဌာန်းဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းတရားတွင် ဖော်ပြထားသကဲ့သို့ "စိတ်စေတသိက် ရုပ်"ပရမတ်တရားအစုက ငါဟု သရုပ်ဆောင်နေခြင်းအပေါ် ပညာမျက်စိဖြင့် အမြဲသတိပြုနေရန်သာ လိုအပ်ပါသည်။

ထိုအချက်ကို မြတ်ဗုဒ္ဓက အနတ္တလက္ခဏာသုတ်တွင် လိုရင်းတိုရှင်း ကွက်ကွက်ကွင်းကွင်း ဟောဖော်ထားခဲ့ပြီးဖြစ်ပါသည်။

စေတ် မမ – "ငါ"အတ္တကို

နေတံ မမ – "သူ"အနတ္တဖြစ်အောင် နှလုံးသွင်း မှန်လာပြီဆိုပါက –

ငါမှတပါး အခြားအားလုံးကို ချစ်ခင်သနားတတ်ပြီး တခြားမှတပါး "ငါ"ကို လုံးဝ ဦးစားမပေးလိုတော့ပါ။

ထိုအခါ သင်သည် –

အရိယာနွယ်ဝင် သူတော်စင်တစ်ဦး အကြာဆုံး "၇"ဘဝအတွင်း နိဗ္ဗာန်ရွေ

www.burmeseclassic.com

www.burmeseclassic.com



ပြည်သို့ ဝင်ရောက်နိုင်သည်ဖြစ်ပါသည်။

သို့သော် –

ထိုသို့သော်သည် သင်နှင့်ကျွန်ုပ်အတွက် အလွန်အရေးကြီးလှပါသည်၊ သာသနာသက်တမ်း ၅၀၀၀ ကိုလည်း သင် ဖတ်ရှုသိရှိပြီး ဖြစ်ပါမည်။ ယနေ့ ကျွန်ုပ်တို့၏ သက်တမ်းကား လက်ဖျစ်တတွက်စာမျှအတွင်း ဖြစ်လိုက် ပျက်လိုက် (သေလိုက်၊ ပြန်ရှင်လိုက်) သဘောမျိုးဖြစ်နေရပါသည်။

ရတ်တရက် ပျက်ပြီးပြန်မဖြစ်ခဲ့သော် သို့မဟုတ် ထွက်သက်ဖြစ်ပြီး ဝင်သက်ပြန်မလာခဲ့သော် –

ဓမ္မသဘောအရ ယခုဘဝသေပြီး အပါယ်(၄)ပါးကျခဲ့သော် မိမိမျှော်မှန်းခဲ့သော နိဗ္ဗာန်နဲ့ဝေးပြီး သာသနာလည်း ကွယ်ပပြီး ဖြစ်သွားပါတော့မည်။

သည်အကြောင်းအကျိုးတရားတို့ကို ပိုင်ပိုင် နိုင်နိုင် ခိုင်ခိုင် မာမာ ရင်တွင်းနှလုံးတွင်းက လိုလိုလားလား လှိုက်လှိုက်လှဲလှဲ သိမြင်နိုင်သည်ဆိုပါက –

လယ်တီဆရာတော်ဘုရားကြီး ဥပမာဟောပြသကဲ့သို့ –

"ထောင်သားတစ်ယောက်သည် **ထောင်မှလွတ်လိုသည့်စိတ် အမြဲတမ်းဖြစ်ပေါ်နေပြီး** လောလောဆယ် ထောင်ကျနေခိုက် ထောင်တာဝန်များကို ကျေပွန်သကဲ့သို့"–

ကျွန်ုပ်တို့သည်လည်း အိမ်ထောင်ကျနေခိုက် ဓမ္မကို သိမြင်လာသည့်အခါ ဘာမဂုဏ်အိမ်ထောင် **လူ့စည်းစိမ်ချိနှောင်ထားမှု သံယောဇဉ်လှောင်အိမ်မှ လွတ်မြောက်လိုစိတ်ကိုမွေးပြီး** လောလောဆယ် လက်တွေ့အခြေအနေအရ အိမ်ထောင့်တာဝန်များကို ကျေပွန်စွာ လုပ်ဆောင်နေသင့်လှပါသည်။

ကျွန်ုပ်အနေဖြင့် ဤကဲ့သို့ ပြုကျင့်နေထိုင်လျက်ရှိပါသည်။

ယခင်တုန်းကာလက မိုးလင်းလာ၍ အိပ်ရာထသည်နှင့် ငါ့အတွက်က ပထမ ခေါင်းစားထားပါသည်။

လက်ဖက်ရည် ထမင်းကြမ်း ပဲပြုတ် တစ်ခုတစ်ခုတော့ အရင်စားရန် ဖြစ်ပါသည်၊ မိမိဝမ်း အရင်စားရန်သာ ရှေ့ရှုခဲ့ပါသည်။

ဒုတိယအစီအစဉ်က –

ငွေရှာရမည်၊ အလုပ်လုပ်ရမည်၊ မိမိကိုယ်ကျိုး စီးပွားအတွက်သာ ဦးတည်၍ လုပ်ကိုင်ကြံစည်ပါတော့သည်၊ ဘယ်သူသေသေ ငတေမာပြီးစတမ်း ဘဝမျိုးဖြစ်ပါသည်။

သည်ကာလတုန်းက –

လောဘကိုလည်း လောဘမှန်းမသိနိုင်ခဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါသကိုလည်း ငါမှန်တာလုပ်တာပဲဟု မာနခံပြီး ဒေါသကိုမြတ်နိုးကိုးကွယ်ထားခဲ့မိပါသည်။

ထိုစဉ်က–

**ငရဲဆိုသည်ကိုလည်း မကြောက်၊**

**အကုသိုလ်ကိုလည်း နားမလည်၊**

**သေခြင်းတရားနှင့် သေခြင်း၏ အန္တရာယ်များကိုလည်း အမှုမထားသဖြင့်–**

**ပေါ့ပေါ့နေ ပေါ့ပေါ့စားဆိုသည့် "အိပ် စား ကာမ"ဤသုံး၀သည့် နွားနှင့် လူသည် တူ၏ဆိုသကဲ့သို့ –**

ကျွန်ုပ်သည် အန္ဓ ဗာလ ဥမ္မတက ဖိုးသုံးည ဖြစ်ခဲ့ရပါသည်။

ယခုတော့ ကျွန်ုပ်၏ ဘ၀အသိအမြင်အားလုံး ပြောင်းလဲသွားရပြီ ဖြစ်ပါသည်။

ဓမ္မက ဆုံးမလိုက်သည်လည်း ဖြစ်ပါသည်။

ကျွန်ုပ်က ကျွန်ုပ်အိမ်သူသက်ထား ဇနီးမယား သားနှင့်သမီးတို့ကို မေးခွန်းထုတ်လိုက်ပါသည်။

"ယခုနံနက်စောစော ထမင်းချက်သည်မှာ ဘယ်နှစ်ယောက်စာအတွက် ချက်သလဲ" ဟု

"ဇနီးက ကျွန်ုပ်အား အူကြောင်ကြောင်မျက်လုံးနှင့် ပြန်ကြည့်ပြီး၊ ဘာပေါက်နေတာလဲ၊ လူ(၄)ယောက်ရှိတာ (၄)ယောက်စာချက်တာပေါ့၊ နေ့တိုင်းချက်နေတာ မသိဘူးလားဟု"ပင် ပြန်မေးခံ ထိလိုက်ပါသည်။

ကျွန်ုပ်က ဒုတိယမေးခွန်း ထပ်ထုတ်လိုက်ပြန်ပါသည်။

"ဘယ်သူ့အတွက် ဦးစားပေးချက်ပါသလဲ"ဟု၊ ဒီတော့ ဇနီးသည်က– ရွှင်ပြုံးမျက်နှာ ချိုကြည်စွာဖြင့် ကျွန်ုပ်အား လက်ညှိုးငေါက်ငေါက်ထိုး၍ အားရပါးရ ပြန်ဖြေလိုက်သည်က–

"ဟောဒီ လင်ကြီးစားဖို့"

"ဟောဒီ အချစ်ကြီးစားဖို့"

"ဟောဒီ အသည်းကြီးစားဖို့ ပေါ့" ဟု၊

ကျွန်ုပ်က သက်ပြင်းရှည်ကြီး ချလိုက်မိပါသည်။ ကျွန်ုပ်တို့အိမ်တွင် ဘုရားလည်း ရှိပါသည်။ သံဃာတော်တွေလည်း ဆွမ်းခံကြွနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၈၇)

နေ့စဉ်ဝတ္တရားမပျက် ဆွမ်းတော်လည်းတင်ပါသည်။ ဆွမ်းဟင်းလည်း ကောင်းလှနေဆဲ ဖြစ်ပါသည်။

သို့သော် အိမ်ရှင်မရင်ထဲတွင် ဘုရားနှင့်သံဃာကို ဦးစားပေးပူဇော်ရမှန်း အာရုံမဝင်၊ တာဝန်တော့ကျေပါသည်။ သူမ အာရုံဝင်နေသည်က–

သည်လင် သည်သား သည်သမီးအတွက်သာ ဦးစားပေးလျက်ရှိနေပါသည်။

သူမအဖြစ်က– ပင်လယ်ပြင်မှာ ရေပတ်လည်ဝိုင်းနေပြီး ရေငတ်နေသူကဲ့သို့ ဖြစ်နေရပါသည်။

အကယ်၍သာ–

နေ့စဉ်လုပ်နေကြ ထမင်းဟင်းချက်ပြုတ်နေရသည့် အိမ်ရှင်မတို့သည်–

ဘုရားအတွက် သံဃာအတွက် ဦးစားပေး၍ ချက်နေပါသည်။ ပြီးတော့မှ ယောဒီလင် ယောဒီသားနှင့်သမီးတို့အတွက်ဟု နှလုံးသွင်းတတ်မည်ဆိုပါက ပင်ပန်း ရကျိုးနပ်လှပြီး ဖြစ်ပါမည်။

ယခင် ကျွန်ုပ်ဒုက္ခရောက်ခဲ့စဉ်က "မစ္စတာ ဂျေစီလိုင်းယား" ဆိုသည့် အိန္ဒိယ မြန်မာ ကုလားကပြားကြီးက နီတိတစ်ခုကို ကျွန်ုပ်အား သင်ပြခဲ့ပါသည်။

သူ့ဘဝအကြောင်းကို အောက်ပါအတိုင်း ကျွန်ုပ်အား ပြောပြခဲ့ပါသည်။

ကျောင်းသားဘဝ သူက သစ်ပင်မတက်တတ်။ တစ်နေ့–

ကျောင်းသားတစ်စု မရမ်းသီးစားလို၍ မရမ်းပင်ပေါ် တက်ခူးကြပါသည်။

သူက အောက်မှနေ၍ တောင်းစားခဲ့ပါသည်။

အပေါ်မှ သူ့အတွက်ပစ်ချခဲ့သမျှ မရမ်းသီးမှည့်တို့သည် တစ်ချက်ကိုက်စား ပြီးသားချည်းပဲ ဖြစ်နေပါသည်။

ဒီတော့ကာ လူ့ဘဝကို ဆုံးဖြတ်ချက်ချလိုက်ပါသည်တဲ့–

**(၁) "သူ" အပေါ်ရောက်ခဲ့လျှင် ဘယ်တော့မှ မနိမ့်ရပါလို၏**

**(၂) ဘယ်တော့မှ လက်ဝါးပက်လက်လှန်ပြီး မတောင်းရပါလို၏၊**

**(၃) အမြဲတန်းလက်ဝါးမှောက်ပြီး ပေးကျွေးနိုင်ရပါလို၏ ဟူ၍ဖြစ်ပါသည်၊**

သည်အချိန်ကစပြီး–

နေ့စဉ်ရလိုလျှင် ပေး၏၊ ကျွေး၏၊ ရလာလျှင်လည်း သူတစ်ပါးတို့အား ပေး၏ ကျွေး၏ဟူ၍ပင်ဖြစ်ပါသည်။

ကျွန်ုပ်နှင့်သူ ဆုံတွေ့ခဲ့စဉ် ၁၉၈၆–ခုနှစ်ကာလ–

ကျွန်ုပ်က ဖိုးသုည အနိမ့်ဆုံးဘဝ၊

www.burmeseclassic.com

www.burmeseclassic.com



သူက လိုတရ အမြင့်ဆုံးဘ၀၊

ထိုကာလမှစပြီး– သူချပြခဲ့သည့် ဘ၀နီတိလမ်းပြမြေပုံအတိုင်း ကျွန်ုပ်လိုက်နာကျင့်သုံးခဲ့ပါသည်။

ယခု ကျွန်ုပ်ဘ၀သည်–

ဖိုးသုညဘ၀မှ–

မလို မတ ရသော လွတ်လပ်ချမ်းသာမှု၊ စိတ်ကြည်သာချမ်းမြေ့မှု ခံစားနေနိုင်ပြီဖြစ်ပါသည်။

သည်လို–

မတောင့်မတ မကြောင့်မကြ နေနိုင်ရသောဘ၀သို့ ရောက်ရှိစေရန်အတွက် အရင်းအနှီးအဖြစ် အနည်းငယ်မျှသော ပေးဆပ်ခြင်းအချို့ကိုသာ ပြုကျင့်ခဲ့ရပါသည်။

ဟိုယခင်က ကျွန်ုပ်ဘ၀တွင် မိအိုဖအိုနှစ်ဦးနှင့် သား၊ သမီး နှစ်ဦးပေါင်း လေးဦးရှိခဲ့ပါသည်။

စားဝတ်နေရေးလည်း အဆင်မပြေလှပါ။

အကြွေးကပတ်လည်–

အလုပ်တာဝန်က အောက်တန်းစာရေးဘ၀၊

လခလုပ်စာက ၁၂၆–ကျပ်က စခဲ့ရပါသည်။

မိဘနှစ်ပါးကို လုပ်ကျွေးဖို့ဝေးစွ၊ မိမိ မိသားစု စားဝတ်နေရေးက အရေးကြီးခဲ့ပါသည်။

ဒီလိုနှင့် အချိန်တွေ ကုန်လွန်ခဲ့ပါသည်။

ဒုက္ခတွေ ပင်လယ်ဝေခဲ့ရပါသည်။

တစ်နေ့–

မစ္စတာ ဂျေစီလိုင်းလား နှင့် ရင်းနှီးဆုံတွေ့ခဲ့ရပြီး သူတင်ပြခဲ့သော ဘ၀နီတိအတိုင်း လိုက်နာကျင့်သုံးရန် ဆုံးဖြတ်လိုက်ပါသည်။

ညနေအလုပ်မှ အိမ်အပြန်တွင် ယခင်ကကဲ့သို့ မေ့မေ့လျော့လျော့ အိမ်မပြန်တော့။

မိအိုဖအိုအတွက် စားဖွယ်တစ်ခုခု သစ်သီးတစ်လုံးဖြစ်စေ၊ တတ်နိုင်သမျှ သတိထားပြီး ဝယ်ယူကျွေးမွေးမှု စတင်ပြုခဲ့ပါတော့သည်။

နံနက်အိပ်ယာထတွင် ယခင်ကလို မိမိအတွက် ပထမဦးစားပေးခိုက်ကို စွန့်လွှတ်လိုက်ပြီး မိအိုဖအိုအတွက် ဦးစားပေးလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၈၉)

မိအိုဖအိုနှစ်ပါးအား ကန်တော့ပြီးမှ အလုပ်သွားခဲ့သည်။

မိမိအတွက် ဝေစုဖယ်ထားသည့် လှက်ရည်ဖိုးကို ဆင်းရဲသူ၊ တောင်းစားသူများအတွက် ရည်ရွယ်ထားလိုက်ပြီး စွန့်လွှတ်ခဲ့ပါသည်။

လုပ်ငန်းတူ၊ ဘဝတူ လုပ်ဖော်ကိုင်ဖက်များအားလည်း ဦးဦးဖျားဖျား ကျွေးမွေးပြုလိုက်ပါသည်။

ဒီအတိုင်းပြုမူကျင့်ကြံနေထိုင်ခဲ့သည်မှာ ရက်မှ လသို့ပင် မကူးသေးပါ။

ရက်ပိုင်းအတွင်း လုပ်ငန်းများအဆင်ပြေလာပါတော့သည်။

ရလို၍လည်း ဖြူစင်သောစိတ်ဖြင့် ကျွေးခဲ့၏။

ရလာတော့လည်း ဖြူစင်သောစိတ်ဖြင့် ပို၍ကျွေးမွေးလှူဒါန်းမှုပြုခဲ့တော့သည်။ သည်လိုနှင့် တစ်စတစ်စ အောင်မြင်ဖြစ်ထွန်းခဲ့ပါသည်။

တစ်သက်လုံးတင်ခဲ့သော ကြွေးများလည်း ပေးဆပ်နိုင်ခဲ့ပါသည်။

မိသားစုစားဝတ်နေရေးလည်း အဆင်ပြေခဲ့ပါသည်။

မိဘနှစ်ပါးအားလည်း လိုလေသေးမရှိ ကျွေးမွေးနိုင်ခဲ့ပါသည်။

အဓိကလို အပ်ချက် တရားသဘောသည်ကား မိမိအတွက် ဒုတိယ၊ သူတစ်ပါးအတွက် ပထမဆိုသောနီတိကို မှန်မှန်ကျင့်သုံးနေထိုင်ခြင်းပင် ဖြစ်ပါသည်။

ယခင်အသိက

မနိုင် နိုင်နိုင် နိုင်ချင်စိတ် အမြဲမွေးထားသည်။ (ဒေါသ)

မရ ရရ ရချင်စိတ် အမြဲမွေးထားသည်။ (လောဘ)

ဒီလောဘ ဒေါသစိတ်ဖြင့် ဘဝကို အောင်မြင်ရန် အမြဲကျိုးစားခဲ့သည်။ အသိုလ်တစ်ပဲ ငရဲတစ်ပိဿာဆိုသကဲ့သို့ လုံးလည်ချာလည်လိုက်ပြီး ဘဝနစ်မွန်းခဲ့ရသည်။ အကျိုးမဲ့အချိန်တွေ ကုန်ခဲ့ရသည်။

ရချင်တာလည်းမရခဲ့၊

နိုင်ချင်တာလည်း မနိုင်ခဲ့ပါပေ။

ကျားအိုကြီး အမဲလိုက်သကဲ့သို့ ဒေါသနှင့်အမောသာ ကျန်ခဲ့ပြီး သားကောင်ကိုကား မရ၊ အကုသိုလ်ကိုသာ ရခဲ့ပါသည်။

သည်ကဲ့သို့ပင်–

ကျွန်ုပ်တို့အများစုသည် မိမိဝမ်းဝရေးအတွက် "ကျား" စိတ် မွေးပြီးအနိုင်ယူခဲ့ကြသည်။

သတ်ဖြတ် ညှဉ်းဆဲခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

(၉၀)

အဝအပြဲ စားသောက်ခဲ့ကြသည်။

ဒီတစ်ဘဝ ဒီတစ်ဝမ်းအတွက် ဒီမျှ အကုသိုလ်များခဲ့ပါလျှင် နောင်ဘဝ သံသရာအတွက် အမြဲတမ်းနစ်မွန်းရပါတော့မည်။

ဒီတစ်ဝမ်းတစ်ခါးအတွက် အကုသိုလ်ဒုစရိုက်တို့ဖြင့် အသက်မမွေးတော့ဘဲ သားသမင်တို့ကဲ့သို့ အပြစ်မဲ့စွာ ရှာဖွေစားသောက်သည့် အကျင့်စိတ်ကို မွေးနိုင်ကြပါ လျှင် ခုရော နောင်ပါ အန္တရာယ်ကင်းဝေးပြီး အပြစ်မဲ့သောဘဝသို့ ကျရောက်နိုင်ပါ သည်။

သည်တော့–

လူ့ဘဝခဏတာ ကာလအတွင်း မိမိ၏တကိုယ်ကောင်းဆန်တတ်သည့် "ကျား"လို စိတ်ကို "ကျား"လို ဘဝမျိုးကို ဆန့်ကျင်လျက်–

သားသမင်ကဲ့သို့ အပြစ်မဲ့စွာ နေထိုင်စားသောက်နိုင်ပြီး လောကခံ၏ အနိုင် ကျင့်မှုများကို သည်းခံစိတ်မွေး၍ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝကောင်းကျိုး ဖြစ်စေရန် သည်တစ်ဘဝစာကို အများကောင်းကျိုးအတွက် စွန့်လွှတ်အနစ်နာခံပြီး နေထိုင်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

သင့်အား ကျွန်ုပ်ပြောလိုသမျှ ပြောပြပြီးဖြစ်ပါသည်။ ယခု ကျွန်ုပ်တပည့် အချို့အား ထပ်မံပြောလိုပါသေးသည်။

ဤကဏ္ဍသည် သင့်အတွက် မရည်ရွယ်ပါ၊ ကျွန်ုပ်၏တပည့်အဖြစ် ခံယူ ထားပါသည်ဆိုသော ကျွန်ုပ်တပည့်အချို့အတွက်သာ ဦးတည်ရည်ညွှန်း၍ တင်ပြထား ခြင်းဖြစ်ပါသည်။

သိသလိုလိုနှင့် မသိဘဲဖြစ်နေရသည့် ကိစ္စအချို့ရှိပါသည်။ ကျွန်ုပ် ရဟန်း ဘဝ ဝါတွင်းတရားပွဲတစ်ခုတွင် တရားစဟောခဲ့စဉ်က အတွေ့အကြုံတစ်ခု ဖြစ်ပါ သည်။

ကျွန်ုပ်က ဓမ္မပဒတစ်ပုဒ်ကို ရွတ်ပြလိုက်ပါသည်။

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ"

"ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ" ဟု အဓိပ္ပာယ်ကိုလည်း ဖော်ပြလိုက်ပါသည်။

"ဘုရားပွင့်တာ သတ္တဝါတွေ အကျိုးစီးပွားအတွက်"

"တရားပွင့်ထွန်းပေါ်ပေါက်လာတာ သတ္တဝါတွေ ချမ်းသာဖို့အတွက်" ဟု ဆိုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၉၁)

သည်တော့ တရားနာပရိသတ်တွေကို ဦးဇင်းက ပထမမေးခွန်းထုတ်လိုက်ပါသည်။

ယခု မိမိအသက်သည် အငယ်ဆုံး ၄၀၊ ၅၀ မှ ၇၀ ကျော်များ တရားနာနေကြကြောင်း ဘုရားသာသနာနှင့် ကြုံတွေ့လာခဲ့သည်မှာလည်း ၃၀၊ ၄၀ ကျော်ခဲ့ပြီဖြစ်၍ ဓမ္မပဒတွင် ဖော်ပြချက်အရ –

(၁) အကျိုးစီးပွားတွေဖြစ်နေပြီလား။

(၂) ချမ်းသာနေကြပြီလား ဟု–

ထိုအခါ တရားနာပရိသတ် အသက်ကြီးပိုင်းအချို့က သူတို့–

မချမ်းသာကြသေးကြောင်း–

အကျိုးစီးပွားလည်း မဖြစ်ကြသေးကြောင်း ပြန်ဖြေခဲ့ပါသည်။

ကျွန်ုပ်က ထပ်ဆင့်မေးခွန်းထုတ်ခဲ့ရပါသည်။

"ဘာမချမ်းသာကြတာလဲ" "ဘာအကျိုးစီးပွား မဖြစ်ကြသေးတာလဲ"

တရားနာပရိသတ် အများစု၏ ရည်ရွယ်ထားရှိချက်အသိက–

ဥစ္စာစီးပွားနှင့် ကာမဂုဏ်သုခချမ်းသာ ခံစားစံစားရမှုကိုသာ ဦးတည်သိရှိ၍ ထိုကဲ့သို့အဖြေမျိုးကို ဖြေခဲ့ခြင်းသာ ဖြစ်ကြပါသည်။

ဓမ္မပဒရည်ရွယ်ချက်က–

ဘဝသံသရာအဆက်ဆက် တစ်ဘဝထက်တစ်ဘဝ မြင့်သထက်မြင့်ပြီး နောင်းတိုင် နိဗ္ဗာန်ဝင်နိုင်ဖို့–

(၁) မဂ္ဂင်တရားရှစ်ပါးနှင့် သစ္စာသိမြင်မှုကြောင့် ဘဝတိုင်း **အကျိုးစီးပွား ဖြစ်ထွန်း** နိုင်ကြောင်း။

(၂) အကုသိုလ်ကိုရှောင်၊ ကုသိုလ်ကိုဆောင်ပြီး "သီလ၊ သမာဓိ၊ ပညာ" ဆည်းဟူသော သိက္ခာသုံးပါးနှင့်ပြည့်စုံနေပါက အပါယ်ငရဲဆင်းရဲမှ အမြဲတမ်း လွတ်ကင်းပြီး **"သုခ" ချမ်းသာမှုဘဝ** မျိုးနှင့်သာ အမြဲကြုံတွေ့နေရမည်ဖြစ်ကြောင်းကို ရည်ရွယ်ခြင်းသာဖြစ်ပါသည်။

အဘာယ်စည်းစိမ်ရတနာ ရွှေငွေပြည့်စုံမှု၊ မပြည့်စုံမှုကိုမျှ ရည်ရွယ်ရင်းမဟုတ်ကြောင်း ရှင်းလင်းပြခဲ့ပါသည်။

ဒုတိယမေးခွန်းက–

ယခုတရားနာပရိသတ်တွေသည် အပြစ်တွေကို မဆေးကြောရသေးဘဲနှင့် အဝတ်ဆောင်ပြီး သီလယူ၊ တရားနာသူတွေ ဟုတ်၊ မဟုတ်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၉၂)

အဖြေက မဟုတ်ကြောင်း၊ သီလယူထားသူများဖြစ်၍ အပြစ်များကို ဆေး ကြောထားသူများသာ ဖြစ်ကြကြောင်း အဖြေထွက်လာခဲ့ပါသည်။

ကျွန်ုပ်က ထိုအဖြေကို လက်မခံနိုင် ဖြစ်ခဲ့ရပါသည်။

ကျွန်ုပ် သိထားသည်က–

ကြွေးတစ်ရာယူထားသူသည် နောက်ထပ် ကြွေးထပ်မယူတော့ပါဟု အာမခံ ထားရုံဖြင့် ယခင် ယူထားပြီးသား ကြွေးတစ်ရာက ကြေပျောက်ရမည်မဟုတ်ပါ။

အကြွေးမဆပ်မချင်း အတိုးက တက်နေပါမည်။

သည်ကဲ့သို့ပင်–

သင်နှင့်ကျွန်ုပ်တို့ အများစုသည်လည်း မိဘနှစ်ပါးမသေမီအချိန်ကပင် မိအို ဖအိုမိဘနှစ်ပါးကို ပြုစုလုပ်ကျွေးရန်၊ အကြွေးဆပ်ရန်လိုကြောင်း၊ အသိအမှတ်မပြုဘဲ အချိန်တန် အရွယ်ရောက်သည်နှင့် လင်ယူမှု မယားယူမှုအလုပ်ကို မိဘ သဘောတူသည် ဖြစ်စေ၊ မတူသည်ဖြစ်စေ ကျူးလွန်ခဲ့ကြပါသည်။

သည်အချိန်မှစ၍ မိအိုဖအိုတို့အား ပြုစုကျွေးမွေးရန်ကိစ္စကို လျစ်လျူရှုပြီး မိမိတို့၏ အိမ်ထောင်သုခဘဝကိုသာ ဦးစားပေးတည်ဆောက်ကြပါတော့သည်။

သားဦးသမီးဦးများ ရလာပြီး မိမိတို့ကိုယ်တိုင် "မိဘ" ဘဝသို့ရောက်လာ သည့်တိုင်လည်း အများအားဖြင့် သတိနောင်တ မရကြဘဲ မိမိတို့၏ မိအိုဖအိုများကို ပင် မြေးဦးများအား ထိန်းကျောင်းစေသည့်တာဝန်ကို မသိမသာစေခိုင်းကြပါတော့ သည်။

ဘယ်သူတွေက ခွင့်လွှတ်ကြပါစေ၊ အပြစ်ကတော့ ခွင့်လွှတ်လိမ့်မည် မဟုတ် ကြောင်း သိထားသင့်ပါသည်။

ထို့ကြောင့်ပင် မိဘနှစ်ပါး ကျန်ရှိနေသည်ဖြစ်စေ၊ ကွယ်လွန်ပြီးသည် ဖြစ်စေ စေ၊ မိဘတည်းဟူသော မွေးကျေးဇူးနှင့် ကျွေးကျေးဇူးရှင်နှစ်ပါးအား နီးလျှင် အနီးက ပြုစုလုပ်ကျွေးကန်တော့ခြင်း၊ ဝေးလျှင် အဝေးမှ ထောက်ပံ့ပူဇော်ကန်တော့ခြင်း၊ ကွယ်လွန်လျှင်လည်း မိပွဲဖပွဲ အထိန်းအမှတ်ပြုပြီး ပူဇော်ကန်တော့ခြင်းတို့ကို မပြတ် ပြုမူနေသင့်လှပါသည်။

ဤကဲ့သို့ ပြုမူနေမှသာလျှင် တင်နေသော မိဘကျေးဇူးကြွေးများကို တတ်နိုင် သမျှ ပေးဆပ်ဆေးကြောနေသူဖြစ်ပြီး သီလခံယူဆောက်တည်ရန် သင့်သူဖြစ်ပါမည်။

သို့မဟုတ်ပါက အပြင်ကလှပပြီး အတွင်းက ပိုးအတိပြည့်နေသော သစ်သီးမှည့်ကဲ့သို့ ဖြစ်နေကြပါမည်။

www.burmeseclassic.com

www.burmeseclassic.com

(၉၃)

အများအားဖြင့် ကျွန်ုပ်အား နှုတ်မှ တပည့်အဖြစ် အသိအမှတ်ပြုပါဟု တောင်းဆိုလာပြီး တကယ်တမ်းကျတော့ ကျွန်ုပ်ဆန္ဒအယူကို မယူဘဲ မိမိနှစ်သက်ရာ အယူအဆများကိုသာ ယူကြသော တပည့်အမည်ခံများသာ ဖြစ်နေကြပါသည်။

ထို့အတူ ဗုဒ္ဓဘာသာအမည်ခံပြီး ဗုဒ္ဓအယူမယူဘဲ မိမိယူချင်သလို ယူနေ၊ ပြုကျင့်နေကြသော ဗုဒ္ဓဘာသာအတုအယောင်များ (မိမိကိုယ်ကို အတုအယောင် ဖြစ်နေမှန်းပင် မသိနိုင်သူများ)က ပို၍ပို၍ များလာကြပါသည်။

ဥပမာတစ်ခု ကျွန်ုပ်တင်ပြလိုပါသည်။ ကျွန်ုပ်နှင့် ရင်းနှီးသောရဟန်း သို့မဟုတ် ဘုန်းကြီးအချို့ ရှိပါသည်။

တရားနှင့်စပ်၍ ဘာမျှမသိ၊ သို့သော် ဝစီပိတ်ကျင့်နေကြောင်း၊ သက်သတ်လွတ်စားပြီးကျင့်နေကြောင်း အမျိုးမျိုးအကြောင်းပြပြီး အလှူငွေများကိုသာ တောင်းခံနေကြပါသည်။

ထို့ပြင် ပို၍ဆိုးသည်က ဘွဲ့တစ်ခုခုရရန်အတွက် ငွေကြေး လာဘ်ထိုးပြီး ဘွဲ့တပ်နေခြင်းပင် ဖြစ်ပါသည်။

ထိုကဲ့သို့ ဘွဲ့ယူသူ ဘုန်းကြီးနှင့် ဘွဲ့ချပေးသူ ထောက်ခံသူ ဘုန်းကြီးများကို ယနေ့ ကျွန်ုပ်တို့ ရှိခိုးပူဇော်နေမိကြပါသည်။

ရှေ့ပိုင်းတွင် သင်တို့ ဖတ်ရှုခဲ့ပြီးဖြစ်သည့် အဓိဂမ အန္တရာယ် တွင်သာ သာသနာကွယ်ခြင်းကို ဖော်ပြထားသည့်အတိုင်း "လိင်္ဂသာသနာ" အယောင်ဆောင်မှုသာဖြစ်နေကြပြီ ဖြစ်ပါသည်။

ကျွန်ုပ် အဓိကဆိုလိုသည့်အချက်က ဘယ်ရဟန်း ဘယ်ပုဂ္ဂိုလ်တွေက ဘာပဲလုပ်နေနေ ဖြစ်နေနေ ကျွန်ုပ်နှင့် ဘာမျှမဆိုင်ပါ။ နမူနာမျှ ဖော်ပြရေးသားခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်အနေနှင့် ကျွန်ုပ်အား ဆရာတင်ထားပြီး မိမိကိုယ်ကို တပည့်အဖြစ် ပြောနေသူအချို့အတွက် ဤစာကို ရေးသားရခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်အား ယာယီတပည့်ခံထားသူ အချို့ရှိပါသည်။

ထိုတပည့်ဟု အမည်ခံထားသူတို့၏ ရည်မှန်းချက်သည်ကား–

သူတို့အကျိုးစီးပွားနှင့်ဘေးရန်ကို ကာကွယ်ပေးမှုအတွက်သာ တပည့် ခံယူထားခြင်းဖြစ်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ တူသည်ကား–

ချောမောလှပသော မိန်းမချောင်တစ်ဦးကို ငွေပေးပြီး တစ်ညတာပျော်ပါးနေသည့်ပုံပင်ဖြစ်ပါသည်။

ကျွန်ုပ်ဘက်က ငွေမြက်မြက်ရ၍ လက်ခံရသလို သူတို့ဘက်မှ ကာမဂုဏ်ရမှုက်ကြောင့် ပေါင်းဖက်လိုခြင်းဖြစ်ပါသည်။

မေတ္တာလည်း မပါ၊ သစ္စာလည်း မရှိ၊ ချစ်တာလည်း နတ္ထိပင်ဖြစ်ပါသည်။

ကျွန်ုပ်က ထိုတပည့်များကို ပြုပြင်စေလိုသည်။ ဦးတည်ချက် ပြောင်းလဲပစ်စေလိုပါသည်။

မီးခဲပြာဖုံးဖြစ်နေကြသော သူတို့၏ဘဝ၊ သူတို့၏အသိဉာဏ်တို့ကို ပွင့်ထွန်းလာစေချင်ပါသည်။

ထိုပုဂ္ဂိုလ်အားလုံးတို့သည် ကာမတဏှာ၊ ဘဝတဏှာထဲတွင် လုံးလည်ချာလည် နစ်မွန်းနေသကဲ့သို့ ဖြစ်နေကြပါသည်။

(ကုသိုလ် ပညာ ဥစ္စာ ကာမဂုဏ်) တို့အတွက် နေထွက်မှ နေဝင်သည့်တိုင် လူတိုင်း လှုပ်ရှားရုန်းကန်နေကြရပါသည်။

သာမန်လူညံ့များက **ဥစ္စာ ကာမဂုဏ်အတွက်** ဦးစားပေးစိတ်နှင့် ဘဝကို ရပ်တည်ရုန်းကန်နေတတ်ကြပြီး–

အဆင့်မြင့်လူတတ်များက **ကုသိုလ်၊ ပညာကို** ဦးစားပေးစိတ်နှင့် ဘဝကို ရပ်တည်လှုပ်ရှားနေတတ်ကြပါသည်။

ကျွန်ုပ်က–

ကျွန်ုပ်တပည့် အမည်ခံများအား ဥစ္စာ ကာမဂုဏ်အတွက် ဦးစားပေးစိတ်မှ ကုသိုလ်ပညာဘက်သို့ ကူးရောက်စေလိုပြီး–

ကုသိုလ်ပညာအတွက် ဦးစားပေးစိတ်မှ ဓမ္မအသိသို့ သစ္စာအသိသို့ ကူးရောက်စေလိုလှပါသည်။

ယခုမူကား–

ပါးစပ်က ဘုရား၊ လက်က ကားယား ဆိုသကဲ့သို့ပင် ဘုရားနှင့်သံဃာကို ကိုးကွယ်နေမှုသည်ပင် (ဘယာ၊ လာဘ၊ ကုလ) ကြောင့်သာ ကိုးကွယ်မှုပြုတတ်ကြပါသည်။

ဂုဏ်တော်နှင့်ဓမ္မကို အာရုံပြုပြီး ကိုးကွယ်ရမှန်း မသိတတ်ကြသူများ ဖြစ်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၉၅)

လူတို့က (ဘယာ၊ လာဘ၊ ကုလ) ကြောင့် ကိုးကွယ်ကြပြီး ရဟန်းအချို့က (သာဘ သက္ကာယ သိလောက) ကြောင့် ကျင့်ကြံနေကြပါသည်။

ကျွန်ုပ်၏တပည့်အမည်ခံ တပည့်တစ်ဦးက ဓမ္မဒါန စာစောင်ကျင့်စဉ်များ ဆင့်လှူဒါန်းမှုပြုလာပါသည်။

ကျွန်ုပ်က စိတ်ပါဝင်စားစွာ ဖတ်ရှုမိပါသည်။

သူက ဗုဒ္ဓနှင့်ဗုဒ္ဓ၏ဓမ္မ "ဓမ္မစကြာ"ကို သစ္စာပြု တောင်းဆုဆိုထားခဲ့ပါသည်။

သူ၏ သစ္စာဆိုထားမှုသည်ကား–

ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုတွင် ဘုရားဖြစ်တော်မူပါသည်။

မိဂဒါဝုန်တော၌ တရားဦးဓမ္မစကြာကို ဟောကြားတော်မူပါသည်။

"ဇာတိပိ ဒုက္ခာ၊
ဇရာပိ ဒုက္ခာ၊
ဗျာဓိပိ ဒုက္ခော၊
မရဏံပိ ဒုက္ခံ၊
အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ဖြစ်ပါသည်။

ဤမှန်ကန်သောသစ္စာစကားကြောင့်–

ကျွန်ုပ်တွင် အန္တရာယ်အပေါင်းကင်းဝေးပြီး စီးပွားရေး၊ ကျန်းမာရေး အစစ အောင်မြင်ရပါစေသား" ဟု တောင်းဆုဆိုမှု ပြုထားပါသည်။

ထိုဆုတောင်းစာကိုဖတ်ပြီး ကျွန်ုပ် မျက်စိလည်ထွက်သွားရပါတော့သည်။

ဘုရားရှင်က ဒုက္ခအကြောင်းတွေကို ပီပီပြင်ပြင် ဖော်ပြပြီး ထိုဒုက္ခမှ လွတ်လို ပါက–

ထို ဒုက္ခအပေါင်းကို ဖြစ်ပေါ်စေတတ်သော (သမုဒယတဏှာ) အရင်းခံသည့် ကာမဂုဏ်တရားဆိုးတို့ကို မလိုချင်မှ မရချင်မှ ရှောင်ကြဉ်နိုင်မှ ဘဝချမ်းသာ ပြည့်စုံ နိုင်ကြောင်း လမ်းညွှန်ပြခဲ့ပါသည်။

ကျင့်ရမည့် မဂ္ဂင်(၈)ပါး ဓမ္မကျင့်စဉ်များကိုလည်း အတိအကျ ညွှန်ပြထား ပါသည်။

ထိုတရားများ ရှိနေပါလျက် ထိုတရားများကို သိနေပါလျက်–

ဘယ်အတွက် ကာမဂုဏ်ဒုက္ခဂယက်ထဲ ပြန်လည်ကျဆင်းသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



လောကီအာရုံကာမဂုဏ် ဒုက္ခမျိုးကိုပင် ပြန်လည်တောင်းဆုဆိုခဲ့ခြင်းကို ကျွန်ုပ် စဉ်းစား မရဖြစ်ခဲ့ရပါသည်။

ထိုတပည့်သည်–

လူထွက်ပြီး မိန်းမယူသော ရဟန်းတစ်ပါးပြောသကဲ့သို့ ဖြစ်နေရပါသည်။

အိမ်ထောင်ပြုပြီးမကြာမီ ကလေးမွေး၊ လူမှုဒုက္ခတွေ ကြုံလာတော့မှ–

ရဟန်းပြန်ဝတ်လိုကြောင်း တောင်းဆိုခဲ့ပါသည်။

သူ၏အပြောအရ–

အစက သည်ကလေးဒုက္ခ၊ ဘဝစားဝတ်နေရေးဒုက္ခတွေ မရှိခဲ့ကြောင်း၊ မတွေးမြင် မသိခဲ့ရကြောင်း။

သူသိခဲ့ရသည်က ကျောင်းအနောက် ခြံစည်းရိုးဝါးပင်ရိပ်တွင် ချစ်သူနှစ်ဦး ပျော်ရွှင်နေပုံကိုသာ နေ့စဉ် တွေ့မြင်ခဲ့ရကြောင်း၊ ဘဝဒုက္ခမျှ မမြင်မိခဲ့ကြောင်းပင် ဖြစ်ပါသည်တဲ့။

သည်နေရာတွင် တောင်းဆုအမျိုးမျိုးကို တောင်းနေ လိုက်နေ ရလိုနေသူများအား သတိပြုစေလိုပါသည်။

ကျွန်ုပ်တို့၏မြတ်စွာဘုရား တရားတစ်ပုဒ်တွင် အောက်ပါအတိုင်း ဟောပြခဲ့ဖူးပါသည်။

နှစ်ဉ်ဘဝ အကိတ္တိ ရှင်ရသေ့ ရွှေငွေကုဋေ(၄၀)ကိုစွန့်ပြီး တောဝင်သွားခဲ့ပါသည်။ လိုရင်းဇာတ်က တရားကျင့်၏၊ အပြင်းအထန်ကျင့်၏၊ သိကြားမင်း မနေနိုင်၍ လာဖျက်ဆီး၏၊ မရ၊ သိကြားမင်းက မေး၏။

ဘာကိုလိုချင်၍ ဤမျှကျင့်နေကြောင်း–

ရသေ့မြတ်က ဖြေ၏။ ဘာမျှမလိုချင်၍ ကျင့်နေကြောင်းပင် ဖြစ်ပါသည်။

သည်တော့–

သိကြားမင်းက သူ့ဗိမာန်ကို လုမည့်သူမဟုတ်မှန်းသိ၍ သိကြားအဖြစ် ကိုယ်ထင်ပြပြီး ဆုပေးမည်၊ ဆုတောင်းပါဟု ဆိုပါသည်။

ရသေ့မြတ်က ဆုတောင်းခဲ့ပါသည်။

(၁) မည်သူ့အပေါ်ကိုမျှ ဒေါသမဖြစ်ရသောသူ ဖြစ်ရပါလို၏။

(၂) မိမိကြောင့် မည်သူ့ကိုမျှ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်ရသော သူသာ ဖြစ်ရပါလို၏။

(၃) ဘာဥစ္စာပစ္စည်း ကာမဂုဏ်ကိုမျှ စွဲလမ်းတပ်မက်မှု မဖြစ်ရသောသူသာ ဖြစ်ရပါလို၏။

www.burmeseclassic.com

www.burmeseclassic.com



(၄) အမြဲတမ်းပေးလှူနိုင်ပြီး ပေးလှူလိုသော စိတ်ရှိသူသာ ဖြစ်ရပါလိမ့်၏ ဟူ၍ပင် ဖြစ်ပါသည်။

သူတော်ကောင်းမှန်ပါက ဤဆုမျိုးကိုသာ ဆုပန်တောင်းဆိုသင့်ပါသည်။

ယခုကဲ့သို့ ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက်ဆုမျိုး မတောင်းမိရန် သတိပြုသင့်ပါသည်။

မြင့်ရာမှ နိမ့်ရာသို့ အမြဲတမ်းစီးဆင်းတတ်သော "ရေ" ကဲ့သို့ မိမိဘဝကို မဖြစ်စေသင့်ပါ။ ပျက်လျှင်အစဉ်၊ ပြင်လျှင်ခဏ ဆိုသောစကားရှိပါသည်။

သင်ယနေ့ ပြင်နိုင်ပါက ယနေ့ပင် သင် သူတော်ကောင်း ဖြစ်နိုင်ပါသည်။

သင့်အား ကျွန်ုပ် သတိတစ်ခုပေးပါရစေ–

အများကို သင်လိမ်၍ရသော်လည်း ကိုယ့်ကိုယ်ကိုမူ လိမ်၍မရနိုင်ခြင်းပင် ဖြစ်ပါသည်။

ယခင်က ကျွန်ုပ်သည်လည်း အများကို မှင်သေသေနှင့် လိမ်ခဲ့ဖူးပါသည်။

အများက ကျွန်ုပ်လိမ်နေကြောင်း လုံးဝမသိကြသော်လည်း ကျွန်ုပ် လိမ်နေကြောင်းကိုမူ ကျွန်ုပ်ကိုယ်တိုင် အမှန်သိနေပြီး ဖြစ်ပါသည်။

ဘုရားရှင်လက်ထက် လိမ်လည်မှုတစ်ခု ဖြစ်ပေါ်ခဲ့ဖူးပါသည်။ခုဇ္ဇုတ္တရာ ကျွန်မ– ပန်းအဝယ်တော်ဖြစ်ခဲ့စဉ်၌......

ပန်းဖိုးအသပြာ(၄)ပြား ယူသွားပြီး၊ နေ့စဉ် (၂)ပြားဖိုးမျှသာ ဝယ်ပေးပြီး (၂)ပြားဖိုး ခိုးဝှက်နေကျ ဖြစ်ပါသည်။

တစ်နေ့.... ဘုရားရှင်၏ တရားပွဲနှင့် ကြုံခဲ့ပါသည်။ခေတ္တမျှ ဝင်၍ တရားနာခဲ့ပါသည်။

ဒါနကထာ သီလကထာအဆင့်တွင်ပင် ခိုးဝှက်ခြင်း၏ မကောင်းကျိုးများကို သိမြင်သွားခဲ့ရပါသည်။

သစ္စာကထာ အရောက်တွင်မူ အရိယာ သူတော်ကောင်းစိတ် ဝင်သွားပါတော့သည်။

သည်တော့ မခိုးဝှက်တော့၊ မလိမ်တော့ သစ္စာတရားကို သိမြင်သွားပြီးသူ နှင့်သမျှ–

မဂ္ဂင် ၈–ပါးတွင် သီလမဂ္ဂင် ၈,လုံသွားပြီး ဖြစ်ပါသည်။

သီလမဂ္ဂင် လုံခြုံမှု အားကြီးသွားသူမှန်က လောကီအကျိုးစီးပွား၊ ကာမဂုဏ် ချမ်းသာ၊ လောဘတဏှာ အားမကြီးနိုင်ဖြစ်သွားရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ တရားတော်များကို ပြောကြားနေပြီး မိမိကိုယ်တိုင်ကမူ လောကီ အကျိုးစီးပွား၊ ရွှေ၊ ငွေတို့အပေါ်၌ လိုလားတောင်းတနေမှုသည်ကား–

ဘုရားနှင့်တရားကို ဇန်းပြပြီး မိမိကိုယ်ကို လိမ်နေခြင်းမျှသာ ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်တို့၏ လားရာဂတိသည်ကား ပြိတ္တာနှင့် တိရစ္ဆာန်ဘဝသို့သာ ဦးတည်လျက်ရှိနေကြပါမည်။

လိမ်လည်နေခြင်းဖြင့် သင့်အား အဘယ်အကျိုးတရား မျှခံစားရပါလိမ့်မည်လည်း မဟုတ်ပါ။ အကုသိုလ်အပြစ်များသာ ကျန်ရစ်ခံစားရပါမည်။

မကြာမီက သတင်းတစ်ခု ကြားခဲ့ရပါသည်။

လှိုဏ်ဂူကဘီဒိုအောက်မှ သိန်း ၃၀၀ မျှတန်သော ရွှေငွေများ ပေါ်ထွက်ခဲ့ပါသည်။

ကျန်ရစ်သောဆွေမျိုးတွေ အမွေလုကြ၏။

ထိုဆရာတော်ကြီး ဘယ်ဘဝသို့ ကျရောက်သွားသည်ကို မသိနိုင်ကြသော်လည်း–

ကျန်ရစ်ခဲ့သော ရွှေငွေတန်ဘိုး သိန်း ၃၀၀ က ဆရာတော်ကြီး ဘယ်ဘဝ ရောက်မည်ကို ဖော်ပြနေပြီးဖြစ်ပါသည်။

ကျွန်ုပ်ဖြစ်စေလိုသည်က–

ကျောင်း၊ ရွှေ၊ ငွေ၊ ကား၊ ဥစ္စာပစ္စည်းများက အပါယ်ဂတိကို ဆွဲချနိုင်စွမ်း မရှိကြပါ။

သို့သော် ထိုရွှေ ငွေ ကား ကျောင်းများကို "ငါ့ဟာ"တည်းဟူသော တဏှာမာနက ဆွဲချစေခြင်းသာ ဖြစ်ပါသည်။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ–

လိုအပ်ပါက ဥစ္စာပစ္စည်းအချို့ကို ရှာဖွေရပါမည်။ ဥစ္စာပစ္စည်းလိုအပ်ချက်ကို ရှာဖွေခြင်းက အပြစ်မဟုတ်ပါ။

အပိုင်အဖြစ် သိမ်းဆည်းခြင်းသည်သာ အပြစ်ဖြစ်ပါသည်။

အတ္တပေမ ငါ့အတွက်ဆိုပါက ငရဲ

ဂေဟာသိတ ပေမ ငါနှင့်ငါ့မိသားစု ဆွေမျိုးအတွက်သာဆိုပါက တိရစ္ဆာန် ပြိတ္တာ–

လောကတ္တပေမ အများအကျိုးအတွက်ဆိုပါက ကုသိုလ်– လူနတ်ဗြဟ္မာ နိဗ္ဗာန်တိုင်အောင် ဖြစ်စေနိုင်ပါသည်။

ယခု ကျွန်ုပ် မြင်တွေ့နေရချက်သည်ကား–

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဒါနအဖြစ် အမည်တပ်ထားပြီး– ဆရာတော်အသီးသီး၏ တရားစာအုပ်အလွန်အများအပြားသည်–

တန်ဘိုးသတ်မှတ်ပြီး ဆိုင်တင်ရောင်းစားနေကြပါသည်။

"တရားဟောထားချက်" များကို စာအုပ်အဖြစ်သို့ ပြုစုပြီး–

တန်ဘိုးသတ်မှတ်ရောင်းစားဝံ့သော ပုဂ္ဂိုလ်တို့သည်ကား– ကောသလမင်းကြီး၏အိပ်မက် အမှတ်(၁၁)အတိုင်း ဘုရားတရားတော်တို့ကို ငွေကြေးအလို့ငှာရောင်းစားနေကြသူများသာ ဖြစ်ပါသည်။

အဘယ်ဆင်ခြေပေးပေး ထိုလူများသည်ကား ကိုယ့်ကိုယ်ကို လိမ်နေသူများသာဖြစ်ပါသည်။

ကျွန်ုပ်က ထိုအဖြစ်မျိုး မဖြစ်စေလိုပါ။

ထို့ကြောင့် ကျွန်ုပ်၏ တရားပြစာအုပ်မှန်သမျှ တန်ဘိုးသင့်၍ ရောင်းစားလိမ့်မည်မဟုတ်ပါ။

ကျွန်ုပ်က ကျွန်ုပ်တပည့် လူချမ်းသာများကို အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။ လောကတွင် ဥပမာတစ်ခု ပြထားခဲ့ပါသည်။

မြေပိုင်ရှင်ကြီးတစ်ဦးက လူဆင်းရဲသားတစ်ဦးကို ခြံမြေများ အခမဲ့ပေးလိုသဖြင့် မိမိလိုချင်သလောက် မြေအကျယ်အဝန်းကို ကြိုက်သလောက်ယူရန်အတွက် ခြေလေးထောင့်ကို ငုတ်စိုက်ခိုင်းလိုက်ပါသည်။

သူဆင်းရဲသားသည် ငုတ်တိုင်ကိုင်ပြီး ခြံကျယ်နိုင်သမျှ ကျယ်ကျယ်ရရန်အတွက် ပြေးထွက်ခဲ့ပါသည်။

ကျဉ်းသေးသည်ထင်၍ ဆက်၍ဆက်၍ ပြေးထွက်ခဲ့ပါသည်။

အမောလွန်တော့မှ ပထမငုတ်ကိုရိုက်လိုက်ပြီး ကျန်အနားသုံးဘက်ကို ဆက်သွားနိုင်ဖြစ်ခဲ့ရပါသည်။ ငုတ်တိုင်တစ်တိုင်စာ ရိုက်နိုင်ပြီး အမောဆို့၍ သေပွဲဝင်ခဲ့ကြောင်းပင်ဖြစ်ပါသည်။

ဤဟာသည် ပုံပြင်ဟု ယခင်က ကျွန်ုပ်ထင်မှတ်ခဲ့ပါသည်။

သို့သော် ဉာဏ်ပွင့်လာမှ ပုံပြင်မဟုတ်ဘဲ ကျွန်ုပ်တို့၏ ဘဝလိုချင်တောင့်တမှုမှန်ကို ဖော်ပြနေကြောင်း သိလာခဲ့ရပါတော့သည်။

သူဆင်းရဲသားအနေဖြင့် ပထမငုတ်တိုင် ရိုက်နိုင်ခဲ့သော်လည်း ယနေ့ ကျွန်ုပ်တို့သည် ငုတ်တိုင်ရိုက်ဖို့ဝေးစွ၊ ဆက်၍ပြေးနေဆဲ ပုဂ္ဂိုလ်များသာ ဖြစ်နေကြဆဲဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပို၍ဆိုးသည်က မိမိတို့ကိုယ်တိုင်ပင် ငုတ်မရိုက်နိုင်ဘဲ အမောဆို့သည်အထိ (သေသည်အထိ)ပြေးနေသည်ကို မေ့လျော့နေမိခြင်းပင် ဖြစ်ပါသည်။

သိန်းရာထောင်ချမ်းသာနေသော ကျွန်ုပ်တပည့်အမည်ခံ တပည့်တစ်ဦးက လည်း စီးပွားရေးတိုးချဲ့နေဆဲ။

အကြွေးတင်နေသည့်ဘဝမှ သိန်းရာချီချမ်းသာလာသည့် တပည့်တစ်ဦးက လည်း လောဘမသတ်နိုင်သေး

မည်သူ့ကိုပဲ ကြည့်ကြည့် ငုတ်တိုင်ကိုင်ပြီး ပြေးနေကြသူများသာ ဖြစ်နေကြ ပါသည်။

ငုတ်ရိုက်နိုင်သူကား အလွန်ရှားလှပါတော့သည်။

သည်တော့ ကျွန်ုပ်တပည့်အချို့အား ငုတ်ရိုက်နိုင်ဖို့ ကတိတစ်ခုတော့ ပေး ရပါမည်။လောဘနောက်သို့ ဆက်လိုက်နေသမျှ ဒုက္ခနှင့်သာ ဘဝကို အဆုံးသတ်ရ ပါမည်။

သုခနှင့်ဘဝကို အဆုံးသတ်နိုင်စေရန်အတွက်လည်းကောင်း၊ ငုတ်ရိုက်နိုင်ရန် အတွက်လည်းကောင်း၊ ကုသိုလ်တရားတစ်ခုကို ညွှန်ပြလိုပါသည်။

## အမြတ်ဆုံးကုသိုလ်

လောကတွင် အမြတ်ဆုံးရတနာ(၃)ပါး ရှိပါသည်။

(၁) ဘုရားရတနာ

(၂) တရားရတနာ

(၃) သံဃာရတနာ ဟူ၍ဖြစ်ပါသည်။

အမှတ်(၁) ဘုရားရတနာတွင်လည်း စေတီ(၄)မျိုး ခွဲပြထားပါသည်။

(က) ဥဒ္ဒိဿစေတီ (ရုပ်ပွားဆင်းတုတော်ထားခြင်း)

(ခ) ဓာတုစေတီ (ဘုရားရဟန္တာများ၏ ဓာတ်တော်များ ဌာပနာပြု၍တည်ထားခြင်း)

(ဂ) ပရိဘောဂစေတီ (ဘုရားရဟန္တာများ၏ အသုံးအဆောင်ဖြစ်သော ရေသနုတ် သင်္ကန်း၊ တောင်ဝှေး၊ သပိတ် စသည်ကို ဌာပနာပြု၍တည်ထားခြင်း)

(ဃ) ဓမ္မစေတီ (ပဋိကတ်သုံးပုံဖြစ်သော စာပေပရိယတ္တိကျမ်းများ ဌာပနာပြု၍ စေတီ တည်ထားခြင်း)

ထိုလေးမျိုးသောစေတီများကား ပြင်ပတွင် လူတို့တည်ထားကိုးကွယ်ကြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၀၁)

ပြင်ပစေတီများကား ရာသီဥတုနှင့် ရန်သူမျိုးငါးပါးကြောင့် ပျက်စီးလွယ် တတ်ပါသည်။

အတွင်းစေတီများကား လူတို့ဖျက်ဆီး၍မရပါ။ ရာသီဥတုကြောင့်လည်း ပျက်ဆီးနိုင်ပါ။

လူနှင့်ရာသီဥတု မဖျက်ဆီးနိုင်သော အတွင်းစေတီ(၂)မျိုး ရှိပါသည်။

(၁) **အတွင်းဥဒ္ဒိဿစေတီတစ်မျိုးကား** မိမိစိတ်ဖြင့် (ဘယာ လာဘ ကုလကြည်ရှောင် ဘုရားတော်အပေါင်းကို အောင်းမေ့၍ (ကြည်ညိုနေခြင်း)၊

(၂) **အတွင်းဓမ္မစေတီတစ်မျိုးကား** မိမိအသိဉာဏ်ဖြင့် ရုပ်နာမ်သင်္ခါရ (အနိစ္စ သညာ ကုသိုလ်ပြုလိုစိတ်အစဉ်ဖြင့် မိမိ ကာယကံ ဝစီကံ မနောကံတို့ကို စောင့်ရှောက် တည်ဆောက်ထားသည့် ဓမ္မအတွင်းစေတီပင် ဖြစ်ပါသည်။ မိမိ၏ ပြောဆိုဆုံးမ သင်ပြမှုကြောင့် အမှားမှအမှန်၊ အကုသိုလ်မှကုသိုလ်၊ ပညတ်မှပရမတ် တရားတို့ကို သူတာမရဉာဏ်အားဖြင့် ဖြစ်စေ-

အရိပ်မျှ သိစေနိုင်သည်ပင်၊ ဓမ္မစေတီတည်လိုက်ခြင်း ဖြစ်ပါသည်။

ထိုအတွင်းဓမ္မစေတီမျိုးသည်ကား ငွေကုန်ကြေးကျ လုံးဝမများဘဲ တန်ဘိုး ကြီးလှသော ကုသိုလ်အကျိုးကို အထောက်အပံ့ဖြစ်စေပါသည်။

ဤကဲ့သို့အကျိုးများသည် ငွေကုန်ကျမှုမရှိသော စေတီမျိုးကိုဖြင့် မတည် ဆောက်ကြဘဲ လူမြင်ကွင်းတွင် ထင်ပေါ်နေသော ငွေကုန်ကြေးကျများသော စေတီမျိုး ကိုသာ ကြိုးစားတည်ဆောက်ကြလေ့ရှိပါသည်။

ပြင်ပစေတီများ တည်ဆောက်ကြသည့်အခါ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများ ဆက်ယှက်နေသဖြင့် တစ်ခါတစ်ရံ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်အဖြစ်များကြလေ့ ရှိပါသည်။

သံကိဦးဆံပိုင်ဘုရင်များလက်ထက်တွင် လူစတေးခံရသော စေတီများပင် ရှိခဲ့ဘူးပါသည်။

ယခု ကျွန်ုပ်တင်ပြသော ဓမ္မ (အတွင်းစေတီ)မျိုးသည်ကား လုံးဝအပြစ်မဖြစ် နိုင်ဘဲ ကုသိုလ်အကျိုး၊ အလွန်ကြီးမားလာပါသည်။ သဗ္ဗဒါနံ၊ ဓမ္မဒါနံ ဇိနာတိဟု ဆိုပြထားပါသည်။ ထို့ကြောင့် ကျွန်ုပ်၏တပည့်များကို အတွင်းဓမ္မစေတီ တည်နိုင် ပါစေဟု ဆန္ဒပြု၍ ဒီစာအုပ်ကို ကျွန်ုပ်က ရေးသည်။ တပည့်များက ကုန်ကျစရိတ် ထိုင်းလှူကြပါသည်။

ဤဟာသည်ပင် ဓမ္မစေတီ တည်ဆောက်ကြခြင်းဖြစ်ပါသည်။ ဓမ္မစေတီနှင့် ပတ်သက်၍ တရားတစ်ပုဒ်က ဤကဲ့သို့ ဖွင့်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါဠိကို ဓမ္မပူဇာစာအုပ်များတွင် ရှာကြည့်ပါ။ အလွယ်တကူ တွေ့ရပါမည်။ စာရှည်မည်စိုး၍ အများနားလည်ရုံမျှ မြန်မာလိုပင် ဖော်ပြသွားပါမည်။

(၁) ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား တရား သံဃာအကျိုးအတွက် မိမိ အသက်နှင့်ခန္ဓာကို အပ်နှင်းကိုးကွယ်ပါ၏။

(အတ္တသန္နိယျာတန တနသရဏာဂုံ) ပထမတန်းစား၊

(၂) ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား တရား သံဃာအားသာလျှင် ကိုးကွယ်ပါမည်။ အခြားတွင် ကိုးကွယ်ရာမပြုတော့ပါ။

(တပ္ပရာယဏ သရဏာဂုံ) ဒုတိယတန်းစား၊

(၃) ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား တရား သံဃာ၏ တပည့်အဖြစ် ခံယူပါမည်။ အခြားအခြားသော ဘာသာအယူအဆ ဆရာများ၏ တပည့်အဖြစ်မခံယူတော့ပါ။

(သိဿဘာဝူပဂမန သရဏာဂုံ) တတိယတန်းစား၊

(၄) ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား တရား သံဃာ အားသာလျှင် ရှိခိုးခြင်း၊ လက်အုပ်ချီမိုး အရိုအသေပေးခြင်း၊ ခရီးဦးကြို နေရာပေးခြင်းတို့ကို ပြုပါတော့မည်။

ဘာမှန်းမသိရသော ဓာတ်၊ ဘိုးတော်၊ နတ်ကတော်၊ ရက္ခစိုးနောင်၊ ကျွဲနတ်၊ မြင်းနတ်၊ အမေကြမ်း စသည်တို့အား မရှိခိုးတော့ပါ။ နေရာလည်း မပေးတော့ပါ။

(ပဏိပါတသရဏာဂုံ) စတုတ္ထအဆင့် ကိုးကွယ်ခြင်းဟူ၍ ဖော်ပြထားပါသည်။

ဤကဲ့သို့ သရဏာဂုံသုံးပါးကို (စတုဟိ နရေဟိ) လေးပါးသောနည်းတို့ဖြင့် ကိုးကွယ်ဆည်းကပ်မှုပြုပါက အောက်ဖော်ပြပါ အကျိုးတရားများ အမှန်ခံစားရမည်ဟု အာမခံချက် ပြုထားပါသည်။

**(၁) ဒုက္ခံ ဟိတွာတိ ဝိနာသေတိ၊**

ဆင်းရဲခြင်းအားလုံးကို ပယ်ပျောက်စေခြင်း၊

**(၂) ဘယံ ဟိတွာတိ ဝိနာသေတိ၊**

ဘေးအားလုံးကို ပပျောက်စေခြင်း၊

**(၃) သံန္တာသံ ဟိတွာတိ ဝိနာသေတိ၊**

အပူသောကများကို ပပျောက်စေခြင်း၊

**(၄) ပရိကိလေသံ ဟိတွာတိ ဝိနာသေတိ၊**

ပတ်ဝန်းကျင်ဆိုး အနှောင့်အယှက်များကို ပပျောက်စေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၅) ဒုဂတိ ဟိသတိ ဝိနာသေတိ၊

သေလျှင် မကောင်းသော အဖြစ်မကောင်းသောဘဝ (အပါယ် ၄ရဲ တိရစ္ဆာန် ပြိတ္တာ) ဘဝမျိုးမှလွတ်စေခြင်း စသည့်အကျိုးထူးများ အမှန်ရရှိစေနိုင်ပါသည်။

ဤသည်ပင် "စေတီယဃရ မိဝါပူဇာရဟံ ဟောတိ" ဟု ဖွင့်ဆိုထားချက် အရ မိမိခန္ဓာကိုယ်ကို စေတီအိမ်အဖြစ် သဘောထား၍ သရဏဂုံသုံးပါးကို ဌာပနာ ဆောက်တည်ထားခြင်းသည် ဓမ္မစေတီဖြစ်သွားရခြင်း ဖြစ်ပါသည်။

နှုတ်ကမြွတ်ဆိုနေခြင်းထက် စိတ်ကပါ ဖြူစင်စွာထား၍ ကိုးကွယ်မှုပြုပါက ၏အကျိုးများဖွယ်ရာပင် ဖြစ်ပါသည်။

ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်မှုအပြင် ဒါနခဏ်း၊ သီလခဏ်းကိုပါ လုပ်ဆောင်နိုင်ပါက ယနေ့မှစ၍ ဒုက္ခအပေါင်းမှ အခက်အခဲများမှ မုချလွန်မြောက် ကြပါမည်။

လက်တွေ့လုပ်ဆောင်ကြည့်ကြပါစို့။

ရှေ့ပိုင်းတွင်ဖော်ပြထားခဲ့သည့် နည်းဥပဒေအရ-

(၁) ရလိုလျှင်ပေးပါ၊ ရလာလျှင်ပေးပါဟု ညွှန်းဆိုထားချက်သည်- "ဒါနတော ဘောဂ"ဆိုသည့် နီတိပင်ဖြစ်ပါသည်။

ပဋ္ဌာန်းဆရာတော်ဘုရားကြီး ဟောကြားထားခဲ့သည့် တရားတော်တွင် ဖော် ပြထားသကဲ့သို့-

အညစ်အကြေးကို ရေကနိုင်သလို

ရောဂါကို ဆေးကနိုင်သလို

အကုသိုလ်ကို ကုသိုလ်ကနိုင်သကဲ့သို့ ယူဆရပါမည်။

စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကုသိုလ်တစ်ခုခုကို နေ့စဉ်ပြုမိအောင် ပြုပေးရပါမည်။

(၂) ငုတ်ရိုက်သည်၊ ငုတ်မရိုက်နိုင်သည်ဆိုသည့် ညွှန်းဆိုထားချက်သည်လည်း ဘာမျှ လုပ်ပါနှင့်၊ အေးအေးနေပါ၊ လုပ်စရာမလိုဟု ဆိုလိုခြင်းမဟုတ်ပါ။

မိမိ၏လက်ရှိအခြေအနေကို ပြန်လည်ဆမ်းစစ်ပါ။ လောဘ ဒေါသ ဆောင်ပြီး အလိုရမ္မက်ကြီးစွာဖြင့် စီးပွားဥစ္စာအတွက် အကုသိုလ်အဖြစ်ခံပြီး ရှာဖွေ လုပ်ကိုင်နေခြင်း ဟုတ် မဟုတ်-

ယနေ့ စားဝတ်နေရေးအတွက် ရှာဖွေလုပ်ကိုင်နေမှုသည် ဘယ်သူ့အတွက် လည်း၊ ဘာအတွက်လည်းဟု အမေးပြုခဲ့သော်-

www.burmeseclassic.com

www.burmeseclassic.com



(၁) ငါ့အတွက်

(၂) ငါ့မိသားစုအတွက်သာ ဆိုပါက အလိုရမ္မက်အကုသိုလ်ဖြင့် ရှာဖွေနေခြင်းသာ ဖြစ်ပါသည်။

ဖြေသင့်သည်က သို့မဟုတ် ရည်မှန်းချက်ဖြစ်နေသင့်သည်က

(၁) မိဘကျေးဇူးရှင်များအတွက်

(၂) ရဟန်းသံဃာ အလှူအတန်းအတွက်

(၃) မွှမွှတတ မိသားစုစားဝတ်နေရေး အဆင်ပြေရန်အတွက်ဟုသာ ရေမှတ်ထား သင့်ပါသည်။

ငါ၊ ငါ့ဟာ ငါဖြစ်ချင်သမျှ ဖြစ်လိုသည့် (မဟိစ္ဆ) အလိုကြီး (ပါပိစ္ဆ) အလိုဆိုး လောဘကြီးစိုး၍လုပ်နေသမျှ ရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ ငတ်မရိုက်နိုင် သူများဖြစ်ပါသည်။

လောဘ ဒေါသ ရှေးရှု၍ ရှာဖွေစားသောက် စုဆောင်းနေစဉ်ကာလ သေလျှင် အပါယ်ဘဝသာ ကျရောက်ရပါမည်။

ငတ်ရိုက်ပါဆိုခြင်းသည်–

အလိုလောဘရှေ့တန်းတင်၍ ရသမျှ မတင်းတိမ်နိုင်ဘဲ ရလေလိုလေ ဖြစ်ပေါ် နေသောစိတ်ကို ချုပ်ထိန်းပြီး သမ္မာအာဇီဝအနေဖြင့် ရိုးရိုးသားသား ရှာဖွေလုပ်ကိုင်၍ ရလာသမျှ ဥစ္စာစီးပွားများကို–

စွဲလန်းမှုမထားဘဲ မျှဝေခံစားလိုစိတ် မွေးနိုင်ခြင်းသည် ငတ်ရိုက်နိုင်ခြင်းပင် ဖြစ်ပါသည်။

ဥစ္စာစီးပွားတို့မည်သည် ရှာဖွေတိုင်း ရလွယ်သည်မဟုတ်ပါ။

ကံကောင်းလျှင် ရနိုင်သလို၊

ကံဆိုးလျှင်လည်း ရလာတတ်ပါသည်။

တရားတစ်ပုဒ်က ဤကဲ့သို့ ဖော်ပြထားခဲ့ပါသည်။

တစ်နေ့နံနက် ဝေလီဝေလင်း ရဟန်းသံဃာများ ဆွမ်းခံကြွချိန် မြို့ပြင် လယ်ကွက်တစ်ခုကိုဖြတ်၍ ဘုရားရှင်နှင့် ညီတော်အာနန္ဒာ ဆွမ်းခံထွက်ကြွရာ ကန်သင်းရိုးဘေးတွင် ကျကျန်ရစ်ခဲ့သော ငွေထုပ်တစ်ထုပ်ကို ဘုရားရှင်က မြင်တွေ့၍–

ဘုရားရှင်က ညီတော်အာနန္ဒာအား ဤကဲ့သို့ မြွက်ကြားလိုက်ပါသည်။

ဘုရားရှင်က ငွေထုပ်အား လက်ညှိုးညွှန်၍–

"ချစ်သားရှုလော့၊ အလွန်အဆိပ်ပြင်းသောမြွေကြီး" ဟု

www.burmeseclassic.com

www.burmeseclassic.com

## (၁၀၅)

ထိုအချိန်တွင် အိပ်ယာမှနိုးထစ လယ်သမားက ဘုရားရှင်၏စကားကို ကြား ရပြီး စိုးရိမ်သဖြင့် ဘုရားပြောခဲ့သော အဆိပ်ပြင်းသည့်မြွေကို မီးအုပ်ဆောင်းထွန်း မှိန်းကိုင်၍ အရှာဖွေထွက်ခဲ့ပါသည်။

မြွေကိုကား မတွေ့။ သို့သော် ငွေထုပ်ကိုမြင်တွေ့ပြီး ဝမ်းသာစွာဖြင့် ယူငင် သိမ်းဆည်းခဲ့ပါသည်။

နံနက်မိုးသောက် အလင်းရောက်လာပါသည်။ ညပိုင်းက မင်းဘဏ္ဍာတိုက်ကို ဖောက်ဖျက်ခိုးခဲ့ကြသော သူခိုးများ၏ခြေရာနောက်သို့ မင်းမှုထမ်းများ လိုက်လာကြ ပါသည်။

လယ်ကွက်အတွင်း ခြေရာချင်းထပ်နေမှုကြောင့် သင်္ကာမကင်းဖြစ်ပြီး အနီးရှိ လယ်တဲရှင်ကို စစ်မေးကြပါသည်၊ ရှာဖွေကြပါသည်၊ ဖွက်ထားသော ငွေထုပ်ကိုတွေ့၍ လယ်သမားကို ဖမ်းဆီးပြီး မင်းထံအပ်နှံကြပါသည်။

လယ်သမားက အဖြစ်မှန်ကို ရှင်းပြပါသည်။

သက်သေပြထားချက်က ဘုရားရှင်ဖြစ်နေသောကြောင့် လယ်သမားအား မသတ်သေးဘဲ ဘုရားရှင်အား လျှောက်ထားမေးမြန်းခဲ့ပါသည်။ ဘုရားရှင်၏အဖြေက

ဤငွေထုပ်သည် အန္တရာယ်ကျရောက်မည့်ငွေထုပ် ဖြစ်သောကြောင့် အဆိပ် ပြင်းသောမြွေဟု တင်စားပြောခဲ့ကြောင်း၊ ယခုပင် ထိုငွေထုပ်ကြောင့် လယ်သမားဖြစ် သူမှာ အသက်အန္တရာယ်နီးကပ် ကျရောက်နေရပြီဖြစ်ကြောင်း၊

ဥစ္စာပစ္စည်းတို့မည်သည် ကုသိုလ်ကံကြောင့်မဟုတ်ဘဲ၊ မမှန်မကန် ရရှိလာ ပါက အန္တရာယ်ကျရောက်နိုင်ကြောင်းကို လောင်းကစားနည်းဖြင့် ချဲထီထိုး၍ စီးပွား ရှာနေသူများ သတိပြုသင့်ပါသည်။

မိမိပြုသော စေတနာ “ကံ”အလျောက် ဆင်းရဲခြင်း၊ ချမ်းသာခြင်း အမှန်ကြုံ ရတတ်ပါသည်။

ဘုရားရှင်လက်ထက် ပန်းသည် မောင်သုမနဇာတ်ကို တင်ပြလိုပါသည်။

နန်းတော်သို့ ပန်းဆက်အမှုထမ်း မောင်သုမန---

တစ်နေ့ ပန်းဆက်ရန် နန်းတော်သို့အသွား နန်းတွင် ဆွမ်းခံကြွလာသည့် ဘုရားရှင်အား ဖူးတွေ့လိုက်ရပါသည်။ သဒ္ဓါလွန်ပြီး နန်းတော်သို့ပို့ဆက်ရမည့် ပန်း အားလုံးကို ပန်းလမ်းခင်း၍ ဘုရားရှင်အား ပူဇော်လိုက်ပါသည်။

ကုသိုလ်ပိုက်၍ အိမ်စောစောပြန်လာသော လင်တော်မောင် မောင်သုမနက ပန်းလှူခဲ့ကြောင်းကို ဇနီးမယားအား ဝမ်းသာအားရ ပြောပြလိုက်ပါသည်။ ဇနီးသည် က စဉ်းစားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘုရင်တို့မည်သည် မာနကြီး၏၊ ဒေါသကြီး၏၊ သက်ဦးဆံပိုင် သတ်လို ကသတ်နိုင်ကြပါသည်။

ယခု လင်တော်မောင်က ပန်းဆက်ရန်တာဝန် ပျက်ခဲ့ပြီးဖြစ်ပါသည်။ မင်းပြစ် မင်းဒဏ်သင့်မည်ဖြစ်၍ သူမပါ ကြားညှပ်သတ်ခံရကိန်း မြင်လာသောကြောင့် မဆိုင်း မတွ နန်းတော်သို့သွားပြီး ဖြစ်ကြောင်းကုန်စင် ရှင်ဘုရင်အား သံတော်ဦးတင်လိုက်ပါ သည်။

ဘုရားရှင်အား ပန်းအားလုံးလှူခဲ့သူ မောင်သုမနနှင့် သူမကွာရှင်းလိုက်ပြီ ဖြစ်ကြောင်း၊ လုံးဝပတ်သက်မှုမရှိတော့ပါကြောင်း၊ သုမန ကျူးလွန်ခဲ့သော ပြစ်မှုနှင့် သူမ မပတ်သတ်ကြောင်း လျှောက်တင်ခဲ့ပါသည်။

ဘုရားမှန်း တရားမှန်းသိသောဘုရင် ဗိမ္ဗိသာရက သူငယ်မ၏ စေတနာကို တရားအတိုင်း ခွင့်ပြုချက်ပေးလိုက်ပါသည်။ သူငယ်မက ထွက်ပြေးသွား၏။

မောင်သုမနကို ဘုရင်ကခေါ်တွေ့ပြီး အကြောင်းစုံမေးခဲ့ရာ ဘုရားရှင်အား ကြည်ညိုလွန်းလှသဖြင့် ပန်းများအားလုံးလှူခဲ့မိပါကြောင်း၊ ထိုအပြစ်ကြောင့် ခြေလက် ဖြတ်လိုက ဖြတ်ပါ၊ သတ်လိုက သတ်ပါဟု လျှောက်ခဲ့ရာတွင် ဘုရင်မင်းမြတ်က အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်ပါသည်။

အလုပ်အကျွေး (၈)ယောက်၊

ဆင်(၈)စီး၊ မြင်း(၈)ကောင်၊

လယ်ကြီး (၈)ကွက်၊

ရွာကြီး (၈)ရွာ အပိုင်စားစေဟူ၍ပင် ဖြစ်ပါသည်။

လင်မယားတို့မည်သည် အေးအတူပူအမျှဟု တင်စားကြပါသည်။ သို့သော် ကျွန်ုပ်တင်ပြလိုသည်က "ကံ"တူမှသာ အေးအတူပူအမျှ ဖြစ်တတ်ပါသည်။ ကံမတူပါ က ကွဲသွားတတ်ပါသည်။

ယခုဇာတ်တွင် အကုသိုလ်ကံကြီးသူက ကိုယ့်ဆန္ဒအတိုင်း ဒုက္ခကိုခံယူသွားခဲ့ ပြီး၊ ကုသိုလ်ကံတက်လာသူက သုခခံစားနိုင်သွားရခြင်း ဖြစ်ပါသည်။

ကုသိုလ်"ကံ"ဆိုသည်မှာလည်း ကောင်းသောအလုပ်အကိုင် အကြံအစည် များပင်ဖြစ်ပါသည်။

ကုသိုလ်ကံတွင် ဝိဇ္ဇာကုသိုလ်နှင့် စရဏကုသိုလ်ဟူ၍ ခွဲခြားထားပါသည်။

စရဏကုသိုလ်တွင် လူ နတ် ဗြဟ္မာအထိ အကျိုးပေးနိုင်ပါသည်။ သို့သော် အပါယ်မပိတ်နိုင်ပါ။ ဝိဇ္ဇာကုသိုလ်သည် အပါယ်ပိတ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၀၇)

ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် နိဗ္ဗာန်ဆိုသော်လည်း ကြားကာလတွင် အပါယ်ပိတ်စေရန်လိုပါမည်။

ထို့ကြောင့် ဝေလာမသုတ်တွင် ကုသိုလ်အဆင့်ဆင့်ကို ဖော်ပြထားခဲ့ပါသည်။

**ဒါနခဏ်းတွင်–**

တိရစ္ဆာန်တစ်ကောင်ကို လှူသောကုသိုလ်မှစပြီး ဘုရားရဟန္တာများအထိ လှူသောအလှူထက် ကျောင်းတစ်ဆောင် ဆောက်လုပ်လှူပါက အကျိုးကြီးမားကြောင်း၊

**သီလသမထခဏ်းတွင်**

ကျောင်းကန်ဘုရားတည် လှူသောအလှူထက် သရဏဂုံဆောက်တည်သူက မြင့်မြတ်ကြောင်း၊

သရဏဂုံဆောက်တည်သူထက် သီလဆောက်တည်သူက ပိုမြင့်မြတ်ကြောင်း၊

သီလဆောက်တည်သူထက် ပန်းတစ်ရှု့နမ်းခိုက်မျှ မေတ္တာဘာဝနာပွားသူက မြင့်မြတ်ကြောင်းဖြစ်ပါသည်။

ဤအထိ ကုသိုလ်အဆင့်သည် စရဏကုသိုလ် အမျိုးအစားများပင် ဖြစ်ပါသည်။ ဝိဇ္ဇာကုသိုလ်သည်ကား–

မေတ္တာဘာဝနာပွားများခြင်းထက် လက်ဖျစ်တတွတ်အချိန်မျှ အနိစ္စသညာသင်္ခါရတရားအစုတို့ကို ဉာဏ်မှာမြင်အောင် ဆင်ခြင်အောင်းမေ့ပွားများခြင်းက အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်တံခါးပွင့်စေပါသည်။

အလွယ်ကူဆုံး မှတ်သားနာယူရန်မှာ–

ကုသိုလ် အကုသိုလ်ပြုသူမှာ "ငါ" "သူ" ဟု ယူလေသမျှ စရဏအကျင့်သာဖြစ်ပြီး ပညတ်နယ်မှ မထွက်နိုင်သော သာမန်ပုဂ္ဂိုလ်မျှဖြစ်ပါသည်။

ကုသိုလ် အကုသိုလ်ပြုသူမှာ ငါ သူ ဟုမယူဘဲ ကုသိုလ်ပြုသူသည် သင်္ခါနှင့်အညာဖြစ်ပြီး–

အကုသိုလ်ပြုသူသည် လောဘနှင့်ဒေါသ မာနတို့သာဖြစ်ကြောင်း ဉာဏ်မှာ သိမြင်ပါက ပရမတ်ကို သိမြင်သူဖြစ်၍ နိဗ္ဗာန်နှင့်နီးစပ်သူဖြစ်ပါသည်။

ပရမတ်တရားနှင့် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်သွယ်ဖြစ်ပျက်နေမှုကို အခြေခံဉာဏ်မျှဖြစ်ပေါ်ပါက သို့မဟုတ် သုတမယဉာဏ်မျှ စာအားဖြင့် ဖတ်ဖူးကြားဖူး နာဖူးထားပါက အမှားနှင့်အမှန်ကို ခွဲခြားနိုင်သူဖြစ်ရပါမည်။

ယခုမူကား တရားတော်များကို သိလျက်နှင့် ဥစ္စာရမ္မက်ဆိုးကြောင့် အမှားကို

www.burmeseclassic.com

www.burmeseclassic.com



ပြုကျင့်နေကြသူ ဖြစ်ပါသည်။

ကျွန်ုပ် အထူးသတိပေးလိုသည့်အချက်က–

(က) ပဋ္ဌာန်းတရားရွတ်ဖတ်ပူဇော်ပါသည်ဆိုသော ရဟန်းက ရွတ်ခမျှော်၍ ရွတ်ခယူ၍ရွတ်ဆိုခြင်း၊

(ခ) အိမ်တွင် သံဃာ့ဒါနဆွမ်းကပ်ပြီးပါက စာအိတ်ထဲ ငွေထည့်၍ပေးလှူခြင်း၊ ရဟန်းများကလည်း လက်ခံယူခြင်း၊

(ဂ) တရားပွဲကျင်းပပြီး ရန်ပုံငွေရှာခြင်း၊ တရားဟောခ ဒါနပွဲ သီလပွဲဟု အကြောင်းပြုပြီး ပေးလှူသည့်ငွေကို လက်ခံယူခြင်းတို့သည် ယူသူနှင့်လှူသူ နှစ်ဦး နှစ်ဖက် ကုသိုလ်မှ ဆုံးရှုံးနစ်နာကြပါမည်။

"ယင်းကိစ္စများကို မပြုလုပ်သင့်ကြောင်း၊ မအပ်ကြောင်း၊ **သံယုတ်မြန်မာပြန် (ဒုတိယတွဲ) စာမျက်နှာ ၅၀၂၊ ပုဒ်ရေ ၃၆၂၊ မဏိစူဠကသုတ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။**

အခါတစ်ပါး မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နန်းတော်အတွင်း အညီအညွတ်စုဝေးနေထိုင်သော မင်းပရိသတ်၌ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို သာယာ ကုန်၏။ ရွှေငွေကို ခံယူကုန်၏ဟူသော အကြားစကားသည် ဖြစ်ပေါ်၏။

ထိုအခါ မဏိစူဠကရွာသူကြီးသည် ထိုပရိသတ်ကို "အရှင်တို့ ဤသို့မဆိုကြ ကုန်လင့်"

သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့အား ရွှေငွေ သည် မအပ်၊

မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ ရွှေငွေကို မခံယူကုန်၊ ကျောက်မျက်နှင့် ရွှေငွေကို ပယ်ထားကုန်၏။ ရွှေငွေမှ ကင်းကုန် ၏ဟု ပြောလေသည်။

ထိုစကားကို မြတ်စွာဘုရား ကြားသိသောအခါတွင်

"ရွာသူကြီး စင်စစ်သင်သည် ဤသို့ဆိုသော် ငါ၏စကားအတိုင်း ဆိုသည် လည်းဖြစ်၏၊

တရားတော်အားလျော်စွာ ဆိုသည်လည်းမည်၏။

ရွာသူကြီး ရွှေငွေကိုအပ်သောသူ၊ ခံယူသောသူ၊ မပယ်သောသူတို့သည် ကာမဂုဏ်ငါးပါးတို့သည်လည်း အပ်ကုန်သည်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကာမဂုဏ်ငါးပါး အပ်သောသူသည် စင်စစ်အားဖြင့် ရဟန်းသဘောမရှိသည်သာတည်း။

ရှာသူကြီး စင်စစ်အားဖြင့် ငါသည် ဤသို့ဟော၏၊ သစ်သားကိုလိုသော် သစ်သားကို ရှာသင့်၏။ ဝါးကိုလိုသော် ဝါးကိုသာ ရှာသင့်၏။ အဘယ်နည်းနှင့်မျှ ရွှေငွေကို သာယာသင့်၏၊ ရှာသင့်၏ဟူ၍ ငါဘုရားမဟောကြားပေ" ဟူ၍ ဖော်ပြထားပါသည်။

ထိုအမှားထက်ပို၍ဆိုးသော အမှားမျိုးကို အမှန်ဟုယူပြီး ပြုမူနေကြသော အမှားကြီးတစ်ခုကို ဤသို့ဖော်ပြထားပါသည်။

သံယုတ်ပါဠိတော် မြန်မာပြန် ဒုတိယတွဲ စာမျက်နှာ ၄၈၈၊ ပုဒ်ရေ ၃၅၄၊ တာလပုဋသုတ်တွင်–

ဇာတ်ဆရာကြီးက ဤစကားကိုလျှောက်၏။

"မြတ်စွာဘုရား" ပွဲအလယ် သဘင်အလယ်၌ မှန် မမှန်အားဖြင့် လူအပေါင်းတို့ ရွှင်ပြမွေ့လျော်စေသော ကချေသည် သီဆိုတီးမှုတ်သူတို့သည် ခန္ဓာပြတ်ကြွေသေပြီးသည်မှနောက်၌ ပဟာသမည်သော နတ်တို့၏အသင်းဝင် ဖြစ်ရ၏ ဟု ရှေးဆရာတို့ ပြောစကားကို ကြားဖူးပါသည်။

ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ဆိုလိုပါသနည်းဟု မေးလျှောက်ခဲ့ပါသည်။

မြတ်စွာဘုရားက ဇာတ်ဆရာကြီး သင့်အား ငါဖြေကြားအံ့။

"ရှေးအစကပင် လူတို့သည် စွဲမက်မှု "ရာဂ"မကင်းသော "ဒေါသ" မကင်းသော တွေဝေမှု "မောဟ" တို့သည် ရှိကုန်၏။

ထိုကချေသည် တီးမှုတ်သီဆိုသူတို့သည် မိမိတို့ကိုယ်တိုင် ယစ်မူးမေ့လျော့ချက် သူတစ်ပါးတို့ကိုလည်း ယစ်မူးမေ့လျော့စေရကား ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ "ပဟာသ"မည်သောငရဲသို့ ကျရောက်ရ၏"ဟု ဟောကြားတော်မူခဲ့ပါသည်။

သီဆိုကပြသူနှင့်အတူ နှစ်သက်စွာကြည့်ရှုသူလည်း ထပ်တူငရဲတိရစ္ဆာန်ဘဝတစ်ခုခုသို့ ကျရောက်လွယ်၏ဟူ၍ ဖြစ်ပါသည်။

ငွေကြေးချမ်းသာသူများ ပြုလေ့ရှိသော ဤအချက်ကို ဘယ်သူတရားဟောပျက် သင်မပျက်ရန် သတိပြုစေလိုပါသည်

အများအားဖြင့် မြန်မာဗုဒ္ဓဘာသာဝင်အများစုသည် ပွဲလမ်းသဘင် အဆိုအကများကို ဘုရားပွဲ ရှင်ပြုပွဲ အလှူဘာပွဲများအထိ ထည့်သွင်းလာနေကြပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၁၀)

မသင့်တော်ကြောင်းကို မသိမမြင်ကြတော့ဘဲ အကန်းတန်းကြီး လမ်းပျောက်သေကဲ့သို့ ရှေ့ကန်း နောက်သို့ နောက်အကန်းက လိုက်နေခြင်းမျှသာ ဖြစ်တော့သည်။

ပဟာသငရဲဆိုသည်ကို ထိုပုဂ္ဂိုလ်များ ဗဟုသုတမရှိ၍သာ ဖြစ်ပါမည်။

ထို့အပြင် မြန်မာဗုဒ္ဓဘာသာဝင် ချမ်းသာသူအများစုသည် သားဦး မြေးဦး အရွယ်မရောက်သေးမီ ၇–နှစ် ၈–နှစ် အရွယ်မှစပြီး သာသနာ့အမွေ ခံယူရရှိစေရန်အတွက် ရှင်,ရဟန်း ပြုပေးတတ်ကြပါသည်။

သင်္ကန်းတောင်း၊ ဆယ်ပါးသီလဖြင့် ဝိနည်းသိက္ခာပုဒ်တို့ကို မသင်ကြားတော့ဘဲ သင်္ကန်းဝတ်ဖြစ်ရုံမျှ ဆောင်ရွက်ပေးခြင်းဖြင့် အကျိုးမဖြစ်ဘဲ အပြစ်များသာဖြစ်ပြီး ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာဆိုသကဲ့သို့ မိမိတို့၏ သားငယ်မြေးငယ်များကို ခုတုံးလုပ်ပြီး နတ်ပြည်တက်လိုသော သဘောမျှသာ ဖြစ်နေကြပါသည်။

ယခုကဲ့သို့ ငယ်ရွယ်သူများကို မဆိုထားနှင့် ဘုရားရှင်လက်ထက် အရွယ်ရောက်ပြီး ရဟန်းဝတ် အပါး ၆၀–တို့အား ဘုရားရှင်က အဂ္ဂိက္ခန္ဓောပမသုတ်တွင် ဤကဲ့သို့ ဟောပြခဲ့ပါသည်။

ဝိနည်းသိက္ခာပုဒ်တို့ကို မသိဘဲ မလိုက်နာဘဲ (အာပတ်ပင်မဖြေကြတော့ဘဲ) သူတစ်ပါးလှူသမျှစားပြီး ကန်တော့ခံနေခြင်းထက် သံတွေခဲကိုမျိုပြီး လုံချက်တစ်ရာ ထိုးခံ၍နေခြင်းက ပိုသင့်တော်ကြောင်း၊

အကြောင်းမူကား သံတွေခဲကိုမျိုပြီး လုံချက်တစ်ရာထိုးခံခြင်းက ဒဏ်ရာသို့မဟုတ် သေလိုက သေမည်ဖြစ်သော်လည်း အပြစ်မကြီးပါ။

ယခုကဲ့သို့ သင်္ကန်းဝတ်ပြီး ကန်တော့ခံလျက် ရဟန်းကျင့်ဝတ်မပြုပါက အပါယ်ငရဲသို့ ကျရောက်လွယ်ပြီး ကြီးစွာသော ငရဲဆင်းရဲကို ကြုံတွေ့ရမည်ဖြစ်ကြောင်း တရားကိုဟောပြပြီးသောအခါတွင်–

တရားနာရဟန်းအပါး ၆၀–အနက် အပါး ၃၀–သည် မိမိတို့ မှားယွင်းနေကြောင်းသိရပြီး ထိတ်လန့်ကြောက်ရွံ့၍ သေဆုံးပြီးနောက် အပါယ်ငရဲသို့ လိုက်ကြရကြောင်း–

ကျန်အပါး ၃၀ က သံဝေဂဉာဏ်ရပြီး ကျင့်ကြံပွားများအားထုတ်မှုကြောင့် ရဟန္တာများ ဖြစ်သွားကြကြောင်းပင် ဖြစ်ပါသည်။

နောက်ထပ် အမှားတစ်ခုရှိပါသေးသည်။

ယနေ့မျက်မှောက်ကာလတွင် အံ့သြဖွယ်ရာ ကြုံတွေ့နေရသည့်အချက်က မင်္ဂလာဆောင်သူများသည် ဘုန်းတော်ကြီးကျောင်း၌ ဧည့်ခံကျွေးမွေး မင်္ဂလာအမှုကို သွားရောက်ပြုနေခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၁၁၁)

ရပ်ကွက်ဓမ္မာရုံသည်ပင်လျှင် မင်္ဂလာခန်းမအဖြစ် အသုံးပြုနေကြပြီး ရန်ကုန်မြို့ရှိ ကျောင်းတော်ကြီးများသည်ပင် မင်္ဂလာခန်းမကြီးအဖြစ် လက်ခံကျင်းပနေသည်ကို စိတ်ဆင်းရဲစွာတွေ့မြင်နေရပြီဖြစ်ပါသည်။

ကျောင်းတော်ကြီး၏ အပေါ်ဆုံးအထပ်မှ ကိုယ်တော်များက မင်္ဂလာပွဲသို့ စုံတွဲများလာသည်ကို အောက်သို့ငုံ့ကြည့်လျက်ရှိပါသည်။

ကျောင်းတော်ကြီး၏အောက်ထပ် ဧည့်ခံခန်းမကြီးထဲမှ "အခါတော်ပေးတာ ဘာ နှုတ်ရေးငယ်ရွှေစာ"ဆိုသည့် မင်္ဂလာမောင်းမယ် တေးသံသာက လိုက်၍လိုက်၍ ပေါ်ထွက်နေပါသည်။

ဤကျောင်းတော်ကြီးတွင် တစ်ယောက်သောသူက မယားရသွားပြီ ဖြစ်ပါသည်။ အဘယ်သူက တရားရနိုင်ပါအံ့နည်း။

သင့်အား အကျွန်ုပ် အနူးအညွတ်တောင်းပန်ပါရစေ။ သင်နှင့်တကွ သင့်ဆွေမျိုး ပတ်ဝန်းကျင် နီးစပ်ရာများကို သင်ပြ ပြောပြညွှန်ပြစေလိုပါသည်။

ဘုရားမကြိုက်သော လူမိုက်များသာကြိုက်သော အမှုမျိုးကို ဘယ်သောအခါမျှ မလုပ်မိရန် သတိပြုစေလိုပါသည်။

"လူတိုင်းအပါယ်ပိတ်နိုင်ကြပါစေ"ဟု ကျွန်ုပ် ဆုတောင်းပေးလိုပါသည်။ **အဘယ်မျှ ကျွန်ုပ်ဆုတောင်းပေးသော်လည်း** ဘယ်သူမှ အပါယ်မလွတ်နိုင်မှန်း ကျွန်ုပ်သိပါသည်။ ကိုယ့်အားကိုယ်ကိုး ကိုယ့်အကျိုးကိုယ်လုပ်မှသာ အပါယ်ဘေး လွတ်နိုင်ပါမည်။

သို့သော် လောကဝတ်အရ "ဘုန်းကြီးပါစေ" "အသက်ရှည်ပါစေ" "ကျန်းမာပါစေ" ဟူ၍ အမြဲဆုတောင်းပေးနေကြဖြစ်ပါသည်။

အများအားဖြင့်ဆုပေးသူကလည်း ဓမ္မ ၏ဓမ္မတာသဘောကို မသိ၊ ဆုပေးခံရသူကလည်း ဆုပေးသူ၏ ဟန်အမူအယာကိုကြည့်ပြီး နှစ်သက်ပီတိဖြစ်သွားတတ်ပါသည်။

သင့်အနေဖြင့် ဗုဒ္ဓ၏ ဓမ္မသဘောကို ရှင်းရှင်းလင်းလင်း သိထားရန် အလွန်အရေးကြီးလှပါသည်။

ဆုပေး၍ရခြင်းမဟုတ်ဘဲ မိမိလိုသောဆုကိုသာ ရည်ရွယ်ချက်ထားပြီး နှုတ်ကလည်း မြွက်ဟတောင်းဆိုမှုပြုပြီး ရည်ရွယ်ချက်ပြည့်ဝအောင်မြင်ဖို့လည်း နည်းမှန်လမ်းမှန်အတိုင်း ကံ ဉာဏ် ဝီရိယထားပြီး ကျိုးစားလုပ်ဆောင်အပ်ပါသည်။

မိမိတောင်းသောဆုကို မိမိကိုယ်တိုင်လုပ်မှသာ ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

ဆုပေးခြင်းကို မပေးသင့်၊ မှားနေပါသည်ဟု ကျွန်ုပ်မဆိုလိုကြောင်း အထူး သတိပြုပါ။

သင့်အနေဖြင့်လည်း အခြားမည်သည့်ပုဂ္ဂိုလ်အားမဆို ဆုပေးသင့်ပါသည်။

ဆုပေးခြင်းသည် "မေတ္တာဘာဝနာ" တစ်မျိုးဖြစ်ပါသည်။ အယုတ် အလတ် အမြတ်မရွေး မေတ္တာစိတ်ဖြင့် မိမိကိုယ်ကို ထုံမွမ်းထားပြီး သတ္တဝါအားလုံးအပေါ် နှုတ်မှရွတ်ပြီး ဘေးရန်ကင်းပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ" ဟု ဆုပေးနေခြင်း ကို အမြဲပြုနေခြင်းဖြင့် သင့်အပေါ် "လောက" ကလည်း ပြန်၍မေတ္တာအကျိုးကို ပေးဆပ်လာရပါမည်။

မေတ္တာအကျိုးတရားကား ကြီးမားလှသောကြောင့် မိမိထားရှိသော မေတ္တာ အတိုင်း မိမိသာ ပြန်၍အကျိုးခံစားရခြင်းကို ရည်ညွှန်းပြီး မေတ္တာနှင့်နေပါဟု ဗုဒ္ဓက ရဟန်းများအား ဆုံးမခဲ့ပါသည်။

မိမိပို့သနေသောမေတ္တာကို ဘယ်သတ္တဝါ ဘယ်ပုဂ္ဂိုလ်မှ မရရှိနိုင်ပါ။

လောကတွင် သူတော်ကောင်းများ နေ့စဉ်မေတ္တာပို့သနေပါသည်။

အဘယ်ပုဂ္ဂိုလ်သူတော်ကောင်း၏ မေတ္တာပို့သချက်သည် သင့်ထံ ဘယ်ပုံ ဖြင့် ရောက်ရှိခဲ့ဖူးပါသနည်း။

ကျွန်ုပ်အနေဖြင့် ယခု အသက် ၆၅–နှစ်ထိ မည်သည့်မေတ္တာပို့သချက်မျှ လက်ခံ ရရှိခြင်း၊ သိခြင်း မကြုံဖူးသေးပါ။

ဤကိစ္စသဘောကို ရှင်းရှင်းလင်းလင်းသိရန်အတွက် မြတ်ဗုဒ္ဓက သုတ္တန် ပိဋကတ်၊ သံယုတ်ပါဠိတော် မြန်မာပြန် **ဒုတိယတွဲ စာမျက်နှာ ၄၉၂၊ ပုဒ်ရေ ၃၅၈၊ အသိဗန္ဓကပုတ္တသုတ်**တွင် အောက်ပါအတိုင်း ထုတ်ဖော်ဟောပြထားပါသည်။

"အခါတပါး မြတ်စွာဘုရား နာလန္ဒမြို့၊ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသိဗန္ဓက၏သား ရွာသူကြီးသည် မြတ်စွာဘုရား ထံသို့ချဉ်းကပ်၍ ဤစကားကို လျှောက်ထားလေ၏။

"အရှင်ဘုရား ကရားကိုင်ဆောင်ကုန်သော မှော်ပန်းကို ဆင်မြန်းကုန်သော ရေသို့ ဆင်းသက်တတ်ကုန်သော၊ မီးကိုလုပ်ကျွေးတတ်ကုန်သော၊ ပစ္စာဘူမိ၌ နေကုန် သောပုဏ္ဏားတို့သည် သေလွန်သူကို အထက်သို့ရောက်စေနိုင်ကုန်၏။ နတ်ပြည်သို့ ရောက်စေနိုင်ကုန်၏။

အလုံးစုံသောတရားအပေါင်းကို ဟုတ်တိုင်းမှန်စွာ သိတော်မူသော မြတ်စွာ ဘုရားသည်ကား လူအားလုံးသည် ခန္ဓာပြတ်ကြွေသေပြီးသည်မှနောက်၌ ကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



လားရာ နတ်ပြည်လောကသို့ရောက်အောင် ပြုပြင်ခြင်းငှာ စွမ်းနိုင်ပါ၏လောဟု လျှောက်ထား၏"

မြတ်စွာဘုရားက "ရွာသူကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုယ်ပင်ပြန်၍ မေးဦးအံ့၊ သင်နှစ်သက်သည့်အတိုင်း ဖြေဆိုလော့–

ဤလောက၌ အကြင်သူသည် အသက်ကိုသတ်လေ့ရှိ၏။ မပေးသည်ကို ယူလေ့ရှိ၏။ ကာမတို့၌ မှားယွင်းစွာကျင့်လေ့ရှိ၏။ မမှန်ကြမ်းတမ်း သိမ်ဖျင်းသော စကားကို ပြောလေ့ရှိ၏။ မက်မောမှု "အဘိဇ္ဈာ" များ၏၊ အမျက်ထွက်သော စိတ်ရှိ၏၊ မှားသောအယူရှိ၏။ ထိုယောကျ်ားကို များစွာသောလူအပေါင်းက စည်းဝေး၍ ဤယောကျ်ားသည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ပါစေသားဟု တောင်းပန်ရာ၏။ ချီးမွမ်းရာ၏။ လက်အုပ်ချီ မိုးကာ အဖန်တလဲလဲ ဆုတောင်းရာ၏။ လူအပေါင်းက လက်အုပ်ချီကာ တောင်းပန် ချီးမွမ်းခြင်းကြောင့်လည်းကောင်း၊ ဆုတောင်းခြင်းကြောင့်လည်းကောင်း၊ အကြင် ယောကျ်ားသည် ခန္ဓာပျက်ကြွေသေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည် နတ်လောကသို့ ရောက်နိုင်ရာသလော"

"အရှင်ဘုရား... မရောက်နိုင်ရာပါ"ဟု ရွာသူကြီးက ဖြေကြားခဲ့ပါသည်။

အပြန်အလှန်အားဖြင့် ကောင်းသောအမှုအကျင့်တို့ကို ကျင့်လေ့ရှိသူအား လူအပေါင်းက စုပေါင်း၍ ထိုယောကျ်ားသည် ခန္ဓာပျက်ကြွေ သေလွန်ပြီးနောက် အပါယ်ငရဲသို့ ကျရောက်ပါစေသားဟု အဖန်ဖန်ဆုတောင်းခြင်းကြောင့် အပါယ်ငရဲ သို့ ကျရောက်နိုင်ပါမည်လောဟု ဆိုသော် မကျရောက်နိုင်ကြောင်း ဖြေကြားခဲ့ပါသည်။

ဥပမာဆိုသော်– ကျောက်တုံးတစ်တုံးအား ရေထဲသို့ချပြီး လူအပေါင်းက ဤကျောက်တုံး ရေပေါ်သို့တက်လော့ဟု အမျိုးမျိုးဆုတောင်းရာ၏။ ထိုကျောက်တုံး သည် အဘယ်နည်းနှင့်မျှ ရေပေါ်သို့တက်နိုင်လိမ့်မည် မဟုတ်သကဲ့သို့လည်းကောင်း၊ ထောပတ်သည်လည်းကောင်း၊ ဆီသည်လည်းကောင်း ရေသို့ချပြီး လူအပေါင်းက ထောပတ်ဆီတို့သည် မြုပ်ပါလော့၊ နစ်ပါလော့ဟု အမျိုးမျိုးဆုတောင်းရာ၏။

သို့သော် ထိုထောပတ်ဆီတို့သည်လည်း ရေတွင် မမြုပ်နိုင်ရာဘိသကဲ့သို့ ကောင်းသောအမှုသည် ကောင်းကျိုးကိုသာ ဖြစ်စေတတ်ပြီး မကောင်းသောအမှုသည် မကောင်းကျိုးသာဖြစ်စေတတ်ကြောင်း ဓမ္မတာသဘောကို သိမြင်ရန်လိုပါသည်။

သူတပါးက မိမိအား ဆုပေးခြင်းကြောင့် မိမိတွင် မည်သည့်အကျိုးစီးပွားမျှ မဖြစ်နိုင်ဘဲ မိမိကသာ သူတစ်ပါးအား ကောင်းသောရည်ရွယ်ချက်ဖြင့် "ကျန်းမာပါ

www.burmeseclassic.com

www.burmeseclassic.com



စေ၊ ချမ်းသာပါစေ"ဟု ဆုပေးလိုက်ခြင်းကြောင့်သာလျှင် မိမိ၏စေတနာ မေတ္တာအား ကြောင့် မိမိပေးလိုက်သောဆု အမျိုးအစားအလိုက် (သဒိသံ ပါကံဇနေတိ) ဟူသော အကျိုးကို ပြန်လည်ရရှိခံစားနိုင်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အမြဲတမ်း သူတစ်ပါးအား ဆုပေးနိုင်ရန်အတွက် သာ ကြိုးစားအားထုတ်သင့်ပါသည်။ သူတစ်ပါး၏ ဆုပေးခြင်းကို မမျှော်လင့်သင့် ကြောင်းပင်ဖြစ်ပါသည်။ မိမိ၏ ကာယကံ ဝစီကံ မနောကံအလျောက် ပြုခဲ့သော ကုသိုလ် အကုသိုလ်တရားအပေါင်း၏ ပြုပြင်စီရင်သွားခြင်းကို ခံရမည်သာ ဖြစ်ပါသည်။

ဤနေရာတွင် လူငယ်ပိုင်း လူလတ်ပိုင်း အများအပြားသည် မိမိလက်ရှိ သက်တမ်းအလျောက် ကုသိုလ်နှင့် အကုသိုလ်တရားနှစ်ပါးတွင် အကုသိုလ်ကသာ များကြောင်း ကုသိုလ်တရားက နည်းလှကြောင်း၊ ထို့ကြောင့် အပါယ်တံခါး အမြဲ ပွင့်နေသည်သာဖြစ်ကြောင်း လက်ခံနေကြဖြစ်ပါသည်။

သို့သော် ဗုဒ္ဓတရားတော်အရဆိုပါက မိမိပြုခဲ့သော ကုသိုလ် အကုသိုလ် တရားနှစ်ပါးစလုံးတွင် အာရုံပြု သတိပြု အမှတ်ရနေမှု (ဥပါဒါန်) ကြောင့်သာ ဖြစ်ရကြုံရပြီး အာရုံမယူ အမှတ်မပြုပါက ကြီးသောအမှုငယ်ပြီး ငယ်သောအမှု ပပျောက်ဆိုသကဲ့သို့ ဖြစ်သွားနိုင်ကြောင်း သံယုတ်မြန်မာပြန် ဒုတိယတွဲ စာမျက်နှာ ၄၉၆၊ ပုဒ်ရေ ၃၆၀၊ သင်္ခမသုတ်တွင် ဗုဒ္ဓက ဟောပြထားခဲ့ပါသည်။

အကြောင်း၏ အဓိကအချက်သည်ကား နိဂဏ္ဍနာဋပုတ္တသည် တပည့်တို့အား ဤသို့တရားဟောပါ၏။

အသက်ကိုသတ်သူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏။
မပေးသည်ကို ခိုးယူသူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏။
ကာမတို့၌ မှားယွင်းစွာကျင့်သူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏။
မမှန်ပြောသူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏။
များသော ထိုထိုကံက ဆောင်သွား၏ဟု ဆုံးမထားပါသည်။

ထိုတရားဆုံးမချက်နှင့်ပတ်သက်၍ မြတ်စွာဘုရားရှင်က နိဂဏ္ဍ၏ တပည့် အား တရားတော်၏ အဓိကအချက်ကို ရှင်းပြလိုက်ပါသည်။

"ရွာသူကြီး ဤလောက၌ အသက်သတ်သူ၊ မပေးသည်ကို ခိုးယူသူ၊ ကာမ တို့၌ ဖောက်ပြန်စွာကျင့်သူ၊ မမှန်ပြောသူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏ဟု

www.burmeseclassic.com

www.burmeseclassic.com

## (၁၁၅)

ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏၊ ရွာသူကြီး ထိုဆရာကို ကြည်ညိုသောတပည့်သည် ဤသို့ အကြံအစည်ဖြစ်၏။

အသက်ကို သတ်သူဟူသမျှသည် အပါယ်ကျ၏၊ ငရဲကျ၏ဟု ငါ့ဆရာသည် ဆိုလေ့ယူလေ့ရှိသည်။ အသက်ကို ယခု ငါသတ်မိ၏၊ ငါသည်လည်း အပါယ်ကျသူ၊ ငရဲကျသူဖြစ်ပြီဟု အယူမှားကုန်ကြ၏။

**ထိုစကားကိုမပယ်လျှင်၊**
**ထိုစိတ်ကိုမပယ်လျှင်၊**
**ထိုအယူကို မစွန့်လျှင်**

ဆောင်ယူခဲ့သော ဝန်ထုပ်ကို ပစ်ချသကဲ့သို့ ဤအတူ ငရဲ၌ကျ၏။

ရွာသူကြီး ငါမြတ်စွာဘုရားသည်လည်း အကြောင်းအမျိုးမျိုးဖြင့် အသက်သတ်ခြင်း၊ ခိုးယူခြင်း၊ ကာမတို့၌ မှားယွင်းစွာပြုကျင့်ခြင်းတို့ကို ကဲ့ရဲ့တော်မူ၏။ ရှောင်ကြလော့ဟု ဟောတော်မူ၏။

မြတ်စွာဘုရား၌ ကြည်ညိုသောတပည့်သည် ဤသို့ဆင်ခြင်၏။ ဤသို့ အကြံအစည်ဖြစ်၏။

သူ့အသက်ကို ဤမျှဤမျှ ငါ သတ်မိ၏။ သူတစ်ပါး၏အသက်ကို ဤမျှဤမျှ ငါသတ်မိခြင်းသည် မကောင်း၊ သို့သော်လည်း ငါသည် ထိုသတ်မိသော ပြုမိသောအကြောင်းကြောင့် နှလုံးမသာမယာဖြစ်နေခဲ့ပါလျှင် စွဲယူမှတ်ထင်နေခဲ့ပါလျှင် **ထိုမကောင်းမှုကို ငါမပြုတော့ပါဟူ၍ ဖြစ်နိုင်လိမ့်မည် မဟုတ်တော့ဟု ဆင်ခြင်မိပြီး ထိုသူသည် အသက်သတ်ခြင်းအမှုတို့ကို စွန့်၏၊** နောင်အခါ၌လည်း အသက်သတ်ခြင်းမှရှောင်ကြဉ်၏၊ ဤသို့ ထိုမကောင်းမှုကိုပယ်၏၊ ဤသို့ ထိုမကောင်းမှုမှ လွန်မြောက်၏။

ရွာသူကြီး မကောင်းမှုကို ပယ်ပြီးသော၊ စွန့်ပြီးသော ထိုအရိယာတပည့်သည်– မတွေမဝေဘဲ ဆင်ခြင်ဉာဏ် "သမ္ပဇဉ်" အောင်းမေ့မှုသတိရှိလျက် ချမ်းသာအလိုခြင်း၊ မေတ္တာနှင့်ယှဉ်သောစိတ်ကို ပျံ့နှံ့စေ၍နေ၏။

ထိုသူသည် အယူမှားကိုပယ်၍ ကောင်းသောအယူရှိလျက်နေသောကြောင့် ထိုမကောင်းမှုတို့မှ လွန်မြောက်၏ဟူ၍ ဖြစ်ပါသည်။

ထို့ပြင် မြတ်ဗုဒ္ဓက ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းအကြောင်းကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှာသူကြီး ဤကမ္ဘာမှ နောက် (၉၁) ကမ္ဘာသို့တိုင်အောင် ငါ့အောက်မေ့သည်ရှိသော် ချက်ပြီးဆွမ်းကိုလောင်းရုံမျှဖြင့် ပျက်စီးကုန်ခမ်းဖူးသော သူတစ်ဦးတစ်ယောက်ကိုမျှ ငါမသိ ငါမမြင်၊ စင်စစ်သော်ကား ကြွယ်ဝကုန်သော များစွာသော ဥစ္စာရှိကုန်သော လူတို့သည်

– ပေးလှူခြင်းကြောင့်လည်း ကြီးပွားကုန်၏

– မှန်ကန်မှုသစ္စာကြောင့်လည်း ကြီးပွားကုန်၏

– အကျင့်သီလကြောင့်လည်း ကြီးပွားကုန်၏ ဟူ၍ ဟောဖော်ထားခဲ့ပါသည်။

ဗုဒ္ဓ ဓမ္မ၏ အကြောင်းအကျိုး– အထောက်အထား သဘာဝတရားတို့နှင့် ယှဉ်၍ ရေးသားထားသည့် ဘုရားဟောကြားထားခဲ့သော တရားတော်များကိုသင် ယုံကြည်လက်ခံနိုင်သည်ဆိုပါက–

(၁) အလှူခံဘဝ တောင်းခံသူဘဝကို စွန့်၍ လှူဝံ့သူ၊ စွန့်ဝံ့သူဖြစ်ပါစေ။

(၂) မမှန်မကန်ကြံစည်နေမှုအားလုံးကို စွန့်၍ မှန်ကန်သူ၊ သစ္စာစောင့်သူ ဖြစ်ပါစေ။

(၃) ငါးပါးသီလကို ကောင်းစွာစောင့်ထိန်းနိုင်သူ ဖြစ်ပါစေဟု တိုက်တွန်းလိုပါသည်။

သို့သော် လက်တွေ့အားဖြင့် ယခုသင်ဖတ်ရှုခဲ့ပြီးသော အကျိုးကြောင်းသဘောတရားများကြောင့် အမှားနှင့်အမှန်ကို ကောင်းစွာသိမြင်ပြီး အကောင်းကိုသာ ပြုနိုင်ပြီဟု မဆိုနိုင်သေးပါ။

အဘယ်ကြောင့်ဆိုသော်

ကျွန်ုပ်သည်လည်း ယခင်ကာလအပိုင်းအခြားတစ်ခုအထိ အမှားနှင့်အမှန်ကို သိလျက်နှင့်မခွဲခြားနိုင်ပဲ (ကုသိုလ် အကုသိုလ်တို့ကို) နေ့စဉ် ပူးတွဲပြုကျင့်နေခဲ့မိပါသည်။

ဥပမာ–

အရေးမကြီးဟု မှတ်ယူထားခဲ့သော အကုသိုလ်တရားဆိုးများဖြစ်သည့်

ခြင်ရိုက်ခြင်း (ခြင်ထောင်အတွင်းမှ ခြင်များ)

ပုရွက်ဆိတ် သတ်ခြင်း (မိမိအား ကိုက်လာသည့်အခါ)

ပိုးဟပ်သေဆေး ပက်ဖြန်းခြင်း တို့ကို သာမာန်လုပ်ရိုးလုပ်စဉ်ဟု သဘောထား၍ကျူးလွန်နေခဲ့မိရာမှ–

အမှန်တရား (ကုသိုလ်) ဘက်သို့ ကူးမှသင့်တော်တော့မည်ဟု ဆုံးဖြတ်ချက်ကျလာတော့မှပင် လက်ရှိအနေအထား အပြုအမူများ၏ ဆိုးယုတ်မှုတရားရှိ အကျိုးမဲ့လုပ်ရပ် အမြောက်အများကို ထင်ထင်ရှားရှား တွေ့မြင်လာရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၁၇)

ကျွန်ုပ်၏ ခံစားချက်အချို့ကို တင်ပြပါရစေ။

သံဃာတော်များအား ဆွမ်းမပြတ်လောင်းလှူနေသော ဇနီးဖြစ်သူနှင့် ကျွန်ုပ် ဈေးလိုက်ဝယ်ခဲ့ဘူးပါသည်။

ပုစွန်ဝယ်၏၊ ငါးဝယ်၏။

ဈေးကကြီးမြင့်လှပါသည်။

ဈေးကြီးလှသော ငါးနှင့်ပုစွန်ကို ချိန်ခွင်ညှာ သာသာထိုးထိုးဖြင့် ရလိုသော ဇနီးက ပုစွန်နှစ်ကောင်ကို အဆစ်အဖြစ် ကောက်ယူလိုက်ပါသည်။

ဈေးသည်က ချိန်ခွင်ထဲမှ ပြန်နှုတ်လိုက်ပါသည်။ ဇနီးက ပြန်ကောက်ထည့် လိုက်ပြန်သည်။ ပါးစပ်ကလည်း-"ငါကဘုန်းကြီးလှူမလို့ပါဟဲ့" ဟု ဆိုလိုက်ပါသေး သည်။

ပုစွန်သည်ကလည်း အားကျမခံ ပြန်ပက်ထည့်လိုက်ပါသည်။

အစ်မဖာသာ ဘုန်းကြီးလှူလှူ ဘုရားလှူလှူ ကျွန်မပုစွန်ကိုတော့ အတင်း မယူသင့်ဘူး။ ငါးဆယ်သားဝယ်တာ ငါးဆယ်သားပြည့်ရင် ကျေနပ်သင့်ပါတယ်။

သူတစ်ပါးဆီက မကျေနပ်ပဲ အတင်းလုယူပြီး လှူတယ်ဆိုတာ....

နောက်ထပ်ဘာတွေ ဆက်ပြောသည်ကို ကျွန်ုပ်မသိနိုင်တော့-

ကျသင့်ငွေထက် ၂၀၀ ကျပ် ပိုပေးခဲ့ပြီး ဈေးသည်ကို မျက်ရိပ်ပြ၍ ကိုယ့် အလှူရှင်ကြီးကို ဆွဲထုတ်ခဲ့ရပါသည်။

နောက်ထပ်ရှိပါသေးသည်။

အိုးတိုက်ဖွဲပြာဝယ်ပါသည်။

ဈေးသယ်က အဖွားကြီး ထမီကအနွမ်းအစုတ် အင်္ကျီက မလုံမခြုံ-

တစ်ဗူးတစ်ဆယ်ကို နှစ်ဆယ်ဖိုး (၃) ဗူးဆစ်နေပါသည်။

ကျွန်ုပ်က ဖွဲပြာသယ် အဖွားကြီးကို မျက်ရိပ်ပြပြီး သူဆစ်သလို ရောင်းခိုင်း လိုက်ပါသည်။

ဇနီးသည်က ငွေနှစ်ဆယ်ပေးပြီး ဖွဲပြာ (၃) ဗူးယူ၍ ကျေနပ်စွာ ထွက်သွားခဲ့ ပါသည်။

ကျွန်ုပ်ကမကျေနပ်စွာဖြစ်ပြီး အဖွားကြီးအား ငွေ ၂၀၀ လှူလိုက်မိပါသည်။

ဈေးရောင်းဈေးဝယ် ဈေးအတွင်းမှာ သည်လိုအဖြစ်တွေက နေ့စဉ်နှင့်အမျှ ကြုံ၍ပင်နေကြပါသည်။

ဈေးဝယ်သူက ပိုလိုချင်သည်။

ဈေးရောင်းသူက ပိုမပေးနိုင်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၁၈)

သည်တော့–

ဝယ်သူကျေနပ်အောင် ပိုပေးဟန်လုပ်ပြလိုက်သည်။

အဖြေက အလေးခိုး၏၊ ရေထိုး၏၊ ပစ္စည်းမမှန်၊ ဈေးမမှန်။

နှစ်ဦးစလုံး အကျိုးမရှိ–

လောဘနှင့်ဒေါသပေါင်းပြီး မိမိအကုသိုလ် မိမိကိုယ်တိုင်ပင် ကြံစည်လုပ်ကိုင်နေကြခြင်းသာ ဖြစ်တော့သည်။

ကျွန်ုပ်ဖြစ်စေချင်သည်က ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေလိုပါ။

အလှူကြီး အတန်းကြီး မလုပ်နိုင်သော်လည်း နေ့စဉ်နှင့်အမျှ မိမိထက် ချို့တဲ့ဆင်းရဲသူများကို လှူဒါန်းလိုစိတ်မွေးပြီး အလှူပေးနိုင်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်၏ တရားအလိုက–

လှူဘွယ်ဝတ္ထုပစ္စည်း၏ တန်ဘိုးပေါ်တွင် အလှူကို အဓိကမသတ်မှတ်ဘဲ အလှူရှင်၏ စိတ် (စေတနာ) ဖြူစင်သန့်ရှင်းမှု သဒ္ဓါထက်သန်မှုအပေါ်တွင် တည်မီပါသည်။

ဘုရားရှင်လက်ထက်

ဆင်းရဲသူမ "ခဝဲပန်းတစ်ပွင့်" နှင့် ခဝဲပန်းနတ်သမီး ဖြစ်ခဲ့ရပါသည်။

မဋ္ဌကုဏ္ဍလီသတို့သား–သေအံ့မူးမူးအချိန်ဘေးမှ ကြွသွားသော ဘုရားရှင်အားတချက်မျှ ဖူးလိုက်ရဖြင့် နတ်သားဘဝရောက်ခဲ့ဘူးပါသည်။

အနည်းငယ်မျှ ကုသိုလ်သည်ပင် အလှည့်ကြုံပါက ကောင်းကျိုးချမ်းသာကိုဖြစ်စေတတ်ပါသည်။

အရေးကြီးသည်က မိမိသေခါနီးအချိန်နှင့် ကုသိုလ်ကိုပြုချိန် အမှတ်ရချိန်ကြုံဘို့တော့လိုပါသည်။ (အနီးဆုံးကံ–**အာသာနကံ** ဖြစ်ရန်လိုပါသည်)

သောဘဏရဟန်းကြီး သေအံ့ဆဲဆဲတွင် လူ့ဘဝဖြစ်စဉ်က မုဆိုးလုပ်သက်နှစ် ၅၀ မျှ အကုသိုလ်ပြုခဲ့သည့် ငရဲနိမိတ်ထင်လာပါသည်။

ကြောက်လန့်အော်ဟစ်နေပါသည်။

ထိုအခါ သိတတ်သူ သားဖြစ်သူ ရဟန်းက ဘုရားစေတီတွင် ပန်းဆီမီးပူဇော် ကြေးစည်ထိုး၍ ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေပါသည်။

သတိလစ်တစ်ချက် မေ့တစ်ချက်ဖြစ်နေသည့် ဖခင်အား ကုသိုလ်အကျရောက်စေပါသည်။

ရုတ်တရက် ကုသိုလ်စိတ်ဝင်လာပြီး စုတေသေလွန်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၁၉)

ငရဲဘဝမှလွတ်မြောက်သွားပြီး သုဂတိဘဝသို့ ကူးရောက်ခဲ့ရပါသည်ဟု ဆွောကြောင်းရှိပါသည်။

ဤကဲ့သို့သော ဓမ္မသဘောကို ဖြစ်စေလို၍ ပညာရှိများက လမ်းညွှန် ပြခဲ့ပါသည်။

သေခါနီး "ဓမ္မ" ဦးတိုက်ကြပါဟု–

ယနေ့လူအများအား သေပြီးသင်္ချိုင်းကုန်းရောက်ပြီး အလောင်းမြုပ်ခါနီးမှ အခေါင်းကိုတကယ့်စားမကြီးဖြင့် ဒုတ် ဒုတ် ဒုတ် မြည်အောင် ဦးသုံးကြိမ်တိုက်လိုက် ကြပါသည်။

မည်မျှ ဝမ်းနည်းစရာကောင်းလိုက်ပါသနည်း။

လူဘဝတွင် လူဖြစ်ရှုံးနေကြသော "အရှုံးအမိုက်၊ အကန်း" ဟု တင်စား ခေါ်ဝေါ်ထားသည့် လူတန်းစားက ၉၉% မျှဖြစ်နေကြပြီး ဖြစ်ပါသည်။

ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာဆိုသော စကားကဲ့သို့ ငွေကြေးပြည့်စုံနေသူ ဖြစ်စေ မပြည့်စုံသူဖြစ်စေ–

ကုသိုလ်စိတ်ဖြင့် ကောင်းမှုတစ်ကြိမ်လုပ်ပြီး အကုသိုလ်စိတ်ဖြင့် အကြိမ်ပေါင်း များစွာ အကုသိုလ်အမှုများကိုသာ ပြုမူနေကြပါတော့သည်။

ဥပမာ–

လူကြီးလူငယ်အချို့ကို ကျွန်ုပ်မြင်တွေ့နေရသည်က

ဝါတွင်းကာလ အဖိတ်၊ ဥပုဒ် လပြည့် လကွယ်နေ့များတွင်သာ ဥပုဒ်ဝင်ကြပြီး ကျန်သောနေ့များတွင် ဥပုဒ်ကို စွန့်လိုက်ကြပါသည်။

တစ်ရက် ဥပုဒ်ပြုပြီးပါက အကုသိုလ် (၇) ရက်ပြုခွင့် ရနိုင်သကဲ့သို့ ဖြစ်နေ ကြပါသည်။

သူတော်ကောင်းမှန်ပါက အမြဲတမ်း သီလကို ထိန်းသိမ်းစိတ်ရှိရပါမည်။ ငါးပါးသီလကိုလည်း သေသည်အထိ ထိန်းသိမ်းထားရပါမည်။

သီလကို သူတစ်ပါးထံမှ သွားတောင်းမှ ရနိုင်သည်မဟုတ်ပါ။

မိမိ၏ ကိုယ် နှုတ် စိတ်ကို ဆုံးမထားပြီး သီလကို ထိန်းထားရန်သာ လိုပါသည်။

မေတ္တာသုတ်၏ နောက်ဆုံးအပိုဒ်ကို သတိပြုကြည့်ပါ။

လိုရင်းအဓိပ္ပာယ်က **"ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ သီလဝါ ဒဿနေန သမ္ပန္နော ကာမေသုဝိနယဂေဓံ နဟိဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ"** ဟု ပါရှိပါသည်။

www.burmeseclassic.com



လိုရင်းအဓိပ္ပါယ်က အယူမှန်ပြီး သီလနှင့်ပြည့်စုံသောသူသည် ဝမ်းနှင့်လွယ် မွေးဖွားရသော ဒုက္ခဆင်းရဲ ဘဝမျိုးမှ လွတ်ကင်းရပါမည်ဟု ဖွင့်ဆိုထားပါသည်။

ကုသိုလ်နှင့်ယှဉ်ပြီး ဝမ်းနှင့်လွယ်မွေးဖွားရခြင်းသည် လူ့ဘဝတစ်ခုတည်းပင် ဖြစ်ပါသည်။

ယခုသီလနှင့်ပြည့်စုံပါက ဝမ်းဖြင့်လွယ်မွေးဖွားရသော ဘဝမဖြစ်တော့ဟု ဆိုခြင်းသည် နတ်ဗြဟ္မာသာဖြစ်နိုင်ကြောင်း သိရပါမည်။

စာအုပ်အစပိုင်းတွင် ဖော်ပြခဲ့သော "ဝေလာမ" ပုဏ္ဏားအလှူတွင်

အလှူတခုထက် တစ်ခုမြတ်ကြောင်းဖော်ပြရာ၌–

**ဒါနခဏ်းထက်၊ သရဏဂုံ၊ သီလအပိုင်းက** ပိုမြတ်ကြောင်း သိနိုင်ပါသည်။

ထိုပေါက်ရင် အလှူကြီး အတန်းကြီး လုပ်ပြလိုက်မည်ဆိုသူများအတွက်–

ပကာသနအလှူ၊ ပသာဒအလှူမျိုးမဟုတ်ဘူးဆိုပါက…

ယခုငွေမရှိသော်လည်း ငွေကုန်သည့်ဒါနအလှူထက် ပိုမြတ်သော သရဏဂုံ နှင့်တကွ ငါးပါးသီလကို ဘာကြောင့်မထိန်းနိုင်ပါသနည်းဟု မေးရန်လိုလာပါမည်။

အမှန်တကယ် စစ်တမ်းထုတ်ကြည့်မည်ဆိုပါက ထိုသူမျိုး ထိုအပြောမျိုး ပြောသူသည် ဟန်ဆောင်နေခြင်း သက်သက်မျှသာ ဖြစ်တော့သည်။

တရားမသိ၍ ဘုရားမသိဖြစ်ပြီး အကြွားအလှူ၊ လူသိအလှူ (ပကာသနဒါန နှင့်ပသာဒဒါန) မျိုးကိုသာ စိတ်ဝင်စားနေပြီး လက်တွေ့လူမှုရေးပိုင်းတွင်မူ အကြင်နာ တရားကင်းမဲ့ပြီး တကိုယ်ကောင်းဆန်လွန်းသူများသာ ဖြစ်နေတတ်ပါသည်။

ဗုဒ္ဓ၏ အဘိဓမ္မာတရားအရဆိုပါက– အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ အဆင်းလှခြင်းစသည်တို့သည် ဘုန်းကြီးပေးမှ ရနိုင်သောဆုမျိုးမဟုတ်ပါ။ မိမိ၏ ကိုယ်နှုတ်စိတ်တို့ဖြင့်သာ လုပ်မှရနိုင်သည့် အရာမျိုးဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း "ဗြဟ္မဝိဟာရ" တရား ၄–ပါးကို ကြားဘူး ကြပါမည်။

မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူ၍ဖြစ်ပါသည်။

အဆိုပါတရားများကို မိမိ၏ ကိုယ်နှုတ်စိတ်တို့တွင် အသက်ထက်ဆုံး ကိန်းအောင်းစေရန် ကျိုးစားထားရပါမည်။

ထိုတရားများ မကိန်းအောင်းပါက….

ယနေ့အလှူကြီးပေးပြီး နောက်နေ့အရင်းကြေရန် ကြံစည်ကြပါမည်။

ဥပမာ– ကူငွေမျှော်ပြီး အသုဘဆွမ်းကျွေးခြင်းမျိုး၊

www.burmeseclassic.com

www.burmeseclassic.com

(၁၂၂)

လက်ဖွဲ့ငွေနှင့်ပစ္စည်းကိုမျှော်၍ မင်္ဂလာဆောင် ကျွေးမွေးခြင်းမျိုး၊ အထက်လူကြီးကို (လာဘ်ထိုးခြင်းမျိုး)၊ ဖြစ်သည့် တန်ဖိုးကြီးသော ပစ္စည်းများနှင့်ကန်တော့ခြင်း စသည်တို့သည် ဒါနခန်းတွင် ကုသိုလ်အနေဖြင့် မပါဝင်နိုင်ပါ။

အလားတူသည်ကား အသားပေါ်မည့်ဝက်ကို အချိန်မကျမီကောင်းစွာ ကျွေးမွေးနေသကဲ့သို့ပင် မိမိ၏လက်ရှိ ခန္ဓာရုပ်ကို အကြောင်းအမျိုးမျိုးပြပြီး ပြုပြင်ကျွေးမွေးနေကြခြင်းမျှသာ ဖြစ်ပါသည်။

နောက်ဆုံးတော့ အပါယ် (၄) ပါး ငရဲအစာအဖြစ် တစ်ခန်းရပ်သွားရပါမည်။

ကျွန်ုပ်အထူးတိုက်တွန်းလိုသည့်အချက်က–

(က) သားစာ မယားစာ လည်းရှာပါ။

(ခ) ရလာသည့်အထဲမှ မိမိအတွက်ခြိုးခြံပင်ပန်းခံ၍ လှူပါ၊ ပေးပါ၊ ကူညီပါ။

(ဂ) သူတစ်ပါးအပေါ် မနာလို ဝန်တိုမဖြစ်ပါနှင့်။

(ဃ) မိမိ၏စိတ်ကို အလိုလောဘ ဒေါသ ကာမနောက်သို့ အလွန်အကျွံ မပေးသွားပဲ သတိထား၍ မေတ္တာပေမ သဒ္ဓါပေမ ကုသိုလ်တစ်ခုခု လုပ်ရန်အတွက် ကြံစည်နေပေးပါ။

ဤကဲ့သို့ သဒ္ဓါစိတ် မေတ္တာစိတ် ကုသိုလ်စိတ်ဖြစ်နေပါက ကြာလျှင်အကျင့်ဖြစ်ပြီး ကုသိုလ်နိမိတ်မြဲလာပါမည်။

ထိုကုသိုလ်စိတ်မြဲနေပြီးဆိုပါက ဘယ်အချိန် ဘယ်နေရာ ဘာဘေးနဲ့ဖြစ်ဖြစ် ရုတ်တရက်သေပါကလည်း အပါယ်ပဋိသန္ဓေအကျိုး မပေးနိုင်ဖြစ်ပါမည်။

သို့သော် လက်တွေ့အနေအထားအရဆိုပါက လူသာမန်တို့သည် ဘာရားစခန်းဝင်သူဖြစ်စေ ဥပုဒ်သီလဆောက်တည်လာသူဖြစ်စေ နောက်ပိုင်းတွင် မိမိပိုင်ဆိုင်ထားသော ဥစ္စာနေ စီးပွားလုပ်ငန်း ရွှေငွေအိမ်ကား ရတနာပစ္စည်းများအပေါ်၌ သိမ်းသိမ်းဆည်းထားသည့် စွဲလမ်းတပ်မက်သောစိတ်ကို မဖြတ်နိုင်ကြပါ။

ထိုစွဲလမ်းတပ်မက်သော စိတ်ကြောင့်ပင် သေသည်နှင့်ပြိတ္တာဘုံဘဝသို့ ထူးရောက်သွားကြပါသည်။

ဤသို့ပြိတ္တာဘဝမျိုးသို့ မကျရောက်စေရန်အတွက် ကျွန်ုပ်အနေဖြင့် ဤကဲ့သို့ မြှကျင့်နေထိုင်လျက်ရှိပါသည်။

(က) မိမိလက်ရှိပိုင်ဆိုင်ထားသော ရွှေ ငွေ ပစ္စည်းတို့ကို ကျေးဇူးရှင်မိဘများ အတွက် တစ်ချိုး၊ အမွေရသင့်ရထိုက်သည့် သားမယားအတွက် တစ်ချိုး (ကြိုတင်အမွေ ခွဲဝေပေးထားခြင်းမျိုး)နှင့်

www.burmeseclassic.com

www.burmeseclassic.com



(ခ) လစဉ်ဝင်ငွေ ရငွေများအား နေ့စဉ်လှူဒါန်းမှု ကူညီမှုကို အချိုးကျ ဖြန့်ဝေ သည့်စနစ်ကို မှန်မှန်ကျင့်သုံးထားပါသည်။

သည်တော့ ကျွန်ုပ်တွင် တွယ်တာသံယောဇဉ်ဖြစ်ရမည့် အပိုဥစ္စာပစ္စည်း ရွှေငွေများ အပိုအလျှံမရှိတော့ပါ။

ရလာသော အပိုငွေကြေးများကိုလည်း လိုအပ်သည့်နေရာ လိုအပ်သည့် ဒုက္ခသည် အချို့အတွက် နေ့စဉ်လှူဒါန်းသည့်အလုပ်ကို တိုးမြှင့်ပြုလုပ်ခြင်းဖြင့် မျှတညီညွတ်စေပါသည်။

ဤမျှလွယ်ကူ၍ ဘဝသံသရာအထိ အကျိုးများစေသော အလုပ်မျိုးကို သင်ဘာကြောင့်မလုပ်နိုင်ပါသနည်း။

**မလုပ်နိုင်သည့်အချက်ကို ဗုဒ္ဓက အောက်ပါအတိုင်း ဟောပြခဲ့ပါသည်။**

**"သတ္တိရာဝိယသြမထော တသျှမာနေ့ာဝမတ္တကေ သက္ကာယ ဒိဋ္ဌိ ပဟာနာယ ဘိက္ခုသတ္တော ပရိဗ္ဗဇေ"**

ဟု ဘုရားရှင်က အောက်ပါဥပမာဖြင့် ရှင်းပြခဲ့ပါသည်။

"အကယ်၍ လူတစ်ယောက်သည် မိမိရင်ဝ၌ လှံတစ်ချောင်း စူးဝင်လာသည် သို့မဟုတ် ဦးခေါင်းထက်တွင် မီးလုံးကြီးကျ၍ မီးထလောင်ပြီးဆိုပါစို့-

ထိုလှံစူး-မီးလောင်ခံရသော ပုဂ္ဂိုလ်သည် မိမိလုပ်လက်စအလုပ် သို့မဟုတ် စိတ်ကူးစိတ်သန်း တွေးတောနေမှုများကို ချက်ခြင်းစွန့်လွှတ်လိုက်ပြီး လှံကိုနုတ် မီးကို သတ်ပြီးမှသာ အခြားအလုပ်ကိစ္စများကို လုပ်ရရန်သင့်သကဲ့သို့ သတ္တဝါများအား အပါယ်ပင်္ဂသန္ဓေသို့ ဆွဲချလေ့ရှိသော သက္ကာယဒိဋ္ဌိ အစွန်းတရားကို ပါယ်ဖြုတ်ထားရန် ရှေ့ဦး ဦးစားပေးအဆင့်အနေဖြင့် လုပ်သင့်လှပါသည်။ သက္ကာယ ဒိဋ္ဌိဆိုသည့်အချက်ကို သင်အလွယ်တကူ သိရှိနိုင်ရန်အတွက်-

မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားစာအုပ်ထဲမှ ဓမ္မဒိန္နာ ရဟန္တာမနှင့် အနာဂါမ် ဝိသာခ တို့၏ဆွေးနွေးခန်းကို တင်ပြပါရစေ။

"အသင်ဝိသာခ သက္ကာယ ဆိုတာ ပဉ္စုပါဒါနက္ခန္ဓာ-ခန္ဓာငါးပါးကိုဆိုတာပါ။

ယခုတရားစာအုပ်ဖတ်နေတဲ့ ဒကာ ဒကာမတွေရဲ့ ခန္ဓာကိုယ် ရုပ်နာမ်ကြီးဟာ သက္ကာယပဲလို့ ဖြေရမယ်။

ခန္ဓာငါးပါး ဥပါဒါန်တရား ၄-ပါးအာရုံပြုတဲ့ ခန္ဓာငါးပါးသည် သက္ကာယ တရားလို့ ဆုံးဖြတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သက္ကာယဖြစ်ကြောင်းကတော့ ဓမ္မစကြာသုတ်ထဲတွင် ဖော်ပြထားသည့် အတိုင်း–

ယာယံတဏှာပေါနောဗ္ဘဝိကာ၊ နန္ဒီရာဂ သဟဂတာ၊ တတြတတြာ ဘိနန္ဒိနီ၊ ဆိုတဲ့အတိုင်း တဏှာပဲ ရှင်ဝိသာခရဲ့

တဏှာဟာ သက္ကာယဖြစ်ကြောင်းပဲ

တို့ခန္ဓာငါးပါးတည်ထောင်တာလဲ ဘုံဘဝကိုတပ်မက်တဲ့ တဏှာအရင်းခံပဲ။

ဒါဖြင့် သက္ကာယချုပ်ရာဆိုတာ **"တဿာယေဝတဏှာယ အသေသ ဝိရာဂ နိရောဓေါစာဂေါ ပဋိနိဿဂ္ဂေါမုတ္တိ အနာလယော** ဆိုတဲ့အတိုင်း တဏှာတို့၏ သေရာ ချုပ်ရာ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဆိုတာ သက္ကာယတို့၏ ချုပ်ရာပဲ။

သုံးချက်ရှိသွားပြီနော်။ ဒါနဲ့ဝိသာခကဆက်ပြီး မေးတယ်။

သက္ကာယတွေ ချုပ်ရာချုပ်ကြောင်းအကျင့် အရှင်ဓမ္မဒိန္နာအမိန့်ရှိပါဦး ဆိုတော့

မဂ္ဂင် (၈) ပါးကို ပွားများကျင့်ကြံအားထုတ်လိုက်လို့ရှိရင်ဖြင့် သက္ကာယဖြစ်ကြောင်း သမုဒယသေ၍–အကြောင်းသေသောကြောင့် ရုပ် နာမ်တွေ ချုပ်ပြီးသကာလ သက္ကာယတို့၏ ချုပ်ရာ နိဗ္ဗာန်ရောက်တော့တာပဲ" ဟု ဖော်ပြထားပါသည်။

ယခုတင်ပြခဲ့သည့် သက္ကာယ ဒိဋ္ဌိအကြောင်းကို သင်ကိုယ်တိုင်ဖတ်ရှု နားလည် လက်ခံတတ်ပြီးဆိုပါက ထိုအဆိုအတိုင်း ပြုကျင့်လိုက်နာရန်သာ လိုပါသည်။

သိရုံသိပြီး မလိုက်နာတတ်ပါက အကျိုးတရားရရှိခံစားနိုင်လိမ့်မည် မဟုတ်ပါ။

တရားဓမ္မတို့မည်သည် ကိုယ်တိုင်ကိုယ်ပိုင် အသိဉာဏ်ဖြင့် ပြုကျင့်လိုက်နာ နိုင်မှသာ အကျိုးတရားများကို ရရှိခံစားနိုင်ပါမည်။

သို့သော် အများအားဖြင့်မှု တန်ခိုးတော်အရှင်များက ကူညီလုပ်ဆောင်ပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ရနိုင်သည်ဟု ယုံကြည်လက်ခံကြလေ့ရှိပါသည်။

အကြောင်းမူကား ရွှေတိဂုံဘုရားပေါ်တွင် အောင်မြေဟုခေါ်ဆိုသတ်မှတ်ထား သည့် ရင်ပြင်တော်ပေါ်၌ နေရာယူပြီး တရားထိုင်၊ ပုတီးစိပ်နေကြသည့် ဘုန်းတော်ကြီး ဘိုးတော်ဖြူ ဘိုးတော်ညို လူပုဂ္ဂိုလ်တို့ကို မြင်တွေ့နေရခြင်းဖြင့် အားကိုးမှုလွဲမှားနေခြင်း ကိုသိနိုင်ပါသည်။

ထိုကဲ့သို့ပင် အလားတူစွာဖြစ်ပေါ်နေသည်က နာမည်ကြီးတရားစခန်း အသီး သီး၌ အကြိမ်ကြိမ်တရားစခန်းလိုက်ဝင်နေကြသော ပုဂ္ဂိုလ်အမျိုးမျိုးပင်ဖြစ်ပါသည်။ အချို့ချို့သော တရားစခန်းများသည်ကား အကြိမ်များများ အချိန်များများ သတ်မှတ် ထားသည်ကို ဂုဏ်ယူမှုပြုတတ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတရားစခန်းများ၌ တရားဝင်ခဲ့ကြသော ပုဂ္ဂိုလ်အမျိုးအစား အချို့အား လေ့လာစူးစမ်းကြည့်ရာတွင်–

မဂ္ဂင် (၈) ပါးကိုပင် သီလ၊ သမာဓိ၊ ပညာ အုပ်စုလိုက်မခွဲခြားတတ်ခြင်း၊ ပညတ် ပရမတ်တရား (၂) ပါးကိုလည်း မသိခြင်း၊ ခန္ဓာ (၅) ပါးနှင့်သဘောအဓိပ္ပာယ် မျှကိုပင် မသိကြသေးပဲ တရားဝင်နေကြပါသည်။

ကျွန်ုပ်တိုက်တွန်းလိုသည်ကား ထိုကဲ့သို့ တရားစခန်းများ ဖွင့်မည်ဆိုပါက စခန်းတာဝန်ယူသူတို့အနေဖြင့် စခန်းကို သတ်မှတ်ရက် (၂) ရက် (၃) ရက်မျှ အချိန်ပိုယူပြီး ထို (၂) ရက် (၃) ရက်ကို ဉာတပရိညာအဖြစ် ဓမ္မအခေါ်အဝေါ် အနက်အဓိပ္ပာယ်တို့ကို ကြိုတင်သင်ပြပေးပြီးမှ တရားစခန်းဝင်စေသင့်ပါသည်။

ကျွန်ုပ်အနေဖြင့် သင့်အားတရားစခန်းမဝင်ရန် တိုက်တွန်းနေခြင်းမဟုတ်ပါ။ သင်တရားစခန်းဝင်မည်ဆိုပါက မသိမဖြစ် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာတပရိညာ အခြေခံအဆင့်ဓမ္မအခေါ်အဝေါ် အနက်အဓိပ္ပါယ်တို့ကို ဗဟုသုတအားဖြင့် ကြိုတင်သိရှိထားစေလို၍ တိုက်တွန်းရခြင်းဖြစ်ပါသည်။

သင်အမှန်သိသင့်သည့် အချက်အလက်အချို့ကို ဓမ္မစာစောင် ဆရာတော် အသီးသီး၏ စာအုပ်များတွင်လည်း လေ့လာသိရှိနိုင်ပါသည်။ ဤကဲ့သို့ဓမ္မအခေါ် အဝေါ်များ အနက်အဓိပ္ပာယ်များကို ကြိုတင်သိရှိထားပြီးမှသာ တရားစခန်းဝင်လျှင် ပို၍အကျိုးများဘွယ်ရာ ဖြစ်ပါသည်။

သို့မဟုတ်ပါက

ကြက်တူရွေးစကားသင်သလိုဖြစ်ပြီး အချိန်ကုန် လူပင်ပမ်း၍ အကျိုးမများ ဖြစ်သွားရပါမည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာတပရိညာကို လေ့လာသည် ဖြစ်စေ၊ လယ်တီဆရာတော်ဘုရားကြီး၏ လယ်တီဒီပနီပေါင်းချုပ်ကို လေ့လာသည် ဖြစ်စေ၊ တရားတော်၏ အခေါ်အဝေါ် အနက်အဓိပ္ပာယ်တို့ကို ကြိုတင်သိရှိထားရန် သာလိုပါသည်။

ယနေ့ဗုဒ္ဓဘာသာအများစုသည် ကုသိုလ်နှင့်တရားကို မကွဲမပြားဖြစ်နေကြပါ သည်။ ထိုကြောင့်ပင် တရားဆိုသည့် စကားအနက်ကို ဘာမျှမသိသူကပင် တရား စခန်းဝင်ကြပြီး ဘာပဲဖြစ်ဖြစ် ကုသိုလ်တော့ရမှာပေါ့ဟု ထင်ထားတတ်ကြပါသည်။

ကုသိုလ်ဆိုသည်က ကိုယ်ဘက်မှ ပြုမှ ကိုယ့်ဘက်မှစွန့်မှ ကိုယ့်ဘက်မှ အနာခံမှ ရနိုင်သည့် ကိစ္စမျိုးဖြစ်ပါသည်။

ယခုကဲ့သို့တရားစခန်းဝင်သည်ပြော၍ သီလမျှမလုံခြုံ အချိန်ကုန်ခံ ဖွဲ့ခြင်းကြိတ်

www.burmeseclassic.com

www.burmeseclassic.com

## (၁၂၅)

ချိတ်တိုင်နေပြီး အချိန်စေ့သည်နှင့် ဒုက္ခခံနေခြင်းမှလွတ်ပြီ ဟုသဘောထား၍ သူတစ်ပါး လျှူသောထမင်းမုန့်များကို သုံးဆောင်နေခြင်းဖြင့် အဘယ်ကုသိုလ်မျှရနိုင်မည် မဟုတ်ပါ။

ဆရာတော်တစ်ပါးမိန့်ဖူးပါသည်။ မိဖုရားကြီး (နန်းမတော်မယ်နု) ဟု ဆင်ပါသည်။

ဆရာတော် (ဦးဗုဒ်) အား ရွှေကျောင်းတော်ကြီးတစ်ဆောင်ကို လှူဒါန်းမှု ပြုခဲ့ပါသည်။

ကျောင်းတော်ကြီးကို ရေစက်ချ လှူဒါန်းမှုပြုပြီးသောအခါ– အလှူရှင် မိဖုရားကြီးက ဆရာတော်အား လျှောက်ထားခဲ့ပါသည်။

အရှင်ဘုရား–တပည့်တော်မ ဤရွှေကျောင်းတော်ကြီး လှူဒါန်းမှုပြုသည့် အတွက် အဘယ်မျှသော ကုသိုလ်ကို ရနိုင်ပါအံ့နည်းဟု–

ဆရာတော်ဦးဗုဒ်က ဥပမာဖြင့် ပြန်ဖြေကြားခဲ့ပါသည်။

မိဖုရားကြီးအား ရေတဖလား ရေအပြည့်ခပ်ယူစေခဲ့ပြီး ပါလာသည့်ရေများကို သွန်ပစ်စေခဲ့ပါသည်။

ပြီးမှ ရေဖလားအတွင်းမှ ရေစက်ရေမွှား အချို့ကိုပြ၍ ဤမျှသောကုသိုလ် သာရမည်ဖြစ်ကြောင်း ပင်ဖြစ်ပါသည်။

ကုသိုလ်အပြည့်ရနိုင်သည့် အကြောင်းအချက်များသည်ကား

(၁) သဒ္ဓါ – ယုံကြည်မှု
(၂) ကြည်ညို – လေးစားချစ်ခင်မှု
(၃) ရိုသေ – အလှူကိုလေးစားရိုသေမှု
(၄) အခါ – လိုအပ်နေသည့်အချက်ကို ဖြည့်ဆီးမှု
(၅) မစွန်းငြိ – အလှူအပေါ်/ဝတ္ထုအပေါ်/ပတ်ဝန်းကျင်အပေါ်/ အလှူခံအပေါ် တွန့်ဆုတ်မှု သံသယဝင်မှုမဖြစ်ခြင်း
(၆) မထိမပါး – အခြားအလှူရှင်/အခြားအလှူမျိုးတူအပေါ် ယှဉ်ပြိုင်မှု၊ ဝါကြွားမှု၊ ကဲ့ရဲ့မှု၊ မနာလိုမှု မပြုခြင်း

သည်ပင်ဖြစ်ပါသည်။

ယခုမိဖုရားကြီး၏ ရွှေကျောင်းတော်အလှူသည်ကား–

(၁) ငါသည် မိဖုရားကြီး ငါသာအသာဆုံး
(၂) ငါ့သဘောကျ ငါဖြစ်ချင်သလို

www.burmeseclassic.com

www.burmeseclassic.com



(၃) ငါသာအဓာတ်နိုင်ဆုံး ငါ့ကိုယှဉ်၍မရ

(၄) ငါဘယ်မျှ အကုန်ခံနိုင်ကြောင်း

(၅) ဝါကြွားလိုမှု မာန်မာနထောင်မှုဆိုသည့် (မနော စေတနာ) ပျက်စီးနေမှုကြောင့် ကုသိုလ်မရနိုင်ခြင်း

(၆) ငါလှူထားသော ကျောင်းတော်ကြီးဟု ကဗ္ဗည်းမှတ်တမ်းထား၍ အမြဲတမ်း ငါ့ကျောင်းတော်ကြီးဟု မှတ်ယူစွဲလမ်းနေမှုသည်ပင် အလှူမမြောက်ခြင်းပင်ဖြစ်ပါသည်။

ယနေ့ကာလ၊ ကျွန်ုပ်ပတ်ဝန်းကျင် မိသားစုထဲတွင်ပင် အလှူငယ်ကလေးများပြုသည့်အခါတိုင်း မသိမသာ ဝါကြွားလိုမှုလေးများ ဖြစ်ပေါ်နေလေ့ရှိပါသည်။

မုန့်ဟင်းခါးလှူသည့်အခါတွင်

(၁) ငါးက ဘယ်နှစ်ပိဿာ သူများဟင်းရည်လို ကျဲကျဲမဟုတ်ဘူး။

(၂) လာစားလိုက်ကြတာ မှန်းထားတာထက်တောင် မလောက်လို့ ထပ်ဝယ်ကျွေးလိုက်ရသေးတယ်။

(၃) လှူတာပဲ ကောင်းကောင်းလှူလိုက်မယ်၊ ဖြစ်သလို သူများလိုတော့ မလှူချင်ပါဘူး။

(၄) ဟို အိမ်ကဆို အားမနာပါးမနာ တစ်အိမ်လုံးလာစားတဲ့အပြင် ချိုင့်နဲ့ တောင်ထည့်သွားလို့ ဒေါသတောင် နည်းနည်းဖြစ်ရသေးတယ်–

ဆိုသည့် အချက်အလက်အချို့ကို ပါယ်နိုင်ဖို့ အထူးလိုပါသည်။

ကုသိုလ်နှင့်ပတ်သက်၍ (၁၀) မျိုး ဖော်ပြထားပါသည်။

ဒါန သီလ ဘာဝနာ (သမထ) ဝေယျာဝစ္စ အပ္ပစာယန ဓမ္မဒေသနာ ဓမ္မသာဝနာ ဒိဋ္ဌိဇုကမ္မ ပတ္တိဒါန ပတ္တာနုမောဒနာ ပေါင်း (၁၀) မျိုး ဖြစ်ပါသည်။

ယင်း (၁၀) မျိုးသော ကုသိုလ်အစုသည် လူနတ် (ဗြဟ္မာ) နှစ်တန်သော ဘဝအကျိုးကို ဖြစ်စေရောက်စေတတ်ပါသည်။

အများအားဖြင့် ဗုဒ္ဓဘာသာအမည်ခံ ပုဂ္ဂိုလ်တိုင်း ယင်း (၁၀) မျိုးထဲမှာသာ ကျင်လည်နေကြရိုး ဖြစ်ကြပါသည်။

**တရားဆိုသည်ကား–**

ဘုရားပွင့်မှ ပေါ်ထွန်းနိုင်ရိုးဖြစ်ပါသည်။ ဘုရားမပွင့်မီကာလများတွင် ကုသိုလ် အကုသိုလ်က ရှိနေပြီးဖြစ်ပါသည်။

တရားနှင့်ပတ်သက်၍ တရားတစ်ပုဒ်က ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၂၇)

**ဇာတိံစေဘိက္ခု နိဗ္ဗိန္ဒာ ဝိရာဂါ နိရောဓာ ပဋိပ္ပဿနောဟောတိ–ဓမ္မာန–ဓမ္မပဋိပန္နော ဘိက္ခုတိ အလံဝစနာယဟု–**

အဓိပ္ပာယ်က–လက်ရှိခန္ဓာ (ဘဝ) ရရှိထားချက်အပေါ် ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ပြတ်ခြင်း ဖြစ်အောင် ဉာဏ်ဖြင့်ဆင်ခြင်လိုက်ပြီး သစ္စာအမြင် သစ္စာအသိ–ပညာအမြင် ပညာအသိကြောင့်

ခန္ဓာ (ငါးပါး)မှ တစ်ပါး ဘာမှုမရှိ ငါမရှိ ဟုသိပြီး (သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ) များကင်းစင်အောင် ကြိုးစားကျင့်ကြံအားထုတ်နေမှုသည်ပင် ဓမ္မ(တရား) ဖြစ်ပါသည်။

ကုသိုလ်က ကောင်းကျိုးနှင့်ကောင်းသောဘဝမျိုးဖြစ်အောင် တိုးပွားအောင် ပြုတတ်ခြင်းဖြစ်ပြီး

ဓမ္မက (ကုသလ်–အကုသလ် ဇဟ်) ဆိုထားသကဲ့သို့ ဘဝကင်းပြတ်အောင် ဘဝစင်ကျယ်အောင် လိုချင်မှု တောင်းတမှုပြတ်အောင် ဘဝစင်ကျယ်အောင် လိုချင်မှု တောင့်တမှု (ဆန္ဒရာဂ) အားလုံးကို ပါယ်သတ်နေမှုသည်ပင် ဖြစ်ပါသည်။

ယခုကျွန်ုပ်ရေးသားတင်ပြနေသည့် အခိက ရည်ရွယ်ချက်သည်ကား ကျွန်ုပ်၏ တပည့်အမည်ခံ (ဗုဒ္ဓဘာသာ ဝလုံးတန်း) အဆင့်များအတွက်–

ကုသိုလ်နှင့်တရားကို လက်တွေ့လုပ်ဆောင်မှုပြုနိုင်စေရန် ဦးတည်ထားပါသည်။

အများအားဖြင့်မှု ကုသိုလ်နှင့်တရားဟူသမျှကို မလုပ်မိအောင် ပိတ်ဆို့စေနိုင်သည့်အင်အားအကြီးမားဆုံး ဖြစ်သည့် (ကာမဂုဏ်) ရမ္မက်ဆိုးကို အကောင်းဟု မြင်မက်နေမှုသည်ပင် ဖြစ်ပါသည်။

ကျွန်ုပ်ဗေဒင်ဆရာဘဝကပင် ဤကာမဂုဏ်ရမ္မက်ဆိုးအကြောင်းကို အောက်ပါအတိုင်း တင်စားဖော်ပြထားခဲ့ဘူးပါသည်။

(ကာမဂုဏ်အရသာနှင့် ဆုံတွေ့သည့်အခါ ရှောင်ဖယ်ရန်လည်း လုံးဝမဖြစ်နိုင်သော သဘောသဘာဝမျိုးဖြစ်သည့်အတွက်)

ကျားငတ်နှင့်သမင်ပျို နွားအိုနှင့်မြက်နု ပေါင်းဆုံမိသကဲ့သို့ အာသာငမ်းငမ်း ရမ္မက်ကြမ်းကြောင့် ဇာတ်လမ်းများ အလွန်ရှုပ်ထွေးတတ်ပါသည်။

ကျွေးချိတ်သံမျှား အမျိုးမှားသည့် ငါး၏ပမာကဲ့သို့ အမျိုးလွယ်သလောက် အထွေးခက်လှပြီး ကိလေသာတဏှာသံယောဇဉ်ကြိုးတန်းလန်းဖြင့် တံငါသည် လက်တွင်းသို့ သက်ဆင်းရ၍ ဘဝတခုလုံးပျက်ယွင်းသွားတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ချောက်အတွင်း သက်ဆင်းလာသည့်ကျားကို အဘယ်မှဆိုးကမျှ ပြန်လွှတ်ရိုး ထုံးစံမရှိသလို ကွေးချိတ်သံမျှားအမျိုးမျိုး၌ ကြိုးတန်းလန်းနှင့် အမိဖမ်းထားခြင်းခံနေရသည့် ငါးဒုက္ခကိုကြည့်ပြီး အဘယ်တံငါသည်ကမျှလည်း ကြင်နာသနားစိတ်ဝင်၍ ပြန်လွှတ်ပေးကြလိမ့်မည် မဟုတ်သည့်အတွက်

**ကာမတော ဇာယတိ သောကော**

**ကာမတော ဇာယတိ ဒုက္ခံ**

**ကာမတော ဝိပမုတ္တသ နတ္ထိသောကော ကုတောဘယံ** ဆိုသည့် ဗုဒ္ဓက ကာမဂုဏ်ကြောင့် ရင်ကွဲမတတ် သက်ကြွေမတတ် ဒုက္ခကြီးမားစွာ ခံစားနေရသည့် သန္တတိအမတ်ကြီးအား ဟောကြားထားသည့် တရားအတိုင်း "ကာမဂုဏ်တို့ မည်သည့် သောကနှင့် ဒုက္ခကိုသာ" မွေးဖွားစေတတ်သဖြင့်

ကာမဂုဏ်ကို လွတ်အောင်ရှောင်နိုင်ပါက အဘယ်မှာ သောကနှင့်ဒုက္ခဆိုသည်မှာ ရှိပါအံ့နည်း။

ယခုလက်တွေ့ အနေအထားအရဆိုပါက–တံငါသည် ဥပမာဖြစ်သည့် ကျွန်ုပ်တို့၏ ဇနီးများက ငါးကြီးဥပမာဖြစ်သည့် အသက်ကြီးရင့်လာသည့် သူမဖမ်းမိထားသည့် ငါးကြီးနှင့်တူသည့် ကျွန်ုပ်တို့အား "အကိုရှာကျွေးလာတာ ကြာပါပြီ။ ကျေနပ်ပါပြီ။ တော်ပါတော့။ နားပါတော့ ဟုပြော၍ သူမဖမ်းမိထားသည့် ငါးကြီးကို ပြန်လွှတ်ပေးမည့် စကားမျိုး အရိပ်အယောင်မျှပင် မြင်ရကြားရရန် အလွန်ခက်ခဲလှပါကြောင်း။

**မှတ်ချက်**

အမျိုးသားဘက်မှ ကြည့်ပါက အမျိုးသမီးသည် တံငါသည်ဖြစ်၍

အမျိုးသမီးဘက်မှ ကြည့်ပါကလည်း အမျိုးသားသည် တံငါသည်ဖြစ်ပါသည်။

တရားသဘောအရ ကြည့်ပါက–

အမျိုးသားလည်း တံငါသည် မဟုတ်သလို အမျိုးသမီးလည်း တံငါသည် မဟုတ်ပါ။

တကယ့်လက်သည် တရားခံ တံငါသည်အစစ်သည်ကား–

**တပ်မက်မှု ဆန္ဒရာဂ တဏှာ သမုဒယ** သဘောသည်သာ၊ အဓိကတရားခံဖြစ်ကြောင်း ဉာဏ်မှာ မြင်ရန်လိုပါသည်။

ဘာဝရုပ်က သရုပ်ဆောင်နေခြင်းမျှသာဟု သတိပြုသင့်ပါသည်။

မိမိ၏ **တပ်မက်မှု** ဆန္ဒရာဂကို မိမိအသိစိတ်ဖြင့် တွန်းလှန်ဖယ်ရှားနိုင်ပါက

www.burmeseclassic.com

www.burmeseclassic.com

# (၁၂၉)

မိမိသည် တံငါသည် လက်တွင်းမှ လွတ်ကင်းပြီး သူဖြစ်ပါတော့သည်။ ထို့ပြင် မှတ်သားဖွယ်ရာ ဇာတ်နိပါတ်တော်လာ တောဒေယျဝတ္ထု ကိုလည်း လေ့လာသင့်ပါသည်။

သူ့ဘဝက

သူဌေးတလှဲမှ ခွေးတလှဲ့

အတိတ်ကာလမှ ဇာတ်လမ်းတစ်ပုဒ်–

ဒဏ္ဍာရီလည်းမဟုတ် လုပ်ဇာတ်လည်းမဟုတ် တကယ့်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။

တစ်နေ့သော နံနက်ခင်း–

ရဟန်း သံဃာများ ဆွမ်းခံချိန်

ဘုရားရှင်နှင့်တကွ သံဃာများစီတန်းလျက် မြို့တွင်းသို့ ဆွမ်းခံဝင်ကြွလာခဲ့ကြပါသည်။

မြို့သူမြို့သားများ ဆွမ်းလောင်းလှူကြပါသည်။

တစ်နေရာအရောက်–

သူကြွယ်တစ်ဦး၏အိမ်ရှေ့၌

ဘုရားရှင်အား ဆွမ်းလောင်းလှူစဉ်အခိုက်–

ထိုသူကြွယ်အိမ်မှ ကောင်းစွာမွေးမြူထားသော ခွေးနက်ကြီးတစ်ကောင်က ဘုရားရှင်နှင့် သံဃာတော်များကို ဒေါသတကြီးဖြင့် ထိုးဟောင်လိုက်ပါသည်။

အိမ်ရှိလူများက တားဆီးကြသော်လည်း အဟောင်မရပ်–

ထိုစဉ်အခိုက် မကြုံစဖူး၊ ဘုရားရှင်၏နှုတ်တော်မှ စကားတစ်ခွန်း မြွက်ဟလိုက်ပါသည်။

"ဟဲ့ တောဒေယျ–သင် ယခုအထိ မိုက်ဆဲပဲလား?" တဲ့

ဒီစကားတစ်ခွန်းကို ဘေးလူတွေအနေဖြင့် သာမာန်ဟု ထင်ခဲ့ကြသော်လည်း ဆွမ်းလောင်းနေသည့် တောဒေယျသူဌေးကြီး၏ သားနှင့်တကွ ကျေးကျွန်အားလုံးအတွက် ရှက်ဖွယ်လိလိ ခံရခက်သွားရပါသည်။

ခံရခက်လှသည့်အချက်က သူတို့မိသားစု၏အကြီးအကဲ ဖခင်ဖြစ်သူ သူဌေးကြီးကွယ်လွန်ခဲ့သည်မှာ တစ်နှစ်ပင် မပြည့်သေး–

အောင့်မေ့လွမ်းဆွေးမှုကလည်း မပြေသေး

သူဌေးကြီးအတွက် ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးနေကြသည်က

www.burmeseclassic.com

www.burmeseclassic.com



ယနေ့အထိ–

ယခုပင် ဘုရားရှင်နှင့်တကွ သံဃာတော်များကို ဆွမ်းလောင်းလှူနေဆဲ–

ကုသိုလ်ရေးကြောင့် ဝမ်းသာကြည်နူးနေခိုက်မှာမှ ဘုရားရှင်ထံမှ သတင်းဆိုးကြီးကို ကြားခဲ့ကြရပါသည်။

"ဟဲ့ တောဒေယျ သင် ယခုအထိ မိုက်ဆဲပဲလား?" ဟူသော ဘုရားရှင်၏ စကားသံက သားဖြစ်သူ၏နားထဲ ရင်ထဲမှာ ပဲ့တင်ထပ်လျက် ကြားနေရဆဲ–

ကွယ်လွန်ခဲ့ပြီးသော ဖခင်ကြီး၏ "တောဒေယျ" အမည်ကိုမှ အိမ်က ခွေးကြီးကိုတပ်၍ ခေါ်သွားခဲ့သည့်အတွက်–

ရတက်မအေး ဖြစ်နေရပါသည်။

ဖခင်ကြီးသေပြီးနောက် ဒီခွေးကြီးဘဝသို့ ရောက်ခဲ့ရခြင်းလော–

ခွေးကြီးကို မြင်မိတိုင်း ရင်ထဲမှာ မချိအောင်ဖြစ်နေရသည်က သူဌေးသားကြာတော့လည်း သည်းမခံနိုင်တော့–

ဘုရား စကားတော်မို့ မပယ်နိုင်သော်လည်း လုံလောက်သောအကြောင်းပြချက် ကမတွေ့ရ မမြင်ရသေးသည့်အတွက်

ရင်ထဲက သံသယကို ဘုရားထံမှောက်သွားရောက်ပြီး ရှင်းလိုက်မိပါသည်။

လုံလောက်သော အကြောင်းပြချက်က–

ညပိုင်းလူခြေတိတ် အိပ်ချိန်တွင် ဒီခွေးကြီးကို ကောင်းစွာပြုစုအစာကျွေးပြီး ငိုက်မြည်းစဉ်ကာလဝယ်–

"သူဌေးသားက ဤသို့ ပြောလိုက်ပါ" ဟု သင်ပြပေးလိုက်ပါသည်။

"အိုဖခင်–ဖခင်မသေမီက မည်သူမျှမသိအောင် မြေမြှုပ်ထားခဲ့သည့် ပစ္စည်းများရှိလျှင် သားကိုပြပါ" ဟု

ဘုရားရှင်သင်ပြပေးသည့်အတိုင်း သူဌေးသားက အိမ်ပြန်ရောက်ပြီး ညပိုင်းတွင် အကောင်အထည်ဖော်လိုက်ပါသည်။

လက်တွေ့အနေအထားက–

ခွေးကြီးသည် သူဌေးသား၏ ပုဆိုးစကို ကိုက်ဆွဲ၍ ခြံဒေါင့်တစ်နေရာ အရောက်တွင် မြေကို ယက်ပြလိုက်ပါသည်။

သည်တော့

သူဌေးသားက နေရာကို မှတ်သားပြီး နံနက်မှာ မြေကို တူးဆွလိုက်ပါ၏။

ဘုရားရှင်ပြောလိုက်သည့်အတိုင်း တွေ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

# (၁၃၁)

ရွှေအိုးကြီး ၅–လုံး

သူဌေးသားရင်ထဲ သံသယရှင်းသွားရသော်လည်း–သူဌေးဘဝမှ ခွေးဘဝသို့ ပြောင်းခဲ့ရသည့် ဖခင်ကြီး၏အဖြစ်ဆိုးကြောင့် ရွှေအိုးကြီး ၅–လုံးရသော်လည်း ဝမ်းမသာ နိုင်–

“ဘာကြောင့် ဖခင်သူဌေးကြီး ခွေးဘဝသို့ ကျရောက်ခဲ့ရပါသနည်း?”

ထိုမေးခွန်းမှတဆင့်–

သူဌေးသားဖြစ်သူ–နက်နက်နဲနဲ စဉ်းစားမိလိုက်ပါသည်။

“ယနေ့ ငါ ဘာတွေလုပ်မိနေသလဲ”

“နောက်နေ့ ငါ ဘာများဖြစ်မလဲ”

လောလောဆယ်တော့ ငါက သူဌေးသား

သို့သော် နောက်နေ့– နောက်ဘဝမှာ–

✿ ✿ ✿

ဒီဇာတ်လမ်း သည်မှာ တစ်ခန်းရပ်၍ မိမိဘဝဇာတ်လမ်းကို ဆက်စဉ်းစား ကြည့်ကြပါစို့ ....

– လောက၌ လောကဓံ (၈) ပါး ရှိပါသည်။

– မဟာဘုတ်ဗေဒင်၌ ဂြိုဟ်ကြီး (၈) လုံး ရှိပါသည်။

– လောကဓံ (၈) ပါးတွင်

– အ,ယသော ဒုက္ခံ၊ နိန္ဒံ၊ အ,လာဘော (၄) ပါး မကောင်းပါ။

– ယသော သုခံ၊ ပသံသာ၊ လာဘော (၄) ပါး ကောင်းပါသည်။

ထို့အတူ မဟာဘုတ်ဗေဒင်၌လည်း–

– အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသာပတေး (၄) ဂြိုဟ်မကောင်းပါ။

– ရာဟု၊ သောကြာ၊ တနင်္ဂနွေ၊ တနင်္လာ (၄) ဂြိုဟ် ကောင်းကြပါသည်။

ထိုလောကဓံ (၈) ပါးနှင့် ဂြိုဟ်ကြီး (၈) ခွင် အတွင်း၌ လူသားတိုင်း လူ့ဘဝ စခဲ့ကြပါသည်။

လူ့ဘဝ

အများအားဖြင့် လူတို့သည် လူ့ဘဝကို သုံးပိုင်း ပိုင်း၍ မြင်တတ်ကြပါသည်။

ပထမပိုင်း သို့မဟုတ် ပထမအရွယ်–ဒီအရွယ်၌

ကျွန်ုပ်တို့အားလုံးသည် ပတ်ဝန်းကျင်အားလုံးအပေါ် မိမိစိတ်ထင်သလို အနိုင်ကျင့် ပြုမူဆက်ဆံခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃၂)

မိမိ အလိုဆန္ဒတစ်ခုတည်းကိုသာ ဦးစားပေးသည်။ မိမိ အလိုပြည့်ရေးကိုသာ အစဉ်ပြုမူခဲ့ကြပါသည်။

– နို့ဆာလျှင် ငိုမည်

– လိုတာမရလျှင်လည်း ငိုမည်

– လုပ်ချင်တာ မလုပ်ရလျှင်လည်း ငိုမည်–

ထိုသို့ ငိုလိုက်သောအခါတွင် ချော့မည့်သူ ပေါ်လာသည်။ အလိုလိုက်မည့်သူ ပေါ်လာသည်။ ဒီတော့ မိမိ ငိုလျှင် လိုတာရမည်ကို တဖြည်းဖြည်း သိလာသောအခါ တွင်ရလိုတိုင်း ငိုတော့သည်။

ငိုတိုင်း–မိဘညီအစ်ကိုမောင်နှမများက အလိုပြည့်အောင် ချော့ရသည်။ လိုက်လျောကြရသည်။

မိမိက အမြဲတမ်း အနိုင်ဘက်က တကိုယ်ကောင်းဆန်ခဲ့ချိန်–ပထမအရွယ်

အတ္တပေမ–

ဒုတိယဘဝ တစ်ပိုင်း

အလိုကြီးလာသည်။ ကိုယ်ကျိုးရှာလာတတ်သည်။

ယှဉ်ပြိုင်တတ်လာသောအရွယ်–

သူတစ်ပါးထက်သာရန် အမြဲတမ်း နှလုံးသွင်းနေချိန်

– အဝတ်အစားချင်း ပြိုင်မည်။

– ငွေကြေးဥစ္စာသုံးဖြုန်းချင်း ပြိုင်မည်။

– အလှအပချင်း ပြိုင်မည်။

– ဂုဏ်ပကာသန၊ ပညာ ရနိုင်သမျှ အရှိန်အဝါအားလုံးကို အသုံးပြု၍ တလောကလုံးနှင့် ယှဉ်ပြိုင်လာသောအခါတွင် မိမိကဲ့သို့သော ပတ်ဝန်းကျင် ပုဂ္ဂိုလ်မျိုးနှင့်တွေ့ကြုံလာရပြီး အပြိုင်အဆိုင် အနိုင်လုပွဲများ ပြုကြပါတော့သည်။

ထိုအခါ စိတ်ချင်းတူသူများက ပေါင်းဖက်ကြပြီး စိတ်ချင်းမတူညီကြပါက ရန်သူဖြစ်သွားတတ်ကြပါသည်။

လူ့ဘဝသည် ဤအပိုင်းမှစ၍ အယုတ် အလတ် အမြတ် ကွဲသွားတတ်ကြပါသည်။

မူလငယ်စဉ် ကလေးဘဝ ပထမပိုင်း၌ မကွဲကြသေးပါ။

ကလေး အရက်သမား မရှိသေး။

ကလေး ဖဲသမား မရှိသေး။

www.burmeseclassic.com

www.burmeseclassic.com

(၁၃၃)

အားလုံး ငိုမည် ရီမည်–စားမည် ဆော့မည်။

သူတို့ကို လူကြီးမိဘ ပတ်ဝန်းကျင်အားလုံးက ခွင့်လွှတ်ကြပါသည်။ အကြောင့် ကလေးတွေကို ခွင့်လွှတ်နိုင်ကြပါသနည်းဟုဆိုသော်–

ကလေးတိုင်းသည် ကောက်ကျစ်လှည့်စားမှုမရှိ

ပကတိအရှိအတိုင်း–ခံစားချက်အတိုင်း ပရိယာယ်မပါ

ရိုးသားမှုကြောင့်ဟုဆိုသော် မှားအံ့မထင်ပါ။

သို့သော် ဒုတိယအရွယ်တွင်မူကား–

ရိုးသားမှု၊ ဖြူစင်မှု၊ ပွင့်လင်းမှုအားလုံး ကင်းကွာသွားကြပြီး ဂုဏ်၊ မာန၊ လောဘ၊ ဒေါသ၊ ကောက်ကျစ်မှု၊ လှည့်ဖြားမှု၊ ယုတ်မာရက်စက်မှု၊ မကောင်းမှု အားလုံးကို အရှက်အကြောက်မရှိ ပြုကျင့်လာကြလျက် တဖြည်းဖြည်းအရက်သမား သေမား၊ သူခိုးလူလိမ်၊ လူယုတ်မာများအဖြစ်သို့ ကူးပြောင်းသွားကြသည်ကသာ များလွန်းလှပါသည်။

စိတ်ကောင်း သူတော်ကောင်း၊ လူလိမ္မာ၊ လူယဉ်ကျေးအဖြစ်နှင့် ရိုးသားဖြူစင်မှုများ မပျောက်ပျက်ဘဲ ကြီးပြင်းလာသည့် ဒုတိယအပိုင်းမှ လူငယ်များသည်ကား အလွန်နည်းပါးလွန်းလှပါသည်။

ဤဒုတိယအပိုင်း အရွယ်သည်ကား လူ့ဘဝတစ်ခုလုံး၏ အဓိကဇာတ်ဆောင် အပိုင်းပင် ဖြစ်တော့သည်။ မိန်းမယူခြင်း၊ လင်ယူခြင်း၊ အိမ်ထောင်ကွဲခြင်း စသည့် အာမဂုဏ်ရမ္မက် သောင်းကျန်းမှုပြုကြသည်မှာလည်း သူတို့–

ဖဲရိုက်၊ အရက်သောက်၊ ဓားပြတိုက်၊ မူးယစ်ဆေးဝါး၊ လူသတ်မှုအထိ များလွန်းရဲကြ ပြုမူကြသည်မှာလည်း သူတို့

ဂုဏ်တု၊ ဂုဏ်ပြိုင် အနိုင်ယူကြ။

အလှချင်းပြိုင်၊ ပညာချင်းပြိုင်၊ ဉစ္စာစီးပွားချင်းပြိုင်ကြ မနိုင်လျှင် ဣဿာ မစ္ဆရိယ ပွားကြ ကောက်ကျစ်စဉ်းလဲကြ ဖောက်ပြန်ယုတ်မာကြသည်မှာလည်း သူတို့ သည်ပင် ဖြစ်တော့သည်။

ဤဒုတိယအရွယ်ပိုင်းသည် လောကကိုကောင်းအောင်လည်း သူတို့ပင် လုပ်ဆောင်တတ်ကြပြီး လောကကြီးကို ပျက်စီးအောင်လည်း သူတို့ပင် လုပ်ဆောင် ကြပြန်ပါသည်။

လူ့ဘဝတစ်ခုလုံး၏ အဓိကအပိုင်းဖြစ်သော–

www.burmeseclassic.com

www.burmeseclassic.com

(၁၃၄)

အရွယ်ရောက်ပြီးသည်မှ တုံချီအိုနာ မဖြစ်သေးသမျှအထိ ကိုယ့်စိတ် ကိုယ့်သဘော ကိုယ်ထင်ရာ လုပ်နိုင် ပြောနိုင် နေနိုင်ကြသဖြင့် မိမိပတ်ဝန်းကျင်နှင့် လောကကြီးကို သာယာငြိမ်းချမ်းအောင် မိမိက ဦးဆောင်လုပ်ကိုင်ပြသရန် အလွန် အရေးကြီးလှပါသည်။

ဗုဒ္ဓ၏ တရားတစ်ပုဒ်–

သက္ကပညသုတ္တန်၌ ဤသို့ ဖွင့်ပြထားခဲ့ပါသည်။

တာဝတိံသာ နတ်နန်းစံ သိကြားမင်းကြီးသည် ကုသိုလ်ကံ ကုန်ခါနီး၌ နတ်သက်ကြွေမည့် နိမိတ်ထင်လာသည့်အခါ အလွန်စိုးရိမ်ပူဆွေးမှုဖြစ်ပေါ်လာပြီး သေဘေးမှ လွတ်မြောက်နိုင်ရေးအတွက် ဘုရားရှင်ထံ တရားနာရန် ဝင်ရောက်ဖူးတွေ့ ခဲ့ပါသည်။

သိကြားမင်း၏ အဓိကမျှော်မှန်းချက်က–

လောလောဆယ်သေဘေးမှ လွတ်လိုခြင်းနှင့် လက်ရှိကာမဂုဏ် စည်းစိမ်များမှ မစွန့်လွှတ်လိုခြင်းပင် ဖြစ်ပါသည်။

ဘဝဆိုသည်မှာ သေရိပ်၊ သေနိမိတ် မကြုံသေးသမျှ မာန်မာနတလူလူဖြင့် မင်းမူ ပျော်ရွှင်နေနိုင်ကြပါမည်။

မိမိပြုမူလုပ်ဆောင်ခဲ့သမျှကိုလည်း အကောင်းထင်ပြီး ကုသိုလ်၊ အကုသိုလ် စသည့် ကံအကြောင်းတရားများကို အလေးပြုနိုင်ကြသည်လည်း မဟုတ်ကြပါ။ လောလောလတ်လတ် သေဘေးကြုံမှ နောင်တရကြပြီး သေလွန်သွားတတ်ကြပါသည်။

သည်တော့ ယနေ့ ပစ္စုပ္ပန်ဘဝတွင် သူဌေးဘဝ ရှင်ဘုရင်ဘဝ ဖြစ်နိုင်ကြ သော်လည်း–

နောက်နေ့–ကွယ်လွန်ပြီးသည်နှင့် ခွေးဘဝ၊ သူတောင်းစားဘဝသို့ ကပ်ရောက် သွားတတ်ကြပါသည်။

လက်ရှိ သူဌေးဘဝမှ နောက်နေ့ ခွေးဘဝ၊ သူတောင်းစားဘဝသို့ ကျရောက် သွားခဲ့ရသည့် ဇာတ်နိပါတ်တော်လာ အဖြစ်အပျက်များ ရေးမကုန်အောင် များပြားလှ ပါသည်။

သို့သော်

ယနေ့ခေတ် ရှေ့ပြေး လူငယ် လူရွယ် လူကြီး အချို့သည်ပင် ထိုသူဌေးဘဝ ခွေးဘဝသို့ ကျရောက်သွားခဲ့ရသည့် ဇာတ်ထုပ်ကို သိထားကြသော်လည်း–

ဘာကြောင့်–ဘယ်ကံမျိုးကြောင့်–ဒီလို ကျရောက်ပျက်စီးခဲ့ရခြင်း ဖြစ်သည် ဆိုသည့် ကံ၏အကြောင်းရင်းကို သိရှိသူ အလွန်နည်းပါးလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၁၃၅)

ကျွန်ုပ်အနေဖြင့် ဤအချက်ကို လေးလေးနက်နက် လေ့လာလိုက်စားစေလို သည်။

ဤဘဝမှ ဟိုဘဝသို့ ကူးပြောင်းပြီး ဒုက္ခဖြစ်ကြရ၊ ကြုံကြရသည့် ဇာတ်ထုပ် သို့ ယနေ့မျက်မှောက် အသက်ရှင်စဉ်ကာလ၌ပင်–

– ဂုဏ်ရာထူးကြီးမားရာမှ ပြုတ်ကျရသည့်ဒုက္ခ

– စီးပွားဥစ္စာ ပြည့်စုံရာမှ ပျက်စီးရသည့်ဒုက္ခ

– ကျန်းမာနုပျို စိတ်ပျော်ရာမှ ရောဂါနှင့် ဥပဒ္ဒေကကံကြောင့် ရုတ်တရက် ဆင်းရဲ ကိုယ်ဆင်းရဲ ဒုက္ခိတဖြစ်သွားရသည့် ဇာတ်ကြောင်းများကို သတိသံဝေဂ ၍ မိမိ၏ကိုယ်နှုတ်စိတ်တို့ကို အတတ်နိုင်ဆုံး အမြန်ဆုံး ပြုပြင်ရန် ကြိုးစားသင့် သည်။

ကျွန်ုပ်ဆန္ဒအရ ကျွန်ုပ်တပည့်ငယ်များကို

"အသိ" အနေအထားမှ

"အရှိ" အနေအထားသို့ ထိုမှတဆင့်–

"အကျင့်" မြဲသောဘဝသို့ ရောက်ရှိသွားစေလိုလှပါသည်။

ဒက ဖွင့်ပြထားပါသည်။

ညာတပရိညာ (ဆရာ့တာဝန်)

တီရဏပရိညာ(ငါ့တာဝန်)

ပဟာနပရိညာ (ဓမ္မတာဝန်) ဟု

ကြော သုတ်တွင်မူ

သစ္စာဉာဏ် – အသိ

ကိစ္စဉာဏ် – အလုပ်

ကတဉာဏ် – ပြီးဆုံးခြင်းဟူ၍ ဖြစ်ပါသည်။

သို့ရာတွင် ကျွန်ုပ်တို့ လက်ရှိအနေအထားအရတွင်မူ–

ဓမ္မကို

"ညာတပရိညာ" ဆရာ့ထံတွင် သင်ကြားလေ့လာမှု

သို့မဟုတ်

"အသိ" စာအုပ်စာပေတွင် လေ့လာဖတ်ရှုမှုလုံးဝမပြုပဲနှင့်–

ကုသိုလ်ကိစ္စအချို့ကိုပြု၍ ဘုန်းကြီးပေးသော ဆုနိဗ္ဗာန်နှင့်သာ ကြည်နူး နပ်နေတတ်ကြပြီး ဘဝကိုဖြုန်းပစ်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်

အလုပ်ပိုင်းအနေဖြင့် ဓမ္မစကြာသုတ်အရ–မဂ္ဂင် (၈) ပါးကို အဓိကဖော်ပြလို ပါသည်။

ထိုမဂ္ဂင် (၈) ပါးကိုလည်း

ပညာပိုင်း

သီလပိုင်း

သမာဓိ အပိုင်းဟူ၍ (၃) အုပ်စု ခွဲထားပါသည်။

ပညာအုပ်စုတွင် သမ္မာဒိဋ္ဌိ–သမ္မာသင်္ကပ္ပ

သီလအုပ်စုတွင် သမ္မာဝါစာ–သမ္မာ ကမ္မန္တ–သမ္မာ အာဇီဝ နှင့်

သမာဓိအုပ်စုတွင် သမ္မာဝါယမ–သမ္မာသတိ–သမ္မာ သမာဓိ ဟူ၍ဖြစ်ပါသည်။

ရှေးဦးစွာ ကျွန်ုပ်တို့အတွက် လက်တွေ့အကောင်အထည်ဖော်နိုင်သည်က–

သီလအုပ်စုဝင် ဓမ္မအစုပင်ဖြစ်ပါသည်။

(၁) သမ္မာဝါစာ – (က) လိမ်လည်မှုမပြုခြင်း မပြောခြင်း၊

(ခ) ကြမ်းတမ်းယုတ်ရင်းစွာမပြုခြင်း၊ မပြောခြင်း၊

(ဂ) ဂုံးတိုက်ခြင်း မပြုခြင်း၊ မပြောခြင်း၊

(ဃ) သိမ်ဖျင်းပေါ်သွမ်း အကျိုးမဲ့စကားကို မပြောခြင်း မပြုခြင်း ပင်ဖြစ်ပါသည်။

(၂) သမ္မာ ကမ္မန္တ – (က) သူတစ်ပါးအသက်ကို မသတ်ခြင်း မသတ် လိုခြင်း၊

(ခ) သူတစ်ပါးဥစ္စာပစ္စည်းကို တရားမဲ့မယူခြင်း မခိုးခြင်း၊

(ဂ) ကာမဂုဏ်ရမ္မက်ဆိုးကို အဓမ္မ မကျူးလွန်ခြင်း မဖောက်ပြားခြင်း၊ မဆက်ဆံခြင်း၊ မသာယာခြင်း

(ဃ) တရားဓမ္မတို့ကို မေ့လျော့စေတတ်သည့် မူးယစ် ဆေးဝါးအရည်တို့ကို မသုံးဆောင်ခြင်း၊

(၃) သမ္မာ အာဇီဝ – (က) မကောင်းမှု (ဒုစရိုက်)ဖြင့် စီးပွားဥစ္စာ မရှာဖွေခြင်း

(ဥပမာ–အဆိပ်၊ လက်နက်၊ လူ၊ အရက် သားထွက်ပစ္စည်းဖြစ်သော (ကြက်၊ ဝက်၊ ငှက်၊ သားငါး) တို့ကို မွေးမြူသတ်ဖြတ် စားသောက်ရသော အလုပ်နှင့် (လောင်းကစားမှု) များမလုပ်ခြင်း)

www.burmeseclassic.com

www.burmeseclassic.com



ရိုးသားစွာရှာဖွေ အသက်မွေးခြင်းများသာ ဖြစ်သင့်ပါသည်-

**ဤ အချက် (၃) ချက်သည် လူ့ဘဝ၏ ပင်ရင်းအခြေခံတရား ဖြစ်သော ငါးပါးသီလပင် ဖြစ်ပါသည်။**

ဤငါးပါးသီလမဂ္ဂင်ကို ကျွန်ုပ်တို့သည် မဖြစ်မနေ စောင့်ထိမ်းထားရန် လိုပါသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ သားသမီးအများစုသည် ငါးပါးသီလကို စောင့်ထိမ်းနိုင်ကြပြီး ကျူးလွန်ရန်လည်း အလွန်ဝန်လေးတတ်သော လူမျိုးဘာသာများ ဖြစ်နေကြပါသည်။

ဤအချက်သည်ပင် ဗုဒ္ဓဘာသာလူမျိုးများက ကမ္ဘာပေါ်ရှိ လူသားမျိုးနွယ်အားလုံးထက် တမလွန်ခရီးအတွက် အထူးအားသာချက် ဖြစ်နေကြပါသည်။

မကောင်းမှုကို ပြုနေသော်လည်း မကောင်းမှုမှန်းသိနေကြပါသည်။

အသိမှန်နေကြပါသည်။

အသိမှန်ပြီး အမှန်ကိုသိနေခြင်းကြောင့် တချိန်ချိန်တွင် အမှားမှအမှန်သို့ ကူးလွယ်ကြမည်မှာ ဓမ္မတာသဘောပင်ဖြစ်ပါသည်။

အမှန်ဘက်သို့ (သို့မဟုတ်) ကုသိုလ်ဘက်သို့ ကူးလိုသည့်ပုဂ္ဂိုလ်တိုင်း အောက်ပါလက်တွေ့အလုပ်များကို ကြိုးစားပြုကျင့်နိုင်ပါမည်။

ပဌာန်းဆရာတော်ဘုရားကြီး ဟောပြထားသည့် တရားဆောင်ပုဒ်အတိုင်း "မပြုခြင်ပြု-ပြုခြင်ပြု-ကောင်းမှု ကုသိုလ်တွေ" ကို ကျွန်ုပ်အနေဖြင့် ဤသို့ပြုကျင့်နေပါသည်။

(၁) **ဒါန-လှူဒါန်းမှုကို**

၁၀ိ/ ၂၀ိ/ ၅၀ိ/ ၁၀၀ိ/ ၂၀၀ိ/ -တန်များကို ကြိုတင်လဲလှယ်စုဆောင်းထားပြီး

- ယယ်ရွယ်သူ တောင်းစားသူများနှင့်
- မသန်မစွမ်း မျက်မမြင်များ

မိမိထက် အသက်အရွယ်ကြီးသူများ

- ရောဂါသည်-လူမမာ လူအိုများအား နှုန်းထားသတ်မှတ်၍ လှူဒါန်းမှု ပြုနေမိပါသည်။

(၂) **သီလ-စောင့်ထိန်းမှုအနေဖြင့်**

(က) သတ်ရန်မရည်ရွယ် သတ်ဖို့မကြိုးစား သေလျှင်ဝမ်းမသာ အတတ်နိုင်ဆုံး သူ့အသက်မသတ်ရန် သတိပြုနေခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ခိုးရန်မရည်ရွယ် ခိုးရန်မကြိုးစား မခိုးမဝှက် မမှန်မကန်ရရန် မကြံ၊

(၃) **ဘာဝနာ (သမထ) ဖြစ်ပျက်ကို နှလုံးသွင်းခြင်း၊ မေတ္တာစိတ်ဖြင့်နေခြင်း**

(က) သဒ္ဓါပေမ – ဘုရား တရား သံဃာ အပေါ်၌ ယုံကြည်မှု၊

(ခ) မေတ္တာပေမ– သတ္တဝါအပေါင်း၌ ချစ်ခင်ကြင်နာမှု လေးစားရိုသေမှု ကြိုးစားပြုနေခြင်း၊

(၄) **ဝေယျာဝစ္စ–အလုပ်အကျွေး–အကူအညီ**

(က) လမ်းသွားလမ်းလာ အမှိုက် တုတ်ခဲ စသည်တို့အား တွေ့တိုင်း သုတ်သင်ရှင်းလင်းပေးခြင်း၊

(ခ) ရထားပေါ် ကားပေါ်တွင် နေရာရရန်မလုခြင်း၊ အားထုတ်ခြင်းလည်း မပြုခြင်း၊
မိမိနေရာရပြီးသော်လည်း ငယ်သူကြီးသူ အင်္ဂါချို့တဲ့သူအား ဦးစားပေး၍ နေရာဖယ်ပေးခြင်း၊

(ဂ) ဝန်ထုပ် ဝန်ပိုးများအား ကူညီသယ်ယူပေးခြင်း၊

(ဃ) အလှူမင်္ဂလာဌာနများ၌ ပွဲဆေးသည့်ဘက်တွင် လုပ်အားပေးနေရာယူခြင်း၊

(င) အခွင့်အရေးမယူခြင်း၊

(၅) **အပစာယန–လေးစားရိုသေ ကိုင်းရှိုင်းခြင်း**

(က) ကြီးသူကိုရိုသေ ငယ်သူကိုလေးစားသော စကားအတိုင်း ပြုကျင့်ခြင်း၊

(ခ) အစားအသောက် အနေအထိုင် ဦးစားယူမှုမပြုခြင်း၊

(ဂ) မျှဝေခံစားခြင်း၊

(၆) **ဓမ္မဿဝဏ–တရားနာယူခြင်း**

(က) ရဟန်းလူပုဂ္ဂိုလ်များ ဟောပြော ဆုံးမသည့်တရားစကားကို လေးစားလိုက်နာ နာယူခြင်း၊

(ခ) တရားစာပေ (ပရိယတ္တိ) ကိုလေ့လာလိုက်စားခြင်း၊

(၇) **ဓမ္မဒေသနာ–တရားပြောဟောခြင်း**

(က) မိမိနာယူမှတ်သားထားသည့် အကျိုးဖြစ်စေမည့် တရားဆုံးမချက်တို့ကို ပြန်လည်ပြောပြခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) တရားစာပေများ ရေးသားဖြန့်ဝေလှူဒါန်းခြင်း၊

(ဂ) ဒိဋ္ဌိဇုကမ္မ–ဖြောင့်မှန်သောအယူဝါဒ ဘုရား တရား သံဃာ မှတပါး အခြားတွင် ကိုးကွယ်မှု မပြုခြင်း၊

မဂ္ဂင် (၈) ပါး တရားကို ယုံကြည်ခြင်း၊

(၉) **ပတ္တိဒါန–အမျှဝေခြင်း၊ မေတ္တာပို့ခြင်း၊ ဆုတောင်းပေးခြင်း**

(က) မိမိပြုခဲ့ပြီးသော ကုသိုလ်ကောင်းမှု အစုစုတို့ကို ဘုရားရှိခိုးပြီးတိုင်း အမျှဝေခြင်း၊

(ခ) သတ္တဝါအပေါင်းအား ကျန်းမာချမ်းသာစေရန် မေတ္တာပို့ခြင်း၊ ဆုတောင်းပေးခြင်း၊

(၁၀)**ပတ္တာနုမောဒနာ–သာဓုခေါ်ခြင်း၊ ဝမ်းမြောက်ခြင်း**

(က) သူတစ်ပါး အမျှအတန်းဝေသည့်အခါတိုင်း ကြားလျှင်ကြားခြင်း သာဓုခေါ်ယူခြင်း၊

(ခ) ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊

(ဂ) ကုသိုလ်အလုပ်ကို နှစ်သက်ကြည်နူးခြင်း၊

သည့် ကုသိုလ်အမှုတို့ဖြင့် တစ်ခုမဟုတ်တစ်ခုကို ကြိုးစားကြံစည်လုပ်ကိုင်နေတတ်ရပါမည်။ အများအားဖြင့် ကျွန်ုပ်တို့အားလုံးသည် စီးပွားရေးကိစ္စကို ဦးတည်၍ နေ့စဉ်နှင့်အမျှကြိုးစားရှာဖွေနေကြရာဝယ် ကုသိုလ်အမှုတို့ကို မေ့လျော့နေကြပြီး ငွေကြေးဥစ္စာရရှိရေးအတွက်သာ အမြဲတမ်းဦးစားပေးနေမိကြပါသည်။

ဓမ္မဘက်သို့ ကျွန်ုပ်ဦးလှည့်လိုက်ချိန်ရောက်မှပင်
ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်မေးခွန်းထုတ်ကြည့်မိပါသည်။

(၁) စီးပွားဥစ္စာ ငွေကြေးရှာဖွေရာတွင် ဘယ်မျှရလျှင် ကျေနပ်နိုင်မည်နည်း
(၂) ထိုရှာဖွေသော ငွေကြေးဥစ္စာသည် ဘယ်သူ့အတွက်နည်း
(၃) ထိုငွေကြေးဥစ္စာကို ဘယ်လိုသုံးမလဲ ဟု

ဤမေးခွန်း (၃) ချက်ကို ဖြေရန်အလွန်ခက်လှပါသည်။

နံပါတ် (၁) အဖြေက အတိုင်းအတာမရှိလိုချင်နေပါသည် (လောဘကြောင့်)

နံပါတ် (၂) အဖြေက ငါနှင့်ငါ့မိသားစုအတွက်ပေါ့ (အတ္တပေမ ဂေဟသိတပေမ)

နံပါတ် (၃) အဖြေက စိတ်ကြိုက် စိတ်ချမ်းသာမှုရစေရန်အတွက် သုံးမည် (ကိလေသာ ကာမဂုဏ်ရမ္မက်)

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်း (၃) ခု အဖြေ (၃) ခုကိုကြည့်ပါက–

တဏှာလောဘနှင့် စီးပွားဉစ္စာရှာဖွေ၍ ရလာပါကလည်း တဏှာလောဘနှင့် မှီဝဲသုံးဆောင်ကြခြင်းဖြင့် သံသရာကြောမျှောမြဲမျှောနေကြရပါသည်။

စင်စင်ကြယ်ကြယ် အပစ်မဲ့စွာ စီးပွားဉစ္စာရှာဖွေ၍

ရလာသော စီးပွားဉစ္စာကိုလည်း

ကုသိုလ် (၁၀) ပါးနှင့် ယှဉ်၍ မှီဝဲသုံးဆောင်တတ်ပါလျှင်–

(၃၈) ဖြာ မင်္ဂလာတရားနှင့်အညီ နေထိုင်တတ်ပါလျှင် ကုသိုလ်မှ ဓမ္မအသိသို့ ဦးညွတ်လာပြီး မဂ္ဂင် (၈) ပါးအနက် သီလမဂ္ဂင်လုံလာပါက သမာဓိမဂ္ဂင်လည်း ပေါင်းဖော်တူယှဉ်ဖြစ်ပေါ်လာရပါမည်။

သီလမဂ္ဂင်နှင့် သမာဓိမဂ္ဂင် စုပေါင်းအားကောင်းလာပါက–

ညာတပရိညာနှင့် တီရဏပရိညာ ပေါင်းစပ်မှုကြောင့် ပဟာနပရိညာ ဖြစ်သော ဓမ္မတာဝန်က ဓမ္မအသိကို ဉာဏ်မှာ ကိန်းစေ၍ (၇) ဘဝမျှခရီးတာအတွင်း မိမိတို့ မျှော်မှန်းနေကြသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါမည်။

နိဗ္ဗာန်ကိုလက်လှမ်းမှီ မမှီ–

**ဓမ္မအသိ ဉာဏ်မှာကိန်းမကိန်း**

**မိမိကိုယ်နှင့်စိတ်ကို စစ်ဆေးရန်**

မိုးကုတ်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ညွှန်ပြထားပါသည်။

(၁) ပုထုဇဉ်က ဖြစ်ကြောရှည်၏၊
သောတာပန်က ဖြစ်ကြောတို၏၊
(လောဘ ဒေါသ မောဟ ကြာကြာဖြစ်နေခြင်းသည် ရှည်၏၊)
(လောဘ ဒေါသ မောဟ ကြာကြာမဖြစ်ခြင်းသည် တို၏၊)

(၂) လောဘ ဒေါသ မောဟ ကိုသိပြီး ငြိမ်းအောင် ကြိုးစားခြင်းသည် သောတာပန်၏အကျင့်

(၃) ဤဘုရားသာသနာမှတစ်ပါး အခြားအယူဝါဒမှာ နိဗ္ဗာန်သွားလမ်းမရှိဟု ယုံကြည်မှု၊

(၄) အကုသိုလ် ကိလေသာ ထကြွသောင်းကျန်းလာသည့်အခါ မပယ်နိုင်သေးသော်လည်း အတတ်နိုင်ဆုံးထိန်းသိမ်း စောင့်ရှောက်လိုစိတ် ဖြစ်ပေါ်နေခြင်း၊

(၅) စီးပွားရေး လူမှုရေး သာရေးနာရေးများတွင် ဟန်ဆောင်မှုလုပ်စားမှုမပြုပဲ မိမိ၏သီလ သမာဓိ ပညာ သိက္ခာကို အထိခိုက်မခံပဲ အမှန်တရားကို ဦးစားပေးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၆) ဇာတ် ပုံပြင် ဝတ္ထုတရားများ ဟောကြားစဉ် ဇာတ်လမ်းကို စိတ်မရောက်ပဲ တရားသဘောနှင့် လိုရင်းသစ္စာဉာဏ် အနက်အဓိပ္ပါယ်ကို ထွင်းဖောက်သိမြင်နာယူနိုင်ခြင်း၊

(၇) တရားသဘော သစ္စာဉာဏ်အမြင်ကို ဉာဏ်မှာထင်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်၍ မဆုံးတသက်လုံး စွဲလမ်းမှတ်မိနေခြင်း ကြည်နူးနေခြင်းသည် သောတာပန်တို့၏ သတ္တိထူးများဖြစ်ကြောင်း–

ပုထုဇဉ်ကတော့ တရားပွဲတစ်ပွဲပြီးတိုင်း အားလုံးကို မေ့သွားတတ်ခြင်းပင်ဖြစ်ကြောင်း မိုးကုတ်ဆရာတော်ဘုရားကြီး၏ မှတ်ချက်ကို သတိပြုဖွယ်ရာ တင်ပြလိုက်ပါသည်။

## စာရေးသူ၏ တိုက်တွန်းချက်

မိမိ၏ ခန္ဓာဖြစ်စဉ်ကို ဉာဏ်မှာမြင်တတ်လျှင် မြစ်ရေ အစဉ်လို ရှေ့ရေက ထွက်သွားပြီး နောက်ရေက ဆက်တိုက်လိုက်ပါနေသကဲ့သို့

ရှေ့ကလည်းဖြစ်ပျက် နောက်ဆက်လာသည့်ရေကလည်း ဖြစ်ပျက်နေဆဲပင်–

ရေအစဉ်ဆက်နေသလို ခန္ဓာ အစဉ်ဆက်နေခြင်းဟု–

တဆက်နှင့်တဆက် အကြားတွင် (သင်္ခါရတရား) အပျက်ကို စဉ်းစားတတ်လျှင်

ဘုရားဟောသော တရားတော်၏ ဓာတု မရဏ အစဉ်ကို ဉာဏ်မှာထင်လာနိုင်ပါမည်။

ဓာတု မရဏက ရေအလျှင်လို တခဏပြီး တခဏသေသေပြီး အသေဆက်နေခြင်းသာ ဖြစ်ကြောင်း

သို့သော် ဉာဏ်မလျှင်သူ သာမန်လူများအနေဖြင့်–

ရေအလျင်ကို မနေ့ကရေနှင့် ဒီနေ့ရေ တစ်ခုတည်းတစ်ဆက်တည်း အကြားမထင် ရှုမြင်တတ်သကဲ့သို့

မိမိခန္ဓာလူရုပ်ကိုလည်း

မနေ့ကခန္ဓာနှင့် ဒီနေ့ခန္ဓာ တခုတည်း တဆက်တည်း အကြားမထင် "ငါ" ပင်တည်းဟု ရှုမြင်နေခြင်းအပေါ်

www.burmeseclassic.com

www.burmeseclassic.com

(၁၄၂)

ဗုဒ္ဓက–

အမှားဆုံး

အဆိုးဆုံး

အယုတ်ဆုံးတရားဟု ဟောပြောပြပါသည်။

ငါ ငါ့ဥစ္စာ ငါ့အတ္တ ကိုပါယ်စွန့်သင့်ကြောင်း တိုက်တွန်းထားပါသည်။

ထို့ကြောင့်–

ကျွန်ုပ်ကလည်း ကျွန်ုပ်တပည့်အပေါင်းကို အောက်ပါအတိုင်း တိုက်တွန်းလို ပါသည်။

တစ်နေ့ တစ်ချိန် တစ်နေရာမှာ ငါတို့အမှန် သေရပါမည်။

ယနေ့ သို့မဟုတ် နက်ဖြန်

သည်တော့–

ဘုရားမကြိုက်သည့်

ငါ ငါ့ဥစ္စာ ငါ့အတ္တ ဟုမှတ်ယူလုပ်ကိုင်နေမှုအားလုံးကို ရပ်ဆိုင်း၍ ယနေ့ ငါရှာဖွေလုပ်ကိုင်နေသည့် စည်းစိမ်ဥစ္စာပစ္စည်းများကို–

သူ သူ့ဥစ္စာ သူ့အတွက် ဟုနှလုံးသွင်းပြီး အခါတိုင်းထက် ပို၍ကြိုးစားရှာဖွေ လုပ်ကိုင်ကြလျက်

ရလာသည့် အကျိုးစီးပွားများကို

(၁) မိဘနှင့် မိသားစု

(၂) ရတနာ (၃) ပါး

(၃) ကျေးဇူးရှင်၊ ဆရာ၊ အဆွေခင်ပွန်း

(၄) မိုခိုသူ (ဆွေမျိုးညာတိ)

(၅) ချို့တဲ့သူများ အတွက်ဟု နှလုံးသွင်း၍ ပြန်လမ်းကောင်းအောင် ကြိုးစား သင့်ကြပါသည်။

မည်သို့ဆိုစေ ယနေ့ကျွန်ုပ်တို့ပိုင်ဆိုင်ကြပါသည်ဆိုသည့် အရာအားလုံးသည် ဘယ်ဟာတစ်ခုမျှ မမှန်ကန်ကြပါ။ မခိုင်မြဲကြပါ။ မပိုင်ဆိုင်နိုင်ကြပါဆိုသည့်အချက် ကို လောကပညာရှိများက အောက်ပါအတိုင်း စာချိုးအသိပေးထားခဲ့ကြပါသည်။

**(က) ငါ့လယ် ငါ့ယာ ငါ့မြေတာဟု စိတ်စေကြည်သာ ဆိုပြန်ပါလည်း မကြာယိုယွင်း သေခြင်းကွယ်ပျောက် မြေအောက်ရောက်မှ ကြိမ်ဆဲသောနယ်–မြေကရယ်၏။**

www.burmeseclassic.com

www.burmeseclassic.com



ဤစာချိုးအရ–

လူတို့သည် မြေတလက်မအတွက် ရမ္မက်ဒေါသ ဖြစ်ပြီး

ခြံစည်းရိုး မြေခိုးကာကြခြင်း၊

လယ်ကန်သင်းဖျက်ဆီးလိုကြခြင်း၊

အမွေလုကြခြင်း၊

နယ်မြေပိုင်ဆိုင်မှု အငြင်းပွားကြ၍ စစ်မက်ဖြစ်ပွားပြီး ငါပိုင်မြေ ငါ့မြေ ဟုကြွေးကြော်နေကြသော်လည်း မကြာမီအတွင်း မြေပိုင်ရှင်တို့အားလုံး သေသည့်အခါ ထိုမြေအောက်သို့ပင် သက်ဝင်ပျောက်ဆုံးကြရခြင်းကြောင့် မြေကြီးက ရယ်ပြခြင်းဖြစ်ကြောင်း–

(ခ) **ငါ၀ယ် ငါ့ရွှေ ငါ့ငွေ တွေဟု စိတ်ဝယ်ခင်မင် ဆိုပြန်လျှင်လည်း–**

– **ပျော်ရွှင်ခဏမကြာလှ ခင် သခင်သေလည်း သင့်ရာအလျောက် တို့ရောက်သည်သာ**

– **ရန်သူ့နောက်လည်း တို့လိုက်သည်ပင်**

– **မမြင်မျက်ကန်းလောဘလွှမ်းဟု သောသွမ်းသောနယ် ရွှေငွေရယ်၏** တဲ့

ဤသည်ကထင်ရှားလှပါသည်။

ဘယ်သူသေသေ သူပိုင်ဥစ္စာပစ္စည်းအားလုံးသည် အားလုံးကျန်ရစ်ခဲ့ရပါမည်။

သူအလွန်နှစ်သက်သော ရွှေငွေအားလုံးလည်း အမွေဆက်ခံသူထံသို့ ပါးရောက်သွားပါမည်။ မသေခင်ကာလတွင်လည်း ရန်သူမျိုးငါးပါးနှင့် ကြုံပါက–

ထိုရတနာ ရွှေငွေတို့သည် မိမိထံမှာမနေ ရန်သူမျိုးငါးပါးနောက်သို့ လိုက်ပါကြမည်ဖြစ်ကြောင်း သတိပေးထားချက်ကို လောဘ လွှမ်းမိုးနေသူများ မသိနိုင်ကြောင်းပင်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓကလည်း

– သဗ္ဗေ သင်္ခါရာ အနိစ္စာ

– သဗ္ဗေ သင်္ခါရာ ဒုက္ခာ

အဒါ ပညာယ ပဿတိ ဟုသတိပေးထားပြီးလည်း ဖြစ်ပါသည်။

ထို့ပြင်လည်း သင်္ဂဇာ ဆရာတော်ဘုရားကြီး၏ စတုရာ ရက္ခကျမ်းတွင် ဖော်ပြထားချက်အရ–

www.burmeseclassic.com

www.burmeseclassic.com



- ဘုရားဂုဏ်တော်ကို အောင့်မေ့ခြင်းဖြင့် **သဒ္ဓါတရားကို ထက်သန်စေနိုင်၏။**
- ခန္ဓာကိုယ်ကို မတင့်မတယ် ရွံရှာဖွယ်ဟု မှတ်ရှုကြံစည်ခြင်းဖြင့် **ရာဂကို တားမြစ်နိုင်၏။**
- သေခြင်းကို အဖန်ဖန်ကြံအောင်မေ့ခြင်းဖြင့် **မာန်မာနကို ချိုးနှိမ်နိုင်၏။**
- အဖန်ဖန်မေတ္တာပွားများခြင်းဖြင့် **ဒေါသကိုပါယ်ရှားနိုင်၏**ဟူ၍ ဖြစ်ပါသည်။

သို့သော် လောဘ ဒေါသ မာနအားကြီးပါက ကာမဂုဏ်တရားတို့အပေါ် ချမ်းသာကြီးတစ်ခုဟု မှတ်ထင်မှုကသာ၍ အားကြီးသွားတတ်ပါသည်။

ထိုကြောင့်ပင် ဆရာတော်ဘုရားကြီးက–

ဤလောကနှင့် ကာမဂုဏ်တို့ကို ချမ်းသာကြီးတစ်ခုဟု မှတ်ထင်မှုရှိနေသောသူသည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်းဘေးမှ မလွတ်နိုင်ချေဟု ဆုံးမထားပါသည်။

ဥပမာ တူသည်ကား–

**ကျားမကို အမိနွားမဟု အထင်မှားကာ ကျားနောက်သို့ တကောက်ကောက် လိုက်ပါသော နွားငယ်သည် ကျားစားခံရသောဘေးမှ အဘယ်မှာ လွတ်နိုင်ပါအံ့နည်း** ဟူ၍ဖြစ်ပါသည်။

အကယ်၍သာ ကျွန်ုပ်တို့သည် ဘုရားဆုံးမချက်ဖြစ်သော–

**"ချစ်သား ချစ်သမီးတို့ သင်တို့သည် ဆင်းရဲခြင်းကို အကယ်၍ ကြောက်လန့် ကုန်သည်ဖြစ်အံ့ မချစ်မနှစ်သက်ကုန်သည်ဖြစ်အံ့၊ မျက်မှောက်ထင်စွာ လူမြင်ရာမှာဖြစ်စေ၊ မမြင်ကြားသာ ဆိတ်ကွယ်ရာမှာဖြစ်စေ ယုတ်မာညစ်ကျူ မကောင်းမှုတို့ကို မပြုကြကုန်လင့်"** ဆိုသော တရားတော်၏ ဆုံးမချက်ကို ထာဝစဉ် မမေ့အပ်ပေ။

အပြောထက် အလုပ် အလုပ်ထက် "စိတ်" ကအရေးကြီးလှပါသည်။

ရှေ့သူတော်ကောင်းကြီးများက "မိမိစိတ်ကို မိမိဘဝတဏှာအဖြစ် မိမိကိုယ်ကို ချစ်ခင်ဆာလောင်မှုမပြုပဲ ဘဝကို ရွံရှာဖွယ်ဟု မှတ်ရှုသော အသုဘသညာဖြင့် လောကမှ ဖယ်ထွက်ရာ၏။

ချစ်ခြင်းမေတ္တာ ဘာဝနာဖြင့် လောကကို ချဉ်းကပ်ရာ၏။

ကောင်းစွာ ပွားများအပ်သော ဤအသုဘ သညာ မေတ္တာ ဘာဝနာတို့ဖြင့် ချစ်ခြင်း မုန်းခြင်းတို့ကို စွန့်ရာ၏"ဟူ၍ ဖွင့်ဆိုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဆိုကို ကျွန်ုပ်က ဤသို့မှတ်ယူထားပါသည်။ "ငါ" ဟူသော မိမိ၏ အလိုဆန္ဒများကို ဦးစားပေးလို စိတ်ပြင်းထန်စွာ မမွေးတော့ပဲ ရောင့်ရဲတင်းတိမ်မှုဖြင့် ကျေနပ်တတ်ပြီး ကုသိုလ်စိတ်နှင့် နေနိုင်ခြင်းသည်–

"လောက၏ ဘ၀တဏှာမှ ဖယ်ထွက်ခြင်းမည်၏"

ချစ်ခြင်းမေတ္တာဘာ၀နာဖြင့် လောကသို့ချဉ်းကပ်ရာ၏ ဟူသည်ကား–

တဏှာရာဂသည် မေတ္တာဟန်ဆောင်၏ဆိုသော စကားအဓိပ္ပါယ်ကို သိပါက–

မိမိအကျိုး မိမိ၏လိုလားတပ်မက်မှုဆန္ဒရာဂ မဖြစ်စေပဲ သူတစ်ပါး၏ အကျိုး သူတစ်ပါး၏ဆန္ဒကို လိုက်လျောဖြည့်ဆည်းကူညီပံ့ပိုးမည်ဟု မိမိ၏စိတ်ကို မွေးမြူနိုင်ပြီးဆိုပါက–

လောကကို ချစ်ခြင်းမေတ္တာဘာ၀နာဖြင့် ချဉ်းကပ်သည်မည်ပါ၏။

ထိုနည်းဖြင့်–

သူတစ်ပါးအပေါ် မုန်းခြင်း

မိမိကိုယ်ကို ချစ်ခြင်းဆိုသော လူမိုက်ဘ၀မှ (အတ္တပေမ) အဆင့်မှ

သူတစ်ပါးအပေါ် ချစ်ခြင်း

မိမိကိုယ်ကို မုန်းခြင်းဆိုသော သူတော်ကောင်းဘ၀ (လောကထပေမ) သို့ အမှန်တကယ်လှမ်းနိုင်ပြီးဖြစ်ပါမည်။

ဤသောအခါ

လောကကြီးတစ်ခုလုံးသည် အမှန်အေးချမ်းသာယာလာပြီး

သင်နှင့်ကျွန်ုပ်တို့အားလုံး မျှော်မှန်းတောင်းတနေသော "သုခ" ဆိုသည့် ချမ်းသာခြင်းအစစ်ကိုလည်း ခံစားရရှိနိုင်ပါမည်။

ဓမ္မောသဘာဝေဟု ဖွင့်ဆိုထားသည့်အတိုင်း–

တရားသည် သဘာ၀

သဘာ၀သည် တရားဖြစ်သောကြောင့် သဘာ၀တရားကို သဘာ၀ဖြစ်ပျက်အတိုင်း ဉာဏ်မှာထင်ရှားလာစေရန်အတွက် ထိုသဘာ၀တရားကိုပင် ထပ်တလဲလဲ ရှုမြင်သုံးသပ်နေရပါမည်။

ဥပမာ–ပဋိစ္စသမုပ္ပါဒ်ကို ပြန်လည်လေ့လာကြည့်ကြပါစို့။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရ

သင်္ခါရ ပစ္စယာ ဝိညာဏ်န်

ဝိညာဏ်န် ပစ္စယာ နာမရူပ ဟုစပ်ဆိုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၄၆)

ထိုစပ်ဆိုထားချက်အတိုင်းပင် တည့်တည့်ယူထားတတ်ကြပါသည်။

ထို့ကြောင့် အများအားဖြင့် ဝိညာဏ်မှ နာမ်ရုပ်၊ နာမ်ရုပ်မှ သဠာယတန– သဠာယတနမှ ဖဿ၊ ဖဿမှ ဝေဒနာ–ဝေဒနာမှ တဏှာဟု ဆိုစမှတ်ပြုကြပြီး အစဉ်တန်းမပြတ်ပဲ သဿတဒိဋ္ဌိအယူမျိုး ကျရောက်သွားကြပါသည်။

ဆရာတော်ဘုရားကြီး၏ ဓမ္မအမြင်တွင် ဖော်ပြထားချက်ဖြစ်သော စိတ် စေတသိတ် ရုပ် ပရမတ်ဓာတ်တို့၏ စဉ်ဆက်ပြတ်၍ ဖြစ်ပျက်နေမှုကို မေ့လျော့သွားစေပါသည်။

ထို့ကြောင့် ဟိုတုန်းက ငါပြုခဲ့သောအမှုကို ယနေ့အထိ ငါပင်ပြုခဲ့လေခြင်းဟု သိမ်းပိုက်နေမိပြီး တဏှာဉပါဒ်ဒါန် ဘဝေါ ဆိုသည့်အတိုင်း ဘဝဆက်ပြီးခံကြရ စံကြရစေခြင်း ဖြစ်ပါသည်။

အမှန်အားဖြင့် ဉာဏ်မှာ မြင်သိထားရမည်က ဝိညာဏ်မှ–တိုက်ရိုက်နာမ်ရုပ် မကူးနိုင်ပါ။ ဝိညာဏ်အနေဖြင့် သင်္ခါရဖြစ်ပြီးမှ နာမ်ရုပ်ဖြစ်နိုင်ပါမည်။

ထို့အတူ နာမ်ရုပ်မှ သဠာယတနသို့လည်း တိုက်ရိုက်မကူးနိုင်ပါ။

နာမ်ရုပ် သင်္ခါရဖြစ်ပြီးမှသာ သဠာယတနဖြစ်ပေါ် နိုင်ပါမည်။

ဤကဲ့သို့ သင်္ခါရတရားကို ဉာဏ်မှာမြင်ထားမှသာ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ ဖြစ်ပျက်အစဉ်ကို သိပြီး သဿတဒိဋ္ဌိနှင့် ဉစ္ဆေဒဒိဋ္ဌိနှစ်ပါးမှလည်း လွတ်ကင်းကြပါမည်။

ကြားခံ သင်္ခါရတရားရှိမှုကြောင့်သာ လူငယ်မှလူကြီးဘဝသို့ ကူးရောက်နိုင် သည်ကို သတိပြုစေလိုပါသည်။ သင်္ခါရတရားမရှိပါက (သို့မဟုတ်) ရုပ်ဓမ္မ နာမ်ဓမ္မတို့ မပျက်စီးပါက လူငယ်ဘဝမှ လူကြီးဘဝသို့လည်း မည်သို့မျှကူးရောက်နိုင်လိမ့်မည် မဟုတ်ပါ။

သင်္ခါရတရားကြောင့်သာလျှင် ဇရာဗျာဓိ မရဏ(ဉပါဒ် ဋ္ဌီဘင်) သဘာဝ တရားကြီးဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာများတွင်

သဗ္ဗေ သင်္ခါရာ အနိစ္စာ

သဗ္ဗေ သင်္ခါရာ ဒုက္ခာ ယဒါပညာယပဿတိ ဟု ညွှန်ပြထားခဲ့ပါသည်။

အချို့ကမူ အနိစ္စကတစ်မျိုး၊ ဒုက္ခကတစ်မျိုး၊ အနတ္တာကတစ်မျိုးဟု ထင်မှတ် များတတ်ကြပါသည်။

(သင်္ခါရတရား) တစ်ခုတည်းသည်သာလျှင် အနိစ္စ ဒုက္ခဖြစ်ကြောင်း မမှတ်ယူ နိုင်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မက အနတ္တတရားဖြစ်ပါသည်။

ဥပမာတူသည်ကား–

သဲကမ္ဘား သောင်ပြင် ကျွန်းဟုသဏ္ဍာန်အမျိုးမျိုး အခေါ်အမျိုးမျိုး ကွဲစေကာမူ အနှစ်မူလသည်ကား သဲတစ်မှုန်ခြင်း သဲတစ်လုံးခြင်း မြောက်များစွာ စုပေါင်းတည်ရှိ၍ ပုံသဏ္ဍာန်အမျိုးမျိုး အနေအထားအမျိုးမျိုးကို မှတ်ယူထားခြင်းမျှသာ ဖြစ်ပါသည်။

သဲမှုန် သဲတစ်လုံးမျှသာဟု သဘောမထားနိုင်သကဲ့သို့ မိမိတို့၏ ခန္ဓာကိုယ်ကာယ အစုအပေါင်းသည်လည်း ပထဝီတေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသဩဇဟူသော အဋ္ဌကလာပ် ကလေးများ မြောက်များစွာ စုပေါင်း၍ ဖြစ်ပေါ်နေခြင်းမျှသာဟု မမှတ်ယူနိုင်ပဲ ယောကျ်ားမိန်းမ တရုတ် ကုလား လူကြီးလူငယ်ဟု သဏ္ဍာန်ကိုစွဲ၍ မှည့်ခေါ်နေခြင်းသည်သာ အဓိကအတည်ဖြစ်နေတတ်ပါသည်။

– သဏ္ဍာန်ဏ ပညတ်

– သမူဟ ပညတ်

– နာမ ပညတ်

– သန္တတိ ပညတ် ဟုခေါ်ဆိုကြသော ပညတ် ၄လွှာကို ဉာဏ်ဖြင့်ဖယ်၍ ပရမတ်ဓာတ်အစုကို လက်ခံနိုင်သောဉာဏ် ဖြစ်ပေါ်စေရပါမည်။

ဤသည့်အခါ လူသေခြင်းဆိုသည့် သမုတိမရဏကို ဖယ်၍ ခဏမရဏ တရားအစုကို မြင်သိလာပြီး **သတ္တဝါတိုင်း လျှင်မြန်မစဲ တသဲသဲဖြစ်ပျက်နေခြင်း သို့မဟုတ် သေနေခြင်း ပျက်နေခြင်းတရားသဘောအစုကို** သိရှိလာပါမည်။

ဤနေရာတွင် သင်္ခါရတရားနှင့် နိဗ္ဗာနတရား၏ ကွဲပြားချက်ကို အမြင်ရှင်းရန် လိုပါသည်။

**သင်္ခါရတရားအစုက** ဖြစ်ပြီးပျက် ပျက်ပြီးဖြစ်စေတတ်သည့် ပြုပြင်ခြင်း သဘော ရှင်သန်နေခြင်းသဘော မပြတ်စဲခြင်းသဘော ဆက်နွယ်ခြင်းသဘော ထောက်ပံ့ခြင်းသဘောကို ဆောင်ပါသည်။

**နိဗ္ဗာနတရားအစုက** ချုပ်ငြိမ်းခြင်းသဘော ပြတ်စဲခြင်းသဘော ရပ်စဲခြင်း သဘော ကင်းရှင်းခြင်းသဘောကို ဆောင်ပါသည်။

ထို့ကြောင့် ဓမ္မစကြာသုတ်တွင်

– ဒုက္ခသစ္စာကို အမှန်သိရမည်၊

– ဒုက္ခဖြစ်စေခြင်းအကြောင်း သမုဒယသစ္စာကို အမှန်သိပြီး ပါယ်ရမည်၊

– ဤသည့် အချက်သည်ပင် အလုပ်သဘောဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သဘောအရသိပြီး ပါယ်ရန်အားထုတ်နေမှုသည်ပင် မဂ္ဂ သစ္စာထိုက်နေပါသည်။

ထိုမဂ္ဂသစ္စာ အားထုတ်မှုကြောင့် ကိလေသာဆန္ဒရာဂများ ငြိမ်းသက် ကင်းရှင်းလာမှုသည်ပင် နိရောဓသစ္စာ ဖြစ်သွားရပါသည်။

**"ဆန္ဒရာဂ နိရောဓေန နတ္ထိဒုက္ခသ သံဘဝေါ"** ဟု ဖွင့်ဆိုထားပါသည်။

– ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်သည်လည်း ဒုက္ခခပ်သိမ်း ကင်းငြိမ်းလိုခြင်းပင်ဖြစ်ပါသည်၊

– ဒုက္ခခပ်သိမ်းကင်းငြိမ်းခြင်းသည်ပင်လျှင် "မြတ်သော နိဗ္ဗာန်"ဖြစ်ပါသည်။

ထိုမြတ်သောနိဗ္ဗာန်သည်ကား–

နီးသည်လည်းမဟုတ် ဝေးသည်လည်းမဟုတ် အသိနှင့်အလုပ် ယှဉ်တွဲမိပါက နိဗ္ဗာန်သည် အနီးသို့ရောက်လာတတ်ပြီး–

အသိနှင့်အလုပ် ကင်းမဲ့ပါက နိဗ္ဗာန်သည်လည်း ပျောက်ဆုံးသွားတတ်ပါသည်။

ထိုအခါ မိမိ၏ "လူ့ဘဝ"သည်လည်း တန်ဖိုးမဲ့ဖြစ်သွားပြီး အကုသိုလ်အမှောင်ဖုံးခြင်းနှင့် နိဂုံးချုပ်သွားရပါမည်။

**လူ့ပြည်မှအပြန် သင်ဘာတွေ့ကြုံနေသနည်းဆိုသည့် မေးခွန်း၏ အဖြေသည်လည်း** ထင်ထင်ရှားရှား ထွက်ပေါ်လာပြီး ဖြစ်ပါသည်။

(ငါ ငရဲတိရိစ္ဆာန်ဖြစ်တော့မည်)

မကောင်းသောအဖြစ် မကောင်းသောဘဝမျိုးမှ လွတ်ကင်းပြီး ကောင်းသောအဖြစ် ကောင်းသော ဘဝမျိုးသို့ ကူးလိုပါက–

မိမိစိတ်ကို ယခုကစ၍ ပြင်လိုက်ပါ။

အကယ်၍–

မိမိသည် လက်ရှိလုပ်ငန်းခွင်တွင်

(က) ရေသာခိုနေမိပါက ချက်ခြင်းပြင်လိုက်ပါ။

(ခ) လောဘဖြစ်ပြီး ကလိမ်ကကျစ်လုပ်ထားမိပါက ချက်ခြင်း ရပ်စဲလိုက်ပါ။

(ဂ) သူတစ်ပါးအပေါ် ဗိုလ်ကျခြင်စိတ်၊ မပေးမကျွေးခြင်းစိတ်၊ လုညှ့်စားလိုစိတ်ဖြစ်နေပါက ကြိုးစား၍ဖျောက်လိုက်ပါ။

(ဃ) အကုသိုလ် ဒုစရိုက်အလုပ်ဖြင့် အသက်မွေးနေမိပါက ပြင်ရန် ကြိုးစားပါ။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ–သူခိုးတစ်ယောက်က မိမိပတ်ဝန်းကျင်အပေါ် တစ်ဦးချင်း မေတ္တာဓိုလွှတ်နေမည့်အစား မိမိ၏ (ခိုးခြင်း) အမှုကို မကောင်းမှုမှန်းသိပြီး စွန့်လွှတ်စိတ်မွေး၍ မခိုးတော့ပါဟု နှလုံးသွင်းလိုက်ခြင်းဖြင့် တစ်ရပ်ကွက်လုံးသာမက ဘယ်သောအခါမှ မိမိ၏ခိုးခြင်းဒါဏ်ကို ဘယ်သူမှ ခံကြရလိမ့်မည်မဟုတ်သကဲ့သို့–

မိမိ၏စိတ်ဆိုးစိတ်ယုတ်များကိုသာ နိုင်အောင်ဆုံးမကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ယခု သင်ဖတ်ရှုခဲ့ပြီးသည့် တရားဓမ္မများကို လက်တွေ့အကောင်အထည်ဖော်ရန် ခက်ခဲလှပါသည်ဟု သင်ထင်မြင်ပါက အောက်ပါ ဘုရားစကားတော်ကို အမှတ်ရစေလိုပါသည်။

**ငါဘုရားထံလာခဲ့ပါ။ ရိုးသားမှုသာရှိပါစေ (၇) နေ့ (၇) လ (၇) နှစ်မျှဖြင့်လည်း တရားထူးကို ရနိုင်ကြောင်း ဟောတော်မူထားပါသည်။**

သို့သော် လောလောဆယ်

အထက်ပါ ဘုရားတရားတော်တို့ကို ပြုကျင့်လိုက်နာနိုင်မှု မပြုနိုင်သေးသော်လည်း အောက်ပါ လောက စည်းကမ်းနှစ်ပါးကို မဖြစ်မနေပြုကျင့်နေရပါမည်။

ကျွန်ုပ်တို့ မြန်မာဗုဒ္ဓဘာသာဝင်များအတွက် ပူဇော်ကိုးကွယ်ဆည်းကပ်သင့်ရာသည်ကား –

(က) ဘုရား တရား သံဃာ

နေ့စဉ် ပြုစုလုပ်ကျွေး မြတ်နိုးရိုသေ ကျေးဇူးဆပ်ရာ သည်ကား –

(ခ) မိဘ နှင့် ဆရာ (ကျေးဇူးရှင်များ) ဖြစ်ကြပါသည်။

ဤတာဝန် (၂)ရပ်ကို ယနေ့လူတို့သည် အများအားဖြင့် ပြောင်းပြန်ပြုကျင့်နေတတ်ကြပါသည်။

ထိပေါက်၍ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများအဆင်ပြေလာ၍ဖြစ်စေ၊ ရာထူးတိုးလာ၍ဖြစ်စေ၊ ကြီးပွားချမ်းသာမှုပြည့်လာပြီ ဆိုပါက

ပဋ္ဌမအဆင့်အနေဖြင့် –

သာသနာ အပြင်ဘက်မှ နတ်မင်းများ၊ ကန္တာပွဲများ၊ ရိုးရာများ၊ ယက္ခညီနောင်များ၊ မယ်တော်များနှင့် အယောင်ဆောင် လူထီး လူမ ဘိုးတော် ဓါတ်ပူး နတ်ပူးများ

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ဦးစားပေးပူဇော်ပသ ချီးမြှင့်လှူဒါန်းကြလေ့ရှိပါသည်။

မိဘ၊ ဆရာကို တစ်ရာ ကန်တော့ပြီး ကန္တာပွဲ၊ နတ်ပွဲ၊ မယ်တော်ပွဲမှာ တစ်သိန်း အကုန်ခံနိုင်ကြပါသည်။

တကယ်တမ်းဖြစ်သင့်သည်က

သက်ရှိထင်ရှား မိဘ၊ ဆရာက ဦးစားပေးအဆင့်ဖြစ်သင့်ပြီး၊ မိမိကိုးကွယ်ရာ ဘာသာတရားက ဒုတိယဦးစားပေး ပူဇော်သင့်ပါသည်။

ဤနေရာတွင် ရုတ်တရက် အယူအဆလွဲမှားသွားတတ်ပါသည်။

မိဘ၊ ဆရာ (လူက) ပဌမ အဆင့်ဖြစ်ပြီး

ဘာသာတရား ( ဘုရား တရား သံဃာ)က ဒုတိယအဆင့်ဖြစ်နေသည်ဟု စွပ်စွဲလာပါမည်။

ကျွန်ုပ်ဆိုလိုချက်က

**လက်ရှိသက်ရှိ** မိဘ၊ ဆရာများက စားဝတ်နေရေး ကျန်းမာရေးမှ အစ နေ့စဉ် လိုအပ်ချက် အမြဲရှိနေတတ်ပါသည်။

ထိုလိုအပ်ချက်များကို တနေ့မှ အငတ်မထားသင့်ပါ၊ အမြဲသတိပြု ဦးစားပေး၍ ပြုစုလုပ်ကျွေးရပါမည်။

(ဘုရား တရား သံဃာ) ဘာသာတရားဆိုသည်က ဘယ်သောအခါမှ ငတ်သည်ဟူ၍ မရှိနိုင်ပါ၊ အများကပြုစု ကြရိုးဖြစ်ပါသည်။

**ယုံကြည်ကိုးကွယ်ခြင်းနှင့် ပြုစုလုပ်ကျွေးခြင်း** ကိုခွဲခြား၍ သိမြင်ရန်လိုပါသည်။

ဆယ်ရက်ခန့် ဆွမ်းတော်မတင် သောက်တော်ရေမလဲ ဘုရားမရှိခိုးမိပါက အပြစ်ကြီးမဟုတ်ပါ ကုသိုလ်မရ သည်သာဖြစ်ပါသည်။

တစ်ရက် မိဘကို (လိုအပ်ပါက ဆရာကိုပါ) အစာမကျွေး ရေမတိုက်ပါက အလွန်အပြစ်ကြီးလေးလှပါမည်။ အကုသိုလ်လည်း ဖြစ်ပါသည်။

ဤအချက်ကို သိနားလည်စေရန်လိုပါသည်။

ကျွန်ုပ်တွင်

သက်ရှိထင်ရှား မိခင် အသက်(၈၈)နှစ်နှင့် သက်ရှိထင်ရှား အသက်(၇၇)နှစ် ကျန်းမာရေးချို့တဲ့နေဆဲ ဆရာတစ်ဆူရှိဆဲ ဖြစ်ပါသည်။

ထို အဓိကပုဂ္ဂိုလ် သက်ရှိထင်ရှား မိဘနှင့် ဆရာနှစ်ပါးကို ကျွန်ုပ် ဦးစားပေး စောင့်ရှောက်နေဆဲဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၅၁)

တနေ့တွင်

ဆရာဖြစ်သူက ဓမ္မနီတိ တစ်ခုကို ကျွန်ုပ်အားသင်ကြား ပြောပြခဲ့ပါသည်

" တို့လည်း အသက်ကြီးလှပြီ မင်းလဲမငယ်တော့ပါဘူး " တဲ့

" လူတွေ ပြောနေကြသည်မှာ တရားရှာ ကိုယ်မှာတွေ့ဟု ပြောနေကြပြီး တရားရှာနေကြပါသည် " တဲ့

" သူတို့တွေ့ပါသည်ဟု ပြောနေကြသော "တရား"က တကယ်တော့ တရားမဟုတ်ပဲ တရား၏ အခေါ်အဝေါ် မျှဖြစ်သော ထွက်လေ ဝင်လေ ရုပ်ဓါတ် နာမ်ဓါတ် ခန္ဓာ အာယာတနဓါတ် သစ္စာ စသည့် စာပေ ပရိယတ္တိ ဗဟုသုတတွေသာ ဖြစ်နေတတ်ပါသည်"တဲ့

သည်တော့ ဆရာက

" ငါတွေ့သော တရားကို ပြောပြမည်ဟု ဆိုလာပါသည်"

" တကယ်တမ်း တရားသဘောအမှန်ကို တွေ့မြင် (သိမြင်) လိုပါက အနှောင်အဖွဲ့ကင်းသော ကိုယ်ပိုင်အချိန် တစ်ချိန်ကို ရအောင်ရှာဖွေယူရပါမည်ဟု ညွှန်ပြခဲ့ပါသည်။

လူတိုင်းမှာ တာဝန်ဝတ္တရား တစ်ခုခုက အမြဲတမ်းရှိနေတတ်ပြီး တရားရိပ်သာ ဝင်နေရသည်ပင် တရားပြဆရာ၏ တရားညွှန်ကြားချက် သတ်မှတ်ချက် ခိုင်းစေချက်ကို လိုက်နာနေရတတ်ပါသည်။

ထိုအချိန်များသည် ကိုယ်မပိုင်သော အချိန်များသာဖြစ်နေသောကြောင့် - အနှောင့်အဖွဲ့ကင်းသော အချိန်မဖြစ်နိုင်ပါ။

ထို့ကြောင့် ဆရာ၏ ကိုယ်ပိုင်သော ကိုယ်ပိုင်အချိန်ကား

" တည လူခြေတိတ် အိမ်သားအားလုံး အိပ်မောကျချိန် ည တစ်နာရီခန့် မည်သည့် ကိစ္စမျှ လုပ်၍မရသော ထိုအချိန်တွင် အသာအယာထပြီး ထိုင်၍ စဉ်းစား တတ်ပါသည်" တဲ့

" ပြီးခဲ့သော နေ့ခင်းပိုင်းတစ်ချိန်လုံးတွင် ငါဘာတွေ လုပ်ခဲ့ ပြောခဲ့ ကြံစည် ခဲ့သနည်း"

"ထိုလုပ်ခဲ့ ပြောခဲ့ ကြံစည်ခဲ့သမျှတွေသည်

တရားသဖြင့်ဖြစ်ပါသလား ?

မတရား သဖြင့်ဖြစ်ခဲ့ပါသလား ?

မှားခဲ့ပါသလား ? မှန်ကန်ပါရဲ့လား ?

စသည်ဖြင့် ပြန်တွေးကြည့်မိပါသည်" တဲ့

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ

"နေ့ခင်းပိုင်းမှ တကယ့်အဖြစ်အမှန်များ တရေးရေး တရိပ်ရိပ် ပြန်အမှ
ရလာပါသည်" တဲ့

(၁) ဘုရားတည်နေသော ဂေါပက လူကြီးအချို့နှင့် စိတ်သဘောခြ
မတိုက်ဆိုင်၍ ဒေါသဖြစ်နေမိကြောင်း၊

(၂) မိမိစိတ်တိုင်းကျ မဖြစ်၍ အိမ်ရှိ မိသားစုအားလုံးကို ဒေါသပေါ
ကွဲပြီး အော်ဟစ်ဆဲဆိုခဲ့မိကြောင်း၊

(၃) ပတ်ဝန်းကျင်လူတွေ တပည့်တွေနှင့် ဆက်ဆံရာတွင်လည်း အလို
စိတ်တိုနေမိကြောင်း၊

(၄) အချိန်တော်တော် များများ ဒေါသပေါက်ကွဲနေမှုများကို ချုပ်ထိန်
နေခဲ့ရကြောင်း၊

(၅) ဘယ်သူ့ကိုမှ စိတ်တိုင်းမကျ ဖြစ်နေသော မိမိ၏ စိတ်ဆင်ရိုင်း
မှန်မှန်ကန်ကန် ပြန်သုံးသပ်မြင်မိ ခဲ့ရပါသည် တဲ့

သည်တော့

ငါ့ ကိုယ် နှုတ် စိတ် (၃)ပါးစလုံးကို အမှန်အတိုင်း ငါပြန်မြင်ရလိုက်
ဖြစ်ကြောင်း၊

"ငါ လွှန်လွှန်းနေပြီ ဖြစ်ကြောင်း" တဲ့

ယခုမှ

"တရားရှာ ကိုယ်မှာတွေ့" ဆိုသော စကားပရိယာယ် အနက်အဓိပ္ပါယ်လည်
ပေါ်လာကြောင်း တစ်ခုကို ကျွန်ုပ်အား ဖွင့်ပြခဲ့ပါသည်။

ထိုတရားနှင့် မတရား ကို ကျွန်ုပ်၏ ကိုယ်ပိုင်အချိန်ဖြစ်သော

ပေါင်မြို့နယ် ကျုံက ကျေးရွာရှိ လူသူနှင့် (၄)မိုင်မျှ ဝေးသော သပိတ်အိုင်
တောရကျောင်းတွင် ကိုယ်ရင်ကြီးဝတ်ပြီး ကျွန်ုပ် တစ်ဦးတည်း ကျန်ရှိခဲ့သော ၂၁/၂/
ညတညလုံး မှောင်မှောင်မဲမဲထဲတွင် ထိုင်၍ စဉ်းစားခဲ့ပါသည်။

များမြောင်လှသော အကြောင်းကိစ္စများ တစ်ခုပြီး တစ်ခု ပေါ်လာခဲ့တော့သည်

(၁) ရန်ကုန်မှာ အသက်(၈၈)နှစ်ရှိ အမိနှင့် အသက်(၇၇)နှစ်ရှိ မကျန်းမာနေသ
ဆရာကိုပစ်ထားပြီး သပိတ်အိုင်တောရကျောင်း၌ "တစ်ပါးကျောင်း" တ
ဆောင်ကို တာဝန်ယူ လာရောက်ဆောက်တည်နေခြင်းသည် တကယ့်သ
သည့် အချိန်လား –

www.burmeseclassic.com

www.burmeseclassic.com

(၁၅၃)

ငါမှားနေလား မှန်သလား

ငါတရားရဲ့လား မတရားသလား

အာဂန္တု ကိုယ်တော်တပါးအတွက် နေ့ဆွမ်းကပ်ရန် ချန်ထားသည့် သရက်သီး သနပ် တစ်ဗူးနှင့် ဝက်သားစည်သွပ် တစ်ဗူး အခိုးခံရခြင်းအတွက် ဒေါသ ထွက်ပြီး ဆူပူဆဲဆိုခဲ့မိခြင်းသည် –

ငါမှားခဲ့သလား မှန်သလား

ငါတရားလား မတရားသလား

သပိတ်အိုင်တောရတွင် တစ်ပါးနေကျောင်း တစ်ကျောင်းအတွက် အလှူငွေ နှစ်သိန်းငါးသောင်းကို ဆရာတော် ထံမှ လက်ခံပြီး –

မိမိသဘောအတိုင်း တပည့်များထံမှ လှူထားသော နောက်ထပ် လိုအပ်မည့်ငွေ နှစ်သိန်းကို စိုက်ထဲ့ပြီး ကျောင်းဆောက်လုပ်ပေးမိခြင်းသည်

ဟန် အကြွားကြောင့်လား

တကယ်တန်း စေတနာ သဒ္ဓါကြောင့်လား

ခလေးငယ်များ တိုးလို့တွဲလောင်းနှင့် မိသားစု စားဝတ်နေရေးကိုမျှတအောင် ရှာဖွေလုပ်ကြွေးနေကြသော တပည့်များထံမှ အကြောင်းအမျိုးမျိုးပြပြီး လာကန်တော့ကြသော ငွေကြေးများကို လက်ခံရယူနေမိခြင်းနှင့်

ပြည့်နေသော ဆရာက မပြည့်သေးသော တပည့်တို့၏ ချွေးနဲ့စာကို နှစ်သက် လက်ခံနေမိခြင်း တို့သည် –

BURMESE CLASSIC .com

ငါများ မှားနေပြီလား

ငါများ တရားရဲ့လား မတရားသလား

ကျောင်းဆောက်ရန်အတွက် ကြိုတင်ငွေပေးထားပြီး လိုအပ်သည့် သစ်၊ အုတ်၊ သဲ များ အချိန်မှီမရောက်လာ၍

ဒေါသဖြစ်မိ ဆူမိ ပူမိနေပြီး ကိုယ့်စိတ်ကြိုက်မဖြစ်လာသမျှ သူတပါး အပေါ် အပစ်ပုံချနေမိခြင်းများသည်

ငါ အမှားလား အမှန်လား

ငါ တရားရဲ့လား မတရားသလား

သပိတ်အိုင်တောရကျောင်းအတွက် ကော်ပိုက်ကြီးများ သွယ်တန်း၍ ရေသွယ် ယူထားသည့် တောင်ကြားတွင် တောမီးများ လောင်ပြီး ဝါးရုံများ မီးလောင် ပေါက်ကွဲနေသည့် အသံများကို နားထောင်မိရင်း

www.burmeseclassic.com

www.burmeseclassic.com

(၁၅၄)

ဟိုတစ်ကြိမ်ကလို ရေပိုက်များ မီးလောင်ခံရပါလျှင် ဆိုသည့် ခံစား ချက်ကြောင့် တောမီးကို ဒေါသထွက်နေမိခြင်း

တောမီးလောင်အောင် ပြုခဲ့သည့် သူကို အကြိမ်ကြိမ် ကြိမ်ဆဲမိ နေခြင်းတို့သည်

ငါ လွန်သလား မလွန်ဘူးလား

ငါ မှန်သလား မှားသလား

ငါ တရားလား မတရားသလား

ယုတ်စွအဆုံး တပို့တွဲလဆန်း (၁၁)ရက်ည၊ လသာနေသော်လည်း တောင်ရိပ် ကွယ်နေခြင်း

– သစ်ရိပ် ဝါးရိပ်များကြောင့် လရောင်မလင်းနိုင်ပဲ အမှောင်လွှမ်းမိုးနေခြင်း အပေါ်

– တောနဲ့တောင်ကိုလည်း မကျေနပ်

– လကိုလည်း မကျေနပ်စိတ်ဖြစ်ပေါ်နေမိခြင်းများကြောင့်

ထိုည သို့မဟုတ် ထို နံနက် (၂)နာရီတွင် ကျွန်ုပ်စိတ်နှင့် ကျွန်ုပ်ကိုယ်ကို နှစ်ပိုင်းခွဲ၍ ပြန်မြင်မိခဲ့ရပါသည်။

**ငါလုပ်သမျှ ငါကြံသမျှ ငါပြောသမျှ**

**အကောင်းထင်ပြီး**

**အခြားလူလုပ်သမျှ ပြောသမျှ ဘဝင်မကျ ဒေါသဖြစ်နေမိခြင်းတို့သည် တကိုယ်ကောင်းဆန်လွန်းသည့် အတ္တကြီးမားလှသော ငါ့စိတ်ကြောင့် ငါ တရားမရှိ တရားမသိ လူမိုက်ကြီး လုံးလုံးဖြစ်နေမိကြောင်း ငါအမှန် သိခဲ့ရပြီဖြစ်ပါသည်။**

**နောက်နောင် ကာလများစွာ ထိုဆန္ဒဆိုးများကို ဖယ်ရှားတော့မည်ဟု ဆုံးဖြတ်ချက် ချနိုင်ခဲ့ပါသည်။**

ကျွန်ုပ်၏ အဓိက ရည်မှန်းချက်ဖြစ်စေလိုသည်က ရှေ့တွင်ဖော်ပြခဲ့သော မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ နိုင်ငံတော်ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဋ္ဌာန်းဆရာတော်ဘုရားကြီး ဦးဝိသုဒ္ဓ၏ ပဋ္ဌာန်းအကြောင်း သိကောင်းစရာ ဩဝါဒကထာ "ဓမ္မဒါန စာအုပ်တစ်အုပ်ကို မိမိ အနေဖြင့် နှစ်ချိုက်လွန်းလှသောကြောင့် လက်ဆင့်ကမ်း ဖတ်ရှုစေခဲ့ရာတွင် ဖတ်ပြီး သူတိုင်းက ကောင်းလှပါသည်ဟု ပြန်ကြားခဲ့သော်လည်း –

www.burmeseclassic.com

www.burmeseclassic.com



*စာအုပ်ဖတ်ပြီးသူများထဲမှ ( ၁% ) မျှ စာအုပ်ကုန်ကျစရိတ် လှူလိုသူ၊ စာအုပ်ရိုက်နှိပ်လှူလိုသူ ပေါ်ထွက်လာခြင်းမရှိခဲ့ပါ။

ယူလိုသူက ပိုများလာခဲ့ကြပါသည်။

ထို့ပြင် –

ထိုတရားစာအုပ်ကို အခမဲ့ ယူသွားပြီး ဖတ်ဖြစ်ကြသည်ဟု ကျွန်ုပ်မထင်ပါ။

ယနေ့အထိ ဘယ်ဟာက မှားနေပါသည်၊ ဘယ်တရားက မှန်ပါသည် ဆိုသည့် တရားဆွေးနွေးလိုသူလည်း တစ်စုံတစ်ဦးမှ မပေါ်ထွက်ခဲ့ပါ။

ကောင်းပါသည်ဟု တချို့ကတော့ ဆိုကြပါသည်။

"ဘယ်အချက် ဘယ်တရားက ကောင်းပါသလဲ ဟု မေးတော့လည်း ဘာမျှ ပြန်မဖြေတတ်ကြပါ"

အဓိက ကျွန်ုပ်ရည်ရွယ်သည်ကား –

**ဖြစ်ပြီးသား အကုသိုလ် ဒုစရိုက်များကို ပါယ်ဖျောက်တတ်သည့် ပဋ္ဌာန်းဆရာတော်ဘုရားကြီး ဦးဝိသုဒ္ဓ၏ ပဋ္ဌာန်းတရားနှင့် စပ်၍ ဟောပြထားသော "အတ္တဒိဋ္ဌိ – သက္ကါယဒိဋ္ဌိ" ပါယ်ဖျက်ခြင်း** တရားသဘောကို သိစေလိုရင်းဖြစ် ပါသည်။ BURMESE CLASSIC .com

ယခု ထိုဆရာတော်ဘုရားကြီး၏ ဓမ္မဒါန စာအုပ်ကို ထပ်ဆင့် ကူးယူပြီး ဓမ္မဒါန စာအုပ်အဖြစ် ထပ်ဆင့် လှူဒါန်းရန် ကျွန်ုပ်ရည်ရွယ်ခဲ့ပါသည်။

သို့သော် အလှူရှင်များ ရှားပါးနေမှု့ကြောင့် ကျွန်ုပ်နှင့် ကျွန်ုပ်၏ ရင်းနှီးသူ အချို့က စုပေါင်းစုဆောင်း၍ စာအုပ်အနည်းငယ်ကိုသာ ရိုက်နှိပ်ဖြန့်ဝေရခြင်း ဖြစ်ပါသည်။

အခမဲ့ အပေးနိုင်ပါ – ခေတ္တငှားဖတ်ပြီး ပြန်အပ်သော စနစ်ဖြင့် ဖတ်ရှုနိုင် ပါသည်။

ဤကဲ့သို့ဖြစ်ရခြင်းသည် –

သင်က မတရား၍ လော

ကျွန်ုပ်က မတရား၍ လော

ဘာပဲဖြစ်ဖြစ် –

ကျွန်ုပ် အမှန်ကိုမြင်၍ အမြင်မှန်သွားခဲ့ပြီးဖြစ်ပါသည်။

တရားတော်အရ

**မိစ္ဆာ သက်ပ္ပ မှားယွင်းသော နှလုံးသွင်းမှုဖြစ်သော**

www.burmeseclassic.com

www.burmeseclassic.com



(က) ကာမ သက်ပ္ပ ( မိမိအကျိုးကိုသာ ကြည့်ခြင်း)

(ခ) ဝိဟိံသာ သက်ပ္ပ ( သူတစ်ပါးအား အပစ်ဖို့ခြင်း ညှင်းဆဲခြင်း)

(ဂ) ဗျာပါဒ သက်ပ္ပ ( မကျေနပ် ဒေါသ ခံပြင်းမှု ဖြစ်ခြင်း)

တို့သည်

**အမှားနှင့် မတရားတို့သည်သာ** ဖြစ်နေမိကြောင်း ယခုကဲ့သို့ မတရားအမှုများ ကိုသာ မြင်သိခဲ့ရသောကြောင့်

မတရားမှုများကို ရင်ထဲမှ ဖယ်ပစ်နိုင်ပြီ ဆိုပါက တရားအမှုများက ဦးစီးဝင်ရောက်လာရပါမည်။

ထိုအခါ ထိုအချိန်မှစ၍

**သင်နှင့် ကျွန်ုပ်တို့ အားလုံး တရားကို သိသူနှင့် တရားနှင့်နေသူ တရားကို မြင်သူဖြစ်ရပါတော့မည်။**

"ငါသာ အမှန်" – ဟု အခွင့်အရေးများကို ခံယူနေမိသမျှ "လောဘ ဒေါသ" တရားဆိုးတို့သည်လည်း ဘယ်အခါမှ ဆိတ်သုဉ်း နိုင်တော့မည်မဟုတ်ပါ။

"မတရား" ကိုသိမြင်လာသူ မှန်သမျှ "တရား"ကို သိမြင်လာသူပင် ဖြစ်တော့သည်။

ယနေ့မှစ၍ ဘယ်သူ့အပေါ်ကိုမှ ကျွန်ုပ်အပြစ်မမြင်တော့ပါ။

ခွင့်လွှတ်ခြင်း နှင့် စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတို့ဖြင့် ကျွန်ုပ်ဘဝကို နိဂုံးချုပ်လိုက်ပြီဖြစ်ပါသည်။

လူတိုင်း အပါယ်တံခါး ပိတ်ပါစေ။

ဦးတင့်ဝေ

www.burmeseclassic.com